
www.burmeseclassic.com

# ငဝန

ကောလိပ်ဂျင်




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး - ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်ရေး - ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းကမ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဇဝန

# ကောလိပ်ဂျင်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [၇၁၉/၂၀၀၀(၉)]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [၈၂၆/၂၀၀၀(၁၀)]

❑

ပုံနှိပ်ခြင်း
ဒုတိယအကြိမ် – ၂၀၀၁ ခုနှစ်၊ ဇန္နဝါရီလ
အုပ်ရေ – (၅၀၀)

❑

မျက်နှာဖုံးပုံနှိပ်သူ
ဦးတိုးဝင်း[၃၂၄၃၁] နေလရောင်ပုံနှိပ်တိုက်
၉၆/ခ၊ ၁၁လမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။

❑

အတွင်းပုံနှိပ်သူ
ဦးသန်းလွင်[၀၅၅၈၇] ရွှေလင်းယုန်ပုံနှိပ်တိုက်
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။

❑

ထုတ်ဝေသူ
ဒေါ်ရွှေအိမ်၊ တိုင်းလင်းစာပေ
၈/၆၅ – အုပ်စု(၃) အောင်သိဒ္ဓိကုန်း၊ ရန်ကုန်မြို့။

❑

မျက်နှာဖုံး ပန်းချီ
စောမင်းဝေ

❑

တန်ဖိုး
၂၅၀ ကျပ်

# ကောလိပ်ဂျင်

## အခန်း ၁

ဆောင်းရာသီပင်မဟုတ်သော်လည်း ဝေလီဝေလင်းနံနက်ခင်း အချိန်ဖြစ်ခြင်းကြောင့် တက္ကသိုလ်နယ်မြေတစ်ဝိုက်တွင် မြူနှင်းကလေးများ ဝေကြွလျက်ရှိကာ နံနက်လေပြည်တွင်လွင့်စင်၍နေ သည်မှာသာယာကြည်နူးဘွယ်ကောင်းလှပေတော့၏။

အချိန်အခါသည်ကား ကျောင်းများပြန်လည်ဖွင့်လှစ်စဖြစ် သောကြောင့် ကျောင်းသားများစုံလင်စွာမရှိသေးသည့်အတွက် ကျောင်းဆောင်အသီးသီးမှာလှုပ်လှုပ်ရှရှများစွာမရှိသေးဘဲ ဝိဟိုရိယအဗ်းနျူး လမ်းကြီးဘေးတွင်ကပ်လျက်ရှိသည့် ပုဂံကျောင်းဆောင်တွင် ကျောင်းသားတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်မှာ ကျောင်းဆောင်လှေခါးထိပ်တွင်ရပ်လျက်၊ လမ်းမကြီးဆီသို့ မျက်နှာပြုကာ ထိုနေ့တွင်ရောက်လာကြမည့် မိတ်ဆွေဟောင်းများကို မျှော်ကြည့်စောင့်စားလျက်ရှိသည်ကိုတွေ့ရလေ၏။

များမကြာမီ အငှားမော်တော်ကားတစ်စင်းသည် ထိုလမ်းမကြီးအတိုင်းမောင်းနှင်လာရာက ကျောင်းဝင်းထဲသို့ချိုးကွေ့၍ဝင်လာသောကြောင့် စောင့်မျှော်၍ကြည့်နေသည့်ကျောင်းသားမှာ မိတ်ဆွေတစ်ယောက်ယောက်နှင့်ပြန်၍တွေ့ရတော့မည်ဟု ဝမ်းမြောက်၍သွားကာ၊ မည်သူဖြစ်လေရော့သနည်းဟု လှေခါးရင်းတွင်ဆိုက်ရပ်လိုက်သော ကားထဲသို့အပေါ်မှငုံ့၍ကြည့်မိလေ၏။

ကျောင်းဆောင်ဝင်းထဲတွင် မြက်ရိတ်၊ သစ်ပင်စိုက် အစရှိသော အလုပ်များကိုလုပ်ကိုင်ကြသော ကုလားများမှာ ရောက်လာကြသော ကျောင်းသားတို့၏ပစ္စည်းများကို သယ်ပိုးပေးကြရခြင်းအားဖြင့် မတန်အဆပေးကမ်းသောအခကြေးငွေများကို ရရှိကြကာ တနှစ်တစ်ကြိမ်ပွဲတော်ကြီးကြုံတွေ့ကြရစမြဲဖြစ်သည့်အတိုင်း ဝမ်းသာအားရ ဈာပြေးလာကြပြီးလျှင် ကိုယ်စီကိုယ်ငှ သယ်ယူကြလေ၏။

ထိုသို့ ကားထဲမှပစ္စည်းများကိုဆွဲထုတ် သည်ပိုးကြရာတွင် ကုလားတစ်ယောက်ထမ်းရွက်လာသော သားရေသေတ္တာတစ်လုံးပေါ်၌ "ဝင်းမောင်" ဟူ၍ အင်္ဂလိပ်စာလုံးဖြင့်ရေးထားသည့်အမည်ကို တွေ့ရှိရသဖြင့် အပေါ်ထပ်မှစောင့်စားကြည့်ရှုနေသောကျောင်းသားမှာ ယခုရောက်လာသူသည် မိမိ၏အသိထဲကမဟုတ်ဘဲ ကျောင်းသားသစ်တစ်ယောက်ပင်ဖြစ်ပေလိမ့်မည်ဟု တွေးမိကာ၊ တောသားကလေးတစ်ယောက်ပင်ဖြစ်လေမည်လော၊ မြို့ကြီးတွင်စာသင်ကြား၍ အောင်မြင်လာသူတစ်ယောက်ပင်ဖြစ်



လေမည်လောဟု အကဲခတ်ရန် ကား ထဲမှထွက်လာမည့်သူကို အထူးဂရုစိုက်၍စောင့်ကြည့်လေ၏။

ထိုသို့ကြည့်နေရာတွင် ကားထဲမှထွက်လာသူမှာ ကိုယ်လုံးကိုယ်ထည်တောင့်တင်းပြည့်ဖြိုးလျက် အရုပ်အမောင်းမျှတသူ တစ်ယောက်ဖြစ်သည့်ကိုငှင်း၊ ဝတ်ပုံစားပုံ ကျနသပ်ရပ်လျက် ရုပ်ရည်မှာ သားနားသည်ကိုငှင်း တွေ့ရှိရလေရာ တောသားကလေးတစ်ယောက်မှကား မဖြစ်နိုင်ဘဲရန်ကုန်တွင်ကျောင်းမနေဘူးလျှင် ဒိစတြိတ်မြို့ကြီးတစ်မြို့တွင် စာသင်ကြားစာတတ်မြောက်လာသူ တစ်ယောက်ပင်ဖြစ်မည်ကို တွေးတောစဉ်းစားမိလေသည်။

ခဏမျှကြာသောအခါ ပစ္စည်းများနှင့်နောက်မှ ထိုကျောင်းသားတက်ရောက်လာပြီးလျှင် လှေခါးထိပ်တွင်ရပ်နေသူကိုတွေ့ရသဖြင့် "ကျွန်တော်အခန်းဘယ်မှာယူရမလဲ" ဟု မေးမြန်းလေ၏။

ရပ်နေသူသည် ဝင်းမောင်အား ခြေဆုံးခေါင်းဆုံးကြည့်နေပြီးမှ "ခင်ဗျားအခန်းနံပါတ်ရပြီလား...မရသေးရင် ဝါဒင်ဆီမှာတောင်းရလိမ့်မယ်" ဟု ပြန်၍ဖြေလေ၏။

ဝင်းမောင်မှာ "ဝါဒင်"ဆိုသောစကားသံကို ကြားရသောအခါ ထိုစကား၏အဓိပ္ပါယ်သည် ထောင်မှူး ဟု၍သာသိရှိနားလည်ခဲ့ခြင်းကြောင့်၊ ယခုပြောသည့် "ဝါဒင်" ဆိုသူမှာ မည်သူ့အားဆိုလိုသည်ကို နားမလည်ဘဲရှိသွားလေ၏။ သို့ရာတွင် ထိုစကားကိုနားမလည်ခြင်းဖြင့် မိမိမှာအိုးတိုးအတလူတစ်ယောက်ဖြစ်သည်ဟု အထင်မသေးစေလိုသောကြောင့် "သူ့ကိုဘယ်မှာတွေ့ရမှာလဲ" ဟု ထပ်၍မေးလိုက်လေ၏။

အမေးခံရသူသည် ထိုစကားကိုကြားရသောအခါ ရုတ်တရက် အကြံဉာဏ်တစ်ခုပေါ်လာသကဲ့သို့ မသိမသာပြုံးလိုက်ပြီး၊ "လာ... လာ...



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်နောက်လိုက်ခဲ့" ဟုဆို၍ ဝင်းမောင်အား စာဖတ်ခန်းသို့ခေါ်၍ သွားပြီးနောက်၊ စာဖတ်ခန်းထဲသို့ရောက်သောအခါ "ဒီမှာ ခင်ဗျားပစ္စည်းတွေခကာထားပြီး စောင့်အုံး" ဟုဆိုလိုက်သည့်အတွက် ဝင်းမောင်လည်း ကုလားများအား မိမိ၏ပစ္စည်းသေတ္တာများကို ချနိုင်းပြီးလျှင်၊ "တော်တော်ကြာအောင်စောင့်နေရမှာလား" ဟု မေးလေ၏။

"ဟာ...သိပ်မကြာပါဘူး...." ဟု ခေါ်လာသူကပြန်၍ပြောပြီး လျှင် "ခင်ဗျား ဖရက်ရှာမဟုတ်လား...၊ ဘယ်ကျောင်းကအောင်လာတာလဲ" ဟု စုစမ်းကြည့်လေ၏။

"ဟုတ်ကဲ့....ဒီနှစ်မှ ကျောင်းဝင်ရအောင်လာတာဘဲ.... ကျွန်တော် ပုသိမ်ကအောင်ခဲ့ပါတယ်"

"သားရေသေတ္တာပေါ်မှာ ရေးထားတဲ့နာမည်ဟာ ခင်ဗျားနာမည်လား"

"ဟုတ်ပါတယ်...မိတ်ဆွေကိုကော ဘယ်လိုခေါ်ရမလဲ"

"ဒါတော့ ခင်ဗျားခေါ်ချင်သလိုခေါ်တာပေါ့... ဟော့လူလို့လဲ ခေါ်နိုင်တာပဲ"

ဝင်းမောင်မှာ ထိုသူသည် မိမိအား တမင်အူကြောင်ကြောင်လုပ်လိုက်ခြင်းကိုရိပ်မိသော်လည်း ဟန်လုပ်၍ထားလိုက်ပြီး "မဟုတ်ဘူး မိတ်ဆွေရဲ့နာမည်ကို မေးတာပါ" ဟုဆိုလိုက်ရလေ၏။

"ကျွန်တော့်နာမည်လား... ထင်ကျော်တဲ့" ဟု ထိုကျောင်းသား ကမိမိ၏နာမည်ကိုပြောပြလိုက်ပြီးနောက် "ခင်ဗျား ကျောင်းမှာတော်တော်ပေါ်ပြူလာဖြစ်ခဲ့သလား" မေးလေ၏။

"ဘယ်လိုပေါ်ပြူလာဖြစ်တာလဲ၊ စာမှာလား၊ တခြားဟာမှာလား"





"ဘာဘက်ကဖြစ်ဖြစ်ပေါ့။ ကြက်လိုတွန်တတ်လို့ ပေါ်ပြူလာဖြစ်ဖြစ်၊ စာမှာတော်လို့ပေါ်ပြူလာဖြစ်ဖြစ်"

"ဘာပြုလို့မေးတာလဲ...သိပါရစေအုံး"

"ဒီလိုဗျ...ကျွန်တော်ပြောပြမယ်။ ဒီကျောင်းမှာ လူပေါင်းတစ်ထောင်လောက်ရှိနေတာ။ တစ်ခုခုဘက်မှာမထူးချွန်တဲ့လူဟာ အလကားဘဲ။ ဘယ်နေရာမှ မထင်ရှားဘူး။ လူရာမဝင်ဘူးဆိုပါတော့ဗျာ....။ အနည်းဆုံး နောက်ပိုးတော့သန်မှာပေါ့"

ထင်ကျော်၏ သရော်သကဲ့သို့ပြောလိုက်သည့် စကားမှာ ဝင်းမောင်အား ရှက်ကိုးရှက်ကန်းဖြစ်သွားစေလျှက်၊ မိမိအားတမင်အရူးလုပ်နေတာဘဲလားဟု အောက်မေ့မိသော်လည်း ကျောင်းသားကြီးတစ်ယောက်ဖြစ်နေခြင်းကြောင့် ပြန်၍ပြောလိုက်မည် မပြုဘဲ "ကျောင်းမှာတော့ဖြင့် စပို့မှာတော့-အောလ်ရောင်းဆိုသလို နာမည်ရခဲ့တာဘဲ" ဟု ဝင်းမောင်ကပြောကာ၊ ဘောလုံးကန်ခြင်း၌၎င်း၊ အပြေးတွင်၎င်း၊ အခြားသောကျန်းမာရေးကစားမှုများတွင်၎င်း မိမိ၏ထူးချွန်ခြင်းတို့ကိုပြော၍ပြလေ၏။

ထင်ကျော်မှာ ထိုသို့ကြားလိုက်ရသည့်အတွက် လွန်စွာဝမ်းမြောက်သွားသည့်အမူအရာကိုပြကာ "အို...ဒီလိုဆိုရင် ခင်ဗျားတစ် ယောက်ကျွန်တော်တို့ကျောင်းမှာရတာဟာ သိပ်ကံကောင်းတာဘဲ၊ ကျွန်တော်တို့ကျောင်းမှာ ကစားတဲ့ဘက်က လူကောင်းတစ်ယောက်လိုနေတယ်။ အရင်တုန်းက ယူနီဘာစီတီ နာမည်ကြီးသလောက်၊ အခုနာမည်ပျက်နေတဲ့အခါမှာ ခင်ဗျားလိုလူတစ်ယောက် ကျောင်းကိုရောက်လာတာ သိပ်ဝမ်းသာကြမှာဘဲ..." ဟုပြောလိုက်ပြီး ဆက်လက်ကာ၊ "ဒီလိုဆိုရင် ခင်ဗျားကိုကျွန်တော်တို့ ကျောင်းဆောင်မိတ်ဆက်အဖွဲ့က ဝဲလ်ကမ်းလုပ်လိမ့်မယ်" ဟုပြော



www.burmeseclassic.com

www.burmeseclassic.com


လိုက်လေ၏။

"ဘယ်လိုမိတ်ဆက်အဖွဲ့လဲ....ဆိုရှယ်ဆိုတာလား"

"အို – ဒီအသင်းကိုပြောတာမဟုတ်ဘူး။ ဒီလိုလူမျိုးတစ်ယောက် ကိုယ့်ကျောင်းဆောင်ကိုရောက်လာတယ်ဆိုရင်အဲဒီ ကျောင်းဆောင်မှာဖွဲ့ ထားတဲ့ မိတ်ဆက်ဧည့်ခံအဖွဲ့က ဝမ်းသာအားရ ကြိုဆိုတဲ့ ထုံးစံရှိတယ် ခင်ဗျား ဖရက်ရှာဆိုတော့ မသိသေးဘူးပေါ့။ ခင်ဗျား အဲဒီမှာနေ၊ ကျွန် တော် အဖွဲ့ကိုအကြောင်းကြားလိုက်မယ်၊ ဝါဒင်ကိုယ်တိုင် ရှေ့ကခေါင်း ဆောင်ပြီးလာကြိုလိမ့်မယ်"

ဝင်းမောင်မှာ ထိုကဲ့သို့ထုံးစံရှိသည်ကို တစ်ခါမျှမကြားဖူးချေ။ သို့ရာ တွင် မိမိမှာ ယခုမှရောက်လာသူဖြစ်သဖြင့် မသိနိုင်ရကား ထင်ကျော်ပြော သွားသည့်စကားအရ မိမိအားသာမန်ကျောင်းသားတစ်ယောက်ကိုလက်ခံ သကဲ့သို့မဟုတ်ဘဲ အခမ်းအနားတစ်ခုပြု၍ လက်ခံမည်ဆိုခြင်းကိုပင် ဝမ်း မြောက်၍နေမိလေတော့၏။

အချိန်အနည်းငယ်ခန့်မျှကြာသောအခါ ကောင်းမွန်ခန့်ညားသော အဝတ်အစားများကို ဝတ်ဆင်လျက် ဆရာများ၊ ကျောင်းသားကြီးများဟု သိမြင်ရသူ ၁၀ဦးခန့်တို့သည် စာဖတ်ခန်းထဲသို့ဝင်ရောက်၍လာကြကာ ရှေ့ဆုံးမှလာသောပုဂ္ဂိုလ်က ဝင်းမောင်အား အင်္ဂလိပ်ဘာသာဖြင့် "သင့် အား ကျွန်ုပ်တို့ဝမ်းမြောက်စွာ ခရီးဦးကြိုပါသည်" ဟုပြောဆို နှုတ်ဆက် လေ၏။ ဝင်းမောင်မှာ မိမိအားနှုတ်ဆက်သူ၏ အဝတ်အစားနှင့်တကွ ခေါင်းပေါင်းကိုမြင်ရခြင်းအားဖြင့် ဝါဒင် ဆိုသူ မှာ ၎င်းပင်ဖြစ်လိမ့်မည်ဟု နှလုံးပြုကာ ရှိသေစွာဖြင့် ဝမ်းမြောက်ကျေးဇူးတင်စကားကို ပြန်၍ပြော လိုက်လေ၏။

'ဝါဒင်'သည် ရှေ့သို့တိုးလာပြီးလျှင် ဝင်းမောင်အား လက်ဆွဲနှုတ် ဆက်ရန် လက်လှမ်းလိုက်လေ၏။ ဝင်းမောင်သည် လှမ်းသောလက်ကိုဆွဲ ၍နှုတ်ဆက်ရာ၊ မိမိ၏လက်ကို 'ဝါဒင်'၏ကိုင်တွယ်ခြင်းမှာ လွန်စွာကြမ်း တမ်းလျက် ဆွဲရုံမျှမဟုတ်ဘဲ၊ ဆုပ်၍ညှစ်လိုက်သည်ကို ခံရသဖြင့် မျက်နှာ မဲ့၍မသွားအောင် ကြိတ်၍ခံလိုက်ရလေ၏။

ဒုတိယပုဂ္ဂိုလ်သည်လည်း လက်ကိုဆွဲ၍ ဖြစ်ညှစ်နှုတ်ဆက်ပြန်ရာ၊ ဝင်းမောင်၏မျက်နှာတွင် မပြုံးနိုင်မရှင်နိုင်ရှိသွားလေ၏။ ထိုသို့လျှင် တစ် ယောက်ပြီးတစ်ယောက် ထိုကဲ့သို့နှုတ်ဆက်ကြလေရာ၊ ၅ယောက်၊၆ ယောက်သို့ရောက်သောအခါ ဝင်းမောင်မှာလက်ဆစ်များ အတော်ပင်ကြိမ်း ၍နေပြီဖြစ်သော်လည်း၊ နောက် ၄ယောက်လောက် လိုတော့သည်ဟုအောင့် အီး၍ခံနေလိုက်ရလေ၏။

သို့ရာတွင် နှုတ်ဆက်သွားသူတို့မှာ ရပ်၍မနေကြဘဲ ခပ်သုတ်သုတ် ထွက်ခွာလျက် မိမိအားလှည့်ကြည့်လှည့်ကြည့်နှင့်သွားကြသည်ကို ဝင်းမောင် တွေ့နေရပြန်သောကြောင့်၊ ၎င်းတို့၏အပြုအမူကိုမသင်္ကာချင်သလို ဖြစ်လာလေ ၏။ သို့နှင့်ပင် မိတ်ဆက်အဖွဲ့ဝင်ဖြစ်သူ နောက်ဆုံးလူ၏ အလှည့်သို့ရောက် လာလေ၏။

ထိုအလှည့်၌ကား ထိုသူသည် ရှေ့လူများကဲ့သို့ ရိုးရိုးလက်ဆွဲ ဖြစ် ညှစ်ရုံမကတော့ဘဲ လက်ကိုဆွဲပြီးဆောင့်လိုက်ရာ ဝင်းမောင်မှာအားနှင့်ပါ လာပြီး ရှေ့သို့ဟတ်ထိုးဟတ်ထိုးဖြစ်သွားသည်နှင့်တစ်ပြိုင်နက်ရှေ့မှ ထွက်သွားကြသော မိတ်ဆက်အဖွဲ့ဝင်များလည်း ခြေဦးတည့်ရာသို့သုတ် သီး သုတ်ပြာထွက်ပြေးကြသည်ကိုမြင်လိုက်ရလေ၏။ ထိုအခါမှဝင်းမောင် မှာ မိမိအား ထင်ကျော် သက်သက် နောက်ပြောင်ခြင်း၊ စ,ခြင်းဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com



ကိုတွေးမိကာ များစွာဒေါသဖြစ် လျက်၊ မိရာလူကိုထိုးမည်ဟု နောက်ဆုံးလူနောက်သို့ပြေး၍လိုက်လေ၏။

စောစောကငြိမ်သက်နေသည့်ကျောင်းဆောင်မှာ ပြေးလွှားကြသည့်ခြေသံများဖြင့် ဒုံးဒုံးဒိုင်းဒိုင်း ဖြစ်ပေါ်ဆူညံလာပြီးလျှင် ထိုသို့ပြေးလွှားကြရာလမ်းတစ်လျှောက်တွင်လည်း ရုပ်ဖျောက်၍ဝတ်ဆင်လာကြသောနှုတ်ခမ်းမွေး၊ ခေါင်းပေါင်းများကျကျန်ရစ်လျက်ရှိလေတော့၏။

ဝင်းမောင်သည် နောက်ဆုံးလူကိုမဲ၍လိုက်ရာ ထိုကျောင်းသား သည်မြောက်ဘက်သို့စွတ်ပြေးပြီး လှေခါးကလေးမှ မြက်ခင်းပေါ်သို့ဆင်း၍ထွက်ပြေးလေ၏။ သို့ရာတွင် ဝင်းမောင်မျက်ခြေပြတ်မခံသောကြောင့်မလွတ်နိုင်ဘဲရှိသည်ကိုသိကာ၊ ကျောင်းအောက်ထဲသို့ ပြန်၍ငုံ့ဝင်ပြေးပြီးကျောင်းဆောင်အခန်းများပတ်လည်အတွင်းရှိ မြက်ခင်းကိုဖြတ်သန်းကာအရှေ့တောင်ဘက်သို့ စွတ်၍ပြေးရလေ၏။

ဝင်းမောင်သည် ကျောင်းအောက်သို့ရောက်ရာတွင် ရုတ်တရက်မလိုက်တတ်ဘဲရှိနေပြီးမှ လေးဒေါင့်ကွက်မြက်ခင်းပေါ်မှဖြတ်၍ ပြေးသူကိုမြင်ရ၍ ထိုနောက်သို့တတာန်လိုက်ရပြန်လေ၏။ ထိုသို့ပြေးလိုက်လာရာတောင်ဘက်အဲဆောင် 'ဝင်း'အောက်မှထွက်မိသောအခါတွင် စောစောကမြင်လိုက်ရသောအဝတ်အစားနှင့်လူမှာပြေး၍မနေဘဲ၊ မိမိလာနေသည့်ဘက်ကိုကျောခိုင်းလျက် ပန်းပင်ကလေးများကိုစိုက်ကြည့်ကာ ခပ်တည်တည်လုပ်နေသကဲ့သို့တွေ့ရသောကြောင့် ဝင်းမောင်လည်း ဒေါသဖြစ်ဖြစ်နှင့် နောက်နားသို့ကပ်၍ ခြေနှင့်တအားကုန်ပစ်၍ကန်လိုက်လေ၏။

အကန်ခံရသူမှာ ရှေ့သို့ထိုးစိုက်သွားပြီးမှ ကိုယ်ကိုမနည်းဟန်လိုက်ရပြီးနောက် ဒေါသပြင်းစွာထွက်နေသောမျက်နှာဖြင့် လှည့်၍လာလေ၏။

ဝင်းမောင်မှာ ထိုမျက်နှာကိုတွေ့ရသောအခါ မျက်လုံး ပြူး၍သွားလေတော့၏။ ဒူးများလည်း တဆတ်ဆတ်တုန်၍နေလေ၏။ အကြောင်းသော်ကား မိမိပစ်၍ဆောင့်ကန်လိုက်ခြင်းခံရသူမှာ မိမိနောက်ပြောင်သွားသူထဲကတစ်ဦးတစ်ယောက်မျှ မဟုတ်သည်ကို သိရလေ၏။

ထိုသို့သိရသည်နှင့်တစ်ပြိုင်နက် ဝင်းမောင်လည်း၊ မျက်နှာကိုဝှက်ကာ ချာကနဲလှည့်ပြီး ခြေဦးတည့်ရာသို့ ဖနောင့်နှင့်တင်ပါးတစ်သားတည်းကျအောင် ပြေးခဲ့ရလေတော့၏။

ခဏမျှကြာသောအခါ ဝင်းမောင်သည် အဖတ်ခန်းထဲသို့ပြန်၍ရောက်နေလျက် မောဟိုက်ကာ ချေးချွေးများတဒီးဒီးကျ၍နေလေတော့၏။

မိမိကား ခက်ချေပြီ၊ ၆ နာရီတွင် ကျောင်းဆောင်သို့ရောက်လာ၏။ ၆နာရီခွဲတွင် မိတ်ဆက်ခဲ့ရ၏။ ၇ နာရီတွင် ကျောင်းမှလက်မခံဘဲ ကန်ထုတ်ပစ်ခံရကာ တစ်နာရီကလေးအတွင်း ကောလိပ်ကျောင်းသားဘဝဆုံးရလေတော့မည်လား စိုးရိမ်ပူပန်ခြင်းလည်းဖြစ်မိသေ၏။

ထိုခဏအတွင်းမှာပင် ဝင်းမောင်သည် ထိုအခန်းထဲတွင် ကြာကြာမနေရဲတော့ဘဲ ဖြစ်လာလေ၏။ မိမိခြေနှင့်ကန်လိုက်သူသည် မိမိထံသို့လိုက်၍လာခဲ့လျှင် မည်သို့ပြုရမည်နည်း။ မည်သို့မျက်နှာ ထားကာ တွေ့ဆုံရပါမည်နည်းဟု မတွေးတောတတ်တော့ချေ။ ဝင်လာသည်နှင့်တစ်ပြိုင်နက်ပြေး၍ခြေကိုဘက်ကာ တောင်းပန်၍လည်း ကျေနပ်မည်မဟုတ်။ မိမိပြုလုပ်မိ သည့်အပြစ်မှာ အကြီးဆုံး လူတစ်ယောက်ကိုဖော်ကားလိုက်ခြင်းဖြစ်သဖြင့် အပြစ်လွတ်လိမ့် မည်မဟုတ်။ ကျောင်းတွင်လက်မခံဘဲ နှင်ထုတ်ပစ်မည်မှာ မလွဲဟု တွေးမိလေ၏။ ထိုသို့နှင်ထုတ်ရုံမျှ နှင်ထုတ်လိုက်လျှင်တော်သေး၏။ ကြီးလေးစွာအရေးယူချေက ခက်ရချေတော့မည်ဟု နှလုံးပြု





www.burmeseclassic.com

www.burmeseclassic.com



မိလေ၏။

သို့ဖြစ်ရကား မိမိ၏ယခုအခြေအနေမှာ ကျောင်းမှနှင်ထုတ် ခြင်းခံရသည်နှင့် မခြားတော့သောကြောင့် မြန်မြန်ပြန်၍ ပြေးခြင်းပင်လျှင်တော်လေတော့မည်။ နေခဲ့လျှင် ကျောင်းအုပ်ချုပ်သူများ၏ ကြီးလေးစွာအရေးယူခြင်းခံရရုံမျှမက ကျောင်းသားများကလည်း မိမိ တို့၏အကြီးအကဲဖြစ်သူအား စော်ကားခြင်းကို မခံရပ်နိုင်သဖြင့် မိမိအား ဝိုင်းဝန်းနှိပ်စက်ကြလျှင် ဤနေရာတွင်ပင် ခန္ဓာကြွေရတော့မည်ဟု စဉ်းစားမိကာ မိမိ၏ပစ္စည်းများကိုပင်သယ်ယူ၍ မနေနိုင်တော့ဘဲကျောင်းဝင်းထဲမှထွက်ပြေးရန် စာဖတ်ခန်းထဲမှ လျင်မြန်စွာထွက်၍ လာခဲ့လေ၏။

ထိုသို့ထွက်၍လာခဲ့ပြီး ကော်ရစ်ဒါတစ်ခုဆုံးအောင်မှ မလျှောက်လာခဲ့ရသေးမီ "ဟေ့...ဟိုမှာ...ဟိုမှာ" ဟူသောအသံများကို ကြားလိုက်ရသဖြင့် လှည့်၍ကြည့်လိုက်ရာတွင် ခပ်လှမ်းလှမ်းတွင် ရပ်နေသော ကျောင်းသားသုံးလေးယောက်အနက် တစ်ယောက်သော သူက မိမိအား လက်ညှိုးထိုး၍ ပြလိုက်ပြီး ပြေး၍လိုက်လာကြသည်ကို တွေ့ရသောကြောင့်မိမိအားဝိုင်းဝန်းထိုးကြိတ်ရန် လိုက်လာကြလေပြီ ဟုလန့်ဖြန့်ပြီး ကော်ရစ်ဒါတွင် တဒိုင်းဒိုင်းမြည်သောခြေသံများဖြင့် ကဆုံချ၍ပြေးခဲ့ရလေတော့၏။

သို့ရာတွင် အခန်းတစ်ခုထဲမှ ကျောင်းသားတစ်ယောက် ထွက်လာပြီး ဆီး၍ အင်္ကျီဂုတ်ကိုဆွဲထားလိုက်ခြင်းကိုခံရကာ ပြေး၍မလွတ်တော့ပဲရှိသွားလေ၏။ နောက်မှလိုက်လာသူများလည်း အနီးသို့ရောက်လာကြလေ၏။ ဝင်းမောင်မှာ ထမီထုပ်ကိုပိုက်လျက်သား အဖမ်းခံထားရသော ဘိန်းစားကဲ့သို့မျက်လုံးများ ချာလယ်လယ်လျက်ရှိလေတော့၏။ ဤမျှလူလောက်ကို မိမိရန်းကန်တွန်းလှန်ထိုး ကြိတ်ပစ်ခဲ့လျှင် လွတ်မြောက်နိုင်



ဘွယ်ရှိသည်ကို စဉ်းစားမိသော်လည်း ထိုသို့ပြုလုပ်ခြင်းအားဖြင့် အပြစ်တစ်ခုထပ်၍တိုးလာမည်ကို စိုးရိမ်စရာရှိနေလေ၏။ သို့ဖြစ်၍ ဝင်းမောင်သည် ခုခံရန်မကြံရွယ်တော့ဘဲ မျက်စိသူငယ်ကလေးဖြင့် ကျားသနားမှ နွားချမ်းသာရပါတော့မည်ဟု အသနားခံသကဲ့သို့ ကြည့်နေရှာလေ၏။

"အိုင်ဆေး...ခင်ဗျားကို ဝါဒင်ခေါ်နေတယ်၊ ခင်ဗျား ဘယ်ပြေးမှာလဲ" ဟူသောစကားကိုကြားရသောအခါ ဝင်းမောင်မှာ တစ်ကိုယ်လုံးတုန်လှုပ်၍သွားလေ၏။ သို့ရာတွင် မိမိအား တစ်စုံတစ်ရာဘာမျှပြုမူနှိပ်စက်ခြင်းမရှိသည့်အတွက် များစွာပင် စိတ်သက်သာရာရသွားလေ၏။

"ကျွန်တော် ကျောင်းမနေတော့ဘူး၊ ပြန်တော့မယ်"

"ဘာ...ဗျ၊ ကျောင်းမှမဝင်ရသေးဘူး၊ ပြန်တော့မယ်ဆိုတာ ဘယ့်နယ့်ဟာတုန်း...ဒါပေမဲ့ ခင်ဗျားကို ဝါဒင်ခေါ်နေတယ်၊ လိုက်ခဲ့အုံး"

"ကျွန်တော် မလိုက်လို့မဖြစ်ဘူးလား"

"အို...ခေါ်နေပါတယ်ဆိုတာ။ မလိုက်လို့မဖြစ်ဘူးလားမေးနေတယ်"

"နေပါအုံး...ကျွန်တော့်ကိုခေါ်တာမှ ဟုတ်ကဲ့လား"

"ခက်...ခက်ရချည်သေးဗျာ...အူကြောင်ကြောင်နဲ့၊ သိပ်ဂနိုင်ကျတဲ့လူဘဲ...လာပါ လိုက်ခဲ့ပါ" ဟုဆိုကာ ခေါင်းဆောင်၍လာသော ကျောင်းသားက အတင်းဆွဲ၍ခေါ်သွားသည့်အတွက် ဝင်းမောင်မှာ ကြောက်ရွံ့စွာနှင့်ပင် ကန့်လန့်ကန့်လန့်နှင့်ပါသွားလေ၏။

သို့အားဖြင့် ဝင်းမောင်မှာ 'ဝါဒင်'၏ရုံးခန်းသို့ရောက်ရှိလာကာ မိမိအားထိုးသွင်းလိုက်ကြသဖြင့် အခန်းတွင်းသို့ရောက်ရှိသည်နှင့် တစ်ပြိုင်နက် မိမိမျက်နှာချင်းဆိုင်တွေ့ဆုံနေရသော 'ဝါဒင်'ဆိုသူမှာ စောစောက မိမိခြေနင့်ကန်မိသူဖြစ်သည်ကို တွေ့ရလေ၏။ ထိုသို့ တွေ့ရာတွင် တုတုဗန်း



www.burmeseclassic.com

www.burmeseclassic.com

သည့်အခါ ချောင်ထဲတွင်တစ်ယောက်နှင့် တစ်ယောက်ပိတ်၍မိကြသကဲ့သို့ "ဝါး..." ဟု လန့်ဖြန့်၍အော်လိုက်မိပြီး၊ လျင်မြန်စွာ အခန်းထဲမှထွက်ပြေးရန် ချာကနဲလှည့်လိုက်လေ၏။သို့ရာတွင် အပေါက်ဝတွင် ကျောင်းသားများတစ်ဆို့၍ခံနေသည်ကိုတွေ့ရသောကြောင့် ပြေးပေါက်မလွတ်ဘဲရပ်နေသည့်နေရာမှာပင် ဒူးချောင်၍ လဲကျသွားတော့မည်ကဲ့သို့ တုန်ရီ၍နေလေ၏။

"မင်းဘယ်သူလဲ"

ဝင်းမောင်မှာ ဝါဒင်၏မေးသံကိုကြားလိုက်ရသောအခါ တကြောလုံးကြက်သီးထသွားပြီး သံလိုက်နှင့်ဆွဲလိုက်သကဲ့သို့ ဖြတ်ခနဲ ဝါဒင်ဘက်သို့ ကိုယ်လှည့်၍သွားလေ၏။

"ပြောလေ...မေးတာကြားတယ်မဟုတ်လား။ ဘာ ပါးစပ်ကြီး ဟပြီးပြူးကြည့်နေတာလဲ"

"ဝင်းမောင်...ကျွန်တော်...ကျွန်တော်...ဝင်းမောင်" ဟု ထစ်အ ထစ်အနှင့် ထပ်၍ထပ်၍ဆိုနေမိသည့်အတွက် ဝါဒင်သည် ရှုတ်ချသော မျက်နှာဖြင့် ကြည့်ကာ "ဘာ.. မင်းသားဖိုးစိန်၊ ဖိုးစိန်မင်းသား...လုပ် နေတာလဲ" ဟုဆိုလိုက်ပြီးနောက် "မင်းဟာ လူသစ်တစ်ယောက်ဖြစ်တယ်...ဘာကြောင့် မင်းမရှိမသေလုပ်ရသလဲ" ဟု မေးလိုက်လေ၏။

"ကျွန်...ကျွန်တော် မရှိမသေလုပ်တာမဟုတ်ပါဘူး" ဟု ဝင်းမောင်က စကားစ၍ပြောလိုက်သည်နှင့်တစ်ပြိုင်နက် အခန်းအပြင်ဘက်တွင် လှုပ်ရှားသွားကြသည့်အသံများကိုကြားရသောကြောင့်လန့်ပြီး စကားမဆက်နိုင်ဘဲရှိသွားလေ၏။ ထို့နောက် လှည့်ကြည့်လိုက်ရာတွင် အပြင်၌ရပ်နေသောကျောင်းသားများ ကြက်ပျောက် ငှက်ပျောက် ထွက်ပြေးသွားကြသည်ကို



တွေ့ရကာ တိုး၍အလိုလိုလန့်နေလေတော့၏။

ထိုအခါမှ ဝါဒင်သည် မိမိ၏တပည့်များ၏အကြံ တစ်စုံတစ်ရာ ပါဝင်သဖြင့်၊ ၎င်းတို့အကြောင်းပေါ်တော့မည်ဖြစ်၍ ထွက်ပြေးကြခြင်းကို ရိပ်မိကာ "မင်းကို သူတို့ ဘာလုပ်သလဲ" ဟု မေးလိုက်လေ၏။

ထိုသို့ကြားလိုက်ရမှ ဝင်းမောင်မှာ တုန်လှုပ်ခြင်းသက်သာလာ ကာမိမိအား ထင်ကျော်ဆိုသူက ၎င်း၏သူငယ်ချင်းများနှင့်ပေါင်း၍ နောက်ပြောင် "ကျောက်ချ" ခြင်းပြုလုပ်သည့်အတွက် ယခုကဲ့သို့ပြုလုပ်မိခြင်းကို ဆက်ဖော်ပြောပြလိုက်လေ၏။

ဝါဒင်မှာ ကျောင်းသားကြီးများသည် ဖရက်ရှာကျောင်းသားသစ်ကလေးများ ကျောင်းရောက်စတွင် ရွှတ်နောက်ကြစမြဲအတိုင်း ပြုလုပ်ခြင်းဖြစ်သည်ကို သိနားလည်သွားသော်လည်း မိမိကိုယ်တိုင် ခံနေရသူဖြစ်ခြင်းကြောင့် ထိုသို့ကြားသိရခြင်းကို မရယ်မပြုံးနိုင်ဘဲ "မင်းတို့ကျောင်းသားသစ်တွေဟာ ဘာပဲဖြစ်ဖြစ် ကျောင်းသားကြီးတွေ ဆရာတွေကို ရိုသေကြရမယ်" ဟူသောစကားကိုပြောလိုက်ပြီးနောက် ထိုကိစ္စကိုရပ်လိုက်ပြီးလျှင်၊ "မင်း ကျောင်းဆောင်ဝင်ခွင့်မှတ်ပုံတင်တဲ့စာပါသလား" ဟု အလုပ်နှင့်တော်သက်သည့်စကားကို လွှဲပြောင်းလိုက်လေ၏။

ဝင်းမောင်မှာ ထိုနောက်ဆုံးစကားကိုကြားလိုက်ရမှ မိမိအပေါ်တွင် အရေးမယူတော့ပြီကို သိရှိစိတ်ချမိကာ မိမိတွင်ပါလာသော စာရွက်ကလေးတစ်ရွက်ကို ထုတ်၍ပေးလေ၏။

၁၀မိနစ်ခန့်ကြာသောအခါ ဝင်းမောင်သည် အဆောင်မှူး၏ရုံးခန်းထဲမှ အခန်းသော့ကလေးတစ်ချောင်းကိုင်လျက် ထွက်လာလေ၏။ ၎င်း၏စိတ်ထဲတွင်ကား မိမိ၏အပြစ်မဟုတ်ဘဲ ကျောင်းသားကြီးများကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရသည့်အပြစ်ဖြစ်ပါလျက် မိမိအား ထိုကျောင်းသားကြီးများအား ရှိ
သေရမည်ဟု ပြောဆိုဆုံးမခြင်းကို နားမလည်နိုင်၊ မနေကျနပ်နိုင်ဘဲရှိလေ
၏။ ထို့ပြင် မိမိအားအရေးယူခြင်းမရှိဘဲ ထိုစကားနှင့်ပင်ပြီးသွားခြင်းကို
များစွာအံ့သြမိလေ၏။

ထို့နောက် ဝင်းမောင်သည် မိမိအား နေထိုင်ရန်ပေးသည့်အခန်းကို
ရှာရန် ကော်ရစ်ဒါတစ်လျှောက်ရှိအခန်းများကို နံပါတ်ရှာ၍ကြည့်လေ၏
သို့ရာတွင် ဝင်းမောင်မှာ အခန်းနံပါတ်များသည် ဘယ်ကစ၍ ဘယ်ကဆုံး
သည်ကို မသိရသဖြင့် အနီးဆုံးအခန်းမှစ၍ ကော်ရစ်ဒါ တစ်လျှောက်
နံပါတ်များကိုလျှောက်ကြည့်ရာ ထိုအတန်း၌ မိမိ နံပါတ်မရှိသည်ကိုတွေ့
သောကြောင့် နောက်ဘက်တန်းသို့လှည့်၍ ရှာရာ ရှေ့တန်းနှင့်နောက်တန်း
နံပါတ် ဆက်၍မနေဘဲ ဂဏန်းချင်း များစွာကွာခြားနေသည်ကို တွေ့ရလေ
၏။

ကျောင်းဆောင်မှာ စတုရန်းသဏ္ဌာန်ဆောက်လုပ်ထားပြီး အထက်
အောက်နှစ်ထပ်ရှိလေရာ တစ်တန်း တစ်တန်းလျှင် ရှေ့ဘက်နှင့် နောက်
ဘက် ကျောချင်းကပ်၍ထားသော အခန်းကလေးများ ဘေးတိုက်စီတန်း၍
ထားရကား၊ နံပါတ်များမှာ အပြင်တန်းလေးဘက် ပတ်လည်တဆက်
အတွင်းတန်းလေးဘက်ပတ်လည် တဆက်တည်းရှိကြသဖြင့် မသိသေး
သူတို့အဖို့မှာ ရှေ့တန်းနှင့် နောက်တန်း နံပါတ်ဆက်၍ထားလေသလော
အဆက်နှင့်အောက် နံပါတ်ဆက်နေသလောဟု တွေးတောမှားယွင်းတတ်
ကာ နံပါတ်ရှာရသည်မှာ ချာလယ် ချာလယ်နှင့် ရှိ၍နေစေလေတော့၏။

ဝင်းမောင်ကား ဆင်းရတက်ရနှင့် အတော်ဖား၍နေပြီဖြစ်လေ၏
စောစောကပြေးလွှားထားရခြင်းကြောင့်လည်း မောနေခဲ့၏။ သို့ဖြစ်၍



အကြဲအိုက်ကာ အတွင်းဘက်ရှိ ဝရန်တာတစ်ဘက်တွင် ဗိုက်နှင့်မှီလျက်
ဟိုဘက်တန်း ဒီဘက်တန်းမျှော်မှန်းကြည့်ရှုနေမိလေ၏။

"ဘယ့်နှယ်လဲ..အခန်းရပြီလား" ဟု မေးလိုက်သောအသံတစ်ခု..မိမိ
၏အနီးမှပေါ်လာသည်ကို ကြားလိုက်ရာမှ မိမိနောက်တည့်တည့်အခန်းဝ
တွင် ရပ်နေသူတစ်ယောက်ကို လှည့်ကြည့်မိလေ၏။

ထိုသူမှာ ထင်ကျော်ပင်ဖြစ်၍နေလေရာ ဝင်းမောင်မှာ ၎င်း၏မျက်နှာ
ကို မြင်လျှင်မြင်ခြင်း စောစောကအဖြစ်အပျက်များကို သတိရ၍ ဒေါသ
ထွက်ပေါ်လာမိသော်လည်း မိမိကား ကျောင်းရောက်စဖြစ်၍ ၎င်းတို့ပြု
သမျှနုရတော့မည်ဖြစ်သည်ကို တွေးမိသောကြောင့် ဒေါသဖြစ်လာခြင်းကို
နှိမ်ချိုး၍ချလိုက်ရကာ "မတွေ့သေးဘူး" ဟု ပြန်ဖြေလိုက်ရလေ၏။

"ခင်ဗျားတို့လူသစ်တွေတော့ အောက်ထပ်ကိုပေးမှာဘဲ၊ နံပါတ်ဘယ်
လောက်လဲ"

"၉၆"

ထင်ကျော်သည် ပြုံးရွှင်သောမျက်နှာကိုပြလျက် "ဟာ....၉၆ ဆိုရင်ဟို
ဘက်၊ ဒီဘက်ကော်ရစ်ဒါနှစ်ခုဒေါင့်ချိုးမှာရှိတဲ့အခန်းကျယ်ကြီးထဲမှာ
စပယ်ရှယ်ထားတဲ့အခန်းမျိုးပဲ....ဟောဟိုဒေါင့်မှာ မြင်သလား။ အဲဒီအထဲ
ဝင်သွား... ဒုတိယအခန်းဘဲ" ဟု ညွှန်ကြားလိုက်လေ၏။

"သင့်ကယူး" ဟု ဝင်းမောင်က ကျေးဇူးတင်စကားပြောကာထင်ကျော်
ညွှန်ကြားလိုက်သည့် ဒေါင့်ချိုးအခန်းကျယ်ကြီးသို့လျှောက်သွားလေ၏။
ထိုအထဲသို့ရောက်ရာတွင် အခန်းမကြီးတစ်ခုဖြစ်လျက် ဆေးနက်သုတ်
ထားသော မတ်တပ်အခန်းများရှိသည်ကိုတွေ့ရလေ၏။ ဝင်းမောင်မှာ လူ
သစ်များအား ဤအခန်းများတွင် သီးခြားထားခြင်းဖြစ်သည်ဟုတွေးမိ



www.burmeseclassic.com

www.burmeseclassic.com



လျှက် အပြင်ဘန်းအမြင်မလှသည်ကို မကျေနပ်လှသော အမူအရာဖြင့် ဒုတိယအခန်းကို ဆွဲ၍ဖွင့်လိုက်လေ၏။

"ဟေး…ဟေး… ဟေးလူ ဘယ့်နှယ့်လုပ်တာလဲ" ဟူသောအသံသည် တံခါးဖွင့်သည်နှင့်တစ်ပြိုင်နက် အခန်းထဲမှထွက်ပေါ်လာကာ၊ အခန်းထဲတွင် ဝတ်လစ်စလစ်ဂိုဏ်းဝင်ဖြစ်ဟန်တူသော ကျောင်းသားတစ်ဦးသည် ဝက်ဝံက,သလို ခြေကားယား လက်ကားယားခုန်ပေါက်ကာ ကြက်ချောက်သကဲ့သို့ လက်မြှောက်လျက် "ဟေး ဟေး ဟေး" ဟု အော်ဟစ်ဖောင်းထုတ်ပြီး အပေါ်တွင်တင်ထားသော မျက်နှာသုတ်ပုဝါကလေးကို ကမန်းကတန်းလှမ်းဆွဲ၍ ခါးတွင်ပတ်လိုက်သည်ကို တွေ့ရလေ၏။

ဝင်းမောင်မှာ ရုတ်တရက်သော် အခန်းထဲမှသူရဲချောက်သလား ဟု လန့်ဖြန့်–ခေါင်းနဘန်းကြီး၍သွားလေ၏။ ထိုနောက်မှ မိမိသည် ရေချိုးခန်းနှင့်မှားနေပြီကိုသိကာ "မတော်လို့ဗျာ" ဟု စကားမှားယွင်း ၍သုံးလျက် ခပ်သုတ်သုတ်လှည့်ထွက်၍ ပြေးခဲ့ရလေ၏။ အခန်းတွင်း ၌ရှိသူမှာ ရေချိုးရန် အဝတ်ချွတ်ပြီးသားဖြစ်နေသည့်အတွက် ထိုးကြိတ်ရန်ပြေးလိုက်၍ မဖြစ်ခြင်းကြောင့် ဒေါပွလျက်ကျန်ရစ်ကာ ရေချိုးခန်းတံခါးကို ဖြုန်းကနဲမြည်အောင် ပြန်၍ပိတ်လိုက်ရလေတော့၏။

ဝင်းမောင်လည်း နောက်ကလိုက်လာမည်ကိုလည်းကြောက်ရ၊ ထင်ကျော်ကိုလည်း ဒေါသဖြစ်ဖြစ်နှင့် ၎င်းအားတွေ့ခဲ့ရသည့်အခန်းဆီသို့ပြန်လာခဲ့လေ၏။ သို့ရာတွင် ထိုအခန်းတွင် ထင်ကျော်အား မတွေ့ရဘဲ အခြားလူတစ်ယောက် ကြမ်းပေါ်တွင်ထိုင်၍ ဖိနပ်ဖြူဆေးသုတ်နေသည်ကိုတွေ့ရသောကြောင့် ဟိုဘက်ခန်း ဒီဘက်ခန်းကို လှမ်း၍ကြည့်ရာ လူမရောက်သေးသောအခန်းများ ဖြစ်နေသဖြင့် အခန်းပင်မှားနေပြီလား။ ထင်ကျော်မှာ ကိုယ်ရောင်အမျိုးမျိုးဖန်ဆင်းတတ်သလားဟု မစဉ်းစားတတ်အောင်ဖြစ်သွားလေ၏။

အခန်းတွင်း၌ ဘိနပ်ဆေးသုတ်နေသူသည် ဝင်းမောင်ကိုမြင်ရသဖြင့် "ဘာရှာနေတာလဲ" ဟုမေးလိုက်လေ၏။

"ကိုထင်ကျော်ဆိုတာ…ဟိုဟာ..ကျွန်တော်…ကျွန်တော့်အခန်း" ဟု ဝင်းမောင်မှာ မည်သည့်စကားပြောရမည်မသိသလို ရှိနေလေ၏။

"ကိုထင်ကျော်ကိုရှာတာလား…၊ ခင်ဗျားအခန်း ရှာတာလား"

ဝင်းမောင်မှာ ထင်ကျော်အားရှာခြင်းဖြစ်သည်ကိုပြောလျှင်အကြောင်းကိုပြောပြနေရက မိမိ၏အနှပ်ခံရခြင်းကို ဖော်နေရတော့မည်ဟု တွေးမိ၍ "ကျွန်တော့်အခန်း ရှာနေတာပါ" ဟုပြောလေ၏။

"ခင်ဗျားအခန်းနံပါတ် ဘယ်လောက်လဲ"

ဒီမေးခွန်းလာပြန်ပြီလားဟု ဝင်းမောင်၏စိတ်ထဲတွင်ပြောမိ လျက် ဒီတစ်ယောက်ကကော ဘယ်လိုချောက်တွန်းအုံးမှာလဲဟု မသင်္ကာရှိသောကြောင့် မဖြေဘဲငေးတေးတေးလုပ်၍နေလိုက်လေ၏။

ဘိနပ်သုတ်နေသောကျောင်းသားသည် ထိုင်နေရာမှထ၍ အပြင်သို့ ထွက်လာကာ "အခန်းနံပါတ်ကိုပြောပါ၊ ကျွန်တော်ရှာပေးပါ့မယ်" ဟုဆိုတော့မှ ဝင်းမောင်မှာ အကူအညီရမည့်သူဖြစ်နေသည်ကိုသိရ၍ မိမိ၏ အခန်းနံပါတ်ကိုပြောပြလေ၏။

"၉၆ ဆိုတော့ မြောက်ဘက်ဝင်းအောက်ထပ် အပြင်တန်းမှာ ရှိလိမ့်မယ်..လာ လာ..လိုက်ခဲ့" ဟုဆို၍ခေါ်သွားမှ ဝင်းမောင်လည်း ဝမ်းသာစွာ လိုက်၍သွားကာ မိမိအခန်းသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိသဖြင့် ထိုသူအား များစွာကျေးဇူးတင်၍မဆုံးဘဲရှိလေတော့၏။





www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ခင်ဗျားအခန်းဘဲ"

"ကျေးဇူးတင်ပါတယ်ဗျာ"

"ခင်ဗျားပစ္စည်းတွေကော မပါဘူးလား"

"ပါလာတယ်၊ စာဖတ်ခန်းထဲမှာ"

"သွားယူပေတော့... ဟောဒါက အဝတ်အစားထည့်ဘို့" ဟု ဆိုကာ ဘီရိုကလေးကိုဖွင့်၍ပြပြီးနောက် စားပွဲ၊ ကုလားထိုင်၊ ခတ်မီးလုံး၊ အမှိုက်ခြင်း၊ ကုတင်၊ မွေ့ရာ အားလုံးအဆင်သင့်ပဲ၊ အိပ်ရာ ခင်း၊ ခြင်ထောင်နဲ့ ခေါင်းအုံးပဲ ခင်ဗျားလိုတယ်" ဟုပြောပြလေ၏။

"ကျေးဇူးတင်ပါတယ်ဗျာ"

"ဒါဖြင့် ငွေတစ်ဆယ်လောက် ခဏချေးပါ။ ကျွန်တော့်လဲမှတ်ထား၊ ကျွန်တော့်နာမည် ဘသန်းတဲ့"

ဝင်းမောင်မှာ ဘယ်လိုလူစားတွေတွေ့နေရပါလိမ့်မလဲဟုအောက် မေ့မိကာ လူချင်းမှမတွေ့ရခင်က ငွေချေးခြင်းကြောင့် စောစောက ကျေးဇူးတင်ကာ ထိုသူ၏စိတ်နေစိတ်ထားကို အထင်ကြီးမိသလောက် အထင်တစ်မျိုးပေါက်၍သွားလေ၏။ သို့ရာတွင် မချေးချင်ဘူးဟုပြောရမှာလည်းခက်။ ကျောင်းဝင်ရန်ရောက်လာသူဖြစ်၍ ငွေမပါလာဘူးဟုဆိုလျှင်လည်း ယုံနိုင်စရာမရှိသောကြောင့် မပေးချင်ပေးချင် ဖြင့် တစ်ဆယ်တန်တစ်ချပ်ကို ထုတ်ပေးလိုက်လေ၏။

"ခင်ဗျားက ကျွန်တော့်ကို နှစ်ခါတောင်ကျေးဇူးတင်စကား ပြောလို့၊ ကျွန်တော်ကလည်း တစ်ဦးကျေးဇူး တစ်ဦးဆိုတာလို တင်ချင်လို့ပါဘဲ" ဟု ပြောကာ ဘသန်းသည် ငွေတစ်ဆယ်တန်ကို အကယ်ပင်ယူ၍ အိတ်ထဲသို့ထည့်လိုက်ပြီးလျှင် "ကျေးဇူးတင်ပါ တယ်ဗျာ" ဟု ဆိုကာ ပြုံးရွှင်စွာဖြင့်



အခန်းထဲမှထွက်သွားလေ၏။

## အခန်း ၂

ဝင်းမောင်သည် စာဖတ်ခန်းထဲတွင်ထားခဲ့သော မိမိ၏ပစ္စည်း များကို သွား၍ယူလာခဲ့ပြီးနောက် စားပွဲ, ဘီရို, အိပ်ရာပေါ်တွင်တင်နေသောဖုံများကို သုတ်သင်ရှင်းလင်းရန်နှင့် အိပ်ရာခင်းကျင်း ခြင်ထောင်တပ်ဆင် အဝတ်အစားထည့်သွင်းသိမ်းဆည်းရန်များ ရှိနေလေရာ၊ မိဘများနှင့်နေရစဉ်က အချိန်တန်စား၊ အချိန်တန်အိပ်၊ သွားစရာရှိလျှင် အဆင်သင့်ဆွဲ၍ဝတ်ရသော သုခချမ်းသာနှင့် ကင်းဝေးလေပြီဟု တွေးမိကာ ပထမဦးဆုံးအကြိမ်အားဖြင့် မိဘများကိုပြန်၍လွမ်းမိလေ၏။ မီးရထားထွက်ခါနီးတွင် မိခင်ဖြစ်သူသည် မိမိအား မခွဲစဖူး ခွဲရမည်ကို လွမ်းဆွတ်ဝမ်းနည်းလျက် တစ်ဖက်သို့လှည့်၍ မျက်ရည်စကလေးသုတ်လိုက်သည်ကို ပြေး၍မြင်မိလေ၏။

ဖခင်ကြီးကား "ကျုပ်သား ဝင်းမောင်လေ... ဒီနှစ် ၁၀တန်းအောင်လို့ ကောလိပ်ကိုသွားမလို့" ဟု ဘူတာရုံတွင် တွေ့သမျှအသိအကျွမ်းတို့အား နှုတ်ခမ်းမွေးကြီးတကားကားဖြင့် ကြွားနေသည့် မျက်နှာကြီးမှာ ဝင်းမောင်၏ မျက်စိထဲတွင်ပေါ်၍လာလေ၏။

"ဟော့ကောင်...မင်းကောလိပ်ရောက်သွားလို့ ဒို့ကိုတော့ ဟန်ကြီးပန်ကြီးလုပ်ပြီး မေ့မနေနဲ့။ ပြန်လာရင် ထိုးမယ် သိရဲ့လား" ဟု မာကြွားလိုက်ကြသော အတူတူကြီးပြင်းလာသည့်သူငယ်ချင်းများ၏ စကားသံကို နားထဲတွင်ကြားယောင်ယောင်ရှိကာ မိမိအလွန်ချစ်ခင်လှသော ထိုသူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



များနှင့် အနည်းဆုံး သုံးလေးလကြာမှပြန်၍တွေ့နိုင်မည်ကို တွေးမိလေ
၏။

"အင်း...ငါ့အခုတွေ့နေရတဲ့လူတွေဟာ ဒီလိုသူငယ်ချင်းမျိုးတွေ ဖြ
လာပါ့မလား"ဟု ဝင်းမောင်၏စိတ်တွင်ဖြစ်ပွားကာ သက်ပြင်းချလိုက်ပြ
နောက် ပြင်ဆင်ထည့်သိမ်းခြင်းပြုလုပ်ရန် အပေါ်အင်္ကျီကို ချွတ်၍သံချောင်
ကလေးတစ်ခုတွင်ချိတ်ကာ ရှပ်အင်္ကျီလက်ကိုပင့်လိုက်လေတော့၏။

ဝင်းမောင်မှာ ဤကျောင်းဆောင်ကြီးသို့ရောက်ရှိလာခဲ့သည့် အချိန်
စ၍ ယခုအထိ အနားမရသေးဘဲရှိလေ၏။ ရောက်လျှင်ရောက်ချင်း အဖြေ
အလွှားကလေးနှင့်စတင်ခဲ့ရလေရာ အခန်းကိုပြင်ဆင်ခင်းကျင်း၍ပြီးသည
နှင့် တစ်ပြိုင်နက် ကစားခုန်လွှား၊ ကျန်းမာရေး လိုက်စားခဲ့သူတစ်ယောက်
ဖြစ်သည့်တိုင်အောင် စိတ်မောလူမောဖြစ်သွားကာ ကုတင်ပေါ်တွင် ပက်
လက်လှဲလိုက်ပြီး "ဟီး"ကနဲ သက် ပြင်းချလျက် ယခုမှအမောဖြေနိုင်ေ
တော့၏။

သို့ရာတွင်ထိုသို့လှဲချ၍ တစ်မိနစ်ခန့်မျှမရှိမီတွင်ပင် လက်ဆွဲခေါင်
လောင်းကလေးလှုပ်သံကို ကြားလိုက်ရသဖြင့် အိပ်ရာပေါ်မှခေါင်းထော
၍ထလိုက်ရပြန်ကာ မည်သည့်အချက်ပေးသော ခေါင်းလောင်းပါနည်းဟ
သိလိုသဖြင့် အိပ်ရာထဲမှထွက်လာခဲ့ပြီး အခန်းပြင်ဘက်သို့ ခေါင်းပြူ
ကြည့်လိုက်ရာ ဟိုအခန်း ဒီအခန်းမှ ကျောင်းသားများ ထွက်လာပြီး တံခါ
ပိတ်၍ တစ်ယောက်ပြီးတစ်ယောက် တနေရာဆီသို့ တစ်ညီတည်းသွားနေ
ကြသည်ကိုမြင်ရသဖြင့် မိမိ၏နာရီကိုပြန်ကြည့်ရာတွင် ၈နာရီထိုးနေပြ
ကိုတွေ့ရမှ ထမင်းစားခေါင်းလောင်းဖြစ်လိမ့်မည်ဟု တွေးမိလေ၏။

သို့ဖြစ်၍ ဝင်းမောင်လည်း အခန်းထဲမှထွက်ခါ တံခါးပိတ်ခဲ့ပြီး





နောက်ရှေ့ကသွားနေကြသော ကျောင်းသားများနောက်သို့လိုက်သွားကာ ထမင်းစားခန်းထဲသို့ရောက်သွားလေ၏။ ထမင်းစားခန်းထဲတွင်လေးယောက် တစ်စားပွဲထိုင်၍စားကြလေရာ ဝင်းမောင်သည် တစ်နေရာလွတ်နေသည့် ထမင်းစားပွဲတွင်ဝင်၍ ထိုင်လိုက်လေ၏။ ထိုသို့ ထိုင်လိုက်ရာတွင် အခြားစားနေသူ ၃ ယောက်မှာ ဟိန္ဒူကုလား ထမင်းစားနေသည့်စည်းဝိုင်းထဲသို့ ဓာတ်နိမ့်သူတစ်ယောက်ဝင်လာခြင်းကို မနှစ်မြို့သကဲ့သို့သော အကြည့်မျိုးဖြင့် ကြည့်ကြသည်ကို တွေ့ရသောကြောင့် ထိုင်သာထိုင်လိုက်ရသော်လည်း စိတ်မရဲတရဲနှင့်ရှိနေလေ၏။

ဝင်းမောင်မှာ ထိုင်မိပြီးမှ ထလိုက်လျှင် ဣန္ဒြေပျက်တော့မည်ကို တွေးမိ၍ ထမင်းဟင်းများကိုခူးခတ်၍ထည့်ပြီး ခပ်မှန်မှန် ဟန်ပါပါစားသောက်ရလေတော့၏။ သို့ရာတွင် ထိုသို့စားနေရာက ထမင်းစားခန်း၏ အခြေအနေကို ခေါင်းထောင်လှည့်လည်၍ကြည့်လိုက်ရာတွင် မိမိအား ဟိုကျောင်းသားကလှမ်းကြည့်လိုက်၊ ဒီကျောင်းသားကလှည့်ကြည့်လိုက်နှင့် ဖြစ်နေကြသည်ကို တွေ့မြင်ရသောကြောင့် စိတ်တွင်မသိုးမသန့်ဖြစ်နေလေ၏။ ဓွန်းခက်ရင်း အကိုင်မှား၍ ကြည့်နေကြခြင်းလောဟု မိမိကိုင်ပုံနှင့် အခြားသူတို့၏ကိုင်ပုံကို ယှဉ်၍ကြည့်ရာ မခြားနားသည်ကိုတွေ့ရသောကြောင့်၊ ဘာကြောင့် ငါ့ကို ဒါလောက်တောင် ကြည့်ကြရတာတုံးဟူသော အမေးသည်စိတ်ထဲ၌ဖြစ်ပေါ်လာလေ၏။ သို့ရာတွင် အဖြေကိုကားမပေးနိုင်။ မိမိတွင် တစ်ခုခုလိုနေသလိုသာလျှင်ထင်မြင်မိလေ၏။

ထိုသို့ ထူးထူးခြားခြား တစ်ခုခုဖြစ်နေသည်ကို တွေ့ရသည့်အတွက် ဝင်းမောင်သည် ဓွန်းခက်ရင်းချပြီး အကဲခတ်နေစဉ် အနီးသို့ ရောက်လာသော ဘွိုင်ကုလားသည် စားသောက်ပြီးစီးဝလင်သည့် အထိမ်းအမှတ်



www.burmeseclassic.com

www.burmeseclassic.com



ပြုနေသော ဖွန်းခက်ရင်းချထားပုံကိုမြင်ရသဖြင့် ပန်းကန်ပြားကိုဆွဲယူ၍ သိမ်းသွားလေရာ ဝင်းမောင်မှာ ထပြီးလိုက်၍ တောင်းရန်လည်းခက်။ မဝသေးဘဲ ရပ်နေလိုက်ရမှာလည်းခက်။ ကုလားလုပ်သွားခြင်းကိုလည်းနားလည်ရခက်၍နေလေ၏။

ထိုကဲ့သို့ ဝင်းမောင် အူကြောင်ကြောင်ဖြစ်နေပုံကို အခြား ကျောင်းသားတို့မြင်ရသဖြင့် ဘာကြောင့်ဖြစ်သည်ကို ရိပ်မိကြကာ ဟိုနေရာမှ “ခွိ” ဒီနေရာမှ “ခိ” ဟူသောကြိတ်၍ရယ်သံများပေါ်လာ လေ၏။ ဝင်းမောင်မှာ မိမိအားရယ်၍နေကြခြင်းဖြစ်သည်ကို သိရှိရသည့်အတွက် လူများကြည့်၍ ရယ်စရာအဖြစ်ဖြင့် ကြာရှည်အသုံးတော်ခံမနေရဲတော့ဘဲ ရေသောက်ပြီး ထွက်ခဲ့ရလေရာ၊ ထမင်းစားခန်းအပြင် သို့ဆင်းမိသည်နှင့်တစ်ပြိုင်နက် အခန်းမကြီးထဲမှ တဟဲဟဲရယ်သံများ၊ မိမိ၏ကျောနောက်ကပ်၍လိုက်လာသကဲ့သို့ ကြားနေရသောကြောင့်နောက်သို့လှည့်ကြည့် မျက်နှာမပြရဲတော့ဘဲ မိမိအခန်းသို့ အမြန်ရောက် အောင် ခပ်သုတ်သုတ်ကြိတ်ခဲ့ရလေတော့၏။

အခန်းထဲသို့ရောက်မှ မိမိမျက်နှာတွင် အိုးမဲများပေ၍နေခြင်းကြောင့်လားဟု မှန်တွင်ကြည့်၍လည်းမတွေ့။ ကျောနောက်တွင် တစ်ယောက်ယောက် အမြီးတပ်လိုက်သလားဟုရှာ၍လည်းမမြင်။ မိမိတစ်ကိုယ်လုံးတွင် ရယ်မောလောက်စရာ ဘာတစ်ခုမျှမတွေ့ရသောကြောင့် မိမိအားအဘယ်ကြောင့်ရယ်ကြလေရော့သနည်းဟု စဉ်းစား၍လုံးဝမရဘဲရှိနေတော့၏။ ဝင်းမောင်မှာ ကျောင်းတက်ချိန်သို့ရောက်သည့်တိုင်အောင် ထိုအဖြေကိုတွေး၍မရသည့်အတွက် စိတ်လျှော့ကာ နောင်တော့ တစ်နေ့နေ့ အဖြေပေါ်လာမှာပဲဟူ၍သာ နှလုံးပြုထားလိုက်ရကာ ကျောင်းတက်ရန်ထွက်လာခဲ့လေ၏။





မကြာမီ ဝင်းမောင်အား တက္ကသိုလ်ကျောင်းတော် အဆောက်အဦးကြီးတွင် ဟိုယောင်ယောင် သည်ယောင်ယောင်နှင့်ဖြစ်နေသည်ကိုတွေ့ရလေ၏။ ကြီးမားခန့်ညားသော ကျောင်းအဆောက်အဦးကြီးအတွင်းရှိ အခန်းခန်း၊ အဆောင်ဆောင်တို့မှာ ဝင်းမောင်အား အဟန့် နှင့်ပင် မသွားရဲ မလာရဲစေသကဲ့သို့ရှိလေသည်။

ကျောင်းဖွင့်စဖြစ်၍ သစ်လွင်ပြိုးပြောင်စွာဝတ်စားလာကြသော ကျောင်းသား ကျောင်းသူများ၊ ခေါင်းပေါင်းစကလေးတလွင့်လွင့် နှင့်ရှူးဒိနပ်တစ်ဂေါက်ဂေါက်နင်း၍ သွက်လက်စွာလာကြသော နည်းပြဆရာကလေးများကို မြင်ရသည့်အခါ၊ မိမိသင်ကြားခဲ့သော အထက်တန်းကျောင်းတွင် စာမေးပွဲကြီးကျင်းပသည့်နေ့၌အမြို့မြို့မှလာရောက်ကြသော ကျောင်းသားများဖြင့် စည်ကားခြင်းထက်များစွာ စည်ကားသည့်ပြင်စိုတ်တက်ကြွအားရစရာရှိသည်ကို တွေ့ရပေ၏။

အယဉ်အလှအမျိုးမျိုးကိုပြလျှက် ဆံစကလေးပွပွနှင့်တစ်မျိုး၊ ကြိုးမြင်ရသည့်ဘော်ဒီကလေးနှင့်တစ်သွယ်၊ ချယ်ရီပန်းရောင်, ပါးအို့နီကလေးနှင့်တစ်ဖုံ၊ ကျောင်းတော်သူ လှမျိုးစုံတို့ကို မြင်ရသည်မှာ ဝင်းမောင်၏စိတ်ထဲတွင် ဒိတ်ခနဲဖြစ်သွားစေလျှက် တစ်မနက်လုံး စိတ်ရှုပ်စရာတွေကိုတွေ့ကြုံခဲ့ရသဖြင့် တက္ကသိုလ်တွင် မနေချင်တော့သလိုလို စိတ်ပျက်မိခြင်းကိုပြေပျောက်၍ရွှင်လန်းလာစေလေတော့၏။

ဝင်းမောင်မှာ ထိုသို့ချောမောလှပသူကလေးများကို မြင်တွေ့နေရခြင်းကြောင့် မိမိသည် ဤနေရာ ဤဌာန ဤအဆောက်အဦးကြီးသို့ရောက်လာရခြင်းမှာ စာပေသင်ကြားရန်အတွက်ဖြစ်သည်ဟု မထင်မိတော့ဘဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဖူးစာဖက်ရှာဖွေရွေးချယ်ရေးဌာနကြီးတစ်ခုဖြစ်လေရော့သလားဟု မှတ်ထင်မိလေ၏။ သို့ဖြစ်၍ ဝင်းမောင်သည် မိမိ ကျောင်းတက်ရမည့်အချိန်စာရင်းများ၊ စာတက်ရမည့်အခန်းများကို စုံစမ်းရှာဖွေခြင်းမပြုဘဲ၊ ကော်ရစ်ဒါလမ်းဒေါင့်ချိုးတစ်နေရာတွင် ရပ်၍စောင့်ကြည့်နေမိလေ၏။

ထိုသို့ကြည့်နေရာတွင် တစ်ယောက်ထက် တစ်ယောက်သာလျှင် ပို၍ချစ်စရာကောင်းလှသော မျက်နှာကလေးများကိုငင်း၊ ရှုမငြီးဘွယ်ဆင်ပြင်ထားသော ဖက်ရှင်များကိုငင်း၊ တွေ့၍နေရလျှက် တက္ကသိုလ်ကြီးမှာ နတ်ပြည်တမျှပျော်ရွှင်ကြည်နူးစရာကောင်းလှသဖြင့် မိမိ ကောလိပ်ကျောင်းသို့ရောက်ရခြင်းမှာ ကံကောင်းလေစွဟု ဝမ်းမြောက်မိလေ၏။

ထိုအခိုက်တွင် အင်္ကျီပါးလက်ကြပ် ခါးတိုကလေးကိုဝတ်လျှက်ဆံပင်တွင် ဆီမတင်ဘဲ မခို့တရို့ကလေးဖီးလိမ်းထားသော မိန်းမပျိုကလေးတစ်ယောက် မိမိဘက်ဆီသို့ လျှောက်လာနေသည်ကို တွေ့ရလေ၏။ ဝင်းမောင်မှာ ထိုမိန်းခလေးကိုမြင်လိုက်ရသည်တွင် အခြားမိန်းခလေးများအားမြင်ရသည်နှင့်ပင် မတူဘဲစိတ်ထဲတွင် ပြင်းထန်စွာလှုပ်ရှား၍သွားမိလေ၏။ မိမိအား အခြားကျောင်းသားများက သရော်လှောင်ပြောင်သည့်မျက်နှာ ထားမျိုးဖြင့် ကြည့်သွားကြသည်ကိုပင်ဂရုမစိုက်မိတော့ချေ။ ထိုမိန်းကလေးအားမြင်ရသည်နှင့်ပင် စိတ်၌ ဤမျှကြီးမားစွာလှုပ်ရှားသွားရခြင်းမှာ ပထမအမြင်တွင်စတင်သည့်အချစ်ဟူသော အင်္ဂလိပ်စကားအသုံးအနှုန်းအတိုင်း မြင်မြင်ချင်းချစ်မိလေပြီလားဟု မိမိ၏အဖြစ်ကိုပင်အဖြေရှာ၍မရသကဲ့သို့ရှိသွားလေသည်။

မိန်းမပျိုသည် မိမိအားစိုက်ကြည့်နေသော ဝင်းမောင်ကိုမြင်ရသည်တွင် ဂရုမထားဘဲမနေနိုင်ရှိကာ အနီးသို့အရောက်တွင် ဝင်းမောင်အား ကြည့်လိုက်မိလေ၏။ သို့ကြည့်ရာတွင် နှစ်ဦးသားအကြည့်ဆုံ၍ သွားကာမိန်းမပျိုကလေးက မျက်နှာလွှဲလိုက်ပြီး ဆက်လက်လျှောက်သွားလေ၏။

ဝင်းမောင်မှာ မိန်းမပျို၏ကြည့်ရှုပုံနှင့်တကွ မျက်နှာအမူအရာကိုတွေ့ရခြင်းအားဖြင့် မိမိအား အရေးမစိုက်ပုံရသည့်အတွက် စိတ်ထဲတွင်ညှိုးငယ်ခြင်းဖြစ်သွားကာ ဤမိန်းခလေးတို့သည်ကား မိမိတို့ကဲ့သို့သောလူတစ်ယောက်ကို မှန်းကြလိမ့်မည်မဟုတ်ချေ။ သူတို့လည်း ပညာတတ်များပင်ဖြစ်ရကား– သူတို့ထက်ကြီးမြင့်ကြသည့် အိုင်စီအက်–လောင်းများကိုငင်း၊ ဘီစီအက်–လောင်းများကိုသာ မှန်းကြလိမ့်မည်။ တက္ကသိုလ်ကျောင်းတော်သူတစ်ဦးမေတ္တာကိုခံယူရရှိရန်မှာ လွန်စွာခက်ခဲပေလိမ့်မည်တကားဟု နှလုံးပြုမိလေ၏။

ထိုသို့ချက်ချင်းပင် စိတ်ပျက်သွားရာက မိန်းမပျိုသည် အတော်ကလေးလွန်မြောက်သွားပြီးမှ နောက်သို့လှည့်၍ မိမိအားကြည့်လိုက်သည်ကိုတွေ့ရလေရာ မိမိ၏အသည်းနှလုံးများသည် ရင်ခေါင်းသို့ခုန်၍တက်လိုက်သကဲ့သို့ ဝမ်းမြောက်ခြင်း ပြင်းထန်စွာဖြစ်ပေါ်လာ ပြန်လေ၏။

ဝင်းမောင်မှာ ကိုယ်လုံးကိုယ်ထည်တောင့်တင်းပြည့်ဖြိုးလျှက် အသားအရေနုပျိုစိုပြေကာ မျက်နှာအကျအနန ယောကျ်ားပီသသည့် လူချောတစ်ယောက်ဖြစ်ပေရကား၊ ထိုမိန်းမပျိုကလေးသည် ဝင်းမောင်အား ပြန်၍ကြည့်မိခြင်းကား အံ့သြစရာမဟုတ်လှပေ။ ထိုသို့ပြန်လည်အကြည့်ခံရခြင်းအတွက် ဝင်းမောင်မှာ "ဟ...ငါတယ် ဟုတ်ပါကလား" ဟု စိတ်ထဲတွင်ဆင်ခြင်မိကာ ဘယ်နည်းနဲ့မဆို သင်းကလေးတော့ ဒီလမ်းကပြန်ပြီးလာမှာပဲ၊ သူပြန်လာတာကို ဒီကပဲစောင့်နေမယ်ဟု နှလုံးပြုလိုက်လေ၏။

ထိုကဲ့သို့ မျှော်လင့်စောင့်စားနေသည့်အတိုင်းပင် မိန်းမပျိုသည် ၁၀







www.burmeseclassic.com

www.burmeseclassic.com


မိနစ်ခန့်အကြာတွင်ပြန်၍လျှောက်လာသည်ကိုတွေ့ရလေရာ၊ ဝင်းမောင်မှာ စိတ်၏ပြင်းထန်စွာတိုက်တွန်းခြင်းအားဖြင့် "မဖြစ်ဘူး... သူ့ကိုတော့ ငါ စကားပြောရအောင်ကြံမှပဲ...၊ ဘယ်လိုလုပ်ရပါ့မလဲ။ ဒီကနေ့ ကျောင်းအုပ်ကြီးက ဖရက်ရှာတွေကို ဆုံးမသြဝါဒစကားပေးမယ်လို့ပြောတယ်။ အဲဒါ ဘယ်အခန်းမှာပြောဟောမှာလဲဆိုတာကို မေးကြည့်ရရင်ကောင်းမလား။ တခြားတနည်းနဲ့ စကားပြော စရာရှာရလျှင် ကောင်းမလား" ဟု အကြံအမျိုးမျိုးထုတ်လေ၏။ သို့ရာတွင် မိမိအနီးသို့ မိန်းမပျိုရောက်ရှိလာသည့်တိုင်အောင် အကြံမရဘဲရှိကာ မိမိအား အနည်းငယ်ကလေးလွန်၍သွားမှ ဖြတ်ခနဲအကြံတစ်ခုပေါ်လာသဖြင့် မိမိအိတ်ထဲမှလက်ကိုင်ပုဝါကို ကမန်းကတန်း ဆွဲထုတ်လိုက်ပြီး မိန်းမပျို၏နောက်သို့ ခပ်သုတ်သုတ်လိုက်ကာ မိသည်နှင့်တစ်ပြိုင်နက် "ပလိစ်"ဟု နောက်မှနေ၍ခေါ်လိုက်လေ၏။

မိန်းမပျိုသည် ထိုသို့ခေါ်လိုက်သည်ကိုကြားရသောကြောင့်ရပ်လိုက်ပြီးလျှင် နောက်သို့လှည့်ကြည့်လိုက်လေ၏။ ဝင်းမောင်သည် လက်ကိုင်ပုဝါကိုလက်လှမ်းပေးပြီး "ဟောဒီပုဝါဖြူကလေး ကျနေတယ်... ဒီကဟာလား" ဟုမေးလိုက်လေ၏။

မိန်းမပျိုသည် မိမိ၏ခါးကြားတွင်ချိတ်ထားသော လက်ကိုင်ပုဝါကို ရှာဖွေကြည့်ကာ "ဒါကျွမ ဟင်ကီမဟုတ်ပါဘူး...ကျွမဟင်ကီ ရှိသားပဲ"ဟု ပြန်၍ပြောလေ၏။

"အခုပဲ ဒီကကိုယ်ပေါ်ကကျသွားသလိုလိုတွေ့ရလို့ ကောက်ယူလာပြီးပေးတာပဲ... သေသေချာချာကြည့်စမ်းပါအုံး...ဒီကဟာ မဟုတ်ဘူးလား"

မိန်းမပျိုသည် စိတ်ထဲတွင် ဇဝေဇဝါဖြစ်သွားလျှက် မိမိပစ္စည်းဖြစ်သည်ဟု ထင်မှတ်ကာ ဝင်းမောင်၏လက်ထဲမှလက်ကိုင်ပုဝါကိုယူ၍ လှန်



လှောကြည့်ရှုလိုက်လေ၏။ ထိုသို့ကြည့်ရှုလိုက်ရာတွင် ပုဝါမှာ ခပ်ကြီးကြီးဖြစ်၍ ဒေါင့်တစ်နေရာတွင် အတိုကောက်ထိုးထားသော နာမည်စာလုံးလေးတစ်ခုကို တွေ့ရသဖြင့် "ဒါ ယောကျ်ားကိုင်တဲ့ပုဝါမျိုးဘဲ။ နာမယ်ကလဲ အတိုကောက် ဒဗလျူဆိုတဲ့ အင်္ဂလိပ် စာလုံး ထိုးထားတယ်" ဟုပြောပြလိုက်လေ၏။

ထိုအခါမှ ဝင်းမောင်သည် မိမိဂရုမစိုက်ခြင်းကို သတိရသော်လည်း ပြောလက်စနှင့်ဆက်၍ပြောတော့မည်ဟု နှလုံးပြုကာ "ဒဗလျူ ဆိုတာ ဒီက နာမည် အတိုကောက်မဟုတ်ဘူးလား" ဟုမေးလေ၏။

"မဟုတ်ပါဘူး...ကျွမ ပုဝါကလေးဆိုရင် တီအမ်ဆိုတဲ့ စာလုံးထိုးထားမှာပေါ့"

"ဘယ်လိုနာမည်ခေါ်လို့လဲ...တီအမ်ဆိုတော့ မတင်နွဲ့တဲ့လား"

"မဟုတ်ဘူး...မသိန်းနွဲ့ လို့ခေါ်တယ်"

ဝင်းမောင်မှာ ဘာပဲဖြစ်ဖြစ် နာမည်ကိုတော့ သိရပြီဟု အလွန်အမင်းကျေနပ်ဝမ်းမြောက်ခြင်းဖြစ်သွားပြီးနောက်၊ မသိန်းနွဲ့လည်း ထိုစကားကိုပြော၍ ဆက်လက်ထွက်သွားသောကြောင့် စကားတစ်ခွန်းနှစ်ခွန်းမျှသာ ပြောလိုက်ရသည်ကိုမကျေနပ်နိုင်၊ အားရတင်းတိမ်ခြင်းမရှိနိုင်ဘဲ ထပ်၍ ပြောလိုသေးသည့်အတွက် မသိန်းနွဲ့နောက်မှလိုက်လေ၏။

ထိုကဲ့သို့လိုက်သွားရာတွင် အခန်းတစ်ခုထဲသို့ဝင်သွားသည်ကိုတွေ့ရသောကြောင့် ဝင်၍လိုက်သွားရာ အထဲသို့ရောက်ပြီး တစ်မိနစ်ခန့်မျှ မကြာမီပင် အပြင်သို့လျှင်မြန်စွာပြန်၍ထွက်လာလေ၏။ မျက်နှာလည်း အတော်ပျက်သွားလေ၏။ အထဲမှလည်း မိမိအား ရယ်မောလှောင်ပြောင်သည့် အသံများကိုကြားရလေ၏။ သို့ဖြစ်၍ အခန်းကိုမော့ကြည့်လိုက်ရာ မိန်းမပျို


www.burmeseclassic.com

www.burmeseclassic.com

တို့၏ အများစုဝေးနေထိုင်ရာ ခန်းမဖြစ်လျက်နေသည်ကိုတွေ့ရ၍ မိမိ အခန်းမှားပြီးဝင်မိသည့်အတွက် ပြောင်လောင်ရယ်မောခံနေရခြင်းကို သိရှိကာ ထိုနေရာမှ နောက် ဆုတ် နောက်ဆုတ်နှင့် ခပ်သုတ်သုတ်ထွက်ပြေးခဲ့ရလေ၏။ ကျောင်းသူ လေးတစ်ဦးနှစ်ဦးသည် တံခါးပေါက်မှခေါင်းပြူ၍ ထွက်လျှက်၊ ဝင်းမောင် အားလှမ်း၍လိုက်ကြည့်ကြရာ ဝင်းမောင်၏ခြေလှမ်းများမှာ လမ်းလျှောက်နေသည်နှင့်မတူဘဲ ပြေးနေသည်နှင့်မခြားပဲရှိသည်ကို တွေ့ရလေ၏။

ဝင်းမောင်သည် မိန်းခလေးအခန်းအနီးမှ ပြေးလွှား၍လာခဲ့ရာတွင် ရင်ဆိုင်လာနေသောကျောင်းသားတစ်ယောက်နှင့် လူချင်းဝင်၍ဆောင့်မိကြလေ၏။

"အို့...အိုက်စကြူမီ...အိုင်အမ်ဆောရီး"ဟုဝမ်းနည်းစကားဖြင့်တောင်းပန်ပြောဆိုလိုက်ပြီးမှ ထိုသူမှာ ဘသန်းဖြစ်လျှက် မိမိအားကြည့်၍ ရယ်မောနေသည်ကို သိရလေ၏။

"ဟေ့လူ ခင်ဗျား ဟိုအခန်းထဲကသုတ်သီးသုတ်ပြာနဲ့ ဘာပြုလို့ပြေးလာတာလဲ"

"ကျွန်တော် ကောင်မလေးတစ်ယောက်ရဲ့အခန်းထဲဝင်ပြီးလိုက်မိတာ၊ အခန်းမှားနေမှန်းသိလို့ ကမန်းကတန်းပြေးထွက်လာခဲ့ရတယ်"

"ခင်ဗျား ဒီကနေ့ကျောင်းရောက်။ ဒီကနေ့ပဲဂျင်ကျတာပဲ။ ဘယ်ကောင်မလေးများမြင်လို့ မင်းဝင်ပြီးလိုက်သွားမိတာလဲ"

"ဟော်တော်ချောတယ်ဗျ...နာမည်ကတော့ မသိန်းနွဲ့ တဲ့"

ဘသန်းမှာ ထိုသို့ကြားလိုက်ရသည့်အတွက် မျက်နှာပျက်၍ သွားပြီးမှ ဣန္ဒြေဆယ်ကာ "အမယ် နာမည်တောင်သိလို့ပါကလား... ကျောင်းတွင်မသိန်းနွဲ့တွေတစ်ယောက်တင်မကဘဲ...နာမည်ပြောရုံနဲ့သိနိုင်ပါ့မလား" ဟုဆိုလိုက်လေ၏။

"ကဲ...ဒါဖြင့် ဟောဒီကပဲစောင့်နေ...ကျောင်းတက်ချိန်မှာသူတော့ထွက်လာမှာပဲ။ အဲဒီတော့ ကျွန်တော်ပြမယ်"

ထိုသို့စောင့်စားနေကြရာ ပထမခေါင်းလောင်းထိုးလိုက်သဖြင့် မသိန်းနွဲ့သည် ကော်ဘရာ–ဖိုင်ခေါ် တက္ကသိုလ်ကျောင်းသူကျောင်းသားများသုံးလေ့ရှိသော မှတ်စုစာရွက်များညှပ်သည့်ဖိုင်တွဲကလေးနှင့်စာတစ်အုပ်ကိုကိုင်၍ ထွက်လာလေ၏။

"သူဘဲ....ဗျ...သူဘဲ"

"ဘယ်သူ..." ဟု ဘသန်းကမေးလိုက်သဖြင့် ဝင်းမောင်က "အဲဒါပဲ ကျွန်တော်ပြောတဲ့ မသိန်းနွဲ့ဆိုတာ" ဟုဆိုလိုက်ရာ ဘသန်းမှာ မျက်နှာအတော့်ကိုပျက်သွားပြီးမှ "အဲဒါ ကျုပ်နှမဗျ" ဟုဆိုလိုက် သည့်အတွက် ဝင်းမောင်မှာ ရှက်ကြောက်အားနာ မျက်နှာမထားတတ်အောင်ဖြစ်သွားပြီး "အို....ကျွန်တော်မသိလို့ပြောမိတာပါ။ စိတ်မရှိပါနဲ့နော်" ဟု တောင်းပန်လေ၏။

ဘသန်းကား ဘာမျှပြန်၍မပြောချေ။ အနီးသို့ သိန်းနွဲ့ရောက်၍လာအောင်စောင့်နေလိုက်လေ၏။ ဝင်းမောင်၏စိတ်ထဲတွင်ကား မိမိအား ဘသန်းက နောက်ပြောင်လို၍ သူ့နှမဟူ၍ ပြောလိုက်လေရော့သလားဟု ထင်မိလေ၏။ သို့ရာတွင် သိန်းနွဲ့သည် အနီးသို့ရောက်လာပြီး ဘသန်း၏ ရှေ့တွင်ရပ်ကာ "ကိုကိုသန်း...ကာလပ်စ် မရှိဘူးလား" ဟုမေးလိုက်သည်ကိုကြားရမှ တစ်ကယ်ပင် ၎င်း၏နှမဖြစ်ခြင်းကို သိရှိရကာ ထိုအနီးတွင်မနေရဲဘဲရှိနေတော့လေ၏။





www.burmeseclassic.com

www.burmeseclassic.com



ဘသန်းသည်ကား ပျော်ရွှင်တတ်ပြီး အသိမိတ်ဆွေများအပေါ်တွင် အလွန်အမင်းနောက်ပြောင်လေ့ရှိလျက် ကြည်စားသန်သူတစ်ဦးဖြစ်ပေ၏။ သို့ဖြစ်၍ သိန်းနွံကိုတွေ့ရသည်နှင့် တစ်ပြိုင်နက် သိန်းနွံ၏အမေးကို မဖြေသေးဘဲ "ဟာ ဒီမှာ ကိုကိုသန်းမိတ်ဆွေ ကိုဝင်းမောင်ဆိုတာက နွံနွံကို ချစ်လို့တဲ့" ဟု ပြောကာလှည့်လိုက်ရာ၊ ဝင်းမောင်မှာ အနီးတွင်မရှိဘဲ ကဆုန်ချ၍ ပြေးနှင့်လေပြီကိုတွေ့ရသည့်အတွက် မောင်နှမနှစ်ယောက် မျက်နှာချင်းဆိုင်၍ရယ်မောမိကြလေ၏။

ဝင်းမောင်မှာ မောင်ဖြစ်သူအား သူ့နမကို ကြိုက်ပါသည်ဟုပြောလိုက်မိသည့်အဖြစ်မျိုးသို့ရောက်၍နေသောကြောင့် မျက်နှာကို မပြရဲတော့ဘဲ မိမိအကြောင်း စကားစလိုက်မိသည်နှင့်တစ်ပြိုင်နက် ပြေးနှင့်လေတော့၏။ ထိုသို့ပြေးရင်း ဘသန်းအား နောင်မိမိထပ်၍တွေ့ရမည်ကို ရှုံ့ထိပ်၍နေလေတော့၏။ တွေ့လျှင် မည်သို့မျက်နှာ ထားရမည်ကိုလည်း မကြံတတ်ဘဲရှိနေလေ၏။ သို့ဖြစ်သည့်အတွက် ထိုနေ့တစ်နေ့လုံးအဖို့ ဘသန်းကို တတ်နိုင်သမျှရှောင်၍နေလေ၏။

သို့ရာတွင် ညနေဘက်သို့ရောက်ရှိလာသောအခါ ကျောင်းဆောင်သို့ပြန်ကြရာတွင် မတွေ့ဘဲနေမည်မဟုတ်သည်ကို တွေးပူမိ ပြန်လေ၏။ သို့ဖြစ်၍ ကျောင်းဆောင်သို့ပြန်ရောက်သည်နှင့်တစ်ပြိုင်နက် အခန်းတံခါးကိုပိတ်ပြီး အခန်းတံခါးအပြင်မှနေ၍ မမြင်ရအောင် လိုက်ကာတပ်ဆင်၍ပိတ်ထားလိုက်ရလေသည်။

၉ ဒေါက်....ဒေါက်....ဒေါက်ဒေါက်။

အပြ- ်မှ တံခါးခေါက်သံကြားလိုက်ရသည်တွင် ဝင်းမောင်မှာ တုန်ရှိန်သွားဖြင့် "ဘ- ယ်သူလဲ" ဟုမေးလိုက်လေ၏။ စိတ်ထဲတွင်ကား များစွာ

န့်လှုပ်လျှက်ရှိကာ "ဘသန်း မဟုတ်ပါစေနှင့်" ဟုဆုတောင်းမိလေ၏။ ရာတွင်....

"ကျွန်တော်ပါ" ဟုဖြေလိုက်သောအသံကို ကြားရသောအခါ းမောင်မှာ မျက်လုံးပြူးသွားလျှက်အတွေခံရန်ခက်နေလေ၏။ ဝင်းမောင် အသံကိုကြားရခြင်းအားဖြင့် ဘသန်းဖြစ်နေသည်ကိုသိရှိကာ မိမိ၏ သံကိုလည်း ပြုလိုက်မိပြီဖြစ်သည့်အတွက် မရှိဟုငြိမ်နေရန်မဖြစ်တော့ ည်ကို သိရလေ၏။ သို့ဖြစ်ရကား...မျက်နှာပြောင်တိုက်ပြီး အတွေခံဖို့ပဲရှိ တော့တာပဲဟု နှလုံးပြုကာ တံခါးကို ဖွင့်ပေးလိုက်ရလေ၏။

ဘသန်းသည် ပြုံးရွှင်သောမျက်နှာနှင့် ဝင်၍လာလေရာ ဝင်းမောင်မှာ ာင်း၌ဖြစ်ပျက်ခဲ့သည့်အကြောင်းအရာကို ပြန်၍ စကားစလေမည့်လား တွေးတောပူပန်နေမိလေ၏။

"ဘယ့်နှယ့်လဲ...ကျောင်းမှာပျော်ရဲ့လား" ဟု ဘသန်း၏အမေးကို းလိုက်ရမှ ဝင်းမောင်မှာ ပူပန်ခြင်းသက်သာ၍သွားလေ၏။ သို့ရာတွင် သန်း၏အမေးကို အဖြေပေးရန်မှာ ခက်၍နေတော့၏။ အမှန်အားဖြင့် မောင်မှာ ကျောင်းသို့ရောက်သည့်အချိန်ကစ၍ ယခုထိ မပျော်သေးချေ။ ာတွင် မိမိ၏မပျော်ခြင်းကိုပြောပြလျှင် အကြောင်းကို ရှင်းလင်းနေရ ဖြစ်ရကား၊ ဘသန်း၏နှမအား တောင်းမိသည့်အဖြစ်အပျက်ကိုပါ ၍ပြောပြနေရမည်ဖြစ်ကာ၊ မိမိ မထုတ်ဖော်လိုသော အကြောင်းအရာ ၌မလာစေချင်ဘဲရှိသည့်အတွက် အတန်ကြာစဉ်းစားနေပြီးမှ သလိုလိုတော့ ရှိပါရဲ့" ဟုဖြေလိုက်လေ၏။

ဘသန်းသည် အခန်းထဲသို့ဝင်ရောက်လိုက်ပြီး ကုလားထိုင်တွင်ထိုင် ရောက်စတော့ ဒီလိုပဲပေါ့ဗျာ...၊ ပျော်စရာ ပျင်းစရာရယ်လို့-ဘယ်







www.burmeseclassic.com

www.burmeseclassic.com



သိနိုင်အုံးမလဲ…။ နောက်တော့ တဖြေးဖြေးပျော်လာမှာပေါ့၊ အခုနေတေ အသိမိတ်ဆွေက သိပ်မှမများသေးပဲ” ဟု ပြောပြလေ၏။

“ဒါပေမယ့် လူဟောင်းတွေနဲ့အသိမိတ်ဆွေဖြစ်ရမှာတော့ ကျွန်တေ တော်တော့်ကိုပဲလန့်နေတာပဲဗျာ”

ဘသန်းသည် ဝင်းမောင်ပြောလိုက်သည့်စကား၏အကြောင်းရင်း စဉ်းစားမိသည့်အလျှောက် “ခင်ဗျားပြောတာ ကျွန်တော်နားလည်ပါတယ် လူဟောင်းတွေက အင်မတန်ရျောက်တွန်းတယ်။ ညှင်းဟယ်လို့ ခင်ဗ ဆိုချင်တာပဲမဟုတ်လား” ဟု ပြန်မေးလေ၏။

ဝင်းမောင်မှာ ဟုတ်ကြောင်းကိုဝန်ခံရန်ရှိတော့သည့်အတိုင်းခေါ ညိတ်၍ပြလိုက်လေ၏။

ဘသန်းသည် ပြုံးနေလိုက်ပြီးမှ “ဒါကတော့ဗျာ…ခင်ဗျားတ ယောက်တင် မဟုတ်ပါဘူး၊ လူသစ်မှန်သမျှ လူဟောင်းတွေက ဒီလို နှောက်ကြတာပဲ။ ကျွန်တော်တို့လည်း ကျောင်းကိုရောက်စတုန်းက ဒီလို ခဲ့ကြရသေးတယ်။ ခင်ဗျားတို့ကျမှ အဆန်းမဟုတ်တော့ပါဘူး” ဟုပြေ လေ၏။

“ဒါပေမယ့် တစ်ချို့ဟာတွေကတော့ လွန်လွန်းသဗျာ…၊ ဒီလို တော့ ကျောင်းကခွင့်ပြုထားသတဲ့လား”

“ကျွန်တော်တို့တစ်တွေ ခလေးတွေမှမဟုတ်ဘဲ၊ ကိုယ့်ကိုယ်ကို သိမ်းနိုင်ပြီလို့ ဆရာတွေကယူဆထားကြတဲ့အတွက် အရင်တုန်း ကျောင်းသားကြီးတွေခေတ်ကဆိုရင် ဆရာတွေကလက်ချာပေးတဲ့ အ လေဒီစ်–အင်–ဂျင်တီးလ်မင်း လို့နှုတ်ဆက်တယ်လို့တောင် ကြ သေးတယ်။ အခုတော့မှသာ ကျောင်းသားတွေဟာ တဖြေးဖြေးလည်





ဉ်လို့ ဆရာနဲ့တပည့် အနေအထိုင်ဟာ နဲနဲပြောင်းလာတာ” ဟု ဘသန်းက မိသိနားလည်သမျှ ပြောပြလိုက်ပြီးလျှင် ဆက်လက်၍ “နောက်ပြီးတော့ င်ဗျားမေးတာတစ်ခုဖြေစရာရှိသေးတယ်။ အခုလို လူသစ်တွေကိုလူ ဟောင်း ကျောင်းသားကြီးတွေက နှောက်ကြပြောင်ကြတယ်ဆိုတာဟာ မေရိကန်ပြည်က ယေးလ်တို့ ဟားဗတ်တို့ဆိုတဲ့ကျောင်းတွေကလုပ်ကြ ဲ့စနစ်ကို အတုယူကြတာပါပဲ။ ဟိုဆီမှာတော့ အဲဒီလိုလုပ်တာဟာ ာလိပ်ကိုရောက်ခါစလူငယ်များဟာ ငါ ကောလိပ်ကျောင်းသားဆိုပြီး ်များတထောက်ထောက်။ သွေးတမြင့်မြင့်နဲ့ ဘယ်သူ့မှလူမထင်ဖြစ် တတ်ကြတာမို့ ကြီးသူကို ငယ်သူက အရိုအသေပေးရမယ်ဆိုတဲ့ စည်း မ်းဖြစ်လာအောင် စောစောကထဲက နှိမ်ထားလိုက်တာပဲ။ ဆရာကြီးတွေ းပြီးတိုင်လို့လဲ အရေးမယူဘူး။ ကျွန်တော်ကြားဖူးတာဖြင့် အဖိုးတန် ကျိုတွေ၊ ပိုးခြေအိတ်တွေ ဘာတွေနဲ့ဝတ်လာတာ တွေ့ရလို့– ဟော့ မင်းဒါ တွေကိုမဝတ်နဲ့၊ ချွတ်လိုက်လို့ဆိုရင် အဲဒါ မြန်မြန်ချွတ်ရင်ချွတ်၊ မချွတ်ရင် ်းပြီးဆွဲဆုတ်ဖြဲပစ်ကြတာပဲတဲ့။ တစ်နည်းတော့… ငါသူဌေးသားရယ်လို့ တင့်ကြွားကြွားမနိုင် အောင်လုပ်တာမို့ ကောင်းတဲ့စနစ်တစ်ခုပဲလို့ဆိုရမှာ ဒီမှာလဲ ကျောင်းသားသစ်ကလေးတွေဟာ တော်တော့ကိုဆောင့်ကြွား ားနိုင်တယ်။ ကိုယ့်မြို့ ကိုယ့်ရွာပြန်တဲ့အခါ မိုးမမြင်လေမမြင်နဲ့ အင်မတန် ိုင်များကြတာပဲ။ အခုလို တစ်ချို့တစ်လေကို လုပ်လုပ်ပေးလို့ တော်ရုံကြ ာ” ဟု ပြောပြလေ၏။

ဝင်းမောင်သည် ဘသန်းပြောပြသည့်စကားများကို အတန်ကြာ ပြန် ်စဉ်းစားနေလိုက်ပြီး၊ မိမိအား “ညှင်း” ကြသည်ကို စောစောကစိတ်ဆိုး သမျှ ပြေပျောက်သွားလေ၏။ ထိုနောက်မှ “ကောင်း တော့ ကောင်းပါရဲ



www.burmeseclassic.com

www.burmeseclassic.com



ဗျာ၊ ဟိုဆီမှာတော့ ဟုတ်တာပေါ့၊ ဒီမှာတော့ မခံနိုင်ရင်ရန်ဖြစ်ပြီး ဒုက္ခမျ
မကုန်ပေဘူးလား" ဟု ဆိုလေ၏။

"ဒီလိုအခြေအနေရောက်လောက်အောင်လည်း လွန်လွန် ကြူးကြ
မစပါဘူး၊ ပျော်လဲပျော်ရအောင်လုပ်ကြတာပါပဲ။ နောက်ပြီးတော့ ခေ
သစ်ယဉ်ကျေးမှုတွေကိုလည်း နားလည်သလောက် နားလည်လာကြ
လူတွေပဲ...ဒီလိုမဖြစ်နိုင်ပါဘူး။ အခုဆိုရင် ယဉ်ကျေးခြင်းအဆင့်အတ
သိပ်ပြီးတိုးလာတယ်"

ဝင်းမောင်မှာ ယနေ့ ကျောင်းတွင်သင်ကြားနားထောင်ခဲ့ရသည်
မှာ စာပေသာဖြစ်၍ ကောလိပ်ပညာမဟုတ်။ ယခု ဘသန်းပြောနေသ
စကားများသာလျှင် ကောလိပ်ပညာဖြစ်သည်ဟူ၍ စိတ်ထဲတွင် ထင်မြင်
စားကာ အာရုံထက်သန်စွာဖြင့် "ပြောပြစမ်းပါအုံးဗျာ။ ကျွန်တော်
တောကအကောင်တွေ ကျောင်းရောက်စ သိပ်ပြီးအူကြောင်ကြောင်ဖြစ်
ပဲ။ ဒါတွေနားလည်ထားရင် ကျောင်းသားသစ်ခြင်းအတူတူပေမဲ့ ကိုယ်က
ပြီး 'ဂျင်'ကျမှာပဲ" ဟု ပြောပြလေ၏။

"ဆိုရှယ်တို့ဘာတို့ဆိုတာ အခုမှပေါ်ပြူလာဖြစ်လာတာပေါ့ဗျ။ နို
တဲ့ အခုမှ အဆန်းဖြစ်လာတာမဟုတ်ဘူး။ အရင်ကတည်းကရှိလာတာ
ဟိုတုန်းကဆိုရင် ဒီမှာ ကျွန်တော်တို့နေတဲ့ ပုဂံဟောလ် ရယ်။ ဟိုဘက်
ပရမ်းနဲ့ တဂေါင်းဟောလ်ရယ် ဒါတွေပဲရှိတယ်။ဘုရားလမ်း
ဟော်စတယ်တစ်ခုရှိတယ်၊ အဲဒီတုန်းကကျောင်းက အခုအစိုးရဟိုက်စ
ဖြစ်နေတဲ့ နေရာမှာရှိပြီးတော့ မိန်းခလေးတွေနေတာက ဘဒ် လမ်းမှ
တယ်..."

ဝင်းမောင်သည် ဘသန်း၏စကားကို ဖြတ်၍ "ဒါဖြင့် ခင်ဗျား



ကျောင်းကိုရောက်နေတာ ဆယ်နှစ်ကျော်ပြီပေါ့" ဟု ဆိုလေ၏။

"မရှိသေးပါဘူး၊ ကျွန်တော်က ဆိုရှယ်ရာဇဝင်ကိုပြန်ပြီးခင်းနေတာ
ပါ"

"ဒါဖြင့် ကျွန်တော်စကားဖြတ်မေးလိုက်တာ စိတ်မဆိုးပါနဲ့ဗျာ၊ ဆက်
ပြီး ပြောပါအုံး"

"အဲဒီခေတ်က ဆိုရှယ်ဆိုတာ ဘဒ်လမ်းကမိန်းခလေးကျောင်းမှာရှိ
တယ်။ ဒါပေမယ့် အခုလုပ်နေကြတဲ့ဆိုရှယ်လိုတော့မဟုတ်ပါဘူး။ ကိုယ့်
အသိမိန်းခလေးရှိရင် အလည်သွားကြတာပဲ။ ဒီလိုသွားကြရင်းက တခြား
မိန်းခလေးတွေနဲ့မိတ်ဆက်ပေးလို့အသိဖြစ်၊ ကိုယ်နဲ့ကပ်လိုက်လာတဲ့လူနဲ့
လဲ ကိုယ့်အသိတွေနဲ့မိတ်ဆက်ပေး။ နောက်ပြီးတော့မှ ရယ်စရာမောစရာ
စကားတွေပြော၊ နောက်ပြီးတော့ လိပ်ဥဝှက်တန်းကစားတာမျိုးလို ပစ္စည်း
တစ်ခုခုဝှက်ထား အဲဒါကိုလိုက်ရှာ၊ ဒီလိုပျော်စရာကလေးတွေလောက်နဲ့ပဲ
ပြီးကြတာဘဲ။ ကျောင်းသားအချင်းချင်းမိတ်ဆက်ပျော်ပွဲကတော့ ပရမ်း
ဟောလ်မှာ၊ ဖရိုက်ဒေးနိုက်ဆိုဆိုက်ယတီးခေါ်တဲ့ သောကြာနေ့ညအသင်း
ရယ်လို့ ဆရာခြူးကဖွဲ့ထားတယ်။ အတီးအမှုတ်အကအခုန်နဲ့ ဟောလ်မှာ
နေကြရတဲ့ကျောင်းသားတွေ ပျော်ကြရတာပဲ။ အခုတော့ ဒီအသင်းလည်း
မရှိတော့ဘူး။ ဆိုရှယ်ဆိုတာလဲ...."

"အဲ...အဲ ပြောစမ်းပါအုံး၊ ဒီဆိုရှယ်ကတော့ သိပ်ပြီးနာမည်ကြီးတာပဲ
ဗျာ၊ သတင်းစာတွေထဲမှာ မကြာခဏပါတာပဲ။ ဘယ်လိုလုပ်တယ်ဆိုတာ
တော့မသိရဘူး"

"ဒီကျောင်းမှာ ဆိုရှယ်အမျိုးမျိုးရှိတယ်၊ နေ့ကျောင်းသား ဆိုရှယ်
အသင်းရယ်လို့တစ်သင်းရှိတယ်။ နောက်ပြီး ကွန်–ဘရိုဆိုတဲ့ ဆိုရှယ်အသင်း



www.burmeseclassic.com

www.burmeseclassic.com

ဘဲသင်းရှိသေးတယ်”

“ကွန်ဘရိုဆိုတာက ဘာလဲဗျ”

“ကွန်ဗင့်–မယ်သီလရှင်ကျောင်းကထွက်တဲ့ မိန်းခလေးတွေနဲ့ ဘရားသားစကူးလ်ဆိုတဲ့ အင်္ဂလိပ်ဘုန်းကြီးတွေ စာသင်ပေးတဲ့ ကျောင်းကထွက်တဲ့ကျောင်းသားတွေစုပေါင်းပြီး ကွန်ဘရိုလို့အသင်းဖွဲ့ထားတာ၊ နေ့ကျောင်းသားနဲ့ကွန်ဘရိုကို သတင်းစာတွေကမှားနေကြတယ်။ ကွန်ဘရိုကတော့ ကပြားတွေလည်းပါတော့ ဒီမိတ်ဆက်ပွဲကတော့ မြန်မာအကြည့်နဲ့ဆိုတော့ မျက်စိရှက်စရာကြီးပေါ့ဗျာ။ နှစ်ယောက်တွဲကတာတွေရော ဘာတွေရော အမျိုးမျိုးပါတာပေါ့”

“ဒီအသင်းထဲမှာ မြန်မာမလေးတွေလည်းပါမှာပေါ့”

“ပါတာပေါ့ဗျာ...။ ဒါပေမယ့် ဘောလ်ဒန်စ်လို ဘာလို့တွဲကတာမျိုးကြတော့ မြန်မာစစ်စစ်မိန်းခလေးတွေက ထိုင်နေကြတာပေါ့၊ ခရစ်ယန်မကလေးတွေ၊ ကပြားမကလေးတွေသာ က,ကြတာပါပဲ”

“တော်တော်တော့ ပျော်စရာကောင်းမှာပဲဗျာ...၊ ဒီဆိုရှယ်တွေကိုတစ်ခါလောက်တော့ တက်ကြည့်စမ်းချင်တယ်၊ ဘာတွေလုပ်ကြသလဲတော့ မသိဘူး”

ဘသန်းသည် ပြုံးလျှက် ဝင်းမောင်၏မျက်နှာကိုကြည့်နေပြီးနောက် “ခင်ဗျားလဲ အားပေးချင်တဲ့လူတစ်ယောက်ပဲလား” ဟု မေးလေ၏။

“အားပေးချင်လို့ရယ်လဲ မဟုတ်ပါဘူးဗျာ...ကြားရတဲ့အတိုင်းကိုယ်တွေ့သိချင်တာပါပဲ။ ကျွန်တော်တို့နေခဲ့ရတဲ့ကျောင်းကလေးတွေမှာဆိုရင် ယောကျ်ားကလေးတွေနဲ့ မိန်းခလေးတွေနဲ့ဟာ ဆက်ဆံပေါင်းသင်းရတယ်ရယ်လို့မရှိဘဲ၊ မိန်းခလေးတစ်ယောက် ကျောင်းဝင်တယ်ဆိုရင်ပဲ တစ်





ကျောင်းလုံးအထူးအဆန်းကြီးလိုလိုဖြစ်နေလေတော့ အခုလိုရောရောနှောနှောနေရတာကို သာပြီးထူးဆန်းလွန်းလို့ပါပဲ”

“ဒီလိုဆိုရင် ခင်ဗျားကို ဓာတ်သွင်းလိုက်ရအုံးမှာပေါ့ဗျာ...၊ အခုကျောင်းဖွင့်ပြီးလို့ မကြာခင် အသင်းရှိသမျှတွေ အစည်းအဝေးခေါ်ကြလိမ့်မယ်။ အစည်းအဝေးတွေခေါ်ပြီးတော့ အသင်းလုပ်ငန်းတွေလုပ်ကြတဲ့အခါမှာ မိတ်ဆက်အသင်းကလည်း မိတ်ဆက်ပွဲလုပ်လိမ့်မယ်။ အဲဒီအခါကျတော့ ခင်ဗျား ဂက်စ်အဖြစ်နဲ့ပဲဖြစ်ဖြစ်၊ မင်းသားတစ်ယောက်အဖြစ်နဲ့ပဲဖြစ်ဖြစ် တတ်နိုင်မှာပေါ့ဗျာ” ဟုဆိုရာက ခေါင်းလောင်းထိုးသံကြားရသောကြောင့် “အခုမှလေးနာရီထိုးရှိပါသေးလား.... လာ လဘက်ရည်သွားပြီးသောက်ကြရအောင်” ဟု ပြောလေ၏။

ဝင်းမောင်မှာ နံနက်ဘက်က ထမင်းစားပွဲတွင် မိမိအားဝိုင်း၍ ရယ်မောခြင်းခံခဲ့ရသည်ကို သတိရ၍ ထမင်းခန်းသို့လိုက်ရန်ကိုပင် မရဲဘရဲရှိနေကာ “နေပါအုံး...ကျွန်တော်မေးစရာကလေး တစ်ခုရှိနေသေး” ဟုပြောလိုက်လေ၏။

“ဘာမေးစရာရှိလို့လဲ....လာလေဗျာ....လျှောက်သွားရင်းပြောတာပေါ့”

“မသွားခင်သိမှဖြစ်လိမ့်မယ်ထင်တယ်...မနက်က ကျွန်တော် ထမင်းစားတုန်းက ကျွန်တော့်ကို လူတွေဝိုင်းကြည့်ပြီး ပြုံးစိပြုံးစိနဲ့ လုပ်နေကြတာ၊ ကျွန်တော်ဘာလုပ်မိလို့လည်းမသိဘူး။ ဇွန်းခက်ရင်း ကိုင်တာလဲမမှားပါဘူး....”

ထိုအခါမှ ဘသန်းသည် မနက်ကအကြောင်းကို ပြန်လည်သတိရကာ “ဘာမှမှားလို့မဟုတ်ဘူး၊ အပေါ်အင်္ကျီမပါလာလို့ ဝိုင်းကြည့်ကြပြီး၊ အဲဒီလိုအကြည့်ခံရတဲ့အတွက် ခင်ဗျားအူကြောင်ကြောင်ဖြစ်နေတာတွေ့ရ



www.burmeseclassic.com

www.burmeseclassic.com

သို့ရှယ်ကြတာပဲ။ ထမင်းစားရင် အပေါ်အင်္ကျီနဲ့စားရတယ်ဗျ" ဟုပြောပြရသေး၏။

"အော် ဒီလိုလား..." ဟုဆိုကာ ဝင်းမောင်သည် မိမိ၏အပေါ်အင်္ကျီကိုလှမ်း၍ဆွဲလိုက်ရာ ဘသန်းကပြုံးလျက်... "လဘက်ရည်သောက်တဲ့အခါတော့မလိုပါဘူး..." ဟုဆိုလိုက်မှ ဝင်းမောင်လည်း မိမိ၏အပေါ်အင်္ကျီကို ပြန်၍ချိတ်ထားလိုက်ပြီး အပြင်သို့အတူတူထွက်ခဲ့လေ၏။

## အခန်း ၃

ဘသန်းနှင့် ဝင်းမောင်တို့သည် လဘက်ရည်သောက်ကြပြီး နောက် "ဒိုင်းနင်းဟောလ်" မှခွဲခဲ့ကြလေရာ ဝင်းမောင်သည် အထွက်တွင်ထင်ကျော်နှင့်မျက်နှာချင်းဆိုင်တိုး၍နေလေ၏။ ဝင်းမောင်မှာ ထင်ကျော်နှင့်အသိမိတ်ဆွေဖြစ်ရန်ကို လွန်စွာကြောက်နေရကား ထင်ကျော်အား တွေ့ရသည်တွင်ပြုံးရမလိုလို၊ မျက်နှာတည်ကြီးဖြင့် နေရမလိုလို မျက်နှာထားခက်၍နေလေရာ ထင်ကျော်ကဆီး၍ပြုံးလိုက်သည့်အတွက် မရှောင်သာဘဲ ပြန်၍ပြုံးလိုက်ရလေ၏။

ထင်ကျော်သည် ဝင်းမောင်၏လက်ကိုလှမ်းကိုင်လိုက်ကာ ထမင်းစားခန်းထဲသို့ဆွဲခေါ်ရင်း "လာပါအုံးဗျာ...ခင်ဗျား ဘယ်သွားစရာရှိလဲ" ဟုမေးလေ၏။

"ဘယ်မှသွားစရာမရှိပါဘူး"

"ဒါဖြင့်ရင် လဘက်ရည်သောက်ပြီးရင် ကန်ဘက်ကိုလမ်းလျှောက်ရအောင်..." ဟုဆိုသည့်အတွက် ဝင်းမောင်မှာကန်ဘက်သို့မရောက်ဖူးသေး



သည့်ပြင် အဖော်ရ၍နေသော်ကြောင့် ထင်ကျော်အား ခပ်လန့်လန့်နှင့်ပင်ပါသွားလေ၏။

ထိုအချိန်ကား မိုးသားတိမ်လိပ်များတက်ကြွလျက်ရှိသော်လည်း ရွာမည့်အသွင်ကင်းစင်လျက်ရှိကာကြည်လင်သာယာစွာနေရောင်လင်းလျက်ရှိသောကြောင့် အင်းလျားကန်ကြီး၏ရေမျက်နှာပြင်ပေါ်တွင် ဖြတ်သန်းတိုက်ခတ်လိုက်သည့် လေညှင်းကလေး၏ကစားခြင်းဖြင့်၊ တလွန့်လွန့်ဖြစ်နေကြသောလှိုင်းဂရက်များသည် နေခြည်ရောင်တွင်တဖိတ်ဖိတ်တောက်ပြောင်လျက် အင်းယားကန်ရေပေါ်တွင် စိန်ကျောက်များမျော၍နေသကဲ့သို့ထင်ရပေ၏။ ထိုသို့ပြောင်လက်လှုပ်ရှိသောရေမျက်နှာပြင်ပေါ်တွင်စွပ်ကျယ်ဖြူ ဘောင်းဘီဖြူ ဆင်တူဝတ်ထားသူတို့ လှော်ခတ်ဖြတ်ကူးသွားကြသော တက္ကသိုလ်ပြိုင်လှေများ။ အဝေးတွင် ရွက်ဖွေးဖွေးလွင့်လျက်၊ မျက်နှာဖြူမောင်နှံတို့လေညှင်းခံကြသည့် ယတ်ချ် ခေါ်သည့် ရွက်လှေကလေးများ။ ကျွန်းစွယ်အငူနှင့်သစ်ပင်တောအုပ်ကလေးများသည် ပန်းချီကားအလှနှင့်သဘာဝအလှ ယှဉ်ပြိုင်၍ပြနေကြသကဲ့သို့ရှိပေ၏။

ကန်အနောက်ဘက်ရှိ"ဘန်း"ဟုခေါ်ကြသည့်တာရိုးပေါ်တွင်နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ယှဉ်တွဲလမ်းလျှောက်ကြသည့် ကျောင်းသားကျောင်းသူတို့၏ အဝတ်အစားမှအရောင်ကလေးများသည် သဘာဝပန်းချီကားကြီးကို ဆေးရောင်ကြွယ်အောင်ချယ်လှယ်လျက်ရှိနေလေတော့၏။ ကျောင်းသားများမှာ ၁၇နှစ်၊ ၁၈နှစ် အရွယ်လောက်ကစ၍ အသက် ၂၀ ကျော်အရွယ်ကောင်းသူကလေးများသာလျှင်ဖြစ်ကြလေရာ၊ ၎င်းတို့၏နုပျိုသောမျက်နှာကလေးများပေါ်တွင် အပူအပင်ကင်းဝေးခြင်း၊ ပျော်ရွှင်ကြည်နူးခြင်းတို့ဖြင့် ပြုံးရွှင်ကြည်လင်လျက်ရှိပေ၏။ ကျောင်းသူကလေးများကား



www.burmeseclassic.com

www.burmeseclassic.com


လွန်စွာ နုနယ်ငယ်ရွယ်သူကလေးများပင်ပါဝင်လျက် အချို့မှာ ဆံတောက်ကလေးများနှင့်ဖြစ်ကြ၍၊ အချို့မှာ ဖွတ်မြီးတွဲလွဲကလေးများနှင့်ဖြစ်ကြလေရာ အရွယ်မှရောက်ကြသေးရဲ့လား။ အသက်လိမ်၍ကျောင်းဝင်ကြသူကလေးများလားဟူ၍ ထင်မှတ်ရပေတော့၏။ သို့ရာတွင် ကျောင်းသားကလေးများမှာလည်း နုပျိုငယ်ရွယ်သူလေးများပင်ဖြစ် ကြလေရာ၊ ကျောင်းသူနှင့်ကျောင်းသားကလေးတို့မှာ ရွယ်တူတန်းတူ ကလေးများပင်ဖြစ်ကြလေရကား၊ ထိုသို့သွားလမ်းလျှောက်တွေ့ဆုံကြရာတွင် မိမိတို့သည် ပညာသင်ရန်ရောက်ရှိလာခဲ့ကြခြင်းကိုပင် မေ့လျော့မိကြလျက် မခို့တရို့အကြည့်ကလေးများဖြင့် တစ်မျိုး။ မကြားတကြားစကားကလေးများဖြင့် တစ်သွယ် ချိတ်ကြဆွယ်ကြကာပျော်ရွှင်၍မဆုံးနိုင်ရှိကြလေ၏။

အချို့ကျောင်းသားတို့မှာကား မိန်းခလေးများအား ရစ်သည် ပိုး သည်ဟု အပြောလည်းမခံလို။ ရစ်စရာ–ပိုးစရာအချိတ်အဆက်လည်း မရှိလေရကား၊ "အလကားကွာ...ဘန်းကိုလျှောက်ကြတဲ့ ငနဲတွေဟာ ပိုးချင်လို့လျှောက်ကြတာပါ။ အညောင်းဖြေလျှောက်တယ်ဆိုတာ အလကားပါ"ဟုဆိုလျက် ဝင်ဒါမီယာဘက်သို့လျှောက်သူလျှောက်၊ ပြည်လမ်းဘက်သို့ ထွက်သူ ထွက်ကြလျက်၊ အချို့ကလည်း ဘူးသီးကြော်ဆိုင်တွင်ထိုင်ကာ သွားလာနေကြသော ကျောင်းသူကလေးများ၏ ရုပ်ရည်ကို ဘူးသီးကြော်နှင့်တွဲ၍မြီးကြလေကုန်၏။

ဝင်းမောင်နှင့်ထင်ကျော်တို့သည် အင်းလျားလမ်းပေါ်တွင်ပေါ်ပေါက်၍လာကြပြီး ကန်ဘောင်ရိုးဆီသို့သွား၍နေကြသည်ကိုတွေ့ရလေ၏။ ဝင်းမောင်ကား လှပပျိုရွယ်သော ကျောင်းသူကလေးများကို တွေ့မြင်ရခြင်းအားဖြင့် တက္ကသိုလ်သို့ရောက်ရှိလာရခြင်းကို ပျော်သည်ထက်ပျော်၍လာ



ကာ စိတ်ထဲတွင် ကြည်နူးလျက်ရှိပေ၏။ ထင်ကျော်မှာကား မိန်းခလေးများမြင်လျှင် ပြုံးတုံးပြုံးတဲနှင့်ကြည့်ကာ လွန်၍သွားသည့်အခါတွင် ဝင်းမောင်ဘက်သို့လှည့်၍ "ဖရက်ရှာ မိန်းခလေးတွေထဲက အချောကလေးတွေတယ်များပါလား"ဟုပြောရင်း သွားရည်ထွက်ကျပြီး ရပ်အကျီရင်ပတ်ကိုပေမည်စိုးသကဲ့သို့ မေးအောက်တွင်လက်ခံ၍ပြလိုက်သည့်အတွက် ဝင်းမောင်မှာ ထင်ကျော်၏အမူ အရာကိုကြည့်၍ ပြုံးမိလေ၏။ ထိုနောက်မှဝင်းမောင်က "ခင်ဗျားကော... ဘယ်သူ့ကိုစွဲပြီလဲ" ဟုမေးလိုက်လေ၏။

"ကျွန်တော်လား ကောလိပ်မှာမိန်းခလေးဆိုလို့ တစ်ယောက်မှမရှိမှာစိုးလို့ဘယ်သူ့မှမပိုးဘူး"

"ဘာပြုလို့လဲ...ခင်ဗျားကို မိန်းခလေးတွင်းကြောက်လို့လား"

"မဟုတ်ဘူး... ကျွန်တော်ပိုးလိုက်ရင် သူများနဲ့ချည်း စွဲစွဲသွားကြလို့"ဟုပြောပြလိုက်ပြီးနောက်၊ "ဒါကြောင့် ကျွန်တော်လည်း နတ်တွေအားကျ ပီး အငွေ့လောကနဲ့ကျေနပ်နေရတာပဲ" ဟုဆက်လေ၏။

ထိုသို့ပြောရင်းလျှောက်လာကြရာတွင် မိမိတို့၏ရင်ဆိုင်ဆီမှလျှောက်လာကြသော သုံးယောက်တွဲမိန်းခလေးတစ်စုကို ဝင်းမောင်မြင်လိုက်ရသည်တွင် ရှေ့သို့မတိုးရဲသကဲ့သို့ရှိနေလေ၏။ အကြောင်းမူကား ထိုသုံးဦးအထဲတွင် မသိန်းနွဲ့ပါ၍လာလေရာ၊ ဝင်းမောင်မှာကျောင်းထဲတွင်ဘသန်းနောက်ပြောင်ထားသည့်လက်ချက်ကြောင့် မျက်နှာချင်းဆိုင်ရမည်ကိုခက်နေလေ၏။

ထင်ကျော်မှာ ဝင်းမောင်၏ ဆုတ်ကန် ဆုတ်ကန်လုပ်၍နေခြင်းကိုနားမလည်နိုင်သဖြင့် "ကိုယ့်လူ ဘာဖြစ်တာလဲ" ဟုမေးလိုက်လေ၏။

"လာဗျာ...ကျွန်တော်တို့ပြန်ပြီးလှည့်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်လဲ ပြောစမ်းပါအုံးလို့ ဆိုနေမှာဘဲ"

ဝင်းမောင်မှာ ပြောချင်စိတ်များစွာမရှိလှသော်လည်း ပြောပြမှဖြစ်တော့မည်အတွက် "ဟိုရှေ့ကလာနေကြတဲ့အထဲက လုံချည်ဖက်ဖူးရောင်ကလေးကို မတွေ့ချင်လို့" ဟုပြောပြရလေ၏။

ထင်ကျော်သည် ရှေ့သို့သေသေချာချာလှမ်းကြည့်လိုက်ပြီးနောက် "ဒါ မသိန်းနွဲ့ဆိုတာပေါ့၊ ကိုဘသန်းနှမပဲ၊ ကျွန်တော်နဲ့သိတယ်" ဟုပြောပြပြီးလျှင် "ဘာပြုလို့မတွေ့ချင်တာလဲ" ဟုမေးပြန်လေ၏။

"အို....အကြောင်းရှိလို့ပေါ့ဗျာ၊ ပြောမနေပါရစေနဲ့.. ပြန်လှည့်ကြစို့"

"ပြန်လှည့်တာ သူမြင်ရင် သာပြီးမကောင်းဖြစ်နေမှာပေါ့ဗျ၊ ခပ်တည်တည်သာလာစမ်းပါ"

"ဟာ မဖြစ်ဘူးဗျာ၊ မျက်နှာချင်းဆိုင်ကို မဆိုင်ချင်ဘူး။ ခင်ဗျားသွားနှင့်ဗျာ၊ ကျွန်တော် ဒီနားကသစ်ပင်မှာ ဝင်ပြီးကွယ်နေလိုက်မယ်၊ သူတို့လွန်မှ ကျွန်တော်ပြေးပြီးလိုက်ခဲ့မယ်"

ထိုသို့ပြောပြောဆိုဆိုနှင့်ပင် လမ်းဘေးသို့ပြေးဝင်လိုက်သည့်အတွက် ထင်ကျော်လည်း တစ်ယောက်ထဲဆက်၍လျှောက်ခဲ့လေ၏။ ထိုသို့လျှောက်လာရင်း ထင်ကျော်၏မျက်နှာမှာ တဖြည်းဖြည်းပြုံး၍လာလေ၏။ အကြောင်းသော်ကား ထင်ကျော်သည်သူတစ်ဖက်သားအားဂျောက်ချရမည့်အလုပ်မျိုးတွင် လွန်စွာစိတ်ဝင်စား ဝါသနာပါ သူဖြစ်လေရာ၊ မတွေ့လိုသော ဝင်းမောင်ကိုမှ သိန်းနွဲ့နှင့်တွေ့အောင် တစ်ခုခုပြုလုပ်ရန်ကိုအကြံရသည့်အတွက်ဖြစ်ပေ၏။

သို့ဖြင့် ထင်ကျော်သည် ရှေ့သို့ဆက်၍လျှောက်လာခဲ့ရာက သိန်းနွဲ့တို့အသိုက်နှင့်တွေ့ရာတွင်၊ သိန်းနွဲ့အား လှမ်း၍ပြုံးရယ်နှုတ်ဆက်လိုက်



သဖြင့် သိန်းနွဲ့ကလည်း ပြန်၍ပြုံးရာကရပ်၍နေလိုက်သောကြောင့် အခြားမိန်းခလေးများလည်း အတူတူရပ်လိုက်ကြလေ၏။

ထင်ကျော်လည်း အခွင့်ကောင်းကိုရရှိသဖြင့် အနီးသို့ကပ်ကာ "လမ်းလျှောက်ကြသလား" ဟု သိန်းနွဲ့အားမေးလိုက်လေ၏။

"ဟုတ်ကဲ့...။ ကိုထင်ကျော် တစ်ယောက်ထဲလား၊ ကိုကိုသန်းကော....မပါဘူးလား"

"ကိုဘသန်းလား... ဟောဟိုမရမ်းပင်ကြီးနောက်မှာ" ဟုဆိုကာ ဝင်းမောင်ဝင်၍ပုန်းနေသော သစ်ပင်ကြီးကိုညွှန်ပြပြီးလျှင် "ဘာအကြံနဲ့ပုန်းနေသလဲမသိဘူး၊ အခုလာရင်းမြင်ခဲ့ရတယ်" ဟုပြောလေ၏။

ထိုသို့ပြောလိုက်ရာတွင် သိန်းနွဲ့၏မျက်နှာတွင် ရှုစုအောင့်အောင့်အမူအရာထွက်ပေါ်လာကာ၊ "သူပုန်းနေတာ ကျွန်မသိပြီ။ နေ့ခင်းကကျွန်မကို လိမ်ပြီးပိုက်ဆံတောင်းသွားတာ။ အခုသူ့ကိုတွေ့ရရင် အလိမ်ပေါ်နေမှာကိုသိလို့ပုန်းနေတာ" ဟုပြောပြလေ၏။

ထင်ကျော်မှာ မိမိ၏တွန်းလိုက်ခြင်းမှာ အချက်ပိုင်၍နေပြီကိုတွေးမိ၍များစွာကျေနပ်သွားကာ "ဒါဖြင့်ရင် သူ့ကိုသွားပြီးဆွဲချေတော့၊ အဲဒီသစ်ပင်နောက်မှာပုန်းနေတယ်" ဟု ထပ်၍တွန်းလိုက်လေ၏။

သိန်းနွဲ့လည်း မိမိ၏အဖော်များအား "ခင်တို့သွားနှင့်ကြပြီး ရှေ့ကစောင့်နေကြ။ ကျမ သူ့ကိုဆွဲပြုပြီးမှ လိုက်ခဲ့မယ်" ဟုပြော၍လွှတ်လိုက်သည့်အတွက် အခြားအဖော်နှစ်ယောက်လည်း ရှေ့သို့ဆက်၍ထွက်သွားလေ၏။

ဝင်းမောင်သည် သစ်ပင်အကွယ်မှ မရဲတရဲချောင်းမြောင်း၍ ကြည့်နေမိလေရာ၊ အခြားမိန်းခလေးများနှင့်အတူလျှောက်၍မသွားဘဲ၊ ဒေါ်နှင့်မော



www.burmeseclassic.com

www.burmeseclassic.com



နှင့်မိမိထံသို့လာနေသော သိန်းနွဲ့ကိုတွေ့ရသည့်အတွက် "ခက်ပြီ....၊ ကိုထင်ကျော်ကိုမေးပြီး ငါဒီမှာရှိမှန်းသိလို့ ငါ့ကို မနက်ကကိစ္စနဲ့ပတ်သက်ပြီး ဆူရအောင်လာတာပဲ။ ငါထွက်ပြေးရင်သာပြီးမြင်ရလိမ့်မယ်။ ဒီမှာပုန်းနေလို့ကော်လုံပါ့မလား။ ခက်တာပဲ၊ ငါဘယ်လိုလုပ်ရပါ့မလဲ"ဟု ပူပင်မိလေ၏။ ထိုသို့ပူပင်မိရာတွင် ရပ်နေသည့်သစ်ပင်ခြေရင်း၌ ထိုင်၍အပင်နှင့်ကပ်ပြီး ပုန်းနေခြင်းက သက်သာကောင်းသက်သာရာရမည်လားဟု ကြံမိကြံရာ စိတ်ကူးမိကာ ရပ်နေရာမှထိုင်လိုက်လေ၏။ သို့ရာတွင် သိန်းနွဲ့သည် ဝင်းမောင်ရှိရာနေရာဆီသို့ တည့်မတ်စွာလာနေရကား ဝင်းမောင်မှာ မလွတ်နိုင်တော့ဘဲရှိလေ၏။

သိန်းနွဲ့သည် သစ်ပင်အနီးသို့ရောက်သည်နှင့် တစ်ပြိုင်နက်ဘေးမှနေ၍ လှည့်ပြီးမကြည့်သေးဘဲ ပုန်းနေသူကိုမိပြီဟုဝမ်းသာခြင်းဖြင့်၊ "အမယ်... ဒီလိုလုပ်လို့ဘာရမလဲ၊ ထွက်ခဲ့ပါ" ဟုဆိုလိုက်လေ၏။

ဝင်းမောင်မှာ တစ်ကိုယ်လုံးတုန်၍သွားကာ ပုသည်ထက်သာပု၍နေမိလေတော့၏။ သို့ဖြစ်၍ သိန်းနွဲ့မှာ မိမိခေါ်လျက်နှင့်ထွက်မလာခြင်းကို ဒေါသဖြစ်ကာ၊ "ဘာလဲ ကိုကို...မသိဘူးမှတ်လို့လား" ဟုဆို၍ သစ်ပင်ဘေးဘက်သို့လှည့်၍ကြည့်လိုက်ရာ၊ မိမိထင်သကဲ့ သို့ ဘသန်းမဟုတ်ဘဲ သစ်ပင်ကွယ်တွင်ဆောင့်ကြောင့်ထိုင်နေသော ဝင်းမောင်ကိုမြင်ရသည့်အတွက် အံ့အားသင့်သွားလေ၏။ ဝင်းမောင်မှာလည်း မျက်နှာချင်းဆိုင်မိသည့်အတွက် မျက်လုံးပြူးသွားကာထိုင်ရက်သားမော့၍ကြည့်နေမိလေ၏။

ဝင်းမောင်၏အမူအရာ အဲနေအထိုင်ကိုမြင်ရသည်မှာ သစ်ပင်အကွယ်တွင် အပေါ့စွန့်နေသကဲ့သို့ရှိလေရာ သိန်းနွဲ့၏စိတ်တွင် ဤသို့ပင်



ထင်မြင်မိလျက်၊ မိမိသည် အပေါ့စွန့်နေသူတစ်ယောက်ကို ဘုမသိ ဘမသိဝင်၍ခေါ်ကမိလေပြီဟု စဉ်းစားမိခြင်းဖြင့် တစ်မျက်နှာ လုံးဖိန်းရှိန်းထူပူ၍ သွားလေ၏။ ထင်ကျော်အားလည်း ဤမျှအနောက်သန်ရကောင်းလားဟု ဒေါသဖြစ်မိလျက်၊ ဝင်းမောင်အားလည်း သူ၏ကိစ္စပြုနေရာတွင် နှောက်ယှက်မိခြင်းကို ရှက်လည်းရှက်၊ အားလည်းနာ၊ မျက်နှာလည်းအန့်း၍နေလေတော့၏။

အတန်ကြာမျှ တစ်ယောက်ကိုတစ်ယောက် ငေးကြောင်၍ကြည့်နေပြီးမှ သိန်းနွဲ့က "အို...မသိလို့ပါ...ကျွန်မနှောက်ယှက်မိတာစိတ်မရှိပါနဲ့" ဟုပြောဆိုတောင်းပန်လိုက်လေ၏။

ထိုသို့ပြောသည်ကို ကြားရသည်တွင် ဝင်းမောင်မှာ မိမိသည် သစ်ပင်ကွယ်တွင်ဝင်၍ အပေါ့စွန့်နေသည်ဟု သိန်းနွဲ့စိတ်၌ထင်နေပြီဟုသိရှိရိပ်မိကာ၊ အချောက်တိုက်ရှက်စရာဖြစ်၍နေလေတော့၏။ ထိုစကားကိုကြားရသဖြင့် "ကျုပ် ရှူရှူပေါက်နေတာ မဟုတ်ပါဘူး" ဟုပြန်၍ရှင်းရမှာလည်း ပြောရန်ခက်နေလေ၏။ တစ်နည်းအားဖြင့် ယဉ်ကျေးသောအသုံးအနှုန်းဖြင့် ပြန်ပြောလိုက်၍ ရှင်းသွားပါကလည်း "ဒါဖြင့် ရှင်ဘာလုပ်နေတာလဲ" ဟုမေးလိုက်လျှင် မိမိမှာအမှန်အတိုင်းဖြေရမည်ကို ခက်ပြန်သောကြောင့် "အင်း...အာ..." နှင့်အူကြောင်ကြောင်ဖြစ်၍နေလေတော့၏။

သိန်းနွဲ့လည်း တောင်းပန်စကားပြောလိုက်ပြီးသည့်နောက် ကြာကြာရပ်၍မနေတော့ဘဲ လျင်မြန်စွာပြန်၍လှည့်ထွက်သွားလေ၏။ ထိုအခါမှ ဝင်းမောင်မှာ ထိုင်ရာမှထရပ်လိုက်ပြီး သိန်းနွဲ့နောက်သို့လိုက်၍ရှင်းရန်လည်းခက်။ ယခုလိုနေလိုက်ရပြန်လျှင်လည်း မိမိအား ညစ်ပတ်ယုတ်မာသူတစ်ယောက်ဟု ထင်နေမည်ကိုတွေး၍ အခံရကြပ်၍နေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ဝင်းမောင်သည် တွေဝေ၍ရပ်နေရာက ထင်ကျော်၏အဝေ
တွင် ဒေါ်သထွက်သည်ထက် ထွက်လာသောကြောင့် ထင်ကျော်ကိုပင်ပြန်၍
မတွေ့လိုတော့ဘဲ ကျောင်းသို့ပြန်ရန်လှည့်ထွက်ခဲ့လေ၏။

ထင်ကျော်လည်းရပ်၍စောင့်နေရာက ဝင်းမောင်လှည့်၍ပြန်သွာ
သည်ကိုတွေ့သောကြောင့် "ဟေ့လူ..ကိုဝင်းမောင်...ဘယ်သွားတာလဲ" ဟု
လှမ်း၍ခေါ်လေ၏။ ဝင်းမောင်သည် နောက်သို့တစ်ချက်မျှသာပြန်၍ကြ
လိုက်လေ၏။ သို့ရာတွင်ဘာမှလည်းပြန်၍မပြော၊ လက်ဟန်အမူအရာဖြ
လည်း တစ်စုံတစ်ရာမပြဘဲ၊ ချာကနဲပြန်၍ မျက်နှာလှည့်ကာဆက်လက်
ထွက်သွားလေ၏။

ထိုသို့မြင်လိုက်ရသောထင်ကျော်မှာ ဝင်းမောင် မိမိအားစိတ်ဆိုးသွ
လေပြီလား။ သိန်းနွဲ့တို့၏နောက်သို့လိုက်ခြင်းပင် ဖြစ်လေရော့သလား
ဝေခွဲမရရှိနေပြီးမှ ဝင်းမောင်၏နောက်သို့ မြန်မြန်ပြန်၍လိုက်လာခဲ့လေ

အင်းလျားလမ်းပေါ်တွင် ရှေ့မှသိန်းနွဲ့တို့အသိုက်၊ အလည်
ဝင်းမောင်၊ နောက်မှ ထင်ကျော်တို့သည် တစ်ဦးနှင့်တစ်ဦး ခပ်လှမ်းလှမ်
ကွာဝေးလျက် တစ်ယောက်နောက် တစ်ယောက်အပြေးလိုက်နေကြသ
သို့ရှိကြလေသည်။ သိန်းနွဲ့မှာ နောက်မှလာနေသော ငင်းမောင်ကိုမြင်
သဖြင့် တွေ့၍တစ်စုံတစ်ရာပြောမည်ကိုရွံ့ထိတ်မိကာ မမှီစေနိုင်ရန် အမြ
သုတ်ချေတင်လျှက်ရှိလေ၏။ အဖော်မိန်းမလေးများကား စကားတစ်ခွ
မှုမဟဘဲ ခပ်သုတ်သုတ်လှမ်းလျှက်ရှိသော သိန်းနွဲ့ကိုသာ အမှီလိုက်၍
ကြရလေ၏။ ဝင်းမောင်ကား ဒေါထန်သည့်ခြေလှမ်းဖြင့် လှမ်းလျှက်ရှိ
ထင်ကျော်ကား ဝင်းမောင်၏နောက်သို့ ခပ်သုတ်သုတ်လိုက်၍နေတေ
၏။ သို့ဖြစ်၍ ၎င်းတို့မှာ လိုက်တန်းပြေးတန်းကစားနေကြသည်နှင့်မခြ





ဘဲရှိလေ၏။

ထို့နောက် အင်းလျားဟောလ်ရှေ့သို့ရောက်၍ ကျောင်းထဲသို့ မိန်းမပျို လေးများဝင်၍သွားကြပြီး ဝင်းမောင်ကားခပ်သုတ်သုတ်ဆက်လျှောက်သွား သောကြောင့် ထိုသို့မြင်ရမှ ထင်ကျော်မှာ မိမိအား ဝင်းမောင်စိတ်ဆိုး၍သွား ခြင်းဖြစ်သည်ကိုသိရှိကာ ချော့မော့ရန်ပြေး၍လိုက်လေ၏။

"ကိုယ့်လူ နေပါအုံး....သုတ်ချေတင်လှချည့်လား"

"သွားဗျာ....ခင်ဗျား...နောက်တာအင်မတန်လွန်တဲ့လူပဲ"

ထင်ကျော်သည် မိမိ၌အပြစ်ကင်းသည့်မျက်နှာဖြင့် "အို...ကိုယ့်လူ ကို ဘယ်သူနောက်လို့လဲ...မသိန်းနွဲ့ မတွေ့ချင်လို့ပုန်းနေပြီးထွက်လာ တော့ ကျုပ်နောက်လိုက်မလာဘဲ အလိုလိုဒေါသကြီးနေတာ..." ဟုဆိုလေ ၏။

"နို့....ကျွန်တော်ပုန်းနေတဲ့နေရာကို သူဝင်လာတာ၊ ခင်ဗျားပြလို့ ပေါ့"

"မပြပါလား...ကိုယ့်လူရာ" ဟု ထင်ကျော်က အတည်ဆက်လက် ပြော၍နေပြီးမှ "သူမြင်လို့ လိုက်လာတာဖြစ်တော့မပေါ့...၊ နို့နေပါအုံး၊ ခင်ဗျားတို့ ဘယ်တုန်းကသိကြလို့ ဘာဖြစ်ပြီး အခု ဘယ်လိုဖြစ်ကြပြန်တာ လဲ" ဟုမေးလေ၏။

"ဘာဖြစ်တယ်–ညာဖြစ်တယ်တော့ မေးမနေပါနဲ့တော့ဗျာ။ ကျုပ် သူ့မတွေ့ချင်လို့ပုန်းနေတာကို ပုန်းတယ်လို့မထင်ဘဲ သစ်ပင်အကွယ်ဝင်ပြီး သေးပေါက်နေတယ်ထင်ပြီး၊ သေးပေါက်နေတဲ့အဖြစ် မျိုးနဲ့တွေ့သွားကာ၊ ကျွန်တော့် အပေါ် ယုတ်ညံ့ယုတ်မာတဲ့လူတစ်ယောက်လို့ထင်သွားတာပေါ့ ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ထင်ကျော်ကား အရယ်သန့်သူတစ်ယောက်ဖြစ်ရကား၊ ထိုသို့ကြား ရသည်တွင် ဝင်းမောင်အား ဂရုဏာသက်သည့်စိတ်လည်းမပေါ်မိ။ တောင်း ပန်ရန်လည်း သတိမရဘဲ တွင်တွင်သာရယ်နေလေသောကြောင့် ဝင်းမောင်လည်း ဆက်၍စကားမပြောတော့ဘဲ ခပ်သုတ်သုတ်ခွဲထွက်လာခဲ့ လေ၏။ ထင်ကျော်မှာကား ဝင်းမောင်၏ နောက်သို့ဆက်မလိုက်တော့ဘဲ ရယ်မောခြင်းကို အတောမသတ်နိုင်အောင်ဖြစ်လျှက် ရပ်၍ကျန်ရစ်ခဲ့လေ ၏။

ဝင်းမောင်သည်ကျောင်းသို့ပြန်ရောက်သောအခါရေချိုးခန်းအသီးသီး မှ ရေတဘွမ်းဘွမ်းကျလျှက် သီချင်းအမျိုးမျိုးဟစ်အော်သီဆိုကာ ပျော်ရွှင် စွာရေချိုးနေကြသည့်အသံများကိုကြားရသော်လည်း ပျော်ရွှင်စိတ်ဝင်စား၍ မလာဘဲ စိတ်အိုက်ညစ်ညူးစွာဖြင့် မိမိအခန်း သို့တန်း၍သွားလေ၏။

အခန်းထဲသို့ရောက်သောအခါ၌လည်း ရေချိုးရန်ကို အာရုံမဝင်စား ဘဲ စာရေးစားပွဲရှိ ကုလားထိုင်တွင်ထိုင်၍ စားပွဲပေါ်တွင် ခြေတစ်ဖက်ကား ယားတင်၊ ကြမ်းပေါ်တွင် ခြေတစ်ဖက်ကိုထိုးဆန့်၍ထိုင်ကာခေါင်းကိုလက် ထောက်၍ ဆုတ်ကိုင်မှိုင်တွေ၍ နေလေတော့၏။ဝင်းမောင်မှာအရက်လည်း မပြေနိုင်။ တွေးမိလေ ပို၍ရှက်လေလေရှိတော့၏။ ထင်ကျော်အားလည်း စိတ်ဆိုးမပြေနိုင်ဘဲရှိ၏။ ဤသို့ ဖြစ်ရသည်ထက် ပို၍ခက်နေခြင်းမှာ ဝင်းမောင်သည် သိန်းနွဲ့ကို မြင်လျှင်မြင်ချင်း မေတ္တာရှိမိ၍ နာမည် ကိုသိရအောင်ကြိုးစားပြီး မိမိဘက်က တစ်ထစ်တက်ခဲ့ပြီးမှ ဘသန်းအား ပြောပြမိသည့်အတွက် အခက်ကြုံခဲ့ရပြီ၊ ယခု ထင်ကျော်ကျောက်တွန်းခြင်း ကြောင့် အခက်ကြုံရပြန်လေရာ စောစောကအတိုင်းမှာမူ ရှေ့သို့ဆက်လက် ကျိုးစားနိုင်ရန် လမ်းပွင့်၍နေသေးသော်လည်း ယခုကား လမ်းပိတ်သွားပြီ ဟု တွေး၍ဝမ်းနည်းမိလေ၏။

နောက်နေ့တွင် ဝင်းမောင်သည်ကျောင်းသို့တက်ရောက်ရာတွင် သိန်း နွဲ့နှင့်တွေ့ရမည်ကိုကြောက်ရွံ့ကာ အလိုလိုအသဲထိတ်၍ နေမိသလောက်၊ သိန်းနွဲ့မှာလည်း ဝင်းမောင်နှင့် မျက်နှာချင်းဆိုင်ရမည်ကို ရင်တမိုမိုနှင့် ဖြစ်မိလေ၏။

ဝင်းမောင်သည် ဘသန်းအား သိန်းနွဲ့နှင့် မောင်နမတော်သည်ကိုမသိ ဘဲ သိန်းနွဲ့ကိုကြိုက်သည်ဟု ပြောလိုက်မိသည်ကို ဘသန်းက သိန်းနွဲ့အား ဝင်းမောင်၏ရှေ့တွင် ပြန်၍ပြောလိုက်သည့်အတွက် ဝင်းမောင်၏စိတ်တွင် မိမိအား သိန်းနွဲ့ ဒေါသဖြစ်နေလိမ့်မည်ဟု ထင်မိသော်လည်း သိန်းနွဲ့ကား ဘသန်း တမင်နောက်ပြောင်လို၍ မပြောလိုက်ခြင်းဖြစ်သည်ကိုသိကာ၊ ဝင်းမောင်အပေါ်တွင် ဒေါသမဖြစ်၊ စိတ်လည်းမဆိုးချေ။ လွန်ခဲ့သည့် ည ကလည်း ဝင်းမောင်အား သစ်ပင်အကွယ်တွင် တွေ့ရာ၌ ဘသန်းမှတ်၍ ခေါ်ခြင်းဖြစ်သည်ကို ဝင်းမောင်ကသာလျှင် မိမိအား ဆူပူရန်လာခြင်းဖြစ် သည်ဟု တွေး၍လန့်နေခြင်းဖြစ်ပေ၏။ သို့ဖြစ်ရကား သိန်းနွဲ့မှာ ဝင်းမောင် အပေါ်တွင် ဒေါသ တစ်စုံတစ်ရာဖြစ်မိခြင်းမရှိဘဲ ဝင်းမောင်အားကွယ်ရာ တွင် သွားရောက် တွေ့မိခြင်းကိုသာလျှင် မျက်နှာပူလျှက်ရှိနေခြင်းဖြစ်လေ ၏။ သိန်းနွဲ့မှာ ထင်ကျော်အပေါ်၌သာလျှင် မိမိအားဤမျှနောက်ပြောင် ပြည်စားရသလားဟု ဒေါသဖြစ်နေမိလေ၏။ သို့ဖြစ်၍သိန်းနွဲ့သည် စာသင်ခန်းတစ်ခန်းမှ တစ်ခန်းသို့ကူးပြောင်းရာတွင် ဝင်းမောင်နှင့်မတွေ့မိ စေရန် ကြိုးစားရှောင်ရှားပြီးလျှင်၊ ထင်ကျော်၏ နောက်ပြောင်ခြင်းကို ဘသန်းအားတိုင်ကြားရန် ဘသန်းကိုလိုက်၍ရှာမိလေ၏။

တက္ကသိုလ်ကျောင်းကြီး၌ ကျောင်းတော်သူ ကျောင်းတော်သားပေါင်း







www.burmeseclassic.com

www.burmeseclassic.com



တစ်ထောင့်ကျော်မျှရှိလေရာ တစ်ခါတစ်ခါ၌ တစ်ဦးကိုတစ်ဦး တွေ့လို၍ရှာရာတွင် စာသင်ခန်းထဲသို့ဝင်၍ အတန်းတက်နေသည့် အတွက်ငှင်း၊ တစ်နေရာရာသို့သွားနေသည့်အတွက်ကြောင့်ငှင်း၊ တစ်ယောက်ကိုတစ်ယောက် ရှာပြီး လူချင်းလွဲနေ၍သော်ငှင်း တွေ့ဖို့ရန်များစွာခဲယဉ်းတတ်၍၊ အခါများစွာမှာမူကား မတွေ့လို၍ရှောင်နေသူကိုမူ ကျောင်းသားများစွာတို့အကြား၌တွင် ဘွားကနဲပေါ်လာကာရင်ဆိုင်တွေ့ရတတ်လေ၏။

သိန်းနွဲ့လည်း ဘသန်းအားရှာရာတွင် ဘသန်းကိုမတွေ့ရဘဲ မိမိရှောင်ရှားလိုသူ ဝင်းမောင်ကိုမူ ရင်ဆိုင်တိုး၍နေလေ၏။ သိန်းနွဲ့သည် ရှေ့သို့တိုးရန်လည်းအခက်၊ နောက်ဆုတ်ရန်လည်းအခက်၊ မျက်နှာ လွှဲ၍ရှောင်ထွက်သွားရန်လည်း ခက်၍နေကာမကြံကတတ်မစီတတ်ဖြစ်လျက် မြင်မိသည့်နေရာတွင် ခြေလှမ်းတုန့်သွားပြီး ကြည့်ကြည့်ကြောင်ကြောင် ယောင်ယောင်ကန်းကန်းဖြစ်၍သွားလေတော့၏။

ဝင်းမောင်လည်း သိန်းနွဲ့ကဲ့သို့ပင် အခက်ကြုံကာ အူကြောင်ကြောင်ဖြစ်နေရာက ရုတ်တရက်သဘောရကာ အနီးရှိအခန်းလွတ် တစ်ခုထဲသို့တိမ်းရှောင်၍ဝင်လိုက်ရလေ၏။ ထိုသို့ ဝင်းမောင်က ရှောင်၍ပေးလိုက်မှ သိန်းနွဲ့မှာ စိတ်သက်သာရာရကာ ဆက်၍လျှောက်သွားနိုင်လေတော့၏။

ဝင်းမောင်မှာမူကား မည်သည့်အခန်းဟူ၍မသိ။ နီးစပ်ရာကိုသာဝင်လိုက်မိခြင်းဖြစ်လေရာ အခန်းတွင်းသို့ရောက်၍ "အို..." ဟု မိန်းမပျိုအသံတစ်ခုကိုကြားလိုက်ရသဖြင့် အခန်းထဲသို့ကြည့်လိုက်ရာ၊ မျက်စိမျက်နှာပျက်လျက်ရှိကြသော ကျောင်းသူကလေးတစ်ဦး နှင့် ကျောင်းသားတစ်ဦးကိုတွေ့ရ၍ ရုတ်တရက်သော် အံ့အားသင့်သွားမိလေ၏။ ထို့နောက်မှ ထိုနှစ်ဦးတို့သည်ကား လူရှင်းလင်းပြတ်လတ်သည့်အခန်းတွင်းသို့ဝင်၍





နေ့ခင်းနီးနှော–ချစ်ရေလည်ကြော ၌ နှစ်မျောကာ ကျောင်းပိတ်ထားစဉ်က ကွဲကွာနေခဲ့ကြသမျှကို အတိုးချ၍ အချစ်နှလုံးထနေကြခြင်းဖြစ်သည်ကို ရိပ်မိကာ၊ မျက်စိလည်းရှက် အားလည်းနာပြီး "ဆော်ရီး" ဟု သွက်လက်စွာ ပြော၍ မြန်မြန်ကြီးထွက်ခဲ့ရလေ၏။

အပြင်သို့ရောက်ခါမှ အခန်းကိုပြန်၍ကြည့်လိုက်ရာ ထိုအခန်းမှာနေ့ကျောင်းသူကျောင်းသားများ၏ စာဖတ်ခန်းဖြစ်သည်ကို သိရှိရလေ၏။ တက္ကသိုလ်တွင်ထိုအခန်းနှင့်သတ္တဗေဒစာသင်ခန်းတို့သည် ကားချစ်သူတို့ တိတ်တဆိတ်တွေ့ကြုံဆုံစီးကြရာဖြစ်သောလူရှင်းလင်းပြတ်လတ်သည့်အခန်းများဟူ၍ နာမည်ကြီးအခန်းများပင်ဖြစ်ပေ၏။ နေ့တစ်ဝက်ကျောင်းတက်သော စနေနေ့များတွင် ၁၂နာရီအချိန်ကျောင်းဆင်းပြီးသည့်နောက်တွင်ထိုအခန်းများတွင် အချစ်ဗေဒပညာကို လက်တွေ့ဆည်းပူးနေကြသောကျောင်းသူကျောင်းသားတို့အား တွေ့ကြရတတ်သောကြောင့်၊ ခြေသံမပေးဘဲဝင်မိသူတို့မှာ မျက်စိရှက်စရာများကို (သို့မဟုတ်) မျက်စိအရသာရှိစရာများကို တွေ့ကြုံကြရတတ်လေ၏။

ထိုအခါမှ ဝင်းမောင်မှာ တက္ကသိုလ်ကျောင်းခန်းများ၏အကြောင်းကိုနားလည်စပြုလာလေတော့၏။ သို့ရာတွင် ထိုသို့နားလည်ခြင်းဖြင့် ကျေနပ်၍မနေအားသေးချေ။ သိန်းနွဲ့နှင့် နောက်ထပ်တွေ့ရမည် ကိုစိုးရိမ်၍နေလျှက်ရှိသောကြောင့်၊ မတွေ့ဘဲနေနိုင်သည့်နည်းလမ်းမှာ နောက်တချိန်တွင် မိမိစာသင်ကြားရမည့်အခန်းထဲသို့ ယခုကဝင်ရောက်၍ ထိုင်နေလိုက်ခြင်းပင်ဖြစ်သည်ဟု နှလုံးပြုမိသည့်အားလျော်စွာ မိမိတက်ရောက်ရမည့်အခန်းကိုရှာ၍ဝင်နေရလေတော့၏။

ထိုအခန်းမှာ ထိုအချိန်တွင်အားလပ်နေလျက်အခြားကျောင်းသားများ



www.burmeseclassic.com

www.burmeseclassic.com

မည်သူမျှမရောက်ကြသေးပဲရှိလေ၏။ ရှေ့ဆုံးတန်းမှာ မိန်းခလေးများထိုင်ရမည်ဖြစ်သဖြင့်၊ ထိုအတန်းကိုရှောင်၍ နောက်အတန်းတွင်ဝင်၍ထိုင်လိုက်၏။ သို့ရာတွင် ဝင်းမောင်မှာ တစ်ခန်းလုံးတွင် မိမိတစ်ယောက်တည်းရှိနေသည့်တိုင်အောင် ပျင်းရိခြင်း မဖြစ်မိချေ။ အကြောင်းသော်ကား ထိုသို့အေးအေးလူလူနှင့်ထိုင်ရသည့်အခါမှ ယခင်က မိမိဂရုမပြုမိသောအရာများကိုယခုတွေ့ရှိဂရုပြုမိလေတော့၏။ ထိုအရာများကားခုံများပေါ်တွင်ကျောင်းသားများ လက်ကမြင်းပြီးရေးသားထားကြသည့် ခုံတန်းစာများပင်ဖြစ်လေသည်။

ရေးအခါကဆိုလျှင်ထိုခုံတန်းလျားများပေါ်တွင်ကျောင်းသားတို့သည် မိမိတို့၏နာမည်များကို ဓါးနှင့်ထွင်းထား၍၎င်း၊ ပျင်းပျင်းနှင့် လက်ကမြင်းပြီး နာမည်လက်မှတ်များထိုးထား၍၎င်း၊ အရုပ်ခြစ်ခြင်း၊ ဖတ်စာထဲမှ အသုံးအနှုန်းကောင်းသည့်စာပိုဒ်ကလေးများကို ရေးမှတ်ထားခြင်းဖြင့်၎င်း၊ ကမ္ပည်းထိုးလေ့ရှိခဲ့ကြပေ၏။ သို့ရာတွင် ခေတ်ကြီးကားပြောင်းလဲခဲ့သည့်အလျှောက်၊ ထိုသို့နာမည်လက်မှတ်ထိုးအရုပ်ရေးသူတို့ တက္ကသိုလ်တွင် စာသင်နေကြစဉ်အခါက နှပ်ချေးတွဲလောင်းနှင့် အေ ဘီ စီကို အလွတ်ရအောင်ကျက်နေကြရသေးသူတို့ ယခုတက္ကသိုလ်ကျောင်းတော်သားကလေး များဖြစ်လာကြရာတွင် အချစ်ရူးများ စာရူး ပေရူး ကဗျာရူးကလေးများဖြစ်လာကြလျက် ဆန်းပြားသော စကားအသုံးအနှုန်းများဖြင့်ရူးကြောင်ကြောင်ရောက်၍ရေးခြစ်ထားကြသည့်စာများဖြင့် ခုံတန်းများပေါ်တွင်ရှုပ်ပွေလျက်ရှိကာ အံချို့မှာနေရာလပ်ပင်မရှိဘဲ၊ စာများထပ်၍နေသောကြောင့်ပုဂံကျောက်စာများကို ဖတ်ရသည်ထက်ပင် ခက်ခဲစွာ ဖတ်ရှုရသည်ကိုဝင်းမောင်မှာတွေ့နေရလေ၏။





ထိုအခန်းမှာ အခန်းနံပါတ်၁ဖြစ်၍ တစ်ကျောင်းလုံးရှိ အခန်းများတွင် ခုံရှည်စာတန်းအများဆုံးကမ္ပည်းထိုးထားသောအခန်း ဖြစ်လေသည်။ ဝင်းမောင်မှာ အခြားအခန်းများ၌ ထိုမျှစာဟမ်းမများသဖြင့် ဂရုမစိုက်မိဘဲ၊ ဤအခန်းကျမှ ဂရုပြုမိလေတော့၏။ ထိုစာတန်းများ အနက် အချစ်နှင့်ပတ်သက်သောအရေးအသားအဖွဲ့အနွဲ့များကို အများဆုံးတွေ့ရလေရာတက္ကသိုလ်ကျောင်းကြီးသို့လာရောက်စာသင်ကြသူများမှာ ပညာကိုလိုချင်၍မှ ဟုတ်ကြပါလေရဲ့လား။ စာသင်ကြားကြိုးစားနေပါ သည်ဟု မိဘထံလိမ်ညာပြောဆိုပြီး မိဘပိုက်ဆံ နှင့် ရှိုးစားထား၍ အချစ် မှိုင်းမိနေသူတွေသာများပြားကာ၎င်းတို့အား တက္ကသိုလ်သို့စေလွှတ်၍ငွေပေးပို့နေခြင်းမှာ နောက်ပိုးအတတ်သင်စေရန်လွှတ်ခြင်းပင်ဖြစ်လေရော့သလားဟု ဝင်းမောင်၏စိတ်ထဲတွင်ယုံမှားခြင်းရှိမိလေ၏။ ထိုနောက်မှမိမိလည်း ကျောင်းသို့ရောက်မည့်မျှမကြာရသေးမီပင် သိန်းနွဲ့ကိုမြင်မြင်ခြင်းချစ်ချင်သလိုလိုရှိခဲ့မိသည်ကို ကိုယ်ချင်းစာကြည့်မိကာ တက္ကသိုလ်နယ်ထဲသို့ဝင်မိလျှင် ထိုသို့အချစ်နတ်၏ဖမ်းစားခြင်းကိုမည်သူမျှမလွတ်ကင်းနိုင်ပဲရှိကြရချေရော့လားဟုတွေးမိလေ၏။

တစ်နေရာတွင် "ချစ်...ချစ်...ချစ်ပါတော့နှမရာ" ဟူ၍တွေ့ရပြီး၊ အခြားတစ်နေရာတွင် "ကြောက်ပြီ တော်ပြီ မုန်းပြီ" ဟူ၍တွေ့ရလေရာ ဝင်းမောင်မှာ အချစ်ကိုအနည်းငယ်သတိတရားရမိသွားကာ မချစ်ရမီကမူချစ်ရဖို့အရေးအတွက် မအိပ်နိုင် မစားနိုင် တမှိုင်မှိုင်တငေးငေးနေခဲ့ကြရပြီး၊ ချစ်မိပြီဆိုပြန်သည့်အခါတွင် မိမိတောင့်တသောဆုကြီးရ၍ ပျော်ရွှင်စရာကိုမတွေ့ရဘဲ စိတ်ညစ်ညူး အသဲနာစရာကိုသာတွေ့ရတတ်ပေ၏တကားဟုစဉ်းစားမိလျက် သိန်းနွဲ့အား မိမိချစ်ချင်သလိုလိုဖြစ်မိသည့်စိတ်ကိုပင်ချိုးနှိမ်ချင်ချင်ဖြစ်မိလေ၏။ ယခုပင်လျှင် မိမိမှာ သိန်းနွဲ့အတွက်စိတ်အနှောက်



www.burmeseclassic.com

www.burmeseclassic.com


အနှောက်ခံ၍တွေ့နေရပြီကိုလည်းသတိရမိလေတော့၏။

သို့ရာတွင် တစ်နေရာ၌ "ချစ်မှာလားကွယ်...ကြိုက်မှာလားကွယ်"ဟု စာတစ်ကြောင်းရေး၍ မေးထားလျက်၊ ၎င်းအောက်၌ "ချစ်မှာဘဲရှင်... ကြိုက်မှာဘဲရှင်" ဟူသော အခြားလက်ရေးနှင့် အဖြေကလေးကိုတွေ့ရလေရာ၊ တက္ကသိုလ်ကျောင်းသူများမှာအညာလွယ်လှချည့်လား သို့မဟုတ် တမင်ပြန်၍ပြောင်တာလားဟု ခွဲခြမရရှိရာက သိန်းနွဲ့အားသာလျှင် မိမိဤသို့မေး၍ ဤသို့ဖြေပါမှ ဤတက္ကသိုလ် (ဝါ)ဤဇမ္ဗူတွင်မိမိလို့ရွှင်ပျော်မည့်သူရှိပါမည်လားဟုတွေးမိလေတော့၏။

ထိုခုံတန်းစာများမှာ စကားပြေများသာမဟုတ်ဘဲ ကဗျာလင်္ကာများဖြင့်လည်း အချစ်ကိုဖွဲ့နွဲ့ထားကြပြန်သေးသည်ကိုတွေ့ရသဖြင့် စာရူး ကဗျာရူးကလေးများ၏လက်ချက်ပင်ဖြစ်တော့သည်ဟု နှလုံးပြုမိလေ၏။ သို့ရာတွင် ထိုကဗျာများမှာ "ကာရန်"အစပ်အဟပ်လည်း မညီဘဲ အင်္ဂလိပ်ကဗျာအချို့ကဲ့သို့ "မီတာ" ဖြင့်ရေးထားသည့် တက္ကသိုလ်၏ ၁၉၃၀–၄၀ခုနှစ်အတွင်းပေါ်ပေါက်သည့် "၃၀–ပေါ် ခေတ်စမ်းကဗျာ"များဖြစ်ပြီးလျှင် ခက်ခဲနက်နဲသောနတ်ရှင်နောင်၏ ကဗျာများမှ စကားအသုံးအနှုန်းများကို ထည့်၍သုံးနှုန်းထားသည်ကို တွေ့ရလေရကား၊ ဝင်းမောင်မှာ ထိုသို့မဆီမလျော်ဖွဲ့နွဲ့ထားသည့်စာပေများကို အမိပ္ပါယ်စဉ်းစား၍နားမလည်နိုင်အောင်ရှိပေ၏။

ဝင်းမောင်သည် တက္ကသိုလ်သို့မရောက်မီက အသိကောလိပ်ကျောင်းသားများထံမှ မဂ္ဂဇင်းကို တောင်းယူဖတ်ရှုဖူးရာ၊ ထိုအခါကပင်လျှင် ပြတ်တောက်တောက် ပေါ်ရွတ်ရွတ် လေးနက်ခြင်းမရှိသော စာများကိုဖတ်၍မရခဲ့ဘဲရှိရာ ယခုတွင် ထိုကဲ့သို့သောလက်စလက်နများကိုတွေ့နေရသဖြင့်



မြန်မာစာပေ၏တိုးတက်လာခြင်းပင်လား။ ဆုတ်ယုတ်ခြင်းပေလားဟုတွေးမရဘဲရှိလေတော့၏။ ထိုစာများကား ကျောင်းသားတိုင်း၏စာများမဟုတ်။ စာရေးဝါသနာပါသော ကျောင်းသားတိုင်းလည်း ထိုသို့မရေး။ မြန်မာကဗျာစာ အညွန့်အဖူးတို့ရှိသည်ကို ကောင်းစွာမသင်ကြားခဲ့ကြရ။ လေ့လာဆည်းပူး မှတ်သားခြင်းမပြုခဲ့ကြရဘဲ "ရှယ်ထီ" "ကီ" စသော အင်္ဂလိပ်ကဗျာဆရာတို့၏စာကိုသာ မိမိတို့၏ ကျောင်း သက်ကလေးတွင် ဦးစွာဖတ်ရှုကြရပြီး အင်္ဂလိပ်ကဗျာဆရာတို့ကိုသာလျှင် အဟုတ်ကြီးထင်ကာ၊ ထိုသူတို့၏နည်းကိုလိုက်၍ မြန်မာကဗျာကိုထွင်ပြီး ရေးကြခြင်းဖြစ်လေ၏။ စစ်သူကြီးမဟာဗန္ဓုလကို ဖင်ကြပ်ဘောင်းဘီရှည် ဝတ်ပေးသကဲ့သို့စာမျိုးဖြစ်နေသည်ကိုတွေ့ရလေ၏။

မြန်မာကဗျာဆိုလျှင်လည်း မိမိတို့၏ကျောင်းသုံးဖြစ်သော ဦးကြင်ဥသီချင်းများနှင့် နတ်ရှင်နောင်ကဗျာတို့သာလျှင် ဖတ်ကြရဘူးသူများလေရာ၊ ထိုပုဂ္ဂိုလ်များ၏စာများကလွဲလျှင် အခြားပုဂ္ဂိုလ်ကြီးတို့၏စာကို အကိုးအကားမပြုနိုင်။ ရှိသည်ဟူ၍မျှပင် မသိကြဘဲ၊ နတ်ရှင်နောင်သေပြီးနောက်မြန်မာပြည်တွင် မိမိတို့လောက်သာလျှင် ကဗျာတတ်၊ စာတတ်သည်ဟုထင်နေကြသော စာရူး ပေရူး ကလေးတို့၏လက်ရာများပင်ဖြစ်တန်ရာသည်ဟု ဝင်းမောင်၏စိတ်တွင်နှလုံးပိုက်မိရုံမျှမကသေးဘဲ၊ မိမိတို့သင်ကြားရသောစာလောက်သာလျှင်ဦးနှောက်ထဲတွင်ရှိသည့်အတွက်တက္ကသိုလ်မထုတ်လာ သောစာများ၌ "ချိုတေးရှင်ဥသြငှက်သည်–နွေဦးကိုကြိုလင့်ကာ၊ မြိုင်တကြောကို မိမိ၏တေးသံဖြင့် ရင့်ကျူးနှောလျက်ရှိ၏" ဟူ၍နွေရာသီနှင့် ဥသြငှက်မပါဘဲ ရာသီကိုဖွဲ့နွဲ့၍မရေးတတ်ကြလေရော့သလားဟု ပြန်လှန်စဉ်းစားမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com

သို့ရာတွင် ဝင်းမောင်သည် အခန်းတစ်ခုထဲတွင် တွေ့ခဲ့ရသော ခုံတန်းကဗျာကလေးတစ်ခုကို ပြန်လည်တွေးမိသောအခါ ဟာသဉာဏ်ရွှင်လျက် ကဗျာစာသံပြောင်သော ကျောင်းသားများလည်း အများအပြားရှိပေသည်ကို သတိရမိလျက်၊ တစ်ခုသောခုံတန်းတွင် "ဗိုက်ကြီးပူပူ...ခင်...မှုန့်စ်ဆူထွားထွား။ တင်ကားကား"ဟုရေးထားသည့်စာကိုတွေး၍ ပြုံးမိလေ၏။ ထိုစာကလေးသည်ကား ကျောင်းသူ ကလေးတစ်ဦးတစ်ယောက်ကိုသာ ရည်ရွယ်ထားသည်မဟုတ်ဘဲ ကျောင်းသူကလေးများခွာတို့၏ ဝတ်စားပြုပြင်ပုံကို ကွင်းကွင်းကွက်ကွက် ပေါ်လွင်ထင်ရှားစေတော့၏။

ထိုသို့ ဝင်းမောင်သည် ခုံတန်းစာများကို ကြည့်ရှုနေစဉ် "ဟေ့ဘာလုပ်နေတာလဲ" ဟုအော်ပြောလိုက်သောအသံတစ်ခုကို ကြားရသဖြင့်၊ တိတ်ဆိတ်ညိမ်သက်နေစဉ် ထိုသို့ကြားလိုက်ရခြင်းကြောင့်လန့်ဖြန့်၍ ခေါင်းနားဘန်းကြီးသွားလေ၏။ တက္ကသိုလ်တွင် ထိုစာများကို ခုံပေါ်တွင် ရေးသူများအား တိတ်တဆိတ်ချောင်း၍ ဖမ်းနေပြီး၊ မိမိအား စာရေးနေသည်ထင်၍ အော်ငေါက်လိုက်ခြင်းလားဟု အလိုလိုကြောက်ရွံ့လျက်ရှိကာ အသံလာရာဖက်သို့ မရဲတရဲလှည့်ကြည့်လေ၏။ ထိုသို့ကြည့်လိုက်ရာ ထင်ကျော်ဖြစ်နေသည်ကို တွေ့ရမှ အလန့်ပြေ၍လာလေတော့၏။

"ကိုယ့်လူ...ဘာလုပ်နေတာလဲ...ကျောင်းရောက်လို့မှ တစ်ရက်နှစ်ရက်မကြာသေးဘူး...စက္ကင်းဘင့်ချ်(ဒုတိယခုံတန်း) ကို စောစောစီးစီးဝင်ပြီးဦးတဲ့အလုပ် နားလည်နေပြီလား" ဟု ထင်ကျော်ကမေးလေ၏။

ဝင်းမောင်မှာ ဒုတိယခုံတန်း ြင်းအကြောင်းကို အမိပ္ပါယ်မသိရကား၊ ဘာကြောင့်သို့မေးလိုက်သည်ကို နားမလည်ဘဲရှိကာ အူကြောင်ကြောင်ဖြစ်နေပြီးမှ "ကျွန်တော်ဘာလုပ်နေလို့လဲ... စက္ကင်း ဘင့်ချ်ကိုဝင်ပြီးဦးတယ်ဆိုတာ ဘာလုပ်တာတုံး" ဟု ပြန်၍မေးလိုက်လေ၏။

ထိုအခါမှ ထင်ကျော်သည် ဝင်းမောင် လူလယ်မဖြစ်သေးသည် ကို စဉ်းစားမိကာ "ခင်ဗျား...မသိဘူးဆိုတာ မညာပါနဲ့" ဟု ထပ်၍သေချာအောင်မေးလိုက်လေ၏။

"အို...ခင်ဗျားက ကျွန်တော့်မှာ ရာဇဝတ်မှုကျူးလွန်မိလို့ စစ်ဆေးတာကျနေတာဘဲ၊ ကျောင်းလခပေးတိုင်း စက္ကင်းဘင့်ချ်ကို လူတိုင်းမထိုင်ရဘူးတဲ့လား၊ ထိုင်ရလို့တော့ စာမေးပွဲအအောင်ပေးမှာတဲ့လား"

ထင်ကျော်သည် ဝင်းမောင်၏အဖြေကိုကြားရမှ ပြုံးရယ်ကာ"သြော်...ကိုယ့်လူ...အင်မတန်ရိုးတာကို...အခုထိတောင် အ,တုန်းပဲလား စက္ကင်းဘင့်ချ်ဆိုတာ မိန်းခလေးတွေနောက်တစ်ခုံဖြစ်လို့ နောက်ပိုးငနဲတွေ အမြဲအလုအယက်လုပ်တဲ့ခုံမို့...လုမနေရအောင် စောစောဝင်ပြီးဦးနေသလားလို့" ဟု ဆိုလိုက်ပြီးမှ "ကိုယ့်လူတော့ လူပါးဝအောင်လုပ်ပေးအုံးမှဖြစ်တော့မှာပဲ၊ ဒါမှပဲ ကောလိပ်မှာ ဂျင် ဖြစ်နိုင်တော့မယ်...." ဟုပြောလေ၏။

ဝင်းမောင်ကား ထင်ကျော်အား နဂိုရ်ကပင် ခပ်လန့်လန့်ရှိနေသောကြောင့် ထိုသို့ပြောသည်ကို ဘာမျှပြန်မပြောဘဲ ညိမ်၍နေကာ၊ ထင်ကျော်၏မျက်နှာကိုသာလျှင် အကဲခတ်နေမိလေ၏။

"အဲဒီခုံတန်းကို အူရှီးဘင့်ချ် လို့လည်းခေါ်တယ်၊ ဘာကြောင့်လဲဆိုတော့...ဒီမှာထိုင်ရင် သူတို့ရဲပေါင်ဒါနံ့ကိုလည်းရှူရတယ်။ တစ်ခါတစ်ခါလည်း အူရှီးရတယ်" ဟု ရာဇဝင်သံခိပ်ပြောပြသည့်အတွက် ဝင်းမောင်မှာ သဘောပေါက်ကာပြုံးမိလေ၏။

"နို့...ခင်ဗျား ဘာလုပ်နေတာလဲ"

"ဟောဒီခုံတန်းတွေမှာ ရေးထားတဲ့စာတွေ လိုက်ကြည့်နေတာ"





www.burmeseclassic.com

www.burmeseclassic.com



"အို...တက္ကသိုလ်မှာ စာရေးဆရာတွေ အများကြီးထွက်တာ ခင်ဗျား မသိသေးဘူးလား။ အိမ်သာ အယ်ဒီတာတွေ၊ ခုံတန်းအယ်ဒီတာတွေပြည့် နေတာပဲ။ သူတို့ကလွဲရင် မြန်မာပြည်မှာ စာရေးဆရာမရှိဘူးလို့အောက် မေ့နေတာ။ ရှိတဲ့ဆရာတွေလည်း နာမည်ကြီးရင် နံနံမှ မနာလိုနိုင်ဘူး မှောက်ပြီး... သူ ငါ့ချီးမွမ်း၊ ငါ သူ့ချီးမွမ်းနဲ့ အချင်းချင်း သိပ်အထင်ကြီးနေ ကြတဲ့ငနဲတွေပေါ့။ သူများမယား ဘယ်လောက်ပဲလှတယ်ဆိုဆို၊ ငါ့မယား လောက် မချောပါဘူးဆိုတဲ့ အစားမျိုးထဲကပေါ့။ ကျုပ်တော့ ဒီငနဲတွေတွေ တိုင်း အရူးလို့ချည့်ခေါ်တာပဲ။ ဟုတ်တာပြောလွန်းလို့ ကျွန်တော့်များတော့ တော်တော်လန့်တယ်"

"သူတို့ရူးတာ မရူးတာက အရေးမကြီးပါဘူး။ ခုံပေါ်မှာဟောဒီလို စာရေးတာတွေ၊ ဒါးနဲ့ထွင်းတာတွေဟာ ကျွန်တော်ကျောင်းသားကလေး ဘဝထဲက အင်မတန်မုန်းတယ်။ ဒီလူတွေကို ကျွန်တော်စကားတစ်ခွန်း ပဲပြောချင်တယ်" ဟု ဝင်းမောင်က ပြောပြလိုက်သည့်အတွက် ထင်ကျော် မှာ ဝင်းမောင်ကို သိရှိရသည့်အချိန်မှစ၍ ဝင်းမောင်၏လေးနက်သော စကားကို တစ်ခွန်းမျှမကြားရသေးဘဲရှိ လေရာ၊ ယခုကြားရတော့မည်ဖြစ် သဖြင့် ထိုစကားအား ဝင်းမောင်၏ ဉာဏ်ပညာအတိမ်အနက်ကိုသိရတော့ မည်ဟုတွေးမိကာ "ခင်ဗျား က ဘာများပြောချင်လို့လဲ" ဟုမေးလိုက်လေ ၏။

"ခုံပေါ်မှာ နာမည်တစ်လုံးထွင်းတာ၊ နာမည်ကိုတော်တော်နဲ့ မပျက် နိုင်အောင် မှင်ထူထူနဲ့ရေးတာဟာ ကျောင်းသားတိုင်း ဝါသနာပါကြတာပဲ။ ကျွန်တော်တို့ကျောင်းကလေးတွေမှာလဲ ဒီလိုပဲ။ မင်းတို့ဘာလုပ်ဖို့ရေးကြ တာလဲလို့ မေးကြည့်တဲ့အခါ ဒီလိုရေးထားရင် ဒို့များ ဒီကျောင်းမှာနေသွား ဘယ်ဆိုတာ နောင်လာနောက်သားတွေ မှတ်မိအောင်ပေါ့လို့ ဖြေကြတယ်။ ဒီလိုပြောတဲ့အကောင်မှန်သမျှ ကျွန်တော်က ဆရာကြီးအခန်းထဲခေါ်သွား ပြီး၊ ဟောဟိုမှာ ဓာတ်ပုံတွေကိုကြည့်၊ ဒီကျောင်းကထွက်ပြီး ထူးချွန်သွား တဲ့ကျောင်းသားတွေအားလုံး အမှတ်တရဖြစ်အောင် ဓာတ်ပုံရိုက်ပြီးထား တယ်။ မင်းတို့ ခုံပေါ်မှာစာရေးလို့ မင်းတို့နာမည်မကျန်ရစ်ခဲ့ဘူး။ စာလုံး တွေသာကျန်ရစ်မှာပဲ။ မင်းတို့ထူးချွန်အောင် ကြိုးစားကြရင် ဓာတ်ပုံမပြောနဲ့ ကျောက်ရုပ်ထုပြီးတော့တောင်ထားမှာ။ ဒါမျိုးမှ နာမည်ကျန်ရစ်ခဲ့တာလို့ ပြောပြောပြတာဘဲ"

ထင်ကျော်မှာ ထိုစကားအားဖြင့် ဝင်းမောင်အား အတော်ပင်အထင် ကြီးသွားမိလေ၏။ သို့ရာတွင် မိမိမှာ ကောလိပ်ကျောင်းသားဖြစ်၍ ကျောင်းသား ၏သဘောကိုနားလည်သည့်အတိုင်း "ခင်ဗျား...ဒီလိုပြောတော့ ကြီးကျယ် လိုက်တာကွာလို့ ပြန်ပြောပြီး စကားမများ...ရှုန်မဖြစ်ဘူးလား" ဟုမေး လေ၏။

"ကျွန်တော် အကောင်းပြောနေတာ၊ ဘာရန်ဖြစ်စရာရှိသလဲ။ ကျွန် တော် ဒီလိုပြောလိုက်တဲ့လူမှန်သမျှ နောက်ဒါမျိုးမလုပ်ဘဲ၊ စိတ်လည်း ပြင်သွားပြီး ထူးချွန်အောင် ကြိုးစားကြတာချည့်တွေ့ရတယ်။ အခုလဲ ကျွန် တော် ဒီစကားတစ်ခွန်းပဲပြောပြလိုက်ချင်တယ်။ ကျောင်းသားတွေဟာ တစ် ခါထဲ စိတ်တစ်မျိုးပြောင်းသွားကြမှာဘဲ"

ထင်ကျော်သည် ဝင်းမောင်အား သဘောကျကာ "ကိုယ့်လူတော် တော် စဉ်းစားဉာဏ်ရှိတဲ့လူဘဲ... တော်တယ်" ဟု ကျောကိုပုတ်၍ပြော လိုက်ရာ၊ ဝင်းမောင်မှာ တစ်စုံတစ်ရာကိုသတိရ၍ လန့်သွားပြီး၊ နောက်သို့ ဆုတ်၍ လျှင်မြန်စွာခွာလိုက်လေ၏။







www.burmeseclassic.com

www.burmeseclassic.com



“ဘာဖြစ်တာလဲ....ကျောကိုပုတ်တာနဲ့ယောက္ခမနိုင်မှာကြောက်လို့လား”

“မဟုတ်ပါဘူး။ ကျောပုတ်သလိုလိုနဲ့ မြောက်မြီးတပ်သွားမှာစိုးလို့ပါ။ ခင်ဗျားတော့...ကျွန်တော်မယုံဘူး” ဟုဆို၍ မိမိကိုယ်ကိုစိတ်ချရအောင် ကျောကိုပြန်ကြည့်လိုက်လေ၏။

ထင်ကျော်သည် ပြုံးနေမိပြီးမှ မိမိ၏လက်ဝါးကိုဖြန့်ပြကာ “ဘာမှမရှိပါဘူး ကိုယ့်လူရာ၊ အလကားနေရင်း ကြောက်မနေပါနဲ့” ဟုပြန်၍ပြောလေ၏။

ထိုသို့ပြောနေကြစဉ် “အလို...ယက်စသတ်တော့ ဒီထဲမှာကို” ဟုဆို၍ တစ်ဦးတစ်ယောက်ဝင်လာသည်ကို သိကြသဖြင့် ကြည့်လိုက်ကြရာ၊ ဘသန်းကိုတွေ့ကြရလေ၏။

ဘသန်းသည် ဝင်းမောင်ကိုတွေ့ရသဖြင့် မျက်နှာမသာစွာမလှဘဲရှိသွားပြီး၊ ထင်ကျော်ဘက်သို့လှည့်ကာ မျက်နှာထားကြီးထားလျက်၊ “ခင်ဗျားကို ကျွန်တော် အရေးကြီးတဲ့စကားတစ်ခွန်းပြောစရာရှိသေးတယ်။ ကျွန်တော်နဲ့လိုက်ခဲ့ပါအုံး” ဟုခေါ်ပြီးလျှင် “ကိုဝင်းမောင်...ခင်ဗျားတော့ နေခဲ့အုံးဗျာ” ဟုဆိုလိုက်လေ၏။

“ကျွန်တော် တော်တော်ကြာ ကလပ်စ်တက်ရတော့မှာဘဲ။ ကိစ္စမရှိပါဘူး။ ခင်ဗျားတို့ အရေးကြီးတာသာ သွားပြောကြပါ” ဟုပြန်၍ ပြောလိုက်ပြီးသည့်နောက်တွင် ထင်ကျော်လည်း မည်သည့်အကြောင်းဖြစ်သည်ကို မသိရသဖြင့် စိုးရိမ်မကင်းသည့်မျက်နှာဖြင့် အပြင်သို့ပါသွားလေ၏။

ထိုသို့ပါသွားရာတွင် ခပ်လှမ်းလှမ်းသို့ရောက်ရာတွင် ထင်ကျော်လည်း ကြာရှည်စွာစောင့်စားမနေနိုင်တော့ဘဲ “ဒီမှာပဲရပ်ပြီးပြောပါဗျာ လူလည်း





င်းပါတယ်၊ ဘာလဲ” ဟုမေးလိုက်လေ၏။

“ခင်ဗျား မနေ့ညက အနွဲ့ကို ဘာနောက်လိုက်တာလဲ”

ထင်ကျော်မှာ ဘသန်း၏မျက်နှာတည်ကြီးနှင့်မေးလိုက်ခြင်းကိုတွေ့သည့်အတွက် ရုတ်တရက်သော် မျက်စိမျက်နှာမကောင်းဘဲ ဖြစ်သွားကာ ကျွန်တော် သူ့ကိုဘာနောက်လို့လဲဗျ။ ကိုဝင်းမောင်ကိုသာနောက်တာပါ” ပြန်ပြောလေ၏။

“သူ့ကိုနောက်ပေမဲ့ တခြားအခါမှာနောက်ရင် ဟုတ်သားပေါ့... အခု ဘာ့ သစ်ပင်အကွယ်မှာ သေးပေါက်နေတုန်း အနွဲ့ကိုသွားအောင်လုပ်ိက်တော့ အနွဲ့မျက်နှာကောင်းနိုင်ပါတော့မလားဗျ။ ကျွန်တော့်နမဖြစ်လို့ ပြောနေတာမဟုတ်ဘူး။ ဘယ်သူဖြစ်ဖြစ် မိန်းခလေးတစ်ယောက်ကို ဒီလိုပ်တာ အရှက်ခွဲရာရောက်နေတာပေါ့... ခင်ဗျားပဲ စဉ်းစားကြည့်လေ”

“ဘယ်ကလာ သူသေးပေါက်နေရမှာလဲ။ သူက ခင်ဗျားနမကိုတွေ့ရကြောက်လို့တဲ့၊ သစ်ပင်နောက်မှာကုတ်နေတာ။ ကျွန်တော်က မတွေ့ချင်ဲ့လူကို တမင်တွေ့ရအောင်တွန်းပေးလိုက်တာ”

ဘသန်းသည် တွေ၍နေပြီးနောက် “သူက ဘယ်တုန်းကသိပြီး တွေ့ရကြောက်နေတာပါလိမ့်” ဟု ဆိုလိုက်ပြီးမှ၊ “သြော်...သတိရပြီ။ သူက နဲ့ကို ကျွန်တော့်နမမှန်းမသိဘဲ ဟိုကောင်မလေးပြော ပေးစမ်းပါဆိုလို့ ဒါ ကျုပ်နှမပဲဆိုပြီး ပြောလိုက်တဲ့အတွက် မတွေ့ရဲတာကိုး” ဟုပြောပြရယ်လေ၏။

ထိုအခါမှ ထင်ကျော်လည်း လိုက်၍ရယ်နိုင်ပြီး “အဲဒါကြောင့် စ်ပင်နောက်မှာကွယ်နေတာကိုး၊ ကျွန်တော်က မသိန်းနွဲ့ကိုလိမ်ပြီးလွှတ်က်တာ သူ့စိတ်ထဲက သေးပေါက်နေတယ်ထင်သွားတာပဲဗျ” ဟုပြော



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

"သြော်...ဒီလိုလား၊ ဒါဖြစ်ရင်လည်း အနွဲ့ကိုရှင်းပြီးပြောလိုက်ဦးမှပဲ သူ့အတော်မျက်နှာပူနေတာ။ ကျွန်တော့်ကိုတိုင်လိုက်လို့ ခင်ဗျားကိုဒီ အကြောင်းလာပြောတာ။ သူလည်းမတိုင်၊ ကျွန်တော်ကလည်းမမေးမိရင် ဒီဒင်းဟာ ရှင်းမှာမဟုတ်ဘူး" ဟုပြောပြပြီးနောက်ဘာသန်းထွက်၍သွား လေရာ ထင်ကျော်မှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့ရာက ဝင်းမောင်ထံပြန် သွား၍ အကျိုးအကြောင်းရှင်းလင်းပြောပြလိုက်ရလျှင်ကောင်းမည်လား၊ မသိသလိုလိုနေလိုက်ရလျှင်ကောင်းမည်လားဟု စဉ်းစားနေလေ၏၊ ထင်ကျော်ကား သူတစ်ဖက်သားအား ဂျောက်တွန်းခြင်းဖြင့် ပျော်ရွှင်တတ် သူဖြစ်လေရာ၊ မိမိမပြောဘဲထားလျှင် ဝင်းမောင်တော့ နေ့ရှိသ၍ အသဲထဲ တွင်ယားကျိ ယားကျိဖြစ်နေတော့မည်ဟုတွေး၍ပြုံးမိကာ ယခုမပြောသေး ဘဝအောင်စိတ်ညှင်းဆဲ ထားလိုက်ပြီးမှ ဖော်တော့မည်ဟု နှလုံးပြုလိုက် လေတော့၏။

## အခန်း ၄

အချိန်အခါသည် ရပ်နားနေသည်မရှိဘဲ တစ်နေ့ပြီးတစ်နေ့ကူး ပြောင်းလျက်ရှိရကား၊ ဝင်းမောင်သည် ကျောင်းသို့ရောက်စဉ်သာလျှင် အခက်အခဲအမျိုးမျိုး အမှားအယွင်းအမျိုးမျိုးတွေ့ကြုံရ၍ အကြီးအကျယ် စိတ်ညစ်ခဲ့မိသမျှတို့မှာ နေသားကျ၍ ကျောင်းရည်ဝလာသော ယခုအခါ တွင် ယခင်အဖြစ်များကိုပြန်၍ စဉ်းစားလိုက်သောအခါ ရယ်စရာအတွေ့ အကြုံ၊ အဖြစ်အပျက်ကလေးများပမာ ဖြစ်ပေါ်လာကြလေတော့၏။



ဝင်းမောင်မှာ အသိအကျွမ်းများပေါ်များလာသည့်အပြင် ထင်ကျော်၏ ရေဆောင်လမ်းပြပြုလုပ်ပေးခြင်းအားဖြင့် အတန်းထဲမှလစ်ခြင်း၊ "ဘန့်" လုပ်ခြင်း၊ ကျောင်းဆောင်မှ ညအချိန်ခိုး၍ထွက်ခြင်း၊ နာမည်လိမ်၍ထိုးခြင်း စသည်တို့ကို ကောင်းစွာလည်ပတ်၍လာလေ၏။ သို့ရာတွင် ဝင်းမောင်ကား ထိုသို့ပြုလုပ်ခြင်းတို့ကို ကောင်းသောအကျင့်များဟုမယူဆဘဲ ကျောင်းသား တို့၏ဘဝ၊ ကျောင်းသားတို့၏ပျော်ရွှင်မှုကလေးများကို နားလည်ရန် လူ ရည်လည်ရန်မျှသာ ပြုလုပ်ခြင်းဖြစ်၍ မကောင်းမှန်းကိုသိရသည့်အချိန်တွင် ပြုပြင်ရှောင်ကြဉ်ပေ၏။

အတန်းတွင်း၌ မိန်းခလေးများထိုင်သည့်ခုံနောက်မှနေ၍ ကျောင်း သူကလေးတို့အား ပြောင်လှောင်ရွှတ်နောက်ခြင်း၊ နည်းပြဆရာများ၏မက် ထောက်ကထိကများကို မလေးမစား ပမာမခန့်ပဲ ထိုဆရာများ အတန်း တွင်းသို့ဝင်လာသည့်အခါ ဘိနပ်ရှပ်တိုက်ကြခြင်း၊ တရှူးရှူးအသံလုပ် ကြခြင်း၊ ဆရာချောင်းဆိုးသည်ကို လိုက်၍ ပြောင်လှောင်ကာ ဟိုကအဟု ဒီကအဟုနှင့် တစ်ချိန်လုံးပြုလုပ်လေ့ရှိကြသည့် လူပါးမဝတဝနှင့် လူလယ် လုပ်ချင်ကြသော ကျောင်းသားသစ်တို့၏အပြုအမူများကိုလည်း လုံးဝစက် ဆုပ်ရှောင်ရှားခဲ့လေ၏။

ဝင်းမောင် အရှောင်ရှားဆုံးတစ်ခုသည်ကား အဲလ်–စီအာခေါ်ကျောင်း သူတို့၏ခန်းမကိုပင် ဖြစ်ပေ၏။ ထိုခန်းမသည်ကား နာမည်ကြီးအခန်း များတွင် တစ်ခုအပါအဝင်ဖြစ်ကာထိုရေစကြံရှိအုတ်နံရံကိုမှီပြီးမစားရ အသော့ခံလုပ်နေသူများမှာ စည်ကားသည်ထက် စည်ကားလာရကား၊ ထိုသို့မျှော်ကြသည့် ကျောင်းသားများ ကျယ်ဝန်း ချောင်ချိစွာနေထိုင်နိုင်ရန် သဘက်ရည်ဆိုင်တစ်ခုဖွင့်ပေးရမည့် အခြေအနေမျိုးသို့ပင်ဆိုက်ရောက်



www.burmeseclassic.com

www.burmeseclassic.com

နေသည်ကို တွေ့ရပေ၏။ ထိုနေရာမှာ ၎င်းတို့၏ ရှုပ်ထွေးနေခြင်းအားဖြင့် ကျောင်းသူများမှာ အသွားရ အလာရခက်ရုံမျှမက၊ စာသင်ခန်းတစ်ခန်းမှ တစ်ခန်းသို့ ကူးပြောင်းသွားလာကြရကုန်သော အခြားကျောင်းသား ကျောင်းသူ တို့မှာလည်း ၎င်းတို့အား ရှောင်ရှားနေရသည်မှာတမောကြီးပင် ဖြစ် ပေတော့၏။

သို့ရာတွင် ထိုနေရာကို ဝင်းမောင် ရှောင်ရှားခြင်းမှာ မိမိအား "နှောက်ပိုး" စာရင်းတွင်၎င်း၊ "ခိုင်းဖတ်" စာရင်းတွင်၎င်း ထည့်သွင်းခြင်းခံရမည်ကို စိုးရိမ်၍လည်း မဟုတ်၊ ရှောင်ရှားသွားလာရန် ခက်ခြင်းကြောင့်လည်း မဟုတ်ဘဲ၊ သိန်းနွဲ့နှင့်တွေ့ရမည်ကို စိုးရိမ်သည့်အတွက်ဖြစ်ပေ၏။ ထိုနေရာမှာကား သိန်းနွဲ့နှင့်တွေ့ရန် အလွယ်ကူဆုံးသောနေရာဖြစ်ပေ၏။

ဝင်းမောင်မှာ ယခုအချိန်သို့ရောက်သည့်တိုင်အောင် သိန်းနွဲ့ နှင့် အသိအကျွမ်းအဖြစ်သို့ မရောက်ရှိသေးချေ။ စိတ်ထဲ၌ကား များစွာသိလိုလှ၏။ သို့ရာတွင် ယခုထိ မျက်နှာမပြရဲဘဲရှိ၍နေခြင်းကြောင့် သိဖို့ရန်ကို မကြိုးစားဘဲနေရလေတော့၏။ ထိုသို့အတွေ့မခံရဲစေကာမူ သိန်းနွဲ့၏မျက်နှာကလေးကိုကား တစ်နေ့တစ်ခါမမြင်ရလျှင် မနေနိုင်ဘဲ ရှိလေရာ မည်သည့်အချိန်အခါတွင် သိန်းနွဲ့အား မည်သည့်အခန်းမည်သည့် နေရာ၌တွေ့နိုင်သည်ကိုသိရန် သိန်းနွဲ့သင်ကြားသောဘာသာရပ်များကို စုံစမ်း၍ အချိန်စာရင်းနှင့် စာသင်ရသောအခန်းများကို မှတ်သားထားခြင်းဖြင့် ခပ်လှမ်းလှမ်းဆီမှနေ၍ မျှော်ပြီးကြည့်ရရှာလေ၏။

ထိုသို့ကြည့်ရာတွင် တစ်ခါတစ်ရံ မျက်နှာချင်းဆုံ၍သွားမိလေရာ မိမိအား နှုတ်ခမ်းစူခြင်း၊ မျက်စောင်းထိုးခြင်းများပြုလုပ်သည်ကို မတွေ့ရသော်လည်း လိပ်ပြာမသန့်ဖြစ်နေခြင်းကြောင့်၊ ကြာမြင့် ရဲတင်းစွာကြည့်





မနေရဲဘဲ ပြေးရသည်ကသာလျှင် များလေတော့၏။ တစ်ခါတစ်ရံ၌လည်း မိမိအပေါ်၌ သိန်းနွဲ့စိတ်ဆိုးသည့်အမူအရာကို မမြင်ရသောကြောင့် ငါ ရဲရဲတင်းတင်းဆက်ပြီးကြံရလျှင် ကောင်းမည်လားဟုရဲစိတ်သွင်း၍ကြည့်မိလေ၏။ သို့ရာတွင် ဘယ်ပုံဘယ်နည်းနှင့် မိမိ၏မေတ္တာရှိခြင်းကိုပြရမည်။ စာပေးမည်ဆိုကလည်း မည်သို့ပေးရမည်ကို မကြံတတ်ဘဲရှိသည့်ပြင်၊ ရင်းနှီးသည့်မိတ်ဆွေဆိုကလည်း ထင်ကျော် နှင့် ဘသန်းတို့ဖြစ်လေရကား၊ ၎င်းတို့အားတိုင်ပင်ရမည်မှာ အခက်ဆုံးဖြစ် နေသည်ကိုတွေ့ရလေ၏။

ကျောင်းသူကလေးများနေထိုင်သည့် အင်းလျားဆောင်မှာလည်း ယခင်က မိမိကြားသိရဖူးသကဲ့သို့ အသွားအလာအဝင်အထွက်မလွယ်ကူလှဘဲရှိသည်ကိုတွေ့ရလေ၏။ ကျောင်းဆောင်ကြီးမှာ အခန်းခန်း အဆောင်ဆောင်တို့ဖြင့် လွန်စွာလှပတင့်တယ်လျက်၊ အာသာဝတီနတ်ပန်းကို သံကွန်ချာအုပ်၍၊ ဂုမ္ဘာဏ်တစ်ထောင်စောင့်ဘိသည့်အလား၊ ကျောင်းဝင်းပတ်လည်တွင် ချွန်ထက်သောသံတိုင်များဖြင့် တံတိုင်းခတ်ထားပြီးလျှင် ကျောင်းရှေ့ဆင်ဝင်ပေါက်၌ ဒုတ်ရှည်ကြီးဆွဲကိုင်သော ဒါရဝမ် အမြဲစောင့်လျက်ရှိပေသည်။ သတင်းစာများ၏ မကြာခဏရေးကြခြင်းဖြင့်၎င်း၊ အုပ်ချုပ်သည့်ဆရာမများ ၏ တင်းကြပ်ခြင်းကြောင့်၎င်း "ကာစင်" ဟုဆို၍ အလည်သွားလာ၍ ရေးကလိုမလွယ်ကူတော့ချေ။ ဧည့်သည်စာအုပ်တွင် နာမည် နေရပ် သေချာကျနစွာရေး၍ တင်ပြပြီးမှ ဒါရဝမ်ကိုယ်တိုင်ခေါ်ပေးမှတွေ့နိုင်ပြီဖြစ်ပေတော့၏။

ထိုသို့ တွေ့သိရခြင်းအားဖြင့် အင်းလျားဆောင်အုပ်ချုပ်သည့် ဆရာမကြီးများသည် ထိုသို့တင်းကြပ်ထားခြင်းကြောင့် သူတို့၌ပြန်လည်ဝဋ်လည်ကာ ယခုတိုင် အပျိုကြီးများဖြစ်နေကြရလေရော့သလား၊ သို့မဟုတ် မိမိ



www.burmeseclassic.com

www.burmeseclassic.com



တို့ကဲ့သို့ ကျောင်းသူကလေးများကိုအပျိုကြီးများအဖြစ်ဖြင့်သာရှိနေကြသည်ကိုမြင်လို၍ တင်းကြပ်ထားခြင်းလားဟု တွေးချင်ရာကိုတွေးမိပေတော့၏။

ကျောင်းဆောင်တွင်းသို့ဝင်၍ တံမြက်စီးလှဲရသော ဂျာဒူးဝါလားကိုပေါင်း၍ စာပေးလျှင်ဖြစ်နိုင်သည်ဟု အချို့ကျောင်းသားတို့ထံမှ "တစ်"ရရှိသော်လည်း၊ ထိုကိစ္စတွင် များစွာပါရမီမပြည့်ဝသေးသဖြင့် မစွန့်စားရဲဘဲမတော်တဆလွဲချော်ပြီး တစ်ယောက်ယောက်ကိုပေးမိလျှင် ဆိုးချေတော့မည်ကို စဉ်းစားမိကာ၊ ထိုအကြံကို ရှောင်လိုက်ရုံမျှမက သိန်းနွဲ့အပေါ်တွင်ရှိမိသော မေတ္တာစိတ်ကိုလည်း တတ်နိုင်သမျှ ဖြေဖျောက်နိုင်ရန်ကြိုးစားရလေ၏။

သိန်းနွဲ့ကို ဘော်ပြရမည်ဆိုပြန်ကလည်း သိန်းနွဲ့မှာ ဘသန်းပြောလိုက်ဖူးသည့်စကားတစ်ခွန်းကြောင့်ပင်း၊ မိမိကိုတွေ့ဖို့ရန် ရှောင်ရှားသော်လည်း မိမိအား ချောင်းမြောင်းမျှော်မှန်း၍ကြည့်လေ့ရှိသည်ကို မကြာခဏတွေ့ရသည့်အတွက် ဝင်းမောင်အား မစဉ်းစား ဘဲမနေနိုင်ရှိမိလေ၏။ အားလပ်ချိန်တွင် အခန်းတစ်ခုခုအတွင်း၌ ဝိုင်းဖွဲ့၍ စကားစပ်မိသည့်အခါများ၌ပင်း၊ တစ်ခုခုကိုစဉ်းစားရာက စိတ်ကူးဆက်၍သွားသည့်အခါများ၌ပင်း ဝင်းမောင်၏အကြောင်းကို စဉ်းစားမိလေ၏။ တစ်ခါတစ်ရံ ဝင်းမောင်၏စိတ်တိုက်ခြင်းကြောင့်လားမသိ၊ အလိုလိုနေရင်းပင်စဉ်းစားမိလေတော့၏။

ထိုသို့စဉ်းစားမိသည့်အခါများတွင် ကျောင်းသူအများနှင့်ရောနှော၍နေလိုသည့်စိတ်မရှိတော့ဘဲ၊ မိမိအခန်းသို့ပြန်၍လာကာ တွေတွေ ဝေဝေရှိလေတော့၏။ စနေနေ့ကဲ့သို့သောညများတွင် စာကျက်ချိန်မရှိသည့်



အလျောက် အခြားကျောင်းသူကလေးများ "ပါးလား"ခေါ်တွင်သည့် ခန်းမကြီးတွင် ပီယာနိုတီးသူကတီး၊ မိန်းခလေးအချင်းချင်း တွဲဖက်၍ "ဘောလ်ဒန့်စ်" က,ကာ နန့်ကြောဆွဲနေသူတို့ကဆွဲ၊ စာဖတ် သူကဖတ်၊ အချင်းချင်းရယ်မောပြောဆိုနေသူတို့ပြောကြလျှက်၊ "ကော်ရစ်ဒါ"စင်္ကြံတွင် လက်ပံပင်ရေက်ကျသလို ဆူညံဆူညံ လုပ်နေကြသော်လည်း၊ ထိုသူတို့အထဲတွင် သိန်းနွဲ့မပါဝင်ဘဲ မိမိ၏တွေဝေသောစိတ်များကိုဖြေဖျောက်နိုင်ရန်စာအုပ်တစ်ခုခုကိုသာလျှင်ကောက်၍စာဖတ်နေလေတော့၏။

ထိုသို့ စာဖတ်နေသည့်အခါများတွင် အချို့သော အသိမိန်းခလေးများကတွေ့မြင်၍ "နွဲ့တို့က သိပ်စာကြိုးစားနေတာဘဲ။ ဒါပေမယ့် ဘယ်လိုပဲကြိုးစားကြိုးစား, လင်တစ်ယောက်ပဲရမှာပဲ၊ ဘီအေ မအောင်လည်း ဒီရုပ်ဒီရေနဲ့ လင်တစ်ယောက် အေးအေးရနိုင်ပါတယ်"ဟု မခံချင်အောင်ပြောကြလေ၏။

သိန်းနွဲ့သည် ပြောသူ၏မျက်နှာကိုလှမ်း၍ကြည့်လိုက်ကာ အနည်းဆုံး ဘီစီ–အဲ့စ်(ပထမတန်း)လောက်မှမှန်းနေပြီးစကားပြောတိုင်းထည့်၍ပြောတတ်သူကလေး တစ်ယောက်ဖြစ်နေသည်ကိုသိရ၍ "ကြိုးစားရတာပေါ့ရှင်..... ကျမတို့က ကလာစ့်–ဝမ်းလောက်မှမှန်းနေတာကိုးရှင့်။ သူကဒီဂရီမရတဲ့ လူကို မယူဘူးတဲ့ ရှင့်"ဟု ပြန်၍ပြောလိုက်မှမဲ့၍ထွက်သွားလေတော့၏။

မြို့ပေါ်ရပ်ရွာများတွင် ဘီအေများ ခေတ်စားနေသလောက် အင်းလျားဆောင်တွင်ကား အိုင်စီအက်နှင့် ဘီစီအက်တို့သာလျှင် အထူးခေတ်စားလျှက်ရှိသည်ကို သိန်းနွဲ့စကားဖြင့် ဖော်ပြလျှက်ရှိပေ၏၊ ဘီစီအက် ဆိုရာမှာပင် ဒုတိယတန်းလောက်ကိုမမှန်းကြသေးပေ။ ပထမတန်းလောက်မှသာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးထည့်ကြလေသည်။ တက္ကသိုလ်တွင် ဘီအေခေတ်ကား ကုန်ခဲ့လေပြီ။ ဘီအေအောင်ရုံနှင့် အလုပ်အကိုင်ကြီးရရှိဖို့ရန် မသေချာသောခေတ်ကြီးတွင် အလုပ်ရရန်သေချာသော အိုင်စီအက်, ဘီစီအက် တို့သာလျှင် ခေတ်ကောင်း၍နေကြလေ၏။

ထိုသို့ "ကလာ့စ်ဝမ်း" ခေတ်စားနေသည့်အလျှောက် မိဘက စာကြိုးစားရန်တိုက်တွန်းသည်ကို ဂရုမထားဘဲနေခဲ့သူအချို့မှာ မိမိတို့ကြံရွယ်နေသူကလေးက "ဘီစီအက်" ရမှလက်ခံမည်ဆိုသော စကားကလေးတစ်ခွန်းနှင့် ခုနစ်ရက်အတွင်း မျက်မှန်ကောက်တတ်ရလောက်အောင် စာကြိုးစားကြသည့်သူတို့ကို ကျောင်းသားအချင်းချင်းအံ့သြစွာတွေ့ကြရပေသည်။

ဝင်းမောင်ကား ကျောင်းသို့မရောက်မီက သတင်းစာတွင် တက္ကသိုလ်ကျောင်းသူ ကျောင်းသားအချို့တို့၏ ကဲလွန်သောအပြုအမူများကို ဖတ်ရှုခဲ့ရလေရာ၊ ထိုသို့ရှိသည့်အထဲတွင် မိတ်ဆက်ပွဲများ ပေါ်ပေါက်၍လာသည်ကို ရှုတ်ချလိုစိတ် ဖြစ်ပေါ်ခဲ့မိပေ၏။ သို့ရာတွင် အင်းလျားဆောင်မှာ ရေးကကဲ့သို့မဟုတ်တော့ဘဲ စည်းကမ်းကြပ်တည်း၍နေသည်ကို သိရသောအခါ မိတ်ဆက်ပွဲများပြုလုပ်နေကြခြင်းသည် တစ်ဦးနှင့်တစ်ဦးတွေ့ရန် လွယ်ကူစေဖို့ကို ရည်ရွယ်၍ ဖန်တီးကြခြင်းပေလောဟု စဉ်းစားမိကာ မိတ်ဆက်ပွဲကို သဘောကျ၍လာလေ၏။

ဘသန်းသည် မိတ်ဆက်ပွဲကျင်းပသည့်အခါတွင် မိမိအားခေါ်မည်ဟုဆိုထားရာ ညှော်သည်တစ်ယောက်အဖြစ်ဖြင့် တက်ရောက်ခြင်းထက်၊ အသင်းသားတစ်ယောက်အဖြစ်ဖြင့် တက်ရောက်ချင်သောစိတ်များပင် ပေါ်၍လာလေ၏။ သို့ရာတွင် ဝင်းမောင်၏ ရည်ရွယ်ချက်မှာ သိန်းနွဲ့ သည် မိတ်ဆက်ပွဲတက်သော မိန်းခလေးတစ်ယောက် ဖြစ်မဖြစ်ပါရဲ့လား၊ သိန်းနွဲ့ မရောက်သည့်နေရာကို မိမိသွား၍ကော အကြောင်းထူးစရာရှိပါမည်လားဟု တွေးမိလေ၏။ အကယ်၍ သိန်းနွဲ့တက်ရောက်၍ မိမိတွေ့နိုင်ပြီဆိုဦးတော့ မိတ်ဆက်ပွဲတက် ရောက်သော မိန်းခလေးတစ်ယောက်အပေါ်တွင် ၎င်း၏ကိုယ်ကျင့် သိက္ခာနှင့်ပတ်သက်၍ မိမိဘယ်သို့ဆုံးဖြတ်ရပါမည်နည်းဟု စဉ်းစားစရာရှိလေ၏။

သို့သော် မိတ်ဆက်ပွဲဆိုသည်မှာ သတင်းစာများတွင် မိမိတွေ့ရသည်များကဲ့သို့ တကယ်ပင် သောင်းကျန်းကြလေသလော။ ကျောင်းသားကျောင်းသူတို့က ထိုသို့ပြုလုပ်ခြင်းမှာ အမှန်မဟုတ်ဘဲ တမင်ချဲ့ကား၍ရှုတ်ချရေးသားထားခြင်းဖြစ်ပါသည်ဟု ချေပကြသကဲ့သို့ပင်ဖြစ်လေရော့သလား။ တက်ရောက်သည့်မိန်းခလေးတိုင်း ထိုရေးသားကြသကဲ့သို့ အပျော်ကြူးကြလေသလား။ အချို့ "ဝေါလ်ပေပါ" ခေါ် (နံရံကပ်သည့်စက္ကူပမာ) ဖိုမတွဲ၍ကစားရာတွင်မပါဘဲ ထိုင်ကြည့်ကာ ကိုယ့်သိက္ခာစောင့်ရောက်ကြသူများလည်း အများပင် ရှိကြပေလိမ့်မည်ဟု နှလုံးပြုမိလေ၏။

ကျောင်းကြီးပြန်လည်ဖွင့်လှစ်သည်မှာ အတော်ကလေးကြာမြင့်လာခဲ့ပြီဖြစ်လေ၏။ ထိုအချိန်ကာလအတွင်းဝယ်၊ အသင်းအပင်း အသီးသီးတို့မှာလည်း ပြန်လည်အသက်ဝင်လာခဲ့ကြလေရာ၊ ဝင်းမောင်ပါဝင်သော အသင်းများမှာ အတော်များပြားရကား၊ ဝင်းမောင်မှာ လူသိများသောအဖြစ်သို့ ရောက်လာလေ၏။ သို့ရာတွင် ဝင်းမောင်မှာ ထိုသို့လူတကာသိသော ထင်ရှားခြင်းကို အလိုမရှိဘဲ ကျောင်းတွင်ကျော်ကြားသူ တစ်ယောက်အဖြစ်ကိုအလိုရှိလေရာ၊ စာတွင် ကျော်ကြားခြင်း၊ ကစားရာတွင် ကျော်ကြားခြင်းဟူ၍ တစ်ခုခု၌ကျော်ကြားရန်ကို သာများစွာ အာရုံပြုမိလေ၏။

စာတွင်ကျော်ကြားရန်ကား ဥပစာတန်းတွင်ရှိသေးသမျှကာလပတ်





www.burmeseclassic.com

www.burmeseclassic.com



လုံး၌ မည်မျှပင်တော်စေကာမူ မကျော်ကြားနိုင်သေး။ ဥပစာတန်းတွင် တက္ကသိုလ်စာမေးပွဲအောင်ပြီး၍ ဆုတံဆိပ်ဂုဏ်ထူးရရှိပြီး ဝိဇ္ဇာဂုဏ်ထူးတန်းတွင် တက်ရောက်သင်ကြားမှသာလျှင် ကျော်ကြားခြင်းကို ခံယူရနိုင်လိမ့်မည်ဖြစ်ရာ အမြန်ဆုံးကျော်ကြားနိုင်သည့်နည်းမှာ ကစားရာတွင် ထူးချွန်ခြင်းသာလျှင်ဖြစ်သည်ကိုစဉ်းစားမိလေ၏။

ဝင်းမောင်မှာ အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ရစဉ်က ကျန်းမာရေးကစားခြင်းများ၌ ထူးချွန်ကျော်ကြားခဲ့သူတစ်ယောက်ဖြစ်ပေ၏။ သို့ရာတွင် တက္ကသိုလ်သို့ရောက်ရှိ၍ ဘောလုံးသင်း၊ လှေအသင်းစသည်တို့၌ပါဝင်ထားသော်လည်း ဘောလုံးသင်း၌မှာမူ မိမိ၏ကျောင်းဆောင်အသင်း၌သာပါဝင်ရ၍ ကောလိပ် ၁၁ ယောက်အသင်း၌မူကား သီးသန့်ထားသူတစ်ယောက်အဖြစ်ဖြင့်ပင်မပါဝင်နိုင်ရတော့ပဲ၊ အနားသို့ပင်မကပ်နိုင်ရှိလေ၏။ ထိုသို့ မပါဝင်နိုင်ဘဲရှိကြခြင်းမှာ ဒိစတြိတ်ကျောင်းငယ်မှလာရောက်သောကျောင်းသားတစ်ဦးဖြစ်သည့်အလျောက် များစွာဂရုမထား အသိအမှတ်မပြုခြင်းပင်ဖြစ်တန်ရာသည်ဟု ဝင်းမောင်၏စိတ်တွင် ထင်မြင်မိလေ၏။ ထိုသို့မဟုတ်ကလည်း ဘောလုံးသင်းမှာ လက်သင့်ရာစားတော်ခေါ်သလို ပြုလုပ်နေခြင်းပေလောဟု တွေးတော–ဒွိဟဖြစ်မိလေ၏။

လှေအသင်း၌မူကား "နီးဗစ်" လူသစ်ကလေးတစ်ယောက်မျှသာလျှင်ဖြစ်လေရာ၊ ဤအဆင့်အတန်းကမူ တက်နိုင်ရန်အကြောင်းမရှိသေးသည်ကို နှလုံးပြုမိလျက် တက္ကသိုလ်တွင်ကျော်ကြားရန်မှာ မလွယ်ကူလှသည်ကို စိတ်ပျက်မိလေတော့၏။

အတန်းကြီးကျောင်းသားတစ်ယောက်မဟုတ်သေးသမျှ ထင်ရှားသောနေရာတွင်ဆောင်ရွက်ခွင့်ရမည်ဟုမထင်။

တစ်ခုသောညနေတွင် မိမိတို့ကျောင်းဆောင်နှင့် အင်းဝဆောင် ဘောလုံးကန်ကြရာတွင် ဝင်းမောင်တစ်ယောက်တည်းကပင် သုံးဂိုးသွင်း၍အနိုင်ရခဲ့လေ၏။ သို့ရာတွင် ဝင်းမောင်မှာ ဩဘာပေးခြင်းများစွာကို မခံခဲ့ရချေ။ ဝင်းမောင်၏စိတ်ထဲတွင် ဤကျောင်းကြီးသည် လူသစ်များကိုအားပေးခြင်း မပြုလေရော့သလားဟု စိတ်ထဲတွင် တစ်မျိုးတစ်မည်ထင်မိလေ၏။

ထိုညတွင် ညစာစားချိန်ရောက်၍ ထမင်းစားခန်းသို့ဝင်လိုက်မိသောအခါ ပန်းကန်ပြားများကို ဇွန်းနှင့်ခေါက်ကာ တစ်ခန်းလုံးဆူညံသွားကြသည်ကိုတွေ့ရလေရာ မိမိအားနှောက်ပြောင်သရော်ကာ တစ္ဆေမင်းစာတော ထုတ်သလို ပြုလုပ်ကြခြင်းပေလားဟု အောက်မေ့လျက်ရှက်ကိုးရှက်ကန်းဖြစ်သွားလေ၏။ မျက်နှာပျက်မသွားစေရန် အတန်တန်ကြိုးစားလျက် မနဲပြုံးရွှင်၍ထားလိုက်ရလေ၏။

ထမင်းစားပွဲတွင်ထိုင်မိသောအခါတွင် ဇွန်းသံ ပန်းကန်သံ မရပ်သေးဘဲရှိသောကြောင့် အတူတူစားသူမိတ်ဆွေများအား "ဘာပြုလို့ကျွန်တော့်ကို ဝိုင်းပြီးလှောင်နေကြတာလဲ" ဟုမေးလိုက်ရာ ထိုမိတ်ဆွေများမှာ ဝင်းမောင်အား အံ့အားသင့်၍ကြည့်နေကြပြီးမှ ဟက်ဟက် ပက်ပက် ရယ်မောမိကြလေ၏။

ထို့နောက်မှ ကျောင်းသားတစ်ယောက်က "အဲဒါ...ခင်ဗျားကို ဝိုင်းပြီး ဩဘာပေးကြတာ ဟား... ဟား... ခင်ဗျားကလှောင်နေတယ်ထင်သလား" ဟုဆိုလိုက်မှ ဝင်းမောင်မှာ အကြောင်းသိသွားကာရွှင်လန်းအားရစွာပြုံးရွှင်နိုင်မိပြီးလျှင် မိမိ၏တလွဲထင်ခဲ့မိခြင်းများကို စိတ်ထဲမှပျောက်လွင့်စေ







www.burmeseclassic.com

www.burmeseclassic.com



သွားအောင် ဖျောက်ဖျက်ပစ်လိုက်နိုင်လေတော့၏။

ထမင်းစားပြီး၍ မိမိအခန်းသို့ပြန်လည်ရောက်ရှိလာရာတွင်ကျောင်းသားကြီးနှစ်ယောက် မိမိအား စောင့်စားနေကြသည်ကိုတွေ့ရလေ၏။

"ကိုယ့်လူ ဒီကနေ့ တယ်ပြီးအစွမ်းပြလိုက်ပါကလား" ဟု တစ်ဦးကဆိုကာ ဝင်းမောင်အား လက်ဆွဲလှုပ်၍ အင်္ဂလိပ်စကားအသုံးအနှုန်းဖြင့်ချီးကျူးခြင်းပြုလေ၏။ အခြားတစ်ယောက်ကလည်း ထို့အတူ လက်ဆွဲချီးကျူးပြန်လေ၏။ ဝင်းမောင်ကား ဝမ်းမြောက်၍မဆုံးနိုင်ပဲရှိပြီးနောက် မိမိအခန်းကိုဖွင့်၍ ခုတင်မီးဖွင့်လိုက်ပြီးလျှင် ထိုသူများအား ဝင်ရန်ပြောပြီးနောက် "ကျွန်တော့်ကိုတွေ့ရအောင် လာပြီးစောင့်နေကြတာလား" ဟု မေးလေ၏။

"ဟုတ်တယ်.... ခင်ဗျား'ကောလိပ်ချုံအလ်ဗင်း'ထဲမှာကစားနိုင်မလား"

ဝင်းမောင်မှာ မိမိအား ကောလိပ် ၁၁ ယောက်အသင်းတွင် ထည့်သွင်းရန်လာရောက်သူများဖြစ်ကြသည်ကိုသိရသဖြင့် ဝမ်းမြောက်၍မဆုံးနိုင်ဘဲရှိသွားလေ၏။

"ကြားရတာ သိပ်ပြီးဝမ်းသာတာပဲ...ကျွန်တော်ဒီအသင်းထဲမှာပါနိုင်ဖို့ဟာ ကျွန်တော့် "အင်ဘီးရှင်း" တစ်ခုပါဘဲ...ဒါပေမယ့်လူတွေလိုသထက်ပိုနေပြီထင်တယ်"

"လူတွေတော့ရှိတာပဲ။ ဒါပေမယ့် လူကောင်းများများရနိုင်သလောက်လိုချင်တာပဲ။ ကျွန်တော်တို့အသင်းဟာ အရင် ၂နှစ် ၃နှစ်လောက်ကနာမည်ကြီးခဲ့သလောက် အခု ရော်တော်တော်ဖြစ်နေတယ်။ အဲဒါ နာမည်ပြန်ပြီးဆယ်ဖို့ ကျွန်တော်တို့တာဝန်ရှိနေတယ်။ ညနေက ခင်ဗျားကစားတာကိုကြည့်ရတာ ၁၁ ယောက်သင်းမှာ ဝင်ပြီးကစားနိုင်တဲ့ခြေရှိတာတွေ့ရလို့လာ



ပြီးပြောတာပဲ"

ဝင်းမောင်ကား ဝမ်းသာ၍မဆုံးတော့ပေ။ ၁၁ ယောက်အသင်းတွင်ပါဝင်ရမည်ဟုသိရခြင်းဖြင့် မိမိ၏အစွမ်းအစကို ပြနိုင်မည်ဖြစ်သည့်ပြင်ဘက္ကသိုလ်တွင်သာမကဘဲ မြန်မာပြည်တွင် ထင်ရှားသော အဖြစ်ကိုပင်ရရှိနိုင်ကြောင်းကိုသိရှိကာ ဝင်ရန်လက်မှတ်ထိုးလိုက်လေတော့၏။

မကြာမီ ထိုသူနှစ်ယောက်ထွက်သွားပြီးနောက် ဘသန်းနှင့်ထင်ကျော်တို့ရောက်ရှိလာကြရာ ဝင်းမောင်သည် မိမိ၏ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကို ဆီး၍ပြောလိုက်ရာ မိတ်ဆွေနှစ်ဦးတို့မှာဝမ်းသာအားရနှင့်လက်ဆွဲ နှုတ်ဆက်၍ ဝမ်းမြောက်စကားပြောကြကာ ရွှင်ပြုံးစွာရှိကြလေတော့၏။

"ကျွန်တော်လည်း အရင်တုန်းက ဘောလုံးကန်ကောင်းတဲ့လူပါပဲဗျာ...ကောလိပ်ရောက်မှ ကျွန်တော် မကစားဘဲနေတာ" ဟု ထင်ကျော်ကဆိုလိုက်သဖြင့် ဝင်းမောင်က "ခင်ဗျား ဘယ်ကနေပြီး ကစားသလဲ"ဟု သွန်စွာသိလိုသောဆန္ဒဖြင့်မေးလေ၏။

"ဂိုးတိုင်နောက်က" ဟု ထင်ကျော်ကဖြေလိုက်မှဝင်းမောင်မှာ ထင်ကျော် နောက်ပြောင်ခြင်းကိုသိရှိရကာ "အဟုတ်လားလို့၊ သိတ်ရှုပ်တဲ့ လူ" ဟု ပြုံးပြီးပြောလေ၏။

ထင်ကျော်ကား မျက်နှာအတည်ထားလျက် ဆက်လက်ပြီးလျှင် "တစ်ခါ တစ်ခါလည်း ဘောလုံးကွင်းကြူထရံအပြင်ဘက်ကနေပြီး ကစားတယ်" ဟု ဆိုပြန်သောကြောင့် ဘသန်းက "တော်ပါ၊ နောက်မနေစမ်းပါနဲ့"ဟုဆိုသည်ကိုဂရုမစိုက်ဘဲ "ကျွန်တော်အကန်ကောင်းလို့ပေါ့ဗျ။ အကန်မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ရင် အပြင်ကိုလွင့်လာတဲ့ဘောလုံးဟာ ကွင်းထဲကိုပြန်ပြီးရောက် ပါ့မလား" ဟု ထပ်၍လေ့လာလိုက်သော ကြောင့် ဘသန်းက "ကဲ...ကိုယ့်လူ နောက်စရာရှိသေးရင် ပြီးအောင်နောက်လိုက်အုံး၊ ကျုပ်တို့ စကားမပြော သေးဘူး" ဟုဆိုတော့မှ ထင်ကျော်လည်း ညိမ်၍သွားလေတော့၏။

ကျောင်းသားများသည်ကား ညစာစားပြီးသည့်အချိန်တွင် လဘက် ရည်ဆိုင်သို့ထွက်လျှင်ထွက်၊ လမ်းလျှောက်လျှင်လျှောက်၊ ထိုသို့မဟုတ် ပြုလုပ် ကြလျှင် လူစုစုရှိရာအခန်းတွင်ဝင်၍ စုရုံးကာ တစ်ယောက် တစ်ယောက် နောက်ပြောင်နေကြ၍၎င်း၊ ကျောင်းသူကလေးတို့၏ရုပ်ရည်ကိုသမ္မန္နပရိစ္ဆေဒ ပြုလုပ်နေကြ၍၎င်း၊ "နှစ်ရှေး"ကားလ်မတ် ဆိုရှယ်လစ်ဇင်း စသည့်စကား တို့ကိုပြောဆိုနေကြ၍၎င်း၊ "သဲလမ်းမှာ တစ်မိနစ်နှစ်ဆယ့်လေးအဝင် ဆယ့်သုံးခွဲဆိုရင် ၅ဖာလုံမှာ ချောင်ချောင်ကလေးနိုင်မှာ သိပ်သေချာနေတာ ဘဲ" ဟု ကျောင်းတွင် မသင်ရသည့်သင်္ချာတွက်ချက်နေကြ၍၎င်း၊ ၈ နာရီ စာဖတ်ချိန်မရောက်မီ အားလပ်ချိန်လေးကို ပျော်ရွှင်စွာအချိန်ဖြုန်းကြစမြဲ ဖြစ်ကြလေရာဝင်းမောင်၏အခန်းတွင် လူစုစုမြင်ရသည့်အတွက်လူဦးရေ တိုးလာပြီး ကုတင်ပေါ်တွင်တချို့၊ စားပွဲပေါ်တွင်တချို့၊ ဘီရိုမှီသူမှီ၊ အမိုက် ခြင်းကိုပြောင်းပြန်လှန်၍ ထိုင်သူထိုင်နှင့်ပြည့်ကြပ်နေကာ၊ ညနေက ဝင်း မောင် ဘောလုံးကစားပုံကို ချီးမွမ်းသူကချီးမွမ်း၊ ရယ်စရာပြောဆို၍တ် နောက်သူကနောက်လျက် သောသောရတ်ရတ်နှင့်ဖြစ်၍နေလေ၏။

သို့ဖြစ်၍– ဝင်းမောင်၏ အခန်းမှာ လူဝင်လူထွက်ပြဿနာရှုပ်ထွေး လျက်ရှိလေရာ ၈–နာရီထိုး၍ အဆက်မပြတ်တီးလှုပ်လိုက်သောခေါင်း လောင်းသံဖြင့် လူဝင်လူထွက်ပြဿနာကိုရှင်းလင်းလိုက်မှ မိမိတို့အခန်းဆီ သို့ အသီးသီးထွက်၍သွားကြလေတော့၏။



သို့ရာတွင်–ဘသန်းတယောက်ကား ကျန်၍နေသေးလျက်ရှိပြီး အခြားကျောင်းသားများ ရှင်းလင်း၍သွားသည့်အခါမှ "ကိုယ့်လူကိုတခု ပြောမလို့" ဟုဆိုလိုက်သဖြင့် ဝင်းမောင်မှာဘာစကားများပေနည်းဟု သိလို ဇောဖြင့်စကားကိုပင်ပြန်မပြောနိုင်ဘဲ ဘသန်း ဘက်သို့လှည့်ကာအာရုံစိုက် ၍နေလိုက်လေ၏။

"လာမဲ့စနေမှာ–ဆိုရှယ်တခုရှိတယ်"

"ဘယ်မှာလဲ–တောင်းဟောလ်မှာလား၊ ကျောင်းမှာလား၊ တနေရာမှာ လား"

"ဘယ်မှာဘဲဖြစ်ဖြစ်ပေါ့ဗျာ........။ ခင်ဗျားဆိုရှယ်ကိုလိုက်ကြည့်ချင် တယ်ဆို......လိုက်မလား"

"ဘယ်အသင်းကလုပ်တာလဲ"

"အသင်းနာမည်နဲ့လုပ်တာမဟုတ်ဘူး ဒါပေမဲ့ဆိုရှယ်အသင်းထဲမှာပါ ခဲ့တဲ့လူတယောက် ရာထူးတခုရသွားတဲ့အတွက် ဆိုရှယ်ပွဲလုပ်ပြီး အသိတွေ ကိုဘိတ်တာဘဲ"

"ကျွန်တော့်ကိုမှမဘိတ်ဘဲလိုက်လို့ဖြစ်မလား"

"ဖြစ်ပါတယ် လိုက်ခဲ့ပါ။ဆိုရှယ်ပေးတဲ့လူနဲ့ ကျွန်တော်နဲ့ဟာ တမြို့ တည်းကလူတွေဘဲ။အင်မတန်ချစ်တာ။လိုက်နိုင်ပါတယ်"

"အို–ဒီလိုဆိုယင်......လိုက်ပြီးကြည့်စမ်းချင်လှသဗျာ။ အဘိုးကြီး တစ်ယောက် ပြောတဲ့စကားလိုပေါ့။ မောင်ရင်တို့ပြောကြတဲ့ နတ်ပြည်ဆို တာအဘမရောက်ဘူးလို့တခေါက်လောက်ပို့စမ်းပါဆိုသလို လုပ်စမ်းပါ ကိုယ့်လူရာ"

ဘသန်းမှာ ဝင်းမောင်ပြောသည့်စကားကို သဘောကျလှသဖြင့်အသံ



www.burmeseclassic.com

ထွက်အောင်ရယ်လိုက်မိလေ၏။သို့ရာတွင် ဘသန်း၏ ရယ်သံမှာအရှိန်ကောင်းနေစဉ် ဖြတ်ခနဲရယ်ရင်းရပ်၍သွားလေရာ ဝင်းမောင်လည်း ဘာကြောင့်လဲဟုစုံစမ်းရာတွင် အခန်းရှေ့သို့ရောက်လာပြီး အခန်းဝမှရပ်ကြည့်နေသော အဆောင်မှူးကိုတွေ့ရလေ၏။

"မင်းတို့ဒီအချိန်မှာ စကားပြောပြီးရယ်နေကြဘို့မဟုတ်ဘူး။ကိုယ့်အခန်းမှာ ကိုယ်စာကြည့်နေကြဘို့ဖြစ်တယ်။ဘေးအခန်းတွေကစာဖတ်နေကြတဲ့ လူတွေကို အနှောက်အယှက်မလုပ်ပါနဲ့"ဟု အဆောင်မှူး၏စကားကိုကြားရမှ၊ ဘသန်းနှင့် ဝင်းမောင်တို့မှာ အဆောင်မှူးအားတောင်းပန်စကားပြောပြီးနောက် ဘသန်းလည်းထွက်၍သွားမှ၊ ဝင်းမောင်သည်စာအုပ်ကိုကောက်၍ကိုင်လိုက်လေတော့၏။

ဝင်းမောင်မှာ စနေနေ့ကို အထူးစောင့်မျှော်၍နေမိလေ၏။ သူသူငါငါပြောကြသောစကားများအရကား၊ မိတ်ဆက်သဘင်မှာ အတော်ပင် အသဲယားစရာ ကောင်းလှ၏။ မျက်လုံးပြူးစရာကောင်းလှ၏။ သို့တည်းမဟုတ်သွားရည်ယိုစရာကောင်းခြင်းပေလောဟုသံသယဖြစ်ဖွယ်ကောင်းလှတော့၏။

စနေနေ့သို့ရောက်လာခဲ့လေ၏။ ဝင်းမောင်သည် ညနေ ၅ နာရီလောက်ကပင် မိမိကိုယ်ကို မွန်းမံပြင်ဆင်လျှက်ရှိလေ၏။

ဘသန်းသည် ဝင်းမောင်၏အခန်းသို့ရောက်လာကာ ဝင်းမောင်၏ပြုပြင်နေပုံကိုကြည့်၍ပြုံးနေပြီးနောက် "နေပါအုံး– ခင်ဗျား အဆောင်မှူးဆီကခွင့်ယူပြီးပြီလား"ဟုမေးလေ၏။

"ခွင့်တောင်းနေဘို့လိုသေးသလား–ဒီနေ့စနေနေ့ဘဲ၊ညကိုးနာရီအထိအားတာဘဲမဟုတ်လား"

"ဆိုရှယ်က ဘယ်အချိန်ပြီးမယ်မှန်းမှမသိဘဲ။ ကိုးနာရီ ကျောင်းဝင်းခါး ပိတ်ပြီးမှ ရောက်လာလို့ရှိရင်ခွင့်မတောင်းဘဲထွက်သွားတဲ့အတွက်ဂိတ်တက်လုပ်ပစ်လိုက်မှ နောက်ကိုကျောင်းထဲက ဘယ်မှမသွားရမလာရင်နေအုံးမယ်"

"ဂိတ်တက်"အလုပ်ခံရခြင်းမှာ ကျောင်းသားများ အကြောက်ဆုံးတစ်ခုဖြစ်သော အပြစ်ဒဏ်ပေးခြင်းဖြစ်လေရာ၊ ဝင်းမောင်သည် ထိုသို့ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် "မဖြစ်ဘူး – ဆရာ့ဆီပြေးအုံးမှဘဲ" ဆိုကာအခန်းထဲမှလျှင်မြန်စွာပြေးရလေတော့၏

ထိုသို့ထွက်သွားပြီးနောက်၊ ချက်ခြင်းပင် ဝင်းမောင်ပြန်၍ရောက်လာရာ၊ ၎င်း၏မျက်နှာတွင် ရွှင်ပြသောအမူအရာကို မတွေ့ရသည့်အတွက်၊ "ခွင့်မရဘူးလား"ဟုဘသန်းကဆီး၍မေးလိုက်လေ၏။

"ဆရာ့ကို အောဖစ်ထဲမှာမတွေ့ခဲ့ရဘူး။ လမ်းလျှောက်ထွက်သွားလားမသိဘူး – သိပ်ဂွကျတာဘဲ။ ဆင်ပြောင်ကြီး – အမြဲးကျမှတစ်နေ

"ခင်ဗျားလိုတာဘဲ – စောစောကထဲက လုပ်ထားရမယ်။ သွားအုံးဗျာလိုက်ပြီးရှာချေအုံး၊ ကျောင်းဝင်းထဲမှာ ပန်းပင်တွေ လျှောက်ပြီးကြည့်ကြည့်နေလိမ့်မယ်"ဟု ဘသန်းက ပြောလိုက်သည့်အတွက် ဝင်းမောင်လည်း အူယားဖားယားနှင့်ပြန်ပြေးရပြန်လေ၏။

အတန်ကြာမှ – ဝင်းမောင်ပြန်၍ရောက်လာကာ နဖူးမှချွေးသုတ်ရင်းအခန်းတွင်းသို့ဝင်လျက် "တွေ့ခဲ့ပြီ – ခွင့်ရဘို့ အတော်ပြောယူခဲ့ရတယ်၊ ချွေးတွေပြန်လိုက်တာ၊ ပွန်းစ်, ကရီမ်းနဲ့ ပေါင်ဒါတွေပျက်ကုန်ပါဘီ"ဟုညီးညီးညူညူပြောလေ၏။

"ခင်ဗျား – တို့ပတ်တွေ သိပ်ပြီးရိုက်မနေနဲ့အုံး။ မိန်းမရှာနဲ့တူပြီး

www.burmeseclassic.com



ခင်ဗျားကိုအချောက်မှတ်လို့ ဝိုင်းပြီးနေကြအုံးမယ်"

"ကဲကဲ......ခင်ဗျားလုပ်စရာရှိတာလုပ်အုံး။ သွားခါနီးတော့မှ
ကျွန်တော်လာပြီးခေါ်တော့မယ်။

ဝင်းမောင်မှာကား ရင်ထဲတွင် တလုပ်လုပ်နှင့်ဖြစ်၍နေလေတော့၏
အချိန်နီးလာလေလေ မိမိတွေ့ကြုံရမည့် ပျော်ပွဲသဘင်ကြီးအတွက် ရွှင်မြ
သလိုဖြစ်လာလေလေရှိကာ အငြိမ်နေ၍မရဘဲရှိလေ၏။

မိတ်ဆက်သဘင်သို့သွားရန် အချိန်သည် တဖြည်းဖြည်းနီးကပ်
လာကာ၊ ဘသန်းရောက်၍လာလေရာ၊ ဝင်းမောင်သည် မိမိအခန်းတွ
ထိုင်၍စောင့်လျက် လာခဲလှသည်ဟုတမျှော်မျှော်နှင့်ရှိနေရာက ဘသန်း
မြင်ရသဖြင့် ဝမ်းသာအားရနှင့်ထကာ၊ "သွားကြတော့မလား" ဟုမေးလို
လေ၏။

ဘသန်းသည် မိမိ၏ လက်ပတ်နာရီကိုကြည့်လိုက်ပြီး "အချိန်တေ
ပြီလို့ထင်တာဘဲ – လာသွားကြစို့" ဟုဆိုလိုက်သည့်အတွက် ဝင်းမေ
သည် ကသောကမျောဖြင့် ဓာတ်မီးခလုတ်ကို ပိတ် အပြင် မြန်မြန်ထွက်
တံခါးကို ပိတ်လိုက်ကာ၊ ဘသန်း၏နောက်သို့ပါ သွားလေ၏။

ချီးကြူးပွဲများ၊ နှုတ်ဆက်ပွဲများ၊ ဧည့်ခံပွဲများ၊ အောင်ပွဲများ၊ ကျ
ပရာဖြစ်သော ခမ်းမဆောင်ကြီးတွင် ကျောင်းသားကျောင်းသူများသ
တယောက်ချင်းဖြင့်၎င်း၊ နှစ်ယောက်တွဲ သုံးယောက်တွဲ၍၎င်း၊ ဘစေ
ရောက်ရှိ၍လာကြလေ၏။ အချို့သော ကျောင်းသားတို့ကား၊ စောစော
ရောက်နေမိလျှင် ငန်းငန်းတက်လွန်းလှသည်ဟု ပြောဆိုခြင်းခံရမည်
သောကြောင့်၊ ရုတ်တရက်မဝင်ကြသေးဘဲ၊ အပြင်တွင် ယောင်လည်လ
လုပ်ကာ အဖော်စောင့် – အခေါ်စောင့်၍နေကြလေတော့၏။

ဝင်းမောင်သည် ဘသန်းနှင့်အတူ ခမ်းမကြီးထဲသို့ဝင်လေရာ၊ ခရီးဦးကြိုအဖွဲ့က နှုတ်ဆက်၍ စားပွဲတစ်လုံးသို့ခေါ်၍သွားလေ၏။ ဝင်းမောင်မှာ စီစဉ်ပုံခမ်းနားကြီးကျယ်လှခြင်းကို အံ့သြလျက် ခေါ်ဝေါ်ဧည့်ခံသူကို၏နောက်သို့ပါသွားကာ၊ စားပွဲတွင်ထိုင်လိုက်မိသောအခါ ဤစားပွဲတွင် ကျောင်းသူကလေးတစ်ဦးရှိနေသည်ကိုသိရ၍၊ ရင်ထဲတွင်တထိတ်ထိတ်တဖိုဖိုရှိနေရကာသေချာစွာကြည့်ရှုလိုက်သောအခါတွင် သိန်းနွဲ့ဖြစ်နေသည်ကိုတွေ့ရသောကြောင့်၊ တစ်ကိုယ်လုံးရှိ သွေးသားများမှာ၊ မီးရထား "ရှန်တင်" လုပ်သကဲ့သို့ ရှေ့ထိုးနောက်ငင် အသွားအလာမမှန်ချင်တော့ဘဲ၊ ရင်တွင်း၌ တဒိတ်ဒိတ်ဖြစ်နေမိသည်။ မျက်နှာကိုလည်း သိန်းနွဲ့ဘက်သို့လှည့်၍ မပြရဲဘဲရှိနေလေတော့၏။

အပြင်တွင်ကား မိုးရိပ်လေရိပ်ကလေးဖြင့် အေးမြလျက်ရှိသော်လည်း ဝင်းမောင်မှာမူ နဖူးတွင် ချွေးများစို့လျက်ရှိကာ ခန်းမကြီးအဝင်ပေါက်ဆီသို့သာလျှင် လှမ်းမျှော်လျက်၊ ဝင်ရောက်လာသူတို့ကိုသာကြည့်ရှုနေမိလေ၏။

"မက်စ်ဖက်တာ – ဆက်" ခေါ် – အလှပြုပြင်သည့်ပစ္စည်း များဖြင့်၎င်း၊ "အီ – ရီဇစ္စတီးဘီးလ်" ခေါ် ရသေ့ဈာန်ပျံမှို့ ခံနိုင်ရိုးလား၊ အမည်ပေးထားသည့် အလှအသုံးအဆောင်တို့ဖြင့်၎င်း၊ နှုတ်ခမ်းနီဆိုး၊ ပါးမို့ကလေးပန်းရောင်ချယ်၊ မျက်ခုံးမွေးသွယ်သွယ်ကလေးနေအောင်လုပ် မျက်တောင်ကိုပြောင်အောင်ဖီး၊ လက်သည်းကို တစဉ်းနှင့်ညှိ၍ အရောင်တင်၊ ဆံပင်ကိုရှေ့ကဖွ၍ဖွ၍၊ နောက်က ကြွ၍ကြွ၍ ဥသျှောင်ငါးလုံးနှင့် ပဥ္စသိခအားကျ၍ နောက်စီတွင် ဗုလုံးထုံး ဖွတ်မြီးထိုး နှစ်သွယ်ချ၍ ဖဲကြိုးချီ၊ ဓာဘော်လီကျောတပြင်လုံးပေါ်သည့်၊ နောက်တစ်ခုလုံး အဆုံးထိပေါ်စေသောနောက်





www.burmeseclassic.com

www.burmeseclassic.com

ဆုံးပေါ်ဖက်ရှင်၊ အနောက်နိုင်ငံသူတွေ အသုံးပြုသည့် "ဘရာ့စီးယားရီ"ဖြင့် ရင်ချီကာကြွမောက်နေအောင်လုပ်၍တစ်မျိုး၊ ခါးသေးပြီး တင်ကားအောင် "ဂါးဒီလ်"ဆိုတာ ဝတ်၍ဖန်တည်းထားသည်ကတစ်သွယ်၊ တစ်အုပ်လျှင် ၃ဝိ ကကျော်နေသည့် ပဒ္မာအပါးအသားကို ထင်းကနဲ မြင်နေစေရသည်ကို ဝတ်ဆင်ပြင်ဆင်ထားလျက် လေယူရာယိမ်းနွဲ့ လွင့်ပါးလာသည့်ဟန်မျိုးဖြင့် ဝင်လာကြသူကလေးတို့ကို ဝင်းမောင် မြင်ရသောအခါ မျက်လုံးများပြူး၍ သွားလေတော့၏။ ထိုနောက်မှ မိမိအံ့သြမဆုံး၍ မျက်လုံးပြူးမိခြင်းကို ထိုသို့မထင်ဘဲ ခေါ်တောသေ၍ဝင်စားသဖြင့် မျက်လုံးကျွတ်ထွက်လုမတတ်ကြည့်နေသည်ဟု ထင်သွားကြမည်စိုး၍မိမိ၏ အမူအရာကို လျှင်မြန်စွာပြင်လိုက်ရလေ၏။

ဘသန်းမှာကား မိမိနှစ်မနှင့် တစ်စားပွဲတည်းထိုင်ရမည်ကို တွေ့မြင်ရသဖြင့် မိမိထိုင်လိုက်လျှင် ဝင်းမောင်နှင့်မိတ်ဆက်ပေးမှဖြစ်တော့မည်။ သို့ရာတွင် မိမိယခင်ကနောက်ပြောင်ထားသည့်အချက်ကရှိနေလေရာ၊ ဤနေရာတွင်မိမိမရှိလျှင် အကောင်းဆုံးဖြစ်သည်ဟု နှလုံးပိုက်လျက်ဝင်၍မထိုင်ဘဲ၊ ဟိုယောင်ယောင်ဒီယောင်ယောင်လုပ်၍အခြားစားပွဲတစ်ခုဆီသို့ ထွက်၍သွားလေ၏။

ဝင်းမောင်မှာ မိမိမတွေ့လိုဆုံးဖြစ်သူ တစ်ဦးနှင့် လာ၍တွေ့ရလေရာ တစိမ်းကြီးများကဲ့သို့နေ၍လည်း မသင့်တော်၊ ခေါ်ပြောရမှာလည်း ခက်လှသောကြောင့်၊ နဖူးပေါ်တွင်သီး၍သီး၍ထွက်လာသော မချွေးစီးများကို လက်ကိုင်ပုဝါထုတ်၍အတွင်သာသုတ်ပေးနေရလေတော့၏။

ဤသို့စိတ်ထဲတွင် တစ်နည်းအိုက်လျက်ရှိသော်လည်း တစ်နည်းဖြင့်လည်း မိမိ၏စိတ်တွင် နှစ်သက်စွဲလမ်းခြင်းဖြစ်သူကလေးနှင့် နီးကပ်စွာ





နေရခြင်းကိုရွံ့ထိတ်ခြင်းမကင်းသောဝမ်းသာခြင်းဖြင့် တလှပ်လှပ်ရင်ဖိုလျက်ရှိလေတော့၏။

ထိုသို့စိတ်ထဲတွင် နှစ်ချမ်းကွဲပြားကာ၊ အာရုံများ၍နေရာက သိန်းနွဲ့သည်ကား မိတ်ဆက်သဘင်များကိုတက်ရောက်ပျော်ရွှင်လေ့ရှိသော မိန်းခလေးမျိုးပေလားဟု စဉ်းစားခြင်းဖြစ်မိကာ၊ ငါသည် သိန်းနွဲ့၏အကျင့်သိက္ခာကို မည်သို့ဆုံးဖြတ်ရပါမည်နည်းဟုမေးခွန်းထုတ်မိလေ၏။ သို့ရာတွင် ဝင်းမောင်မှာ သိန်းနွဲ့ မိတ်ဆက်ပွဲတက်နိုင်သည်ဆိုရုံနှင့် ၎င်း၏အကျင့်သိက္ခာကို မဆုံးဖြတ်နိုင်၊ သိန်းနွဲ့၏ အပြုအမူကိုမြင်ရမှသာလျှင်ဆုံးဖြတ်နိုင်မည်ကို နှလုံးပြုမိကာ၊ မိမိ၏အနေရကြပ်ခြင်းကိုမည်သို့ သက်သာခွင့်ရအောင်လုပ်ရပါမည်နည်းဟူ၍သာ အကြံထုတ်နေရလေ ၏။

ထိုသို့ရှိနေခိုက်တွင် တစ်နေရာမှ"ဘွား"ကနဲ ထင်ကျော်ပေါ်ပေါက်၍လာကာ မိမိတို့ဆီသို့ ပြုံးရွှင်သောမျက်နှာဖြင့် လျှောက်၍လာသည်ကို တွေ့ရလေ၏။ ဝင်းမောင်ကား ထင်ကျော်ကိုမြင်ရသည့်အတွက် တအားတက်၍သွားလေ၏။ တစ်နည်းအားဖြင့်လည်း ထင်ကျော်၏ နေရာမရှောင်နောက်ပြောင်တတ်ခြင်းကိုတွေး၍ လန့်မိကာ ဤနေရာတွင်တစ်စုံတစ်ခုလာ၍လုပ်ခဲ့လျှင် လူမြင်ကွင်းပရိသတ်အလယ်တွင် ကြီးစွာသောရှက်ဖွယ်ကောင်းခြင်းနှင့် ကြုံတွေ့ရတော့မည်ဟု ကြောက်ရွံ့ခြင်းလည်းဖြစ်မိလေ၏။

ထင်ကျော်သည် စားပွဲတွင်မထိုင်သေးဘဲ သိန်းနွဲ့နှင့် ဝင်းမောင်တို့၏မျက်နှာများကို အကဲခတ်၍ကြည့်လိုက်ပြီးနောက် ထိုနှစ်ယောက်မှာ အသိမိတ်ဆွေများအဖြစ်သို့မရောက်ကြသေးသည်ကို ရိပ်မိပြီးလျှင် ယခင် မိမိ၏နောက်ပြောင်ခဲ့မိခြင်းကို ပြန်လည်၍ပြေစေရန် အသိဖွဲ့ပေးရပေတော့မည်



www.burmeseclassic.com

www.burmeseclassic.com



ဟု နှလုံးပြုပြီးလျှင်၊ "ဟောဒါက ဂျူနီယာ အင်တာက ကိုဝင်းမောင် ဆိုတာပဲ။ ဘောလုံးကစားအင်မတန် ကောင်းတဲ့ ပဂန်နိုက်,တစ်ဦးပဲ။ ဟောဒါက စီနီယာအင်တာက မသိန်းနွဲ့ ဆိုတာ..ကိုဘသန်းရဲ့နှမပေါ့" ဟု မိတ်ဆက်ပေးလိုက်လေ၏။

ဝင်းမောင်မှာ ထိုသို့မိတ်ဆက်ပေးလိုက်သည့်အတွက် သိန်းနွဲ့ အား မျက်နှာချင်းမဆိုင်ဘဲနေ၍ မဖြစ်နိုင်ဘဲရှိတော့ကာ မျက်နှာလှည့်လိုက်ရပြီးလျှင် ထိုသို့မိတ်ဆက်ပေးလိုက်သည့်အတွက် လက်ဆွဲ၍ နှုတ်ဆက်ရမည်လား၊ မျက်နှာဖြူများကဲ့သို့ လက်ကလေးကိုယူ၍ လက်ခုံကို ပါးစပ်ကလေးနှင့် စုတ်လိုက်ရမည်လား၊ မိတ်ဆက်ထုံးစံ မှာ မည်သို့ရှိသနည်းဟု မသိသဖြင့် ကြောင်တက်တက်ဖြစ်နေမိရာက၊ သိန်းနွဲ့ကလည်း လက်လှမ်း၍မပေး၊ မည်သို့မျှမပြုလုပ်သည်ကိုတွေ့ရသောကြောင့် ပြုံးရယ်သောမျက်နှာဖြင့် ကြည့်နေလိုက်ရာ သိန်းနွဲ့ ကလည်း ပြန်၍ပြုံးသည်ကိုတွေ့ရမှ – အမေရိကန်ရုပ်ရှင်ဇာတ်ကား ထဲတွင် မြင်ရကြားရသကဲ့သို့ "ဟောင်းဒယူဒူး" ဟု နှုတ်ဆက်လိုက်ရာ သိန်းနွဲ့ကလည်း တစ်ပြိုင်တည်းပင် "ဟောင်းဒယူဒူး" ဟု ပြန်၍ ဆိုလိုက်လေ၏။

ကျောင်းသားများသည် မိမိတို့မျက်စိကျသောကျောင်းသူကလေးများကို အသိဖြစ်လိုလှသည့်အတွက် မိတ်ဆက်ပေးရန်၊ ရင်းနှီးသူများအား "အင်ထရို" တောင်းလေ့ရှိပေ၏။ သို့ရာတွင် မိတ်ဆက်ပွဲ၌ငှင်း၊ တစ်နေရာရာတွင်ငှင်း အသိဖွဲ့ပေး၍ သိကျွမ်းခြင်းသို့ရောက်ကြသော်လည်း နောင်အခါတွင် မိန်းခလေးများက ဆက်လက်၍ အသိလုပ်လိုမှုလုပ်ကြကာ ခပ်စိမ်းစိမ်း–ခပ်တန်းတန်းပင်နေတတ်ကြပေရာ အသိဖွဲ့ပေးစဉ်က စကားပြောဆိုခဲ့ရခြင်းနှင့်ပင်တင်းတိမ်ကျေနပ်ကြရလေ၏။





ယခု ဝင်းမောင်အဖို့၌ကား၊ လက်ငင်းစကားပြောဖို့ကိုပင်ခက်၍နေလေတော့၏။ ယခင်အဖြစ်အပျက်ကလေးများကိုသာလျှင် ပြန်၍တွေးမိနေကာ လိပ်ပြာမလုံဘဲရှိနေလေ၏။ ထင်ကျော်မှာ မိမိကမိတ်ဆက်ပေးလိုက်ပြီး သည့်တိုင်အောင် တစ်ဦးနှင့်တစ်ဦး,ရင်းရင်းနှီးနှီး စကားမပြောဆိုသေးဘဲ ရှိနေကြသည်ကိုတွေ့ရသဖြင့် မိမိ နောက်ပြောင်ခဲ့ခြင်းကြောင့်ဖြစ်ကြရသည်ကိုရိပ်မိကာ "ကဲ...စကား ပြောနေကြအုံးလေ၊ ကျွန်တော်ဟိုဘက်စားပွဲကိုသွားလိုက်ဦးမယ်" ဟုဆို၍ ထသွားကာ နှစ်ယောက်ထဲလွှတ်ပေး၍ ထားခဲ့လေ၏။

ထိုသို့ နှစ်ယောက်သားကျန်ရစ်ခဲ့ကြသောအခါတွင် ဝင်းမောင်မှာ ငို၍ရင်ခုန်လာလေ၏။ ထိုနောက်မှ မိန်းခလေးနှင့်ယောကျ်ားလေး နှစ်ယောက်တွေ့ကြရာတွင် မိမိက ဘာမျှတုန်လှုပ်နေစရာမရှိဟု စိတ်ကိုမနည်းကြိုးစား၍တင်းကာ ယခင်အကြောင်းကိုမေ့ပစ်နိုင်ရန် "ငါလာတာ ပျော်ရအောင်လာတာ၊ ငါ ဘာဖြစ်လို့ ဒူးတုန်နေစရာရှိသလဲ၊ ကောက်ညှင်းကစီးရမဲ့အလုပ်....ဆန်ကြမ်းက ပုတ်စော်နံနေဖို့ မလိုဘူး" ဟု နှလုံးသွင်းလိုက်ရသေ၏။

မိတ်ဆက်သဘင်ကြီးကား နှုတ်ဆက်စကား၊ ဩဘာစကား ပြောကြားခြင်းဖြင့်စခဲ့လေပြီ။ သဘင်သို့တက်ရောက်ကြသူများကား အချင်းချင်းစကားပြောရင်း စားသောက်ကြရင်းနှင့် ရင်းနှီးကျွမ်းဝင်၍ လာကြလေတော့၏။ ဝင်းမောင်နှင့် သိန်းနွဲ့တို့မှာလည်း မုန့်ပန်းကန်လှမ်းပေး၊ သကြားခပ်ထည့်၊ နို့လောင်းပေးရင်းဖြင့် တစ်ခွန်းစ နှစ်ခွန်းစ ပြောဆိုလာကြကာ တစ်စတစ်စအကျွမ်းဝင်၍လာကြလေ၏။

ထိုနောက် "သဘင်အုပ်" လုပ်သူကထ၍ အစီအစဉ်ဖတ်ကြားကာ



www.burmeseclassic.com

www.burmeseclassic.com


ပျော်ရွှင်စရာကစားခြင်းများစမည့်အကြောင်းကို ပြောဆိုလိုက်ရာ ဝင်းမေ
မှာ မိမိတို့နှစ်ယောက် မည်သို့ကစားရပါမည်နည်း။ထိုင်၍နေကြရမည်
ဟု ရင်တွင်း၌ တဒိတ်ဒိတ်ဖြစ်လာပြန်လေ၏။ ကစားမည့်အစီအစဉ်များ
နာမည်ကလေးများမှည့်ခေါ်၍ထားလေရာ၊ မည်ကဲ့သို့ကစားရသည်
လည်း နားမလည်ဘဲရှိလေ၏။ သို့ရာတွင် ဤသဘင်တွင် မိမိတို့
ယောက်ထဲသာလျှင်မဟုတ်ဘဲ အသိမိတ်ဆွေများလည်းရှိကြလေရာ၊ ထို
တို့ကလာရောက်ဆွဲငင်ပါဝင်စေခြင်းအားဖြင့် ဝင်းမောင်လည်းဝင်၍ရော
လေတော့၏။

အစတွင် ဉာဏ်စမ်းကစားနည်းကလေးများ၊ စီပေါင်းမှတ်ခြ
အရုပ်နှုတ်ခမ်းမွေးတပ်ခြင်းများမှစလေရာ၊ သိန်းနွဲ့လည်း အများနည်း
ပါဝင်၍ ကစားလေ၏။ ဝင်းမောင်သည် ထိုကစားပုံ ကစားနည်းများ
တွေ့ရသောအခါ မိတ်ဆက်သဘင်မှာ လူအများပြော၍နေကြသလော
ရမ်းရမ်းကားကားပြုလုပ် ဆော့ကမြင်းနေကြခြင်းမဟုတ်၊ ဤကစားန
များမှာ စိတ်ကူးဉာဏ်ပွင့်လန်း စိတ်ပျော်ရွှင်စေသည့် ကစားနည်းမျာ
ဖြစ်သည့်ပြင်၊ အချို့ကစားခြင်းများမှာ တစ်ယောက်ချင်းကစားနိုင်သေ
ပျော်ရွှင်မှုကလေးများဖြစ်ရကား၊ မိန်းခလေးများ၏ အကျင့်သိက္ခာ ပျ
ပြားစေသည်။ ဟိရိဩတ္တပ္ပ ကင်းမဲ့စေသည်ဟု အများဆိုနေကြခြင်း
တမင်နှိပ်စက် ချိုးဖဲ့ပြောဆိုနေကြခြင်းများပင်တကားဟု ယူဆမိလေ

တစ်ပွဲတစ်ပွဲကစား၍အပြီးတွင် မိမိတို့နေရာတွင်ပြန်၍ထိုင်ကြ
ရာ ဝင်းမောင်နှင့် သိန်းနွဲ့တို့နှစ်ဦးစလုံး၏ မျက်နှာမှာ ပျော်ရွှင် ကျေနပ်ခြ
များကို ဖော်ပြလျက်ရှိကြသည့်ပြင်၊ မိမိတို့၏ကစားရာတွင်ဖြစ်ပုံပျက်
ကလေးများကို တစ်ဦးအားတစ်ဦးပြောကာ ကြည်နူးနှစ်သိမ့်လျက်ရှိ



လေ၏။

တဖန် ခေါင်းဆောင်လုပ်သူ သဘင်အုပ်သည် အစီအစဉ်ကို ကြေငြာ
ရန် ထကာ "အခုကစားမဲ့ ဂိမ်းကတော့ ဂီတကုလားထိုင်ဆိုတဲ့ ကစားနည်း
ဘဲ" ဟု ဆိုလေ၏။

ဝင်းမောင်သည် နားမလည်သည့်အလျောက် "ဒါက ဘယ်လို လုပ်
တာလဲ" ဟု သိန်းနွဲ့အား မေးလေ၏။

သိန်းနွဲ့လည်း အဖြေမပေးနိုင်ဘဲ ဟိုကြည့် ဒီကြည့်နှင့်လုပ်နေပြီးမှ
"ကျွန်မလည်း မသိဘူး" ဟုပြောလေ၏။

"ဒါမျိုး တစ်ခါမှ မကစားဖူးဘူးလား"

"ကျွန်မ ဆိုရှယ်ကို ဒီတစ်ခါ ပထမဦးဆုံးတက်တာဘဲ၊ အဲဒါလည်း
ကျွန်မတို့မြို့ကလူတစ်ယောက်ရဲ့ မိတ်ဆက်ပွဲမို့ အတန်တန်ခေါ်လို့ တက်ရ
တာပဲ"

ထိုစကားကိုကြားလိုက်ရသောအခါ ဝင်းမောင်မှာ များစွာဝမ်းမြောက်
သွားလေ၏။ သိန်းနွဲ့ကား မိမိအထင်လွဲမိသလို မိတ်ဆက်ပွဲဆိုလျှင် ပါနေသူ
ကလေးမျိုးမဟုတ်ဟု သိရှိသွားလေ၏။ သို့သိရသော်လည်း ယခုတက်
ရောက်သည်ကိုတွေ့ရပြီ။ ဤတစ်ကြိမ် ပထမဦးဆုံးတက်ရောက်ခြင်းဖြစ်
သည်ထားဦး၊ ဤတစ်ကြိမ်တွင်ပင် သိန်းနွဲ့၏အပြုအမူကိုကြည့်၍ အကဲ
ခတ်နိုင်ပြီဟု သဘောပိုက်လိုက်လေ၏။

"မသိန်းနွဲ့…ဒီဂိမ်းကိုကော ကစားအုံးမလား"

"ကျွန်မ ဘာမှန်းလဲမသိဘူး။ မကစားချင်ဘူး။ နောက်ပြီး နှစ်ယောက်
တွဲ–သုံးယောက်တွဲ ကစားရတာတွေထဲလည်း မပါချင်ဘူး ကြည့်နေမယ်လို့
စိတ်ကူးတာပဲ"


www.burmeseclassic.com

www.burmeseclassic.com



ဝင်းမောင်မှာ သာ၍ဝမ်းမြောက်စရာဖြစ်ရပြန်လေ၏။ စောစော က သိန်းနွံ ပါဝင်ကစားသည်မှာ တစ်ယောက်ချင်းကစားနည်းများဖြစ်၍သာ ပါဝင်လေသည်။ တက္ကသိုလ်တွင် ဤသို့သောမိန်းခလေးတွေသာများကြလျှင် ကျောင်းသူကလေးများလည်း ဂုဏ်ရှိမည်။ ကျောင်း၌လည်း ဂုဏ်ရှိမည်။ မိဘနှင့်ဝေးကွာစွာ လာရောက်နေထိုင်ကြရာတွင် မိမိကိုယ်ကိုမိမိ ထိန်းသိမ်းစောင့်ရှောက်မှသာလျှင် လုံခြုံမည်ဟုတွေးမိလေ၏။

ခဏမျှကြာလျှင် ကုလားထိုင်များစီတန်းကာ တူရိယာတီးမှုတ်ပေးလျှက် ကစားသူများသည် ကုလားထိုင်များကို ပတ်ချာလှည့်၍ ပြေးနေကြပြီး၊ တူရိယာရပ်လိုက်သည်နှင့်တစ်ပြိုင်နက် နီးရာကုလားထိုင်ကို အလုအယက်ဝင်၍ထိုင်ရလေရာ၊ လက်ချင်းတိုး–လူချင်းတိုး–ရင်ချင်းတိုး–တင်ချင်းတိုးလျှက် အမျိုးမျိုးဖြစ်ပျက်နေကြသည်ကိုတွေ့ရလေ၏။ တူရိယာပြန်၍တီးလိုက်လျှင်ထ၍ ပတ်ချာဝိုင်းပြီးပြေးကြရပြန်လေ၏။ ထိုသို့ ရပ်လိုက် တီးလိုက်နှင့် ခွေးရှူး လိုက်တန်းကစားကြသကဲ့သို့ရှိကာ လုံးကျပြိုကျနှင့်၊ ထိကြ တွေ့ကြ နှင့် ကစားသူတို့မှာ အပျော်ကြီးပျော်၍နေကြလေ၏။ ကြည့်နေသူများကား ပါးစပ်တဖြဲဖြဲနှင့် တဟဲဟဲ ကျေနပ်၍နေကြကာ သြဘာပေးကြလေ၏။ ဝင်းမောင်မှုကား ဤကစားသူလေးများထဲတွင် မိမိနှမ တစ်ဦးတစ်ယောက်ပါဝင်ခဲ့ပါမူ မိမိမှာ ယခုလိုမြင်ရလျှင် မည်သို့ရှိမည်နည်းဟု မေးခွန်းထုတ်လိုက်မိလေ၏။ သိန်းနွံမူကား ပျော်ရွှင်ခြင်း၊ စိတ်ဝင်စားခြင်း စသောအမူအရာမျိုးကိုမပြဘဲ ကြည့်နေလေ၏။

နောက်ကစားနည်းတစ်မျိုး လာပြန်လေ၏။ ပွဲအုပ်သည် ဝီစီကို ကိုင်၍ ထလာလေ၏။ ကစားမည့်ကျောင်းသူကျောင်းသားများသည် တစ်ပြုကြီးစု၍နေကြရာက ခေါင်းဆောင်ပွဲအုပ်က ဝီစီမှုတ်၍ အချက်ပေးလိုက်ရာတွင် မိမ တစ်ဦးနှင့်တစ်ဦးဆွဲလွဲကာ ၆ ယောက်တွဲလိုက်ကြလေ၏။ အချက်ပေးလိုက်သည့်အခါ အတွဲဖျက်လိုက်ကြရ၏။ ဤသို့လျှင် တွဲဖြုတ်ကစားကြရာ အချို့ကျောင်းသားတို့မှာ မိမိတို့ဆွဲထားကာ လက်ဝယ်ရရှိပြီးသူကလေးလက်လွှတ်ပြီးပါသွားမည် စိုးလှသဖြင့် မိန်းခလေး၏လက်ကို ဂျိုင်းတွင်ညှပ်ထားလိုထား၊ ခါးဖက်လိုဖက်နှင့် မကြည့်ရက် မရှုရက်စရာကောင်းအောင် အချောင်အသားယူကြသည်ကို တွေ့ရလေရာ ဝင်းမောင်မှာ စိတ်ထဲတွင် တစ်မျိုးတစ်မည်ဖြစ်လာပြီးလျှင်...

"ဆိုရှယ်လုပ်တိုင်း ဒီလိုဘဲကစားကြသလား" ဟု သိန်းနွံဘက်သို့ လှည့်၍ပြောလိုက်လေ၏။

"သေသေချာချာတော့ မပြောတတ်ဘူး။ ဒါပေမယ့် ဆိုရှယ်တိုင်းဒီကစားနည်းတွေချည်း မဟုတ်ဘူး။ ကစားနည်းဆိုတာတော့ အမျိုးစုံရှိတာပေါ့။ ဒီထက် ဆိုးတာတွေလည်းရှိမယ်၊ ဒီထက် သိမ်မွေ့တာတွေလည်းရှိမယ်။ ကြိုက်တဲ့ကစားနည်းကို အစီအစဉ်ထဲထည့်တာဘဲလို့ဆိုရမှာဘဲ။ ဆိုရှယ်ဆိုရင် ဘယ်ဟာတွေကို ကစားရမယ်လို့ ပုံသေကားကျ ဥပဒေလုပ်ထားတာမှ မဟုတ်ဘဲ"

"နို့... ဒီကစားနည်းတွေကို ဘယ်သူတွေ ထွင်တာလဲ"

"ဒါတွေကတော့ အခုမှထွင်တာမဟုတ်ဘူး။ ဆိုရှယ် ဆိုတာကတော့ အနောက်နိုင်ငံဓလေ့ဖြစ်တဲ့အတွက် သူတို့နည်းတွေပဲ။ ဒါတွေ အတုယူပြီး သူတို့လုပ်သလို လိုက်ပြီးလုပ်ကြတာပဲ"

"အရင်တုန်းက ဒါမျိုးတွေလုပ်တာ မရှိဘဲ အခုမှ ဒီဟာတွေ ပေါ်လာဘာကော ဘယ်သူက သယ်လာတယ်ထင်သလဲ"

"ကျွန်မလည်း သေသေချာချာဘယ်ပြောနိုင်မလဲ။ ဒါပေမယ့်





www.burmeseclassic.com

www.burmeseclassic.com


ယုဒသန်ကျောင်းနဲ့ ဒီမှာလာပြီးပေါင်းမိကြမှ ဒါမျိုးတွေဖြစ်လာကြတယ်
လို့ ယူဆစရာရှိနေတယ်... ယုဒသန်မှာ ဒီလိုဆိုရှယ်တွေ ပေါ်ပြီးနေတာ
နှစ်ပေါင်းမရေနိုင်တော့ဘူး...၊ ဒီကျမှ ပေါ်ပြူလာဖြစ်လာတာနဲ့တူတယ်

ထိုအခိုက်တွင် ကစားနည်းတစ်ခုစပြန်သည်ကိုတွေ့ရပြန်လေ၏
ဝင်းမောင်နှင့် သိန်းနွဲ့တို့မှာ ကစားနေကြသူတို့ ဘာတွေလုပ်နေကြသည်
ဟူ၍ပင်ဝေခွဲ၍မရနိုင်။ အရပ်ထဲတွင် ယောကျာ်းလေး၊ မိန်းခလေး ရောနှော
၍ ထုတ်စီးတန်းကစားကြသည့်အခါ ပြေးကြ လွှားကြ၊ အော်ကြ ဟစ်ကြ
ငြင်းခုံတိုင်ကြားကြနှင့် ပြုလုပ်နေကြသကဲ့သို့ပင် ဆွဲကြ လဲကြ၊ ပြောဆို
ညံကြနှင့် ရှိနေသည်များကိုသာ သိရှိကာ ရင်ကို မမ,မိရုံ တမယ်မျှရှိနေကြ
လေတော့၏။

ကစားနေကြသူများကား... ဝင်းမောင်၊သိန်းနွဲ့တို့အားဆွဲ၍မရ၊ ခေါ်
မရရှိသဖြင့် ထိုနှစ်ယောက်မပါဝင်ဘဲ ထိုင်နေကြသည့် အပြုအမူသည်မိ
တို့၏အလုပ်ကို ရှုတ်ချစော်ကားနေခြင်းဖြစ်သကဲ့သို့ အချင်းချင်း မဲ့မဲ့ရွဲ့
ပြောလိုက်၊ ထိုနှစ်ယောက်အား မျက်စောင်းထိုး၍ကြည့်လိုက်နှင့် ရှိနေကြ
လေ၏။

ထိုသို့လျှင် တရုံးရုံး တအုံးအုံးရှိနေကြရာက ဖြုန်းကနဲ မီးများ ငြိမ်း၍
သွားလေရာ၊ မိန်းခလေးတို့၏လန့်ဖြန့်အော်ဟစ်သံများ၊ ပြေးကြ ဆွဲကြသံ
များမှာ ကုလားသိုက်ကျားဝင်သကဲ့သို့ ဖြစ်သွားလေ၏။

သိန်းနွဲ့လည်း ဖြုန်းကနဲဖြစ်သွားခြင်းကြောင့် ကြောက်အားလန့်အား
နှင့် ဆွဲမိဆွဲရာ အားကိုးလိုက်ရာတွင် ဝင်းမောင်၏ရင်ခွင်ထဲသို့ ရောက်၍
သွားလေ၏။ ဝင်းမောင်မှာ ရင်သွေးနထင်သွေး ဖြောင်းဆန်အောင်ခုန်
လျက် ဖက်ထားရမလိုလို၊ တွန်းပစ်ရမလိုလို မကြံတတ်အောင်ရှိသွားလေ

၏။ ဗိုနှင့်မ အတွေ့အာရုံမှာ ကိလေသာယမ်းပုံကို အစွမ်းကုန်ပေါက်ကွဲ
သွားစေလျက် အသက်ပင်မရှုနိုင်လောက်အောင် ဖြစ်သွားလေတော့၏။

ခဏချင်းပင် မီးမှာ ပြန်၍လင်းသွားသဖြင့် လူချင်းခွာကြ၊ နောက်
ဆုတ်ကြနှင့် အချို့မှာလည်း မျက်နှာကလေးများ နီမြန်းလျက်ရှိကြလေ၏။
သိန်းနွဲ့လည်း ဝင်းမောင်၏ကိုယ်မှ လျင်မြန်စွာခွာလိုက်ကာ ကြောက်အား
လန့်အားနှင့် ဖက်လိုက်မိစဉ်က ဘာမျှသတိမရသော်လည်း မီးလင်းလိုက်
သည့်အခါ ရှက်ကိုးရှက်ကန်းနှင့် ဖြစ်၍သွားလေတော့၏။

ဝင်းမောင်မှာ တောင်းပန်နေရန်လည်းမရှိသည့်အတွက် ဘာမျှမပြော
ဝဲနေကာ အသက်ရှူမမှန်သေးဘဲရှိနေခြင်းကို မှန်ကန်လာစေရန် လှုပ်ရှား
နေသောစိတ်ကိုညိမ်သက်လာအောင် ပြုလုပ်နေရလေတော့၏။ အတန်
ကြာ၍ ထိတ်လန့်ခြင်း၊ စိတ်လှုပ်ရှားခြင်းများ ပြေပျောက်သွားမှနှစ်ယောက်
စလုံး ပြုံးရွှင်လာနိုင်ကြကာ "အရေးထဲ... မီးက လဲ....." ဟု ဝင်းမောင်ကဆို
လိုက်ပြီးမှ ထိုမီးမှာ အလိုလိုဖြစ်သွားခြင်း မဟုတ်ဘဲ၊ တစ်ဦးတစ်ယောက်
က မှောင်ချပေးလိုက်ခြင်းဖြစ်ဟန်တူသည်ကို စဉ်းစားမိကာ စကားကို
မဆက်ဘဲထားလိုက်လေ၏။

ဝင်းမောင်မှာ လှုပ်ရှားခြင်းပျောက်၍သွားပြီဖြစ်သော်လည်း သိန်းနွဲ့
မှာမူကား ထိတွေ့မိသော ဗိုမဓါတ်ဆက်သွယ်မိသည့် ဓါတ်လိုက်ခြင်း မပြေ
သေးဘဲရှိလေ၏။ ထိုအတွေ့မှာ အခြားသောထိတွေ့ခြင်းမျိုးနှင့်မတူဘဲ ထူး
ခြားလှသည်ကို စဉ်းစားမိတော့၏။ စိတ်များမှာလည်း ခဏချင်းပင် ပြောင်း
လဲဖောက်ပြန်လျက်ရှိနေသည်ကို သတိပြုမိတော့၏။ တစ်နည်းလည်း ပျော်
၍လာသလိုလိုရှိလေ၏။

တစ်ဖန်...ဂန္ဓာရုံမွှေးယနံ့ကို ကြူရသော ကစားနည်းကိုခေါင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်သူက ကျေညာလိုက်ပြန်လေ၏။

ချက်ချင်းပင် အစီအစဉ်ပြောင်းသွားကာ "ရတနာသိုက်" ရာရန်ကြိုက်ရာဖို့မတစ်တွဲစီတွဲ၍ အပြင်သို့ထွက်ကြ၏။ ဤတွင်မှ ဝင်းမောင် နှင့် သိန်းနွဲ့တို့မှာ နှစ်ယောက်တည်း အခန်းတွင်း၌ကျန်ရစ်ခဲ့ကြရလေရာ၊ ဝင်းမောင်က "ဒီလာရတာ ပျော်ရဲ့လား" ဟုမေးလိုက်လေ၏။

"လာမိတာတောင် မှားတယ်လို့ထင်တာဘဲ...ကျွန်မလည်း ဒီအထဲမှာ အပါအဝင်တစ်ယောက်ပဲလို့ အထင်လွဲကုန်ကြတော့မှာပဲ"

"ဘယ်သူအထင်လွဲမှာစိုးနေလို့လဲ" ဟု ဝင်းမောင်က ခပ်ချိတ်ချိတ်လေး မေးလိုက်လေ၏။

သိန်းနွဲ့မှာ ထိုအမေးအတွက် အလိုလိုရှက်သွေးကလေးမွန်သွားလေ၏။ နောက်မှက္ကန္ဒြေဆည်လျက် "ဘယ်သူရယ်လို့ ပုဂ္ဂလမိဋ္ဌာန် မဟုတ်ပါဘူး။ အများပဲဖြစ်ဖြစ်....တစ်ယောက်ထဲဖြစ်ဖြစ် ဘယ်သူမှအထင်မလွဲစေချင်ဘူးပေါ့" ဟု ဖြေလေ၏။

အခြားသူတွေအဖို့တော့ဖြင့်မပြောတတ်ဘဲ...ဒီကတစ်ယောက်အတွက်တော့ဖြင့် မျက်မြင်ကိုယ်တွေ့မို့ အထင်မလွဲဘူးဆိုတာကို အထူးပြောနေဖို့ရှိလိမ့်မယ်မထင်ဘူး" ဟုဆိုလိုက်ပြီးနောက် မိမိ၏ စကားမှာ ပြောခွင့်ပြောထိုက်ရှိသည်ထက် နယ်လွန်၍သွားလေပြီလောဟုတွေးမိကာ စကားကိုလျင်မြန်စွာပြောင်းပြီးလျှင် "ကစား နည်းတွေကလည်း သိပ်ဆန်းကျယ်တာဘဲ...မြန်မာစစ်စစ် မိန်းခလေး တွေအတွက်တော့ ဒါမျိုးတွေနဲ့ နဲနဲမှမတော်ဘူးလို့ထင်တာပဲ။ တစ်ဦး နဲ့ တစ်ဦး ခင်မင်ရင်းနှီးဖို့ဟာ ဒီလိုကစားနည်းတွေထည့်ပြီးပေးမှ ဖြစ်ရမယ်လို့ မဆိုနိုင်ပေဘူး။ မိတ်ဆက်သဘင်လုပ်တာဟာ တစ်ယောက်နဲ့တစ်ယောက် သမီးရည်းစားဖြစ်အောင်၊ ဒါမှမဟုတ်



သမီးရည်းစားဖြစ်ပြီးသူတွေ ဒီနေရာမျိုးမှာတွေ့ကြပြီး ထင်သလိုကျင့်ကြရအောင်ဆိုတဲ့ ရည်ရွယ်ချက်မျိုးမရှိပေမယ့် အခုစံနှစ်အတိုင်းဆိုရင် ဒီသဘောမျိုးပဲကျနေတယ်။ အခု သိုက်ရှာထွက်ကြတာလဲ ကိုယ့်အတွဲနဲ့ ကိုယ် အပြင်မှာ ချောင်နိုပြီး ပြောချင်တာပြောကြရအောင် အခွင့်အရေးပေးရာရောက်နေပြီး သိုက်ရှာတာဟာ သိုက်တူး တာဖြစ်မနေပေဘူးလား" ဟု ထင်မြင်ချက်ပေးလေ၏။

"အခုလုပ်ပုံမြင်ရတာတော့ ဒီလိုတွေးဖို့ပဲရှိနေတာပေါ့။ ကျွန်မတော့ တော်ပြီ၊ ဒီတစ်ခါ ပထမဆုံးလာခြင်းနဲ့ နောက်ဆုံးလာခြင်းဘဲ"

ဝင်းမောင်သည် သိန်းနွဲ့ပြောသောစကားများကိုကြား၍ ကျေနပ်သည်ထက် ကျေနပ်ကာ သိန်းနွဲ့အပေါ်တွင် နှစ်သက်သောစိတ်များ တိုး၍လာလေ၏။ မျက်နှာမှာလည်း တပြုံးပြုံးနှင့် ရှိလေ၏။

"ကိုဝင်းမောင် ဘာတွေးမိလို့ပြုံးနေတာလဲ"

ဝင်းမောင်သည် ရုတ်တရက် လွှဲဖယ်၍အဖြေပေးဖို့ရန်ခက်နေပြီးမှ "ကပ်သီးကပ်သပ်...မီးခြစ်ဘူးထဲ နှာခေါင်းဝင်အောင်ထည့်တာ အံ့သြလွန်းလို့" ဟုဆို၍ ထိုင်ရာမှထသွားလေ၏။

ထိုနောက် မီးခြစ်ခွံတစ်ခုကိုကောက်ယူလာကာ မိမိ၏နှာခေါင်းကို စွပ်၍ကြည့်လိုက်ရာ သိန်းနွဲ့မှာ ဝင်းမောင်၏မျက်နှာကိုကြည့်ပြီး မီးခြစ်ခွံကလေးတစ်လစ်နှင့် ရယ်စရာကောင်းအောင်ဖြစ်နေသည်ကို ရယ်၍နေမိလေ၏။ ဝင်းမောင်မှာ စိတ်ထဲတွင် မိမိနှင့်သိန်းနွဲ့တို့ ယခုမှသိကျွမ်းရသည့်အဖြစ်ကိုမေ့ပျောက်နေလျက်၊ အလွန်ရင်းနှီးနေသူများဖြစ်ကြသည့်အလား ပြောင်သလိုလိုဖြင့် မီးခြစ်ခွံတန်းလန်းနှင့် မျက်နှာကြီးကို သိန်းနွဲ့ဆီသို့ထိုးလိုက်ရာ သိန်းနွဲ့မှာလန့်ဖြန့်၍ ဝင်းမောင်၏ရင်ဘတ်ကို လက်နှင့်တွန်းကာ



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်မိပြီးမှ ဝင်းမောင် တမင်နောက်လိုက်ခြင်းကိုသိကာ သွားကလေးများပေါ်အောင်ပြုံးရယ်နေရာက၊ ဝင်းမောင်သည် နှပ်ရှုတ်လိုက်ခြင်းဖြင့် မီးခြစ်ခွံကလေးကို နှာခေါင်းမှပြုတ်ကျသွားအောင်လုပ်ပြလိုက်သည့်အတွက် သိန်းနွဲ့မှာ အသံထွက်အောင်ပင်ရယ်မိလေ၏။

ထိုခဏတွင် သိုက်ရှာသူတို့ ပြန်ဝင်လာကြလေ၏။ ၎င်းတို့နှင့်အတူ အထုပ်ကြီးတစ်ခု ဟိုလက်–ဒီလက် ကူးလျက်၊ တစ်ယောက်လျှင် စက္ကူလိပ်ကလေးတစ်ခုစီယူ၍ ဖြေကြည့်ကြလေ၏။ ထိုသို့ ဖြေကြည့်ကြရင်း တစ်ယောက်လက်၌ပါသည့်အလိပ်ကို တစ်ယောက် လှမ်း၍ကြည့်ကာ ရယ်ကြ–ဟားတိုက်ကြနှင့်ရှိကြလေ၏။

အထုပ်ကြီးမှာ ဝင်းမောင်ထံသို့ ရောက်လာလေ၏။ ဝင်းမောင် သည် စက္ကူလိပ်တစ်ခုကိုယူပြီး သိန်းနွဲ့ဖက်သို့ အထုပ်ကြီးကို လှမ်းလိုက်လေ၏။ ဝင်းမောင်သည် မိမိ၏စက္ကူကိုဖြေကြည့်လိုက်ရာ "ကံကောင်းသူ" ဟုပါရှိသည်ကိုတွေ့ရပြီး၊ သိန်းနွဲ့ဖက်သို့လှမ်းကြည့်လိုက်ရာ "ဤည၏ဧကရီ"ဟု တွေ့ရကာ မည်သည့်အဓိပ္ပာယ်ရှိသည့် စာများနည်းဟု နားမလည်ရှိလေ၏။ သိန်းနွဲ့မှာလည်း ဝင်းမောင်ကဲ့သို့ပင် နားမလည်ဘဲရှိနေ၏။

ဟိုလိုက်ကြည့် ဒီလိုက်ကြည့်နှင့် လိုက်၍ကြည့်ကြသူတို့မှာ ထိုစာများကိုတွေ့ရှိရာတွင် သိန်းနွဲ့နှင့် ဝင်းမောင်တို့အား ဝိုင်း၍ လက်ခုတ်တီးကာ သြဘာပေးကြလေ၏။ ဝမ်းမြောက်ဝမ်းသာပြောကြသံများမှာလည်း ဆူညံ၍နေလေတော့၏။

ရုတ်တရက်သော် သိန်းနွဲ့နှင့် ဝင်းမောင်တို့မှာ ကြောင်တက်တက်ဖြစ်နေကြပြီးမှ တဖြည်းဖြည်း အဓိပ္ပာယ်နားလည်လာကြလျက်၊ ခေါင်းကလေးများကို ဖြည်းညှင်းစွာလှည့်ကာ တစ်ယောက်ကို တစ်ယောက်ကြည့်မိကြရာ မျက်စိခြင်းဆုံလိုက်ကြသည့်အခါတွင် စိတ်ဓါတ်ခြင်းဆက်သွယ်မိကြပြီး ရက်သွေးများဖြာ၍သွားကြလေတော့၏။

ဝင်းမောင်မှာ ဝမ်းလည်းသာလှ၏။ မျက်နှာလည်း ထူပူနေလျက်ပင်ရှိလေ၏။ ထိုနောက် မိမိတို့နှင့် မိတ်ဆက်ပေးကြ၊ လာရောက်နှုတ်ဆက်ကြနှင့်ရှိကြသည့်အခါမှ ထူပူနေခြင်းများသက်သာသွားလေ၏။

မိတ်ဆက်ပွဲ၏ အထုပ်ကြီးကိုဖြေ၍ပြီးကြလေပြီ။ အချိန်လည်း ညဉ့်နက်လာခဲ့လေပြီ။ အစီအစဉ်များလည်း ဆုံးခန်းသို့ရောက်ရှိကာ ပျော်ပွဲသဘင်ကြီးကို ရုပ်သိမ်းလိုက်လေတော့သတည်း။

## အခန်း ၅

ဝင်းမောင်သည် မိမိကျောင်းဆောင်သို့ပြန်ရောက်လာသော အခါ မိတ်ဆက်သဘင်၏စိတ်မချမ်းမြေ့စရာတို့ကို လုံးဝပြန်၍ သတိမရတော့ချေ။ သိန်းနွဲ့နှင့် တွေ့ရကြုံရ ဖြစ်ပျက်ခဲ့ရသည့်အကြောင်း များကိုသာပြန်ပြောင်းတွေးတော မနေခဲ့တွင် အကြည်ဆိုက်လျှက်၊ အခြောက်တိုက် ပြုံးစိပြုံးစိနှင့် ရှိနေလေတော့၏။ မိတ်ဆက်ပွဲကို စိတ်ပျက်ခဲ့မိသူတစ်ယောက်ဖြစ်သည့်တိုင်အောင်၊ ဤမိတ်ဆက်ပွဲရှိ၍သာ သိန်းနွဲ့နှင့် ဤသို့တွေ့ရခြင်းဖြစ်သည်ဟူ၍ ကျေးဇူးတင်ချင်သလိုလိုဖြစ်မိလေ၏။

အချိန်မှာ အတော်ပင် ညဉ့်နက်လျက်ရှိပြီဖြစ်ကာ အခန်းမီးများ မရှိတော့ဘဲ၊ အိပ်သူတို့အိပ်ကုန်ကြလျှက်၊ စာဂျပိုးအချို့တို့သာလျှင် ထမင်းစားခန်းတွင် စာကြည့်လျက်ရှိကြလေ၏။ ဝင်းမောင်မှာကား စိတ်ရွှင်လန်းပျော်ရွှင်နေခြင်းဖြင့် အိပ်၍မပျော်နိုင်ဘဲရှိနေလေ၏။





www.burmeseclassic.com

www.burmeseclassic.com


"ဒေါက်...ဒေါက်....ဒေါက်..." နှင့် အခန်းအပြင်ဘက်မှ မှန်တံခါ
ခေါက်၍ နှိုးသံကိုကြားရသဖြင့် ဝင်းမောင်မှာ အဆောင်မှူးဖြစ်လေသလော
ဟု လန့်ဖြန့်ကာလဲလျောင်းနေရာက လူးလဲ၍ထသွားပြီးလျှင် မှန်တံခါ
လိုက်ကာကလေးကို ဖြဲ၍ကြည့်လိုက်လေ၏။ ထိုသို့ကြည့်ရာတွင် အပြင်
တွင်ရပ်နေသူမှာ ထင်ကျော်ဖြစ်သည်ကိုတွေ့ရသောကြောင့်၊ အချိန်မတော်
မှလာ၍ နောက်ပြောင် နောက်ယုက်နေဦးမှာလားဟု စိုးရိမ်ကာ လိုက်ကာ
ကလေးကိုပြန်၍ပိတ်ပြီးနောက် "ကိုထင်ကျော်...ဘာလုပ်မလို့လဲ၊ အိပ်ချ
ပြီဗျာ....မနက်စောစောမှလာပါတော့" ဟု ပြောလိုက်လေ၏။

"ခင်ဗျား သိပ်တော်တဲ့လူပါလားဗျ။ ဘုရားလည်းပြီး ငြမ်းကြီးလည်
ဖျက်တော့မှာလား"

ထိုသို့ပြောလိုက်သဖြင့် ဝင်းမောင်မှာ ထင်ကျော်၏ကျေးဇူးကြော
သိန်းနွဲ့နှင့်သိရ၍ ပျော်စရာသုခကြီးခံစားရသည်ကို စဉ်းစားမိကာ၊ တံခါ
ဖွင့်ပေးလိုက်ကာ၊ "ကျွန်တော်တို့ စကားပြောနေကြရင်တခြားအခန်းက
အိပ်နေကြတဲ့လူတွေကို အနှောက်အယှက်ဖြစ်မှာစိုးလို့ပါဗျာ" ဟု စကာ
လှည့်၍သုံးရလေတော့၏။

"ဟဲဟဲ...ကိုယ့်လူတော့ လက်နဲ့စမ်းနဲ့ ရတနာပုံနဲ့ တွေ့နေပြီထင်တ
ပဲ၊ သိပ်ပြီး နေရာကျနေတာပေါ့လေ"

"နေရာကျတာတော့ ဟုတ်ပါရဲ့။ တလောက ခင်ဗျား နောက်ထ
လိုက်တဲ့ဟာကြီးက အခုနေရာကျတဲ့ အခြေအနေကရှေ့ကိုမဟိုးရဲ့အောင်
နေတာပေါ့ဗျ"

"အဲဒါကို မသိန်းနွဲ့ အကျိုးအကြောင်းရှင်းသွားပါပြီဗျာ။ ကျွန်တေ
ပြောလိုက်ပြီးပါပြီ၊ ပူမနေပါနဲ့တော့"



"ဒါနဲ့များဗျာ... ခင်ဗျားက ကျွန်တော့်ကို မြှုထားသေးတယ်"

"ခင်ဗျားကို တမင်လုပ်ထားတာပါ။ မိတ်ဆက်ပွဲတစ်ခုခုကျတော့မှ
ခင်ဗျားတို့နှစ်ယောက်ကို အသိဖွဲ့ပေးပြီး အကြောင်းကိုရှင်းပြတော့မယ်လို့
အစကတည်းက ရည်ရွယ်ထားတာပါပဲ။ အခု အရင်က ကျွန်တော်အကြည်
ဘးလွန်မိတာတွေကျေပြီမဟုတ်လား"

ဝင်းမောင်သည် ဝမ်းမြောက်သွားရုံမက ကျေးဇူးပင်တင်မိလျှက်...
"ကျေးဇူးကြီးလှပါတယ် နောင်ကြီးရာ။ ခြေသလုံးနှိပ်ပေးရမလား" ဟု
ပြောင်သလိုလိုနှင့် ခြေကိုနှိပ်နယ်ပေးမည့်ပုံလုပ်လိုက်လေ၏။

"ခြေသလုံးတော့ မနှိပ်နဲ့၊ ညောင်းလွန်းလို့ ကျောကို တစ်ချက်နှစ်
ချက်လောက်နင်းပေးပါလား" ဟုဆိုကာ၊ ထင်ကျော်သည် ဝင်းမောင်၏
ကုတင်ပေါ်တွင် အလျားမှောက်၍ အိပ်ပေးလိုက်လေ၏။

"ဟာ...ခင်ဗျားက ပြောင်သလိုလိုနဲ့ တကယ်ခိုင်းနေတာလား"

"အို....ဘယ်ကပြောင်ရမှာလဲ၊ တကယ်ခိုင်းနေတာ" ဟု ခပ်တည်
တည်ပြောသောကြောင့် ဝင်းမောင်မှာ ကျေးဇူးရှင်ကို ထော်လော်ကန့်
လန့်မလုပ်ရဲဘဲ၊ ထင်ကျော်၏ကိုယ်ပေါ်သို့တက်၍ နင်းပေးရလေ၏။

ထင်ကျော်မှာ ပြောင်သလိုလိုနှင့် အတည်ပေါက်ခိုင်းခြင်းဖြစ်လေရာ၊
တကယ်ကိုယ်ပေါ်သို့တက်၍နင်းသောအခါ ဘောလုံးကစား သူတစ်ဦး၏
အလေးဒါဏ်ကိုမခံနိုင်ပဲ၊ လေထွက်လုမတတ်ဖြစ်နေ သောကြောင့် "ဟော့
...ဆင်း ဆင်း၊ ကျွန်တော် အလကားပြောနေတာပါဗျ" ဟု ဆိုလိုက်ရလေ
၏။

ထိုသို့ပြောမှ ဝင်းမောင်လည်းဆင်း၍ပေးပြီး ကုတင်ဘေးစောင်း
ဆိုင်ကာ ရုတ်တရက် မထနိုင်ဖြစ်နေသော ထင်ကျော်ကို ကြည့်၍ရယ်မိ


www.burmeseclassic.com

www.burmeseclassic.com



လေ၏။ အတန်ကြာမှ ထင်ကျော်က "ကဲ….ကိုယ့်လူ ဆိုရှယ်ဆိုတာ တော်တော် ပျော်စရာကောင်းရဲ့လား" ဟု မေးလိုက်လေ၏။

"ဆိုရှယ် ပျော်စရာကောင်းသလား မကောင်းသလားတော့ မပြောတတ်ဘူး။ မသိန်းနွဲ့နဲ့တွေ့ရတာတော့ဖြင့် သိပ်ပျော်တာပဲ"

"သိပါတယ်ဗျာ….ခင်ဗျားတို့ကို ကျွန်တော် ခပ်လှမ်းလှမ်းကနေပြီး အကဲခတ်နေတာပါ"

"ဒါထက် ကိုဘသန်းတစ်ယောက်ကိုမေ့နေလိုက်တာ။ တစ်ခါထဲ ပျောက်နေတာဘဲ"

"ပျောက်နေဆို သူ့နှမလည်း လာနေတာတွေ့ရတော့ မတော်လို့ကိုး ယိုးကားယားတွေ မြင်နေရရင် အခက်ပဲဆိုပြီး တိတ်တိတ်လစ်ပြေးတယ်"

"ဟုတ်တယ်ဗျာ၊ ရှက်မယ်ဆိုလည်း ရှက်စရာဘဲ။ ကျွန်တော်သာ နှမရှိလို့ ကောလိပ်မှာလည်း ဒီနည်းမျိုးမိတ်ဆက်တဲ့ ဆိုရှယ်ရှိနေရင် ကျောင်းကိုမပို့ဖို့ ကန့်ကွက်မှာဘဲ။ ဒီလိုမှမဟုတ်လို့ ပို့ပြန်ရင်လည်း ဆိုရှယ်မျိုးကို မတက်ခိုင်းဘဲ တခြားနည်းနဲ့ ယဉ်ယဉ်ကျေးကျေး ဆက်ဆံတဲ့ဆိုရှယ်မျိုးကိုသာ သွားခိုင်းမှာပဲ"

"ဘာပြုလို့လဲ ကိုယ့်လူရာ၊ ကိုယ့်နှမ လင်ရမှာစိုးရိမ်လို့လား"

"လင်ရမှာစိုးရိမ်လို့ မဟုတ်ပါဘူး။ ရိုးရိုးတန်းတန်း တွေ့ကြ မြင်ကြ မေတ္တာရှိကြလို့ လင်ယူသွားရင် ကျေနပ်ပါတယ်။ အခုတော့ ဒါမျိုးတွေတွေ့ ရတာ သိပ်ရင်လေးတာဘဲ။ ဥပမာပေးရရင် ခပ်ရိုင်း ရိုင်းမို့ မပြောချင်ဘူး၊ ကြားကြရင် စိတ်ဆိုးနေကြမယ်"

"ပြောစမ်းပါအုံး… ဘယ်လိုများဆိုချင်လို့လဲ"

"ဟာ…အခုလုပ်ပုံမျိုးကတော့ မိတ်ဆက်သဘင်မှမဟုတ်ဘဲ။ အဲဒီဟာတွေ ပပျောက်ရင်ကောင်းမှာပဲ။ ဒါမျိုးဟာ လူငယ်ကြိုက် ပေါ်ပြူလာအင်မတန်ဖြစ်တဲ့ ဟာမျိုးမို့ ဒါတွေဘဲလိုက်နေကြရင် မိန်းခလေးတွေ ကိုယ်ကျင့်တရားပျက်၊ စိတ်နေစိတ်ထားပျက်ကုန်ကြမှာစိုးရတယ်။ မိန်းမတို့ ဣန္ဒြေ….."

"ဘာလဲ….ခင်ဗျား ဒုတိယအဓိပတိ အခေါ်ခံချင်နေပြန်ပြီလား"

"ခေါ်ချင်ရင် ခေါ်လေ၊ ကျွန်တော်တော့ ဘွဲ့နှင်းသဘင်မှာ အဓိပတိကြီးပြောသွားတဲ့စကားတွေ အများကြီးကျေနပ်တယ်"

"မိန်းခလေးတက္ကသိုလ်ကြီးထောင်ပေးနိုင်ရင် သိပ်သဘောတူတယ်"

"မိန်းခလေးတက္ကသိုလ်လည်း ဒီပညာမျိုးဘဲသင်ရမှာဘဲ။ ဘာထူးသလဲ။ ဘိုင်းပြည်မှာသာ တာဝန်ကြီးတစ်ခု လေးနေမှာပေါ့"

"မိန်းခလေးတက္ကသိုလ်ဆိုရင် ဒီလိုဘယ်ဟုတ်မလဲ။ အိမ်ရှင်မများ တတ်အပ်တဲ့ပညာရပ်တွေ၊ သားသမီး မွေးမြူပြုစုနည်း၊ ခေတ်စာပေပညာ၊ ကျန်းမာမှု၊ သန့်ရှင်းစင်ကြယ်ရေး၊ စားဖိုဆောင်အုပ်ချုပ်ရေးတွေ အကုန်လုံးနားလည်ထားအောင်သင်ပေးတဲ့ ကောလိပ်မျိုးကိုလိုချင်တာ"

"ဒါဖြင့် ခင်ဗျားပြောတာ လင်ယူဖို့ သင်ရတာကျနေတာပေါ့"

"အခုကော…လင်ကောင်းသားကောင်းရဖို့ ကောလိပ်ကိုလာကြတာဘဲမဟုတ်လား။ အလုပ်လုပ်ချင်လို့မှမဟုတ်ကြဘဲ။ ဘီအေအောင်ပြီး ဘီအီးဒီတက် ဆရာလုပ်ကြတာ ဘယ်နှစ်ယောက်ရှိလို့လဲ၊ အပြင်မှာ အလုပ်ထွက်ပြီးလုပ်တာကော ဘာမှမများဘူး။ အခု အရေးကြီးနေကြတာက ဒီဂရီရရင်အိုင်စီအက် ကိုမှန်းနိုင်တယ်။ "အန်ဒါ ဂရက်" ဆိုရင်လည်း ကလာ့စ်ဝမ်းလောက်တော့ သေချာတာပေါ့။ ဒါပေမယ့် လက်ထပ်ပြီးတဲ့အခါကျတော့ ဘာဖြစ်သလဲ…. အိမ်ထောင်ရေးကို နားမလည်တဲ့အတွက် အိမ်ချမ်းသာမှု





www.burmeseclassic.com

www.burmeseclassic.com



ကိုမရပဲ လင့်ဂုဏ် မယားဂုဏ် ရှိတာကလေးတစ်ခုပဲရှိတယ်။ ကျွန်တော်ပြောတဲ့ကောလိပ်မျိုးဆိုရင်.....”

“ကိုယ့်လူ ရှေ့ရောက်ပြီး ပြောမနေနဲ့။ ခင်ဗျားဆီလာတာ မိတ်ဆက်သဘင် ဖျက်သင့်၊ မဖျက်သင့်။ မိန်းခလေးတက္ကသိုလ် ရှိသင့်မရှိသင့် စကားအခြေအတင်ပြောရအောင်လာတာမဟုတ်ဘူး။ ဒါတွေကိုပြောချင်ရင်ယူနီယံဒီဘိတ်မှာ ဝင်ပြီးပြော....၊ ကျွန်တော်လာတာက မသိန်းနွဲ့နဲ့ ခင်ဗျားအကြောင်းကိုမေးမလို့” ဟုထင်ကျော်ကဝင်းမောင်၏စကားကြောရှည်ကြီးကို ဖြတ်၍ပြောလိုက်ကာ“ဘယ့်နှယ့်လဲ...ခင်ဗျားတို့တွေ့တွေ့ချင်းဘဲ နေရာကျသွားကြတယ်ထင်တယ်”ဟုဆိုလေ၏။

ဝင်းမောင်သည် ဝမ်းမြောက်ရွှင်ပြုံးစွာဖြင့် “ဒီအတိုင်းတော့ ဟန်နေတာပဲ။ တစ်ယောက်စိတ်ကို တစ်ယောက်ပါးစပ်ကမပြောဘဲသိနေကြပြီ ဒါပေမယ့်...သူ့ပါးစပ်က ဖွင့်ပြီးပြောမှသာ....”ဟု စကားမဆုံးမီ ကော်ရစ်ဒါတွင်တဂေါက်ဂေါက်နှင့် ဖိနပ်သံပေး၍လာနေသည်ကိုကြားရသောကြောင့်ငြိမ်၍သွားလေ၏။

“ဆရာ အင်စပက်ရှင်လိုက်နေတုန်းပဲ....ကျွန်တော့်အခန်းဖွင့်ထားခဲ့တယ်၊ ပြန်ပြီးလစ်ပြေးမှဘဲ”ဟု ထင်ကျော်က တိုးတိုးပြောကာဖိနပ်သံလွတ်သွားသည်နှင့် တစ်ပြိုင်နက် တံခါးကို အသာတွန်း၍ထွက်ပြေးလေ၏။ ထင်ကျော်ပြေးသည်နှင့်တစ်ပြိုင်နက် ရယ်သံတစ်ခုကိုကြားရပြီး ဖိနပ်သံပြန်၍လှည့်လာကာ “ဒီတစ်ခါမှပဲ လူပါးပုလင်းထိတော့တာပဲ...၊ သိပ်စကားများတဲ့လူ၊ ပါးစပ်ကပြောနေရင် ပိုပြီးကဲအုံးမှာ၊ ဆရာဟန်ဆောင်လိုက်တော့မှ ပြေးရော....၊ ကျွန်တော်ဝါည်း အခုမှပဲအိပ်ရတော့မယ်”ဟု လှမ်း၍ပြောသံကိုကြားရမှ ဘေးချင်းကပ်တစ်ဖက်ခန်းမှ ကျောင်းသား





ဖြစ်သည်ကို ဝင်းမောင်သိရှိရကာ ထင်ကျော် လန့်ပြေးခြင်းကို အားရစွာ ရယ်မိလေ၏။

တက္ကသိုလ်စာသင်ကျောင်းတော်ကြီး၏ မိန်းခလေးများအခန်းရှေ့တွင် လမ်းမလျှောက်ရဲသော ဝင်းမောင်မှာ နောက်နေ့တွင်လမ်းလျှောက်ရုံရုံမက အခန်းဝတွင် သိန်းနွဲ့နှင့်ရပ်၍ပင် စကားပြောနေသည်ကို တွေ့မြင်ကြရသော သူငယ်ချင်းများမှာ ဝင်းမောင်၏ပြောင်းလဲပုံ လျင်မြန်လှခြင်းကို အံ့သြ၍မဆုံးဘဲရှိကြလေတော့၏။

ထိုသို့ ရပ်၍စကားပြောနေကြရာတွင် နှစ်ဦးစလုံး၏မျက်နှာမှာ အစဉ်သဖြင့် ရွှင်ပြုံးလျှက်ရှိကြလေ၏။ ဝင်းမောင်သည် သိန်းနွဲ့နှင့် နီးကပ်စွာနေခြင်းကို ဝမ်းသာသလောက်၊ သိန်းနွဲ့မှာလည်း ဝမ်းမြောက်၍မဆုံးနိုင်သကဲ့သို့ ရှိလေ၏။

ထိုအချိန် ထိုအခါမှစ၍ ဝင်းမောင်နှင့် သိန်းနွဲ့တို့မှာ “အဲလ်စီ– အာ” ရှေ့တွင်၎င်း၊ သတ္တဗေဒအခန်း၌ မကြာခဏတွဲလျက်တွဲလျက် စကားပြောနေကြသည်ကိုတွေ့ရလေရာ၊ သိန်းနွဲ့မှာ ကျောင်းသူ အချင်းချင်းက “နွဲ့တို့များ ကောလိပ်ကိုရောက်ရတာမှာတယ်ပြီး ကုသိုလ်ထူးတယ်နော်... ချစ်မယ့် ခင်မယ့်သူတွေပေါ်ပြီးလာရတယ်”ဟု နောက်ပြောင်၍ ပြောကြလေ၏။

ထိုသို့အပြောခံရသည့်အခါတွင် သိန်းနွဲ့မှာ မိမိတို့ကို တစ်ယောက်နှင့်တစ်ယောက် မေတ္တာရှိ၍နေကြပြီဟုထင်နေ၍ပြောကြခြင်းပေလားဟု တွေးစားစရာရှိသည်ကိုတွေ့နေရလေ၏။ “နို့.... ချစ် နေကြတာမဟုတ်လို့လား”ဟူသောမေးခွန်းကို မည်သူမျှမမေးရဘဲ မိမိကိုယ်ကိုမိမိ ပြန်၍မေးမိလေ၏။ ထိုသို့ မိမိကိုယ်ကို စစ်ဆေးကြည့်လိုက်သည့်အခါတွင် ချစ်နေကြ



www.burmeseclassic.com

www.burmeseclassic.com

သည် ဟူ၍လည်း အဖြေမပေးနိုင်။ မချစ်ဘူး ဟူ၍လည်း အဖြေမထွက်ဘဲ
သောကြောင့် "အထင် မလွဲကြပါနဲ့ကွယ်...၊ ကိုယ်တို့က ခင်မင်တဲ့လူချင်း
စကားပြောနေကြတာပါ" ဟု ပြန်၍ သူငယ်ချင်းများ၏ စကားကို ဖြေရှင်း
လိုက်လေ၏။

"ဟော...အိုးမလုံလို့ အုံပွင့်လာပြီ...၊ သူ့ကို ဘယ်သူနဲ့စကားပြော
တယ်လို့လဲ စွပ်စွဲတာမဟုတ်ဘဲ၊ ချစ်သူပေါ်တာကိုပြောမိတာနဲ့ပဲ မလုံ
ဖုံးနေတာပေါ့"

သိန်းနွဲ့မှာ စကားပြန်၍မချေတတ်အောင်ရှိကာ "အနွဲ့ကို ဒီလို မစ
နဲ့နော်။ အနွဲ့က မခံချင်ရင်...." ဟု စကားမဆုံးဘဲထား၍....။

"မခံချင်ရင် ဘာလုပ်အုံးမှာလဲ" ဟု မေးမှ......၊

"ငိုလိုက်မှာပေါ့" ဟု စကားရွှန်းပြောလိုက်ခြင်းအားဖြင့်ပြောလျှက်
နေကြသည့်စကားကို လွှဲဖယ်ပစ်လိုက်ရလေ၏။

သိန်းနွဲ့မှာ နေ့စဉ်ကျောင်းတက်တိုင်း ဝင်းမောင်အား တစ်နေ့မမြင်
လျှင်မနေနိုင်သကဲ့သို့ရှိမိလေ၏။ ထိုသို့ရှိခြင်းကို ကိုယ်တိုင်စဉ်းစားမိသော
လည်း မိမိ၏မေတ္တာစိတ်သည် ဝင်းမောင်အပေါ်၌ ရှူးရောက်နေသည့်
အတွက်ဖြစ်သည်ဟု ဝန်မခံလိုဘဲ၊ ဝင်းမောင်နှင့် စကားပြောရသည်မှ
နှစ်သက်ပျော်ရွှင်ဖွယ်ရှိလှသည့်အတွက် တွေ့လိုခြင်းဖြစ်သည်ဟူ၍သာစိတ်
ထဲတွင်နှလုံးသွင်းထားမိလေ၏။

သို့ရာတွင် ကျောင်းသူကလေးများက မိမိအား မကြာခဏ နှော
ပြောင်ကြသည်ကို သေချာစွာတွေးလိုက်သောအခါ၊ အချစ်သည် လူ
လှည့်စားတတ်သည့်အတိုင်း မိမိသည် မိမိ၏ကိုယ်ကို ပြန်၍လှည့်စားက
ဝင်းမောင်အပေါ်၌ မိမိ၏ချစ်နေမိခြင်းကိုပင် မိမိမသိဘဲရှိလေရော့သလား





ဟု တွေးစရာရှိလာလေ၏။

"ငါ သူ့ကိုချစ်နေတာ မဟုတ်ဘူး။ တို့များပြောတဲ့စကားထဲမှာ ချစ်
တယ်ဆိုတာမှ မပါဘဲ၊ သူကလည်း မပြော၊ ငါကလည်း ပြောတာမဟုတ်။
ရိုးရိုးတန်းတန်းသာ ပြောနေကြတာဘဲ" ဟူ၍ သိန်းနွဲ့၏ ရှက်ကြောက်ခြင်း
နှင့် မာနစိတ်သည် မိမိကိုယ်ကို ပြန်၍ပြောဆိုမိလေ၏။

ဝင်းမောင်မှာမူကား၊ မိမိအား သိန်းနွဲ့ မေတ္တာရှိနေပြီဟု စိတ်ထဲတွင်
သေချာ၍နေလေ၏။ သို့ရာတွင် သိန်းနွဲ့၏နှုတ်ဖျားကလေးများမှ ချစ်ပါ
သည် ဆိုသည့်စကားကို မကြားရသေးသမျှ "မောင်ပိုင်" မဖြစ်နိုင်သေး
သည့်အတွက် မည်သည့်နည်းနှင့် ထိုစကားကိုရအောင်လုပ်ရပါမည်နည်း
ဟု မကြံတတ်ရှိလေ၏။

ဝင်းမောင်မှာ တိုင်ပင်စရာဟူ၍ ထင်ကျော်သာလျှင်ရှိရကား၊ "ကိုထင်
ကျော် ကျွန်တော်တော့ မသိန်းနွဲ့ကို သိတ်စွဲနေပြီ။ သူကလဲ ကျွန်တော့်ကို
ချစ်တယ်ဆိုတာ ပါးစပ်ကဖွင့်မပြောပေမယ့် အမူအရာနဲ့သိနိုင်တာဘဲ။ ဒါ
ပေမယ့် ဒီစကားကို ကျွန်တော်မကြားရသေးသမျှ စိတ်အေးနိုင်မှာမဟုတ်
ဘူး။ အတိအလင်းသိရအောင် ဘယ်လိုလုပ်ရမလဲ" ဟု တိုင်ပင်မေးမြန်း
လေ၏။

ထင်ကျော်ကား အဖြေမပေးဘဲ ပြုံးရယ်လျှက်၊ "စွဲတာ...စွဲတာ" ဟု
နောက်တီးနောက်တောက် လုပ်နေလေ၏။

"စွဲလို့ဒီလိုပြောနေတာပေါ့၊ ကိုထင်ကျော်ရာ။ မေးတာကိုဖြေစမ်းပါ
အုံး"

"ခင်ဗျား......သူ့နှုတ်ဖျားကလေးက ဖွင့်ပြောတာကြားချင်သလား"

"ချစ်တယ်လို့ ပြောလိုက်ထာကလေး သိပ်ကြားချင်တာဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြားချင်ရင် လူချင်းဒါလောက်ရင်းရင်းနှီးနှီးဖြစ်နေမှဘဲ အတိအလင်းမေးလိုက်ပါလား။ ခင်ဗျားက ချစ်ပါတယ်၊ ချစ်ရဲ့လားလို့ မမေးဘဲနဲ့တော့ မိန်းခလေးကစပြီးပြောဘို့အခက်သားဘဲ"

"ကျွန်တော်လဲ မေးဘို့ကြိုးစားတာဘဲ။ ဒီစကားကိုဘဲ ပါးစပ်ထဲက မထွက်နိုင်ဘူး။ ပြောမဲ့ကြံတိုင်း ငါထင်မိသလိုမဟုတ်ဘဲ..... သူ မကြိုက်လို့ တစ်ခုခုပြောလိုက်ရင်ရှောက်ကျတော့မှာဘဲလို့ တွေးပြီး လန့်နေမိတာနဲ့ မပြောရဲဘူး"

"မပြောရဲရင် ဒီလိုလုပ်"

"အင်း.......လုပ်စမ်းပါအုံး သူကစပြီး.....မပြောဘဲမနေနိုင်တဲ့နည်းကလေးပေးနိုင်ရင်တော့ ကျေးဇူးပါဘဲ"

"ခင်ဗျား.... ညအိပ်ရာဝင်ခါနီးမှာ နပူးကိုမင်နဲ့ဖြစ်ဖြစ်၊ အိုးမဲနဲ့ဖြစ်ဖြစ် ကြက်ခြေခတ်၊ ခင်ဗျားမျက်နှာကိုမှန်ထဲမှာ သေသေချာချာကြည့်၊ ငှက်ပြောသီးကို အခွံနွှာပြီးဝါးမစားဘဲ တစ်လုံးလုံးမျိုချ....."

"ဟာ – ခင်ဗျားက မဟုတ်တာတွေ ကြံဖန်ပြောတော့မယ်"

"ဟုတ်ထာ မဟုတ်ထာတော့ မသိဘူး – ဒါပေမဲ့ ငှက်ပြောသီး နင်ပြီး မျက်လုံးပြူးနေတဲ့မျက်နှာဟာ သောက်ကြိုးနဲ့ ရီစရာကောင်းတာကို မှန်ထဲမှာမြင်ရလိမ့်မယ်"

"တော်ပါဗျာ – တွေ့ကရာတွေ....."

"နောက်ပြီး – ငှက်ပြောသီးလည်ချောင်းထဲက ဆင်းမသွားခင် လမ်းခုလပ်မှာ ဟောဒီဂါထာကိုရွတ် ဦး – မောင်ကြီးနှမ ပုကွကွ" ဟုထင်ကျော်က ရှေ့ရှောက်၍ မဟုတ်ကဟုတ်ကပြောမည် လုပ်နေသောကြောင့်၊ ဝင်းမောင်က "ငှက်ပြောသီးနင်နေရတဲ့အထဲ – စကားပြောနိုင်ပါအုံးမလားဗျ – ရွတ်မနေစမ်းပါနဲ့ အတည်ပြောစမ်းပါအုံး" ဟုပြောလိုက်ရလေ၏။

"အတည်ပြောပါပကော – ခင်ဗျားနှုတ်ကမှမစရင် သူကစပါ့မလား – ဒါကိုပြောလို့မှ ခင်ဗျားကသဘောမပေါက်သေးတော့ မဟုတ်တာတွေရှောက်ပြီးပြောဘို့ရှိတော့တာပေါ့"

"စာရေးရရင် – ကောင်းမလား"

"အခုလိုတစ်ယောက်နဲ့တစ်ယောက် သိပ်ရင်းနေတဲ့ အခြေအနေကို ရောက်မှတော့ဖြင့် စာမရေးလေနဲ့။ သူရဲဘောနည်းရာ သတ္တိနည်းရာလဲ ရောက်တဲ့ပြင်၊ အလိုလို လူချင်းပြန်ပြီးစိမ်းသွားတတ်တယ်။ ကျွန်တော်တွေ့ရသမျှတော့ဖြင့် ဒီနည်းလုပ်တဲ့လူတွေဟာ တရာမှာကိုးဆယ်လောက် ခွါပြသွားကြတာသာ များတာဘဲ။ စာရေးတယ်ဆိုတာဟာ ပါးစပ်နဲ့ပြောခွင့်ဆိုခွင့်မရမှ လုပ်တာမျိုး၊ ပြောခွင့်ဆိုခွင့်ရပြီးသားကို စာရေးလိုက်ရင် ကိုယ့်လမ်း ကိုယ်ပိတ်တာနဲ့အတူတူဘဲ" ဟုထင်ကျော်က အကြံဉာဏ်ပေးလေ၏။

ဝင်းမောင်မှာထင်ကျော်၏ စကားများကို ဟုတ်သလိုလို အောက်မေ့ကာ အတော်ကလေးသဘောပေါက်၍သွားလေရကား။ လူချင်းတွေ့လျှင် ရဲရဲတင်းတင်းပင်ဖွင့်၍မေးလိုက်တော့မည်။ မနှစ်သက်၍ပျက်ကြရလျှင်လည်းပျက်စေတော့၊ ယခုကဲ့သို့ တအုံအုံနွေးနွေးနေရခြင်းကားစိတ်အဆင်းရဲဆုံး ဖြစ်သည်ဟူ၍ နှလုံးပိုက်လိုက်မိလေ၏။

ဘသန်းမှာ ဝင်းမောင်နှင့် ရင်းနှီးချစ်ခင်သူတစ်ယောက်ဖြစ်သော်လည်း ကျောင်းတွင် ဝင်းမောင်နှင့် သိန်းနွဲ့တို့ယှဉ်တွဲစကားပြောဆိုနေကြသည်ကိုမိမိကိုယ်တိုင်လည်းတွေ့ရ၊ မလိုသူတို့ပြောသဖြင့်လည်းကြားရသေးရာ၊ ထိုသို့လူအများ အပြောခံရခြင်းကိုရှက်၍လာရကား၊ သိန်းနွဲ့အား





www.burmeseclassic.com

www.burmeseclassic.com



အနေအထိုင်ဆင်ခြင်ရန် သတိပေးထားလိုက်လေရာ၊ ဝင်းမောင်က မိမိ၏ မေတ္တာရှိခြင်းကိုဖွင့်လှစ်ပြောဆိုပါတော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်သည့် အခါကျမှ ရေးကကဲ့သို့ အလွယ်တကူ မတွေ့ရတော့ဘဲရှိနေလေ၏။

ထိုသို့မတွေ့ရခြင်းမှာ ဘသန်းပိတ်ပင်မှုကြောင့်ဖြစ်သည်ကိုဝင်းမောင် သိရှိသော်လည်း ဘသန်းအပေါ်တွင် မည်သည့်နည်းနှင့်မျှ စိတ်ဆိုးရန် အကြောင်းမရှိ၊ မိမိကိုသာလျှင် ဘသန်းစိတ်ဆိုးသည်ဆိုပါက စိတ်ဆိုးခြင်း ခံထိုက်သည်ဟူ၍သာတွေးမိကာ၊ မိတ်ဆွေချင်းချင်း စိတ်ဝမ်းကွဲပြားခြင်း မရှိစေရန် မိမိနှင့်တွေ့ရန် သိန်းနွဲ့ဆင်ခြင်သကဲ့သို့ မိမိကလည်းသိန်းနွဲ့ အားတွေ့ရန်ကို ဆင်ခြင်နေရလေ၏။

သို့အားဖြင့် ဝင်းမောင်မှာ အလိုလို အခက်ကြုံစရာပေါ်ပေါက်၍လာ သည်ကို တွေ့ရလေရာ၊ တစ်နေ့တွင် မမျှော်လင့်သောအရာတစ်ခုကိုတွေ့ရ လေ၏။ ထိုနေ့ကား တနင်္ဂနွေနေ့ဖြစ်လေရာ၊ ရွှေတိဂုံ ဘုရားသို့ အာရဏ် တက်ကြ၍ ဘုရားကို သက်စေ့ပတ်ပြီး ဘုရားဖူး လာသူမိန်းမပျိုကလေး များကို သက်စေ့ပိုးလေ့ရှိသော ကျောင်းသားအချို့တို့၏ဆွဲဆောင်ခေါ်ငင် ခြင်းအားဖြင့် ဝင်းမောင်မှာ ဘုရားကြီးသို့ပါသွားလေ၏။

ဝင်ဒါမီယာခြံကြီးကို ဖြတ်၍ရွှေတိဂုံဘုရားဖူးတက်ရသည်မှာ အညောင်းအညာပြေ၊ နံနက်ခင်း၏ သန့်ရှင်းသောလေပြည်ကိုရှူရှိုက်ရ သည်သာမက၊ စေတနာသဒ္ဒါတရားပွားများကြည်နူးဘွယ်ရာဖြစ်သည်ကို ဝင်းမောင်တွေ့ရှိရလေရာ၊ ထိုအလုပ်မှာ ကောင်းသောအလုပ်ကြီးတစ်ခုပေ တကားဟု နှလုံးပိုက်မိကာ အပါတ်တိုင်းဘုရားဖူးတက်ရန်ကိုပင် စိတ်ခွဲဆုံး ဖြတ်လိုက်မိလေ၏

ဘုရားပေါ်သို့ ရောက်သောအခါတွင် ဘုရားရှိခိုးဝတ်ပြုပြီး နောက် အဖေါ်ကျောင်းသားတို့သည် ဘုရားယင်ပြင်တော်တွင်လှည့်ပတ်ကာ အာရုံကပ်ရန်လာကြသူကလေးများကို "ရစ်" ၍နေကြသော်လည်း ဝင်းမောင်ကားလူရှင်းသည့် ဒေါင့်တစ်နေရာဝွင်ထိုင်ကာ ဘုရားကိုအာရုံ ပြုနေလေ၏။

သို့နှင့်ရောင်နီများ တစ်ဖြည်းဖြည်းပေါ်ထွက်လင်းကျင်း၍လာလေ ရာ၊ ဘုရားဖူးတက်သူများ တစ်စတစ်စများပြားလာကြသည်ကိုတွေ့ရလေ ၏။ ဝင်းမောင်ကား အာရုံပြန်လွှင့်ခြင်းမရှိဘဲ။ စိတ်ထဲတွင် ကြည်လင်ချမ်း သာသော သုခကိုခံစားကာ ဘုရားကိုသာလျှင် ကြည်ညို၍နေလေ၏။ ထို အခိုက်တွင် ဆူဆူညံညံနှင့် မိန်းမပျိုကလေးတစ် သိုက်ဘုရားဖူးရောက်၍ လာကြသဖြင့် ဝင်းမောင်သည် စိတ်မပြန့်လွင့်အောင် မနည်းကျိုးစား၍နေရ ရာက၊ အချင်းချင်းအင်္ဂလိပ်လိုငင်း၊ အင်္ဂလိပ်စကားညှပ်၍ငင်း၊ ပြောဆိုကြ သံကိုကြားရသောကြောင့် မကြည့်ဘဲမနေနိုင်ဖြစ်မိ၍ ကြည့်လိုက်ရာ၊ အင်း လျားဆောင်မှ ကျောင်းသူကလေးတစ်သိုက်ဖြစ်သည်ကိုတွေ့ရလေ၏။

"လက်စသတ်တော့ ဒီငနဲတွေ တနင်္ဂနွေနေ့တိုင်းဘုရားဖူးလာကြတာ ကျောင်းကကောင်မကလေးတွေလာကြတာကြောင့်ကိုး။ ကျောင်းသူတွေ ကလဲ ဘုရားကြည်ညိုတာကနဲနဲ ကျောင်းမှာတွေ့ရတာအားမရလို့ ဘုရား ကိုတောင် နယ်ချဲ့လာကြတာဘဲထင်ပါရဲ့" ဟု ဝင်းမောင်၏စိတ်တွင် ထင် မြင်မိကာ တစ်ဖြည်းဖြည်းဝေးသွားကြသည့်အခါကျမှ ဘုရားကိုပြန်၍အာရုံ ပြုနိုင်လေ၏။

ခဏမျှကြာသောအခါ မိမိနှင့်အတူလာကြသူများထဲမှ ကျောင်းသား တစ်ယောက် ဝင်းမောင်ထံသို့ရောက်လာပြီးလျှင် "ခင်ဗျားကိုရှာလိုက်ရတာ ဗျာ နံ့နေတာဘဲ" ဟုမေးလေ၏။





www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုတွေ့လိုက်ပြီလားမေးတာလဲ – ကျောင်းကဟာတွေ လား"

"ဟာတွေ မဟုတ်ဘူး – ဟာကလေး ဟာကလေး"

"ဘာ....."

"ရိပ်မိသားနဲ့ မေးမနေစမ်းပါနဲ့ဗျာ – နာမည်ကလေးကိုဘဲ အထပ်ထပ်ကြားနေချင်မှတ်တယ်"

"အဟုတ်ပါ.......ခင်ဗျားပြောတာ ကျွန်တော်နားမလည်ဘူး"

"ခင်ဗျားမသိန်းနွဲ့......ဘုရားပေါ်လာတာ မတွေ့လိုက်ဘူးလား"

"ဟုတ်လား......ဘယ်မှာလဲ"ဟုဝင်းမောင်ကပြူးတူးပြဲတဲနှင့်ဝမ်းသာအားရပြော၍ထလိုက်ရာ၊ မိတ်ဆွေဖြစ်သူက"အလို.....ဘာဝနာတွေပွားပြီး – ချာန်ရလို့ – ချာန်ကြွတော့မလား ...... ဆွဲထားပါရစေ" နောက်ပြောင်ကာကျောက်ပြာ့ပေါ်တွင်ထိုင်ပြီးဝင်းမောင်အား ဆွဲထားလေတော့၏။

"သိပ်နောက်တဲ့ လူဘဲကိုး.....ကျွန်တော်ကတကယ်လာလို့ပြောသလားလို့"

"နောက်ထာမဟုတ်ပါဘူး။ တစ်ကယ်လာတာပါဘဲ.....ဟဲဟဲ... ဘုရားကိုအာရုံပြုနေတဲ့လူလားဗျာ.....ဒီစကားကြားလိုက်ရတော့ ဝေါက်ခနဲထတာ"

"လာတယ်ဆိုတော့....တွေ့ချင်တာပေါ့ဗျ"

ထိုအခါမှလာ၍ပြောသူက၊ ဝင်းမောင်အားခေါ်၍သွားကာ၊ အနောက်ဘက်တန်ဆောင်းထဲတွင် ဘုရားဝတ်ပြုနေသော သိန်းနွဲ့အားခပ်လှမ်းလှမ်းမှနေ၍ပြကာ "ဟောဟိုမှာ သူတစ်ယောက်ထဲ ကျန်ရစ်ခဲ့တယ်......သွားပေတော့" ဟု ဆိုလေ၏။

ဝင်းမောင်မှာ အနားသို့ကပ်ရမည်ကို ရွံ့တွန့်တွန့်ဖြစ်ကာတွေတွေ





ကြီးရပ်နေသည့်အတွက်၊ "ဘာဖြစ်နေတာလဲဗျ......ခင်ဗျားက ဘုရားပေါ်နောက်ပိုးရအောင်လာတယ်ထင်သွားမှာ စိုးလို့လား – သွားလေ....... ရှိခိုးပြီးတော့မယ် – သူ့လက်ထဲက ပန်းတို့၊ ဖယောင်းတိုင်တို့ယူပြီးကပ်ပေးမှပေါ့" ဟုမိတ်ဆွေဖြစ်သူက တိုက်တွန်းလိုက်သည့်အတွက် ဝင်းမောင်လည်း သိန်းနွဲ့ရှိခိုးနေရာသို့လာခဲ့လေ၏။

ဝင်းမောင်မှာ သိန်းနွဲ့အားယခုမှတွေ့ရ မြင်ရဘူးသူမဟုတ်၊ ကျောင်းတွင် အမြဲတွေ့၍ ရဲရဲတင်းတင်းစကားပြောဆိုနေခဲ့ကြပါလျက်၊ ယခုမူ စိတ်ထဲတွင် အကြံရှိနေပြီဖြစ်ခြင်းကြောင့်၊ သိန်းနွဲ့နှင့်နီးလေ ရွံ့၍လာလေဖြစ်နေကာ၊ တလန်လောက်အကွာသို့ရောက်မှ တွေတွေကြီးရပ်၍နေမိပြီး နောက်သို့လှည့်ကြည့်လိုက်ရာ၊ မိမိအားတွန်း၍လွှတ်လိုက်သူက "ရှေ့တိုးပါ......အနားကပ်ပြီးထိုင် စမ်းပါ.....၊ အို.....တယ်ငကျတဲ့လူဘဲကို၊ ထိုင်ပါ အဲဒီလိုလုပ်ပါ" ဟုဆိုသကဲ့သို့လက်ဟန်ခြေဟန်နှင့်ပြနေသည်ကို တွေ့ရလေ၏။

ထိုသို့တွေ့ရသည့်အတိုင်း – ၎င်း၏ညွှန်ကြားသင်ပြသလို.... ရှေ့တိုးလိုက် – နောက်လှည့်ကြည့်လိုက် အနားကပ်လိုက်ပြန်ကြည့်လိုက်နှင့်၊ သိန်းနွဲ့အား ဝင်တိုက်မိတော့မည့်ကဲ့သို့ဖြစ်ခါမှ၊ ကိုယ်ကို မနဲပြန်၍ထိန်းလိုက်ရပြီး သိန်းနွဲ့နှင့်ဘေးချင်းယှဉ်၍ထိုင်လိုက်မိလေ၏။

ဝင်းမောင်မှာတစ်ကိုယ်လုံးတုန်လျက်ရှိကာ၊ စိတ်ကူးထားသမျှအားလုံးမေ့ပျောက်သွားပြီးဘာလုပ်ရမည်မသိသကဲ့သို့ဖြစ်၍နေလေတော့၏။ သို့ရာတွင်ထိုသို့ထိုင်နေ၍မပြီး၊ ဘုရားလည်းရှိခိုးကာ မိမိရောက်ရှိနေခြင်းကို သိသာအောင်လုပ်မှဘဲဟု အကြံရပြီးလျှင်၊ "ဩဃာ....သ၊ ဩဃာသ.....သ" နှင့်သံရှည်ဆွဲကာ – ယောင်ယောင်မှားမှားဖြင့် ဓါတ်စက်အပ်



www.burmeseclassic.com

www.burmeseclassic.com



သွားချော်၍နေသလို – ဩဃာသ ၆ ကြိမ်ဆိုမိပြီးမှ "အစိန္တေယျ.....အပ္ပမေယျ.....ကျေးဇူးတော်အစုံ၊ ဂုဏ်တော်အပေါင်း နှင့်ပြည့်စုံတော်မူသော......" ဟုအသံကျယ်လောင်ကျယ်လောင်ဖြင့် ရှိခိုး၍နေလေ၏။

သိန်းနွဲ့မှာ – မည်သည့်ရေချမ်းဆရာ မိမိအနားသို့ရောက်၍ လာလေရော့သနည်းဟု၊ ဦးခေါင်းကလေးကို အနည်းငယ်ငဲ့၍ကြည့်လိုက်ရာ၊ ဝင်းမောင်ဖြစ်သည်ကို တွေ့ရသဖြင့်ရွတ်ဆိုနေသောဘုရားရှိခိုးခြင်းကို ရပ်၍ သွားမိလေ၏။ ခဏမျှကြာမှ သတိရပြီး ဘုရားဘက်သို့လှည့်၍အာရုံပြုကာဆက်လက်ရွတ်ဆိုရလေ၏။

သို့ရာတွင် သိန်းနွဲ့ကား စောစောကကဲ့သို့ အာရုံဝင်စားရှူးစိုက်ခြင်း မရှိတော့ဘဲ၊ ယောင်မှားကုန်ပြီကိုသိရသဖြင့် ရှိခိုးခြင်းကို အတို နှင့်ဖြတ်၍ ရွတ်ဆိုရလေ၏။ ထိုနောက်သိန်းနွဲ့သည်ရှိခိုးပြီး၍ ပန်းကပ်– ဘုရားမီးပူဇော်ရန်ထလိုက်ရာတွင်၊ ဝင်းမောင်မှာ ရှိခိုး၍မပြီးသေးဘဲရှိခြင်းကြောင့် မထနိုင်ဘဲ၊ ဖြတ်လမ်းနှင့် အတိုရှန်းရလေ၏။

ဤသို့ရှိခိုးနေခိုက် ဝင်းမောင်၏ဦးနှောက်တွင်းဝယ်အကြံဉာဏ်တစ်ခု ရုတ်တရက်ပေါ်ပေါက်၍လာလေ၏။ထိုအကြံမှာကျောင်း၌ဖတ်ရသော ဘုရားတိုင်ရတုကိုပြေး၍သတိရခြင်းဖြင့် မိမိ၏အချစ်ကို ဘုရားသို့တိုင်၍ ဆုတောင်းခြင်းဖြင့် သိန်းနွဲ့ကြားအောင်ပြုကာ မိမိ၏မပြောရဲဘဲရှိသော စကားကို သိရှိသွား စေရန်အကြံပင်ဖြစ်ပေ၏။

ထိုသို့အကြံပြုမိသည့်အတိုင်း "သုံးလူ့မှန်ကူသယမ္ဘူ၏ လေးဆူအမြတ် ဆံတော်မြတ်တို့ မပြတ်ကိန်းအောင်းရာဖြစ်တော်မူသော ရွှေတိဂုံ ဆံတော်ရှင်ဘုရား ....., ဘုရားတပည့်တော်သည် – ဤနေ့ ဤရက် – ဤနံနက်၌ – အသက်တစ်မျှချစ်လှသူနှင့်၊ အတူယှဉ်တွဲ၊ လွန်ကဲသဒ္ဓါထက်



သန်စွာဖြင့် နိမ်ကာရိုကျိုး ရှိခိုးဦးခိုက်ပါ၏ အရှင်ဘုရား၊ တပည့်တော်သည် ဤချစ်သူအား ဆံဖြူသွားကျိုးရိုး မြေကျတိုင် ခိုင်မြဲမေတ္တာရှိပါမည်ဟု – သစ္စာပြုပါသည် ဘုရား။ဤမှန်သောစကားကြောင့် မခြားနှောင်ခါဖြစ်လေရာ၌ ကြင်နာစုံဘက် လက်တွဲယှက်၍ မပျက်မေတ္တာ......" ဟူ၍ရှိခိုးလျက်ရှိလေရာ၊ သိန်းနွဲ့သည် ရှိခိုးပြီး၍မီးပူဇော်နေရင်းက ကြားရသောကြောင့်၊ စိတ်ထဲတွင် လှုပ်ရှားခြင်းဖြစ်ကာ၊ အံ့အားသင့်နေရာက တစ်ဖြည်းဖြည်း ရက်စိတ်ရက်သွေးများဝင်၍လာပြီးလျှင် ဆက်လက်မကြားရဲ၊ မနေရဲတော့သလိုဖြစ်မိလေ၏။

ဝင်းမောင်ကား – အစတွင် ထစ်ငေါ့ထစ်ငေါ့နှင့်ရှိနေရာက တစ်ဖြည်းဖြည်း – အာဝဇ္ဇန်းရွှင်၍လာကာ၊ သွက်သွက်လက်လက်ကြီးရွတ်ဆို ဦးကန်တော့ပြီးသည့်နောက်၊ ဘေးသို့လှည့်ကြည့်လိုက်ရာ သိန်းနွဲ့ကို မတွေ့ရတော့ဘဲရှိလေ၏။ နောက်သို့လှည့်ကြည့်ပြန်ရာလည်းမမြင်ရတော့ချေ။ သို့ဖြစ်၍ – ဟိုကြည့် ဒီကြည့်နှင့် ကြည့်နေပြီးနောက်၊ ရပ်၍နေသော မိမိ၏မိတ်ဆွေထံသို့ပြေးသွားပြီး "ဘယ်သွားသလဲ – ဘယ်သွားသလဲ" ဟု ပြာပြာသလဲမေးလေ၏။

"မြောက်ဘက်ထွက်သွားတာဘဲ.....ခင်ဗျားဘာတွေ နောက်တီးနောက်တောက်ရောက်လုပ်ထာလဲ.....သူ့ကြည့်ရတာစိတ်ဆိုးသွားတဲ့ မျက်နှာကြီးမျိုးနဲ့ တွေ့လိုက်ရတယ်"

ဝင်းမောင်သည် မိမိ၏အပြုအမူမှာ – မှားလေသလောဟု စိတ်ထင့် ဖွင့်မပြောဘဲ၊ "ကျွန်တော်လား – ခင်ဗျားမြင်တဲ့အတိုင်းရှိ ခိုးနေတာဘဲ" ဟုခပြာပြာပြီးလျှင် "လာဗျာ.....လိုက်ရအောင်" ဟုဆိုကာ ထိုသူအားဆွဲခေါ်၍ သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက်နှစ်ယောက်သားခပ်သုတ်သုတ်လိုက်ကြရာဘုရားများကို တစ်ပတ်ပါတ်မိကြ၍ မတွေ့ဘဲရှိမှ "ဆင်းသွားပြီလားမသိဘူး" ဟုဆိုကာ သွေးဆေးကန်ဘက်သို့ဆင်းကြလေ၏။ ထိုသို့ဆင်းခဲ့ကြရာတွင်၊ ပန်းဆိုင် တစ်ဆိုင်တွင် ပိုက်ဆံရှင်းနေကြသော ကျောင်းသူကလေးများကိုတွေ့ရပြီး မိမိတို့လာနေသည့်ဘက်သို့ မျက်နှာလှည့်နေသော သိန်းနွဲ့ကိုမြင်ရသဖြင့် ဝင်းမောင်ကလှမ်း၍ပြုံးရယ်နှုတ်ဆက်လိုက်လေ၏။

သို့ရာတွင် သိန်းနွဲ့သည် ဝင်းမောင်ကိုမြင်သည်နှင့်တစ်ပြိုင်နက် ချာကနဲ မျက်နှာလှည့်၍သွားလေရာ၊ ဝင်းမောင်မှာ ရှေ့သို့မတိုးရဲအောင် ကာ၊ ရောက်ရာနေရာတွင် ရှေ့မတိုးနောက်မဆုတ်ရပ်နေမိပြီး၊ အူကြောင် ကြောင်ဖြစ်လျက်ငေးကြည့်နေမိလေတော့၏။ ထိုသို့ရှိနေစဉ်မှာပင် သိန်းနွဲ့ တို့ဆင်း၍သွားကြလေရာ၊ ထိုအခါမှ ဝင်းမောင်မှာပြေး၍လိုက်မိသော် လည်း ဆက်၍မလိုက်နိုင်ဘဲ စောင်းတန်းဦးမှ မျှော်မှန်းကြည့်လျက်ကျန် နေခဲ့ရလေ၏။

## အခန်း ၆

ကျောင်းသို့ပြန်၍ရောက်သောအချိန်တွင် ဝင်းမောင်မှာ စိတ်အညို ကြီးညစ်လျက်ရှိလေတော့၏။ မိမိအားသိန်းနွဲ့စကားမပြော၊ အတွေ့ မျက်နှာခြင်းမျှမဆိုင်ဘဲရှိသည်မှာ မိမိအပေါ်တွင် ဒေါကန်စိတ်ဆိုး၍သွား ချေပြီ။ မိမိသည်သိန်းနွဲ့အားစိတ်ဆိုးစရာ မည်သို့လုပ်ခဲ့မိချေပြီနည်း ပြန်လှန်တွေးတောနေမိလေ၏။ သို့ရာတွင်စိတ်ဆိုးစရာ မိမိပြုလုပ်မိသည် ကို ဘာမျှစဉ်းစား၍မမြင်ဘဲရှိပြီးမှ မိမိအပြုအမူကို သေချာစွာအနုလုံပဋိ





လောမ်ကြည့်ရာတွင်......။

"ဟာ.......ငါမှားတာဘဲ။ ဘုရားပေါ်မှာ သူ့အနားကပ်ပြီး ငါရှိခိုးမိ တာဟာ ငါလုပ်ထာ ငါအကောင်းထင်ပေမဲ့ သူ့ကိုလှောင်သလိုပြောင်သလို ရှုးကြောင်ကြောင်လုပ်ရာကျနေတယ်။ ငါ့ကိုယ်က အရူးထနိုင်လွန်းလှ တယ်" မိမိကိုယ်ကို အပြစ်တင်မိလေ၏။

"ခက်တော့တာဘဲ ငါသူ့ကို ဘယ်လိုလုပ်ပြီးတောင်းပန်ရမှာလဲ ချက် ခြင်းတောင်းပန်ရရင်ကောင်းမှာဘဲ၊ ဒါပေမဲ့ – သူတို့ဟောလ်ကို ငါသွားလို့ လဲမဖြစ်ဘူး။ သွားရင်လဲ အတွေ့ခံချင်မှ ခံမယ်.....ကျောင်းမှာတွေ့ကြပြန် ရင် ငါ့ကို မခေါ်မပြောဘဲလုပ်နေရင် ငါသူ့ကိုစကားပြောခွင့် ရတော့မှာ မဟုတ်ဘူး။ ခက်ပြီ – ခက်ပြီ – ငါ့လမ်းငါပိတ်မိတာဘဲ" ဟု ဝင်းမောင်မှာ ကြံတတ်မစီတတ်ရှိ၍နေကာ ကုလားထိုင်ပေါ်တွင် လှဲ၍ခွေလိုက်နှင့်ဖြစ် နေလေတော့၏

ထိုသို့ရှိနေစဉ် ထင်ကျော်ဝင်ရောက်၍လာကာ "ကိုဝင်းမောင် ခင်ဗျား ဘာပြုလို့ ထမင်းလာမစားတာလဲ – ကျွန်တော်က ခင်ဗျားမြို့ထဲသွားနေလို့ ရှိဘူးလားလို့" ဟုမေးလေ၏။

ထိုအခါမှ ဝင်းမောင်မှာ ထမင်းစားခေါင်းလောင်းထိုးလိုက်သည်ကို ကြားမိ၊ ထမင်းစားချိန် လွန်၍သွားပြီကို ယခုမှသိရလျက် မိမိ၏ဖြစ်ပျက် နေပုံကို ထင်ကျော်မရိပ်မိစေရန် "ကျွန်တော်မနက်က ဘုရားအာရုံတက် သွားရင်း ကြာဇံကြီးတွေစားလာတာ ရင်ပြည့်နေလို့" ဟုပြန်၍ပြောလိုက် လေ၏။

"ခင်ဗျား – မျက်နှာကြည့်ရတာလဲ သိပ်မကောင်းဘူး။ ဘာဖြစ်နေ သလဲ – နေမကောင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"နေကောင်းပါတယ် – မနက်က စောစောထရလို့ အိပ်ပျက်တာနဲ့တူ ပါတယ်" ဟု ပြန်၍ပြောလိုက်ပြီးနောက် ထင်ကျော်အား ဖွင့်ဟ၍ ပြောဆို တိုင်ပင်ရလျှင်ကောင်းမည်လား၊ မိမိ၏ ရက်စရာဖြစ်ခဲ့ရပုံကို ဖေါ်ပြလိုက် ပြီးအနောက်အပြောင်ခံရခြင်းသာလျှင် အဖတ်တင်၍နေမည်လားဟု တွေ ဝေစိတ်ကူးနေမိလေ၏။ ထိုနောက်မှ မပြောတာ အကောင်းဆုံးပါဘဲလေဟု စိတ်ပိုင်းလိုက်လေ၏။

သို့ဖြစ်၍ ဝင်းမောင်သည် ထိုစကားကိုပြောင်းလဲရန်စိတ်ကူးကာ "ဒီ ထက်ဗျာ – အခုတစ်လောကိုဘသန်းတစ်ယောက် ကျွန် တော့ဆီသွားလာ လာလားတယ်ပြီးမရှိလှတော့ဘူး၊ မသိန်းနွဲ့နဲ့ ကျွန်တော်နဲ့ ဘာလိုလိုဖြစ်နေ တာကိုဘဲ သူ့စိတ်ထဲမှာ သဘောမကျ ဖြစ်နေလို့လားမသိဘူး" ဟုဆိုလေ ၏။

"ခင်ဗျား သူ့အကြောင်းမသိသေးဘူးလား"

"ဟင့်အင်း – ဘယ်လိုအကြောင်းလဲ"

"သူ – ခင်ဗျားနဲ့ အရင်ကလို သိပ်ပြီးမတွေ့ဘဲနေတာ ခင်ဗျားကို မတွေ့ချင်လို့ စိတ်ဆိုးလို့မဟုတ်ဘူး။ သူ့မှာ စကော့ဈေးကဆိုလား ကမာရွတ်ကဆိုလား မြာကလေးတစ်ယောက်နဲ့ တွေ့နေလို့ အဲဒီကိုဘဲ သွား သွားနေတာ" ဟုထင်ကျော်ကပြော၍ပြလေ၏။

"သူ့မြာကလေးကို ခင်ဗျားမြင်ဘူးသလား"

"တစ်ခါမှ မတွေ့ဘူးဘူး.........သူက တစ်ယောက်ထဲကြိတ်ကြိတ် သွားနေတာ ဒီလိုနေ့ရာမျိုးကြတော့ ကျွန်တော့ကိုမခေါ်ဘူး"

"နာမယ်ကော......"

"မေးလို့ကိုမရဘူး – ဒီအကြောင်းကို သိရတာတောင်မှ သူရေးတဲ့





ကို ရေးနေရင်းမိလို့"

ဝင်းမောင်သည် ခေတ္တမျှ ညိမ်သက်စွာ စဉ်းစား၍နေပြီးနောက် "ဒီလို ဆိုရင် ဒီလူဂျောက်ကျနေမှာ စိုးရတယ်" ဟုဆိုလေ၏။

"ဘာပြုလို့ဂျောက်ကျရမှာလဲ၊ ဒီကောင်မကလေးဟာ ကောင်း မကောင်းခင်ဗျားသိလို့လား"

"ကောင်းမကောင်းသိလို့မဟုတ်ဘူးလေ – ဒီနှစ်သူဖိုင်နယ်ယီးယား ဖြေရမယ်မဟုတ်လား။ ကောင်းကောင်းမကောင်းကောင်း အဲဒီကိုသာ သူ မကြာခဏသွားနေရင် ဒီဂရီနဲ့တော့ဝေးပါသေးရဲ့ –ဒီနှစ်ဟာသိပ်အရေး ကြီးတာ"

"ဒါပေမဲ့ သူကအတည်လုပ်နေတာမှမဟုတ်ဘဲ။ အပျော်လုပ်နေတာ ပါလို့ဆိုတာဘဲ – မကောင်းတာလိုက်စားနေရင်ရောဂါရပြီး ဒေါက်တာရော ဘတ်နဲ့ပေါင်းနေရမယ်တဲ့......ဒါမျိုးတော့ စိတ်ချရတာပေါ့တဲ့"

"အဲဒါ သာပြီးဆိုးတာပေါ့ – သူကအပျော်ဆိုပေမဲ့ ဟိုက အတည်မှန်း နေရင် ကျားပိန်တွယ် တွယ်နေမှာ။ ကောလိပ်ဂျင်မှန်းသိလို့ ဟိုကလက်ခံ နေတာ၊ အလွတ်ပေးပါ့မလား"

ထင်ကျော်သည် ဝင်းမောင်ပြောသည့်စကားများမှာ ဟုတ်သလိုလိုရှိ သည်ကို စဉ်းစားမိကာ၊ ခေါင်းတစ်ညိတ်ညိတ်နှင့်တိတ်ဆိတ်စွာနေလေ တော့၏။

ထိုနောက်မှ ဝင်းမောင်က "သူလည်း – သူ့ဇာတ်သူနိုင်လို့ကတာဘဲ လေ......သိပ်ပူနေဘို့လဲမလိုဘူးထင်ပါရဲ့" ဟုပြောပြီးနောက် ထိုနေ့ အတွက် နံနက်စာမစားရသေးသဖြင့် ဝမ်းတွင်း၌ ဆာလောင်၍လာသော ကြောင့် ကျောင်းတွင်းရှိလဘက်ရည်ဆိုင်သို့ သွားစားရန်၊ "ကဲ – လာဗျာ



www.burmeseclassic.com

www.burmeseclassic.com



တပ်(က်)ရော့ပ်, ကိုသွားရအောင်" ဟုထင်ကျော်ကိုခေါ်၍ထွက်သွားကြလေ၏။

နောက်နေ့တွင် ကျောင်းတက်ရန် ရောက်ရှိလာသောအခါ၊ ဝင်းမောင်သည် သိန်းနွဲ့နှင့်တွေ့အောင် ကြိုးစား၍ မိမိ၏အမှားအယွင်းကိုတောင်းပန်ရန်စိတ်ပိုင်းဖြတ်လိုက်လေ၏။ သို့ရာတွင် သိန်းနွဲ့မှာ ဝင်းမောင်နှင့်တွေ့ရသည့်အခါတိုင်း၊ တစ်ယောက်ချင်းမဟုတ်ဘဲ၊ အဖော်ကျောင်းသူကလေးများနှင့် တွဲလျက်ဖြစ်နေသည့်ပြင်၊ ဝင်းမောင်ကိုမြင်လျှင် မျက်နှာလွှဲသွား၍ငင်း၊ မျက်နှာထားကြီး နှင့်ငင်း၊ စိတ်ဆိုးမပြေသေးသည့် အမူအရာကိုပြသလျက်ရှိသောကြောင့်၊ မိမိပြောလိုသည့်စကားကို ပြောဘို့မဆိုထားဘိ၊ နှုတ်ပင်မဆက်ရဲအောင်ရှိသောကြောင့် စိတ်အကြံအိုက်၍နေလေတော့၏။

လွန်ခဲ့သည့်အခါများကမူ၊ သိန်းနွဲ့သည် အဖော်များနှင့် အတူတူလျှောက်၍လာစေကာမူ ဆီး၍ပြုံးရယ်နှုတ်ဆက်လိုက်ခြင်းအားဖြင့် စကားပြောရန်ရပ်ကျန်လေ့ရှိပေ၏။ ယခုမူကား မိမိနှုတ်ဆက်ပြုံးရယ်လိုက်လျှင်ပြန်၍မပြုံးဘဲ နှုတ်ခမ်းစူသွားလျှင်ငင်း၊ ပမာမခန့်ဂရုမစိုက်လုပ်သွားလျှင်ငင်း၊ သရော်သလိုလိုလုပ်ကာ အချင်းချင်းပြောဆိုရယ်မောသော"၍သွားကြလျှင်ငင်း၊ အရှက်ရချေတော့မည်ဟု စိတ်ထဲ၌အောက်မေ့ကာ။ တစ်ယောက်ချင်းတွေ့ဘို့ရန်ကိုသာ အာရုံပြုမိလေ၏။

သို့ဖြင့်တစ်ချိန်ကတစ်ချိန်သို့ပြောင်း၍လာခဲ့ရာ၊ ညနေပိုင်းသို့ ရောက်၍လာခဲ့လေ၏။ ဝင်းမောင်ကား၊ ထိုနေ့တစ်နေ့လုံးအတန်းမတက်ဘဲ မိမိ၏နာမည်ကိုလိမ်၍ထူးပေးရန် "ဘာသာအတွဲ" အတူအညီယူသည့် အတန်းသားတစ်ယောက်ကိုမှာကြားခါ၊ သိန်းနွဲ့နှင့် တစ်ယောက်ချင်းတွေ့ဘို့ရန်ကိုသာအမြဲလိုက်၍ချောင်းနေလေတော့၏။ ထိုသို့လျှင် စိတ်မလျှော့ဘဲလိုက်လျက်ရှိရာ၊ ညနေပိုင်းတွင် အခန်းတစ်ခုထဲမှ ထွက်၍လာသောသိန်းနွဲ့ကိုမြင်ရသဖြင့် "နွဲ့.....နွဲ့" ဟု ခေါ်ကာ အနားသို့ ခပ်သုတ်သုတ်ရောက်သွားလေ၏။

သိန်းနွဲ့သည်မိမိအားခေါ်သံကြားရသဖြင့် လှည့်၍ကြည့်လိုက်သည်တွင် ဝင်းမောင်၏မျက်နှာကိုမြင်ရသောကြောင့် ဒေါသဖြစ်သွားသော မျက်နှာဖြင့် ခါးကလေးကိုလက်တစ်ဘက်နှင့်ထောက်ကာ စိုက်ကြည့်နေပြီးနောက် အဘက်မလုပ် အတွေ့မခံလိုသည့်အလား၊ ရပ်မနေဘဲ ဆက်လက်၍ထွက်သွားလေရာ ဝင်းမောင်မှာငေး၍ကျန်ရစ်ရှာလေ၏။

ဝင်းမောင်ကားစိတ်ထဲတွင် ဝမ်းနည်းပက်လက်ကြီးဖြစ်လျက်၊ မျက်နှာလည်းပျက်၍နေပြီး၊ မလှုပ်မရှက်ရှိနေလေ၏။ ထိုသို့ရပ်တွေ နေရာက – သိန်းနွဲ့၏နောက်သို့ ပြေး၍လိုက်ရလျှင်ကောင်းမည်လား။ စိတ်လျှော့လိုက်ရလျှင်ကောင်းမည်လားဟုမဝေခွဲရှိလေ၏။ ထိုနောက်မှ မိမိမလိုက်ဘဲနေလျှင် ရှေ့တွင်ဆက်၍လည်းမကြံနိုင်တော့။ တစ်ခါတည်း စိတ်လျှော့လိုက်ဘို့သာရှိတော့သည်။ ယခုဆက်လိုက်ပြီးပြောဆိုလျှင်မူကား၊ မျှော်လင့်ချက်ရှိသေးတော့သည်။ မိမိက လွန်ခဲ့မိသည့်အမှုကို ပြောလည်းခံဆိုလည်းခံရန်သာရှိသည်ဟု စိတ်ပိုင်းဖြတ်လိုက်မိသည့် အခိုက်မှာပင်။ သိန်းနွဲ့သည် မိမိအားနောက်သို့ တစ်ချက်လှည့်ကြည့်လိုက်သည်ကိုတွေ့ရ၍၊ ထိုသို့လှည့် ကြည့်လိုက်ခြင်းသည် ဝင်းမောင်အား၊ အားပေးသကဲ့သို့ရှိသည့်အတွက် ညိမ်သက်ရပ်တည်နေသောခြေထောက်များသည်လှုပ်ရှားခြင်းပြုကာ၊ သိန်းနွဲ့၏ နောက်သို့ခပ်သုတ်သုတ်လိုက်လေတော့၏။

ထိုသို့လိုက်ခဲ့ရာတွင် သိန်းနွဲ့သည် သတ္တဗေဒအခန်းထဲသို့ ဝင်၍သွားသည်ကို မြင်လိုက်ရလေရာ။ မိမိတို့တွေ့ဆုံနေကြအခန်းဖြစ်သော





www.burmeseclassic.com

www.burmeseclassic.com

ကြောင့် မိမိအားတွေ့ရန်စောင့်နေခြင်းပင် ဖြစ်မည်လောဟု စိတ်ထဲ၌မျှော်လင့်သည့်အတိုင်းတစ်ကယ်ပင် စောင့်စားနေသည်ကို တွေ့ရသောကြောင့် များစွာအားတက်သွားလေ၏။

သိန်းနွဲ့၏မျက်နှာတွင်ကား၊ ပြုံးရယ်ခြင်း ပြုံးစူခြင်းမရှိဘဲ တည်ကြည်ဣန္ဒြေရစွာရှိလျက် ဝင်လာသော ဝင်းမောင်ကိုရှုးစိုက်၍ ကြည့်နေလေ၏။ သိန်းနွဲ့၏ အမူအရာကား "ဘာပြောချင်လို့လဲ" ဟုမေးနေသကဲ့သို့ရှိလေ၏။

"နွဲ့နွဲ့......ကိုဝင်းမောင်အပေါ်မှာ၊ ဘယ်လိုမကြေနပ်ထားရှိလို့"

ဝင်းမောင်မှာ မရဲတစ်ရဲနှင့်ပင် ထိုစကားများကို ပါးစပ်မှထွက်အောင် မနဲကြိုးစားအားထုတ်လိုက်ရလေ၏။

သိန်းနွဲ့သည် ဝင်းမောင်၏အမေးကို တိုက်ရိုက်မဖြေဘဲ။ "ကိုဝင်းမောင်......မနေ့က၊ ဘုရားပေါ်မှာ ဘာလုပ်တယ်ဆိုတာ၊ ပြန်ပြီးမှတ်မိရဲ့လား" ဟုမေးလေ၏။

ဝင်းမောင်မှာမိမိအား သိန်းနွဲ့က "ရှင်" နှင့်မပြောဘဲ "ကိုဝင်းမောင်" ဟု ခေါ်လိုက်သည်ကို ကြားရခြင်းအားဖြင့် လူချင်းမျက်နှာချင်းဆိုင်တွေ့ရသည့်အခါတွင်၊ သိန်းနွဲ့မှာဒေါသအနည်းငယ်ပြေပျောက်၍ သွားလေပြီဟုယူဆကာ၊ ဝမ်းသာစရာစိတ်၌တွေ့ကြုံရလေ၏။

သိပါတယ် – နွဲ့ရယ်။ ကိုဝင်းမောင် ဘာလုပ်မိတယ်ဆိုတာ သတိရပါတယ်။ ဒါပေမဲ့ ဘာကြောင့် ဒီလိုလုပ်မိတယ်ဆိုတာ၊ နွဲ့နွဲ့ သိရဲ့လား"

သိန်းနွဲ့၏ မျက်နှာကလေးမှာတစ်မျိုးတစ်မည်ပြောင်းလဲ၍လာသည်ကိုတွေ့ရပြီးနောက် "ဘာကြောင့်လဲပြောပါအုံး – ဒီကလဲ အဲဒါကိုသာ သိချင်တယ်......" ဟုထုချေလွှာတောင်းသည့်လေသံဖြင့်ပြောလေ၏။





"အခုမှတော့ဖြင့် မထူးတော့ပါဘူးနွဲ့ရယ်။ ဖွင့်ပြီးပြောပါရစေတော့......ကိုဝင်းမောင်ဟာ နွဲ့ကို ကျောင်းမှာစပြီးမြင်ကထဲက စိတ်ထဲမှာအစွဲလန်းကြီး စွဲမိပြီး – တစ်နေ့ထက်တစ်နေ့မေတ္တာတွေတိုးလာတာဘဲ......"

ဝင်းမောင်မှာ စကားမဆုံးမီသိန်းနွဲ့၏ မျက်လုံးကလေးများပြူးသွားပြီးနောက် သရော်သည့် မျက်နှာထားမျိုးဖြစ်ပေါ်ပြောင်းလဲသွားသည်ကိုမြင်ရသဖြင့် စကားဆက်၍ပြောရန်ကိုပင်ရွံ့သွားကာ – စကားကိုရပ်နားနေလိုက်သည့်အတွက်၊ သိန်းနွဲ့က "ကိုဝင်းမောင်..... နွဲ့ကိုမေတ္တာရှိတယ်ဆိုတာ နွဲ့မှာဘာကို ချစ်စရာရှိလို့လဲ။ ဘာဟာချစ်စရာလဲ" ဟုမေးလိုက်လေ၏။

ထိုအမေးကလေးမှာ လွယ်လွယ်နှင့် အဖြေရခက်သွားလေ၏။မိမိ၏မေတ္တာရှိသည်ဆိုခြင်းမှာ အလကားစကားဖြစ်သည်။ လိမ်လည်ခြင်းဖြစ်သည်ဟု ဆိုရာရောက်နေသောကြောင့်၊ အဖြေကိုရရန် အတော်ပင် စိတ်ကူးထုတ်လိုက်ရပြီးမှ "မေတ္တာဆိုတာ ချောတဲ့ လှတဲ့ ရုပ်ရည်ကလေးမြင်ရလို့လဲဖြစ်ပေါ်တတ်တာဘဲ။ စိတ်သဘောကလေးကိုနှစ်သက်လို့လဲ ဖြစ်လာတတ်တာဘဲ။ မချောမလှနဲ့အုံး ဘဝက ပါရမီရေစက်ဆုံခဲ့တဲ့အတွက်လဲ – မြင်မြင်ချင်း မေတ္တာရှိ တတ်တာဘဲ။ နွဲ့နွဲ့ကိုတော့ချောလဲချောလှလဲလှတဲ့အပြင်။ နွဲ့နွဲ့ရဲ့စိတ်သဘောဖြူစင်တာကလေးကိုသိရတဲ့အတွက် ဘဝရေစက်ဆုံခဲ့လို့ ပြာဖုံးတဲ့ မီးခဲလိုဖြစ်နေတဲ့ မေတ္တာဟာ တစ်ဟုန်းဟုန်းတောက်ပြီး လာတော့တာဘဲ" ဟု အရဲစွန့်၍ ပြောလေ၏။

သိန်းနွဲ့သည်ဝင်းမောင်၏ စကားများကို ကြားရခြင်းအားဖြင့် စိတ်ထဲတွင်လှုပ်ရှား၍ သွားလေ၏။ ထိုနောက်ဝင်းမောင်၏ ကြွယ်ဝသောစကားများမှာ အကယ်ပင်ဖြစ်သော စိတ်မှထွက်ပေါ်လာခြင်းဖြစ်ပါရဲ့လား



www.burmeseclassic.com

www.burmeseclassic.com

ဟု သံသယရှိမိကာ "ကိုဝင်းမောင်.....စာရေးဆရာလုပ်မလို့ ကြိုးစားနေသလား" ဟုမေးလိုက်လေ၏။

ထိုအမေးသည် ဝင်းမောင်အားမျက်နှာမဲ၍သွားစေလေတော့၏။ သိန်းနွဲ့၏စကားမှာ သရော်သည့်လေသံပါရှိလျက်၊ မိမိအားအရူးလုပ်နေခြင်းလော၊ ပြောင်လှောင်နေလေသလော။ ယမန်နေ့က ဘုရားတွင် မိမိပြုမိသည်ကို ပြန်၍လက်စားချေနေခြင်းလောဟု အမျိုးမျိုးစဉ်းစားစရာ ဖြစ်ပေါ်လာလေ၏။ သို့ရာတွင် ပြောသမျှခံ – လုပ်သမျှခံကာသိန်းနွဲ့၏ဂရုဏာသက်၍လာအောင်ကြိုးစားရန် စိတ်ပိုင်းဖြတ်ထားပြီးဖြစ်ရကား။ "ဒီကစိတ်ထဲမှာရှိသမျှတွေ အမှန်အတိုင်းဖွင့်ပြောတာဘဲ။ တစ်ကယ်ဖြစ်တဲ့မေတ္တာစစ်ဟာ ရေတံခွန်ပမာ – ဒလဟောစီးဆင်းနေတဲ့အတွက် ကိုဝင်းမောင်မေတ္တာရှိနေ တယ်ဆိုတဲ့ အကြောင်းများဟာလဲ နွဲ့နွဲ့ကြားရတဲ့အတိုင်းထွက်လာတာပါဘဲ" ဟုပြန်၍ပြောလေ၏။

ဝင်းမောင်မှာမိမိသည်ဤစကားများကို ဤမျှလောက်ပြောတတ်မည်ဟု မထင်ခဲ့မိပေ။ ဤသို့သာပြောနိုင်မည်ကိုသိလျှင်၊ ယခင်ကပင် ပြောခဲ့မိလေမည်။ ဘုရားတွင် သစ္စာတိုင်ခဲ့သလို ရှုးကြောင်ကြောင် ပြုလုပ်မိမည်မဟုတ်ချေ။ ယခုမူကား မပြောမပြီးမတီးမမြည်ဆိုသလို ပြောစရာရှိ၍ပြောလိုက်ရခြင်းဖြစ်ရာ၊ ယခုကဲ့သို့ ပြောလိုက် မိသည့်အခါမှ၊ "ကိုယ်ချစ်ထာကိုယ်ပြောရတာ ဘာမှကြောက်စရာ မရှိဘူး......ပြော.....ပြော.....ဖွင့်နှစ်ပြီးပြော" ဟုမိမိ၏ စိတ်က မိမိကိုအားပေးလျက်ရှိလေ၏။

သိန်းနွဲ့မှာ ညိမ်သက်၍သွားလေ၏။ တင်းမာနေသော မျက်နှာသည် ပြေ့ပြောင်း၍လာလေ၏။ ရှုံနေသော အသက်မှုကား လျှင်မြန်၍လာသည်ကို မို့မောက်သောရင်ကလေးများလှုပ်ရှားနေခြင်းဖြင့် သိသာနိုင်လေ၏။





"ကိုဝင်းမောင် နွဲ့အပေါ်မှာ မေတ္တာရှိတယ်ဆိုရင်.....ရှိတဲ့အတိုင်းဖွင့်ပြီးပြောပါလား.....ဘုရားမှာ ကိုဝင်းမောင်နဲ့ နွဲ့နဲ့မေတ္တာရှိပြီးသားဖြစ်တဲ့အတိုင်း သစ္စာတိုင်တာဟာကောင်းသလား ......နွဲ့ကို တမင်လှောင်ပြောင်နေတာမဟုတ်ဘူးလား"

"ကိုဝင်းမောင်ပြုလုပ်မိခဲ့သမျှတောင်းပန်ပါရစေ နွဲ့ရယ်...... နွဲ့ စိတ်ဆိုးရင်လဲခံရမှာဘဲ.....ကိုဝင်းမောင်လုပ်မိတာဟာ နွဲ့ကိုဖွင့်ပြီး မပြောရဲလို့ မေတ္တာရှိကြောင်းသိပါစေတော့ဆိုတဲ့သဘောနဲ့ လုပ်မိတာပါဘဲ"

"နို့ အခုပြောနေတာတွေက မရဲလို့ပြောတာလား"

"အခုကတော့ ပြောရတော့မဲ့ အခြေအနေရောက်နေလို့ ဆိုဆိုဆဲဆဲခံတော့မယ်လို့ စိတ်ပိုင်းဖြတ်ပြီးပြောရတော့တာပါ"

သိန်းနွဲ့သည် တွေဝေ၍သွားလေ၏။ ထိုနောက်မှ "ကိုယ်မေတ္တာ ရှိရင်ရှိတယ်လို့ပြောတာဘာကြောက်နေစရာရှိသလဲ။ အပြောခံရတဲ့ လူကကောစိတ်ဆိုးစရာဘာမှမရှိဘူး။ ပြန်ပြီးမေတ္တာရှိရင် လက်ခံရုံဘဲ" ဟုဆိုလေ၏။

ထိုစကားသည် ဝင်းမောင်အား လွန်စွာအားတက်သွားမိစေလျက်၊ "အခု – ကိုဝင်းမောင် မေတ္တာရှိတယ်ဆိုတာကြားရပြီမဟုတ်လား" ဟုမေးလေ၏။

"ကြားပြီလေ......သိပြီ"

"သိရင် နွဲ့သဘောကဘယ်လိုလဲ"

"နွဲ့ ဝမ်းနည်းပါတယ်၊ ကိုဝင်းမောင်အပေါ်မှာ နွဲ့ စိတ်ထဲက ခင်မင်ရင်းနှီးတဲ့ စိတ်ဘဲထားပါတယ်" ဟုသိန်းနွဲ့က ပြန်၍ပြောလိုက်လေ၏။

ဝင်းမောင်မှာ တစ်မျက်နှာလုံးမဲ့၍သွားလေ၏။ နားထင်နားရင်းများလည်းထူပူ၍သွားကာမိမိကြားရသည့်စကားများမှာ အကယ်ပင်ဖြစ်မှဖြစ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com

လားဟူ၍ပင် ထင်မိလေ၏။ သို့ရာတွင် ကြားရသည်မှာ နားနှင့်ဆတ်ဆတ် ဖြစ်လေရကား။ မိမိအားမေတ္တာမရှိဟု သိရခြင်းသည်ပင်၊ သိန်းနွဲ့ကမူမိမိ အားမောင်ကြီးအရင်းကဲ့သို့ သဘောထားလျက်မိမိကမူ မရိုးသားသောစိတ် ထားရှိသည့် သဘောမျိုး ရောက်နေသောကြောင့်ရက်လည်းရက်မိလေတော့ ၏။

"နွဲ့ရယ်.....တစ်ဘက်သားက နွဲ့အပေါ်မှာ ဒါလောက်မေတ္တာရှိနေမှန်း သိရက်နဲ့ နဲနဲကလေးမှ ပြန်ပြီးမေတ္တာမတုံ့နိုင်ဘူးလား"

"မေတ္တာတုံ့ပြန်တယ်ဆိုတာ နဲနဲကလေးလဲအတူတူဘဲ။ များများလဲ အတူတူဘဲ၊ ကိုဝင်းမောင်အပေါ်မှာ ငါးရာနှစ်ဆယ်ရှစ်သွယ်ဆိုတဲ့ မေတ္တာ မျိုးနဲ့ ခင်မင်နေတာဟာ တစ်မျိုးပြောင်းပြီးမလာနိုင်ဘူး"

"မျှော်လင့်စရာနည်းနည်းကလေးမှ မရှိတော့ဘူးလားနွဲ့ရယ်"

"နွဲ့ပြောပြီးပြီ၊ ထပ်ပြီးပြောနေဘို့ မရှိတော့ဘူး.....ကိုဝင်းမောင် နွဲ့ကို မေတ္တာရှိကြောင်းလဲပြောရပြီ – နွဲ့လဲ နွဲ့ရဲ့စိတ်ကိုဖေါ်ပြလိုက်ပြီ၊ အဲဒီတော့ ကိုဝင်းမောင်အပေါ်မှာ တစ်မျိုးပြောင်းပြီး မချစ်နိုင်တာကို သိရရင် ရှေ့ကို မဆက်စေချင်တော့ဘူး – သိရက်သားနဲ့ တိုးလာရင်တော့တမင်နှောက် ရှက်ရာရောက်နေပြီဖြစ်တဲ့အတွက် ကိုကိုသန်းကိုလဲ ပြောရလိမ့်မယ် – ပရင်စီပဲလ်ကိုလဲတိုင်ရလိမ့်မယ်"

ဤတွင်ပင် ဝင်းမောင်မှာဇက်ကြီးကျိုးကျ၍သွားလျက် မလှုပ်နိုင် မရှားနိုင် ပြန်၍လည်းမပြောနိုင်ရှိပြီး ဝမ်းနည်းပက်လက်ကြီးဖြစ်နေလေ တော့၏။ သိန်းနွဲ့ကား ဝင်းမောင်၏ အမူအရာကိုမြင်ရခြင်းအားဖြင့် ဂရုဏာသက်မိသော မျက်နှာကလေးပေါ်လာပြီးမှ စိတ်ကိုတင်းလိုက်ပြီး လျှင် "ဘဝရေစက်မဆုံလို့ မေတ္တာမဖက်ကြရတာကို စိတ်အညစ်ကြီးညစ်





ပြီး ရေထဲခုန်ဆင်းမယ်ဆိုတာတော့ မကြားပါရစေနဲ့၊ အဖန်ငါးရာ ငါးကမ္ဘာ ခံရတာတဲ့တယ်ဆိုတဲ့အတိုင်း ဖြစ်တတ်ရင် နောင်ဆုံမိရာဘဝတွေမှာလဲ ဒီလို ဘဲ မေတ္တာလွဲပြီး ရေထဲချည်ဆင်းနေရလိမ့်မယ်.....ဒီဘဝမှ မေတ္တာမဖက် ကြတာ နောင်ဘဝ ဖက်နိုင်ရအောင် ဆုတောင်းရုံရှိတာဘဲ"ဟုပြောပြီးထွက် သွားသောကြောင့်ဝင်းမောင်မှာ နေပါအုံးတောင်းပန်သကဲ့သို့ လက်နှစ် ဘက်ဆန့်ပြီး ကျန်ရစ်လေ၏။

ဝင်းမောင်သည် မိမိအားသိန်းနွဲ့မေတ္တာရှိနေသည်ဟုထင်မိ သလောက်၊ ယခုသိန်းနွဲ့၏နှုတ်ဖျားက ဖွင့်ဟကြားရသည့်စကားမှာ မျှော် လင့်စရာလုံးဝမရှိသည်ကို သိရသောအခါ၊ လောကတွင်ကြီးစွာသော ဆုံး ရှုံးခြင်းကြီးတစ်ခုကို ဆုံးရှုံးလိုက်ရဘိသည့်အလား၊ ကြက်သေသေကာ ခေါင်းငိုက်စိုက်ကြီးနှင့်ဖြစ်၍ ကျန်ရစ်ခဲ့လေရာ၊ မိမိ မည်သို့ဖြစ်နေသည်ကို မိမိမသိ၊ ဤသို့မည်မျှကြာမြင့်စွာ ဖြစ်နေသည်ကိုလည်း သတိမရဘဲ၊ ထို အခန်းထဲသို့ ရောက်လာသူများမှာ ဒီလူဘာဖြစ်နေတာလဲဟု အံ့အားသင့်မိ ကြရာက၊ ကျောင်းသားတစ်ယောက်က "မိတ်ဆွေ....မိတ်ဆွေ"ဟုဆိုကာ လှုပ်နှိုးလိုက်မှ ကြက်သေသေနေရာက နိုး၍လာလေတော့၏။

ထိုအခါမှ ဝင်းမောင်သည် မိမိအားအထူးအဆန်းသဘွယ်ဝိုင်း၍ ကြည့်နေကြသူများကို ကျိုးကြည့်ကြောင်ကြည့်နှင့် ဖြစ်၍နေပြီးမှ၊ သိ၍များ သွားကြလေပြီလော၊ ငါ့ကိုဘယ်လိုထင်သွားကြလေပြီနည်းဟု တွေး၍ရှက် ကာ၊ မျက်နှာကိုပင်မဖေါ်ဘဲ အခန်းထဲမှ ခတ်သုတ်သုတ် ထွက်သွားလေ တော့၏။

ဝင်းမောင်သည်ကျောင်းတွင်မနေတော့ဘဲ။ ဟောလ်သို့ တိုက်ရိုက် ပြန်၍လာကာ၊ အခန်းတွင်းရှိကုတင်ပေါ်တွင်ငဖယ်ပုံသလိုတစ် လွန့်လွန့်



www.burmeseclassic.com

www.burmeseclassic.com

တစ်လူးလူးဖြစ်၍နေလေတော့၏။

"မောင့်အပေါ်ဝယ် – ဂုဏ်ရည်မတူလို့လား – ရွှေစံပယ်ဖြူပန်ချင်သူက – များ......တယ် – မသနားဘဲ ရက်စက်တော့တယ်"– ဟူသော ချွဲချွဲပစ်ပစ် ဆွဲဆွဲငင်ငင် သီဆိုလိုက်သည့် တေးနှင့်တယောသံသည် ပုဂံဆောင်၏ ဒေါင့်တစ်နေရာမှ ထွက်ပေါ်၍လာလေ၏။ အချိန်မှာ ကျောင်းတက်စာသင်နေချိန်ဖြစ်သော်လည်း အချို့သော ကျောင်းသားတို့မှာ ညနေပိုင်းတွင် စာသင်ချိန်မရှိသည့်အလျောက် ကျောင်းဆောင်သို့ စောစောပြန်၍ရောက်ကြလျက် မြို့ထဲသို့ ထွက်စရာမရှိကြလျှင် ပျော်ပျော်ပါးပါး သီဆိုတီးမှုတ်သူတို့ကတီးမှုတ်ကြလျက်၊ စာကျက်သူတို့ကလည်း စာကျက်နေတတ်ကြလေရာ၊ ထိုသို့ ပျော်ရွှင်နေကြသူတို့၏ တေးသံသည် ဝင်းမောင်အားမေတ္တာစစ်ပွဲ၌ ရှုံးနိမ့်လာခဲ့ခြင်းကိုပြောင်လှောင်သရော်နေသကဲ့သို့၎င်း၊ မြှောက်ပင့်အူ ၍နေသကဲ့သို့၎င်း ရှိလေတော့၏။

ဝင်းမောင်သည် ထိုတေးသံကိုကြားရသဖြင့် ဖြူးကနဲကုတင်ပေါ်တွင် ကောက်၍ထိုင်လိုက်ကာ ဒေါသထွက်လျက် ထိုသူတို့ထဲသို့သွားရောက်ပြီး အကုန်လုံး ပါးစပ်ကိုအဝတ်နှင့် စီးပတ်၍တယောကို လုယူရိုက်ချိုးပစ်ချင်လိုက်မိလေ၏။

ထိုနောက်မှ မိမိနှင့်မဆိုင်၊ မိမိမှာဘာမျှ လုပ်ပိုင်ခွင့်မရှိ သဘာဝကာလကြီးသည် ဤသို့သောအချိန်အခါမျိုးတွင် ဤသို့ တိုက်ဆိုင်ကြုံကြိုက်ကာ သရော်တတ်သောသဘောရှိသည်ကို စဉ်းစားမိကာ၊ ပြန်၍အိပ်ရာပေါ်တွင် လှဲချလိုက်ရလေတော့၏။

ထိုနောက်မှ သီဆိုလျှက်ရှိကြသူတို့၏ တေးသံသည် ဝင်းမောင်အား လေးနက်စွာတွေးတောသဘောပေါက်စေလျက်၊ "တစ်ဦးမေတ္တာတစ်ဦးမှာ





ဆိုတဲ့စကားရှိရက်သားနဲ့၊ ငါချစ်ထာကို သူပြန်ပြီး ဘာပြုလို့မချစ်ထာလဲ။ သိပြီ.....ငါရိပ်မိပြီ – သူနဲ့ငါနဲ့ဟာ၊ ငါ့ထက်သူက အတန်းသာနေတယ်၊ ငါ့လိုဟာကို သူ့စိတ်ထဲမှာ မမှန်းလို့ဖြစ်မှာဘဲ။ ဖရက်ရှာကျောင်းသူအသစ်ကလေးတွေတောင် ဘီအေ–ဩနားစ် လောက်မှမှန်းရင်၊ သူဆိုတာတော့ ဒီထက်ဂုဏ်ရည်သာတာကို မှန်း မှာဘဲ" ဟုတွေးမိကာ၊ စောစောက သီချင်းသံကိုပင် မကြားလိုသောဝင်းမောင်မှာ ဟစ်၍သာအော်လိုက်ချင်သောစိတ်များပေါ်လာကာ၊ သီဆိုနေကြသော တေးသီချင်းကိုလိုက်၍ "အို..... အသက်မက....တစ်ဘက်သတ်နဲ့ချစ်ရသူရယ်......ဘယ်သောအခါမှ......နီးရပါမယ်..... ဂုဏ်မြင့်သူရယ်...." ဟု ဝမ်းနည်းသံကွဲကြီးဖြင့်ဟစ်လိုက်ရာ၊ ကျောချင်းကပ်အခန်းမှ နံရံကိုတစ်ဒိုင်းဒိုင်းထုသံပေါ်လာ၍ ပါးစပ်ကို စိလိုက်ရစဉ် "ဟေ့လူ.....ဒီမှာစာကျက်နေတယ်ဗျ၊ ခင်ဗျားအသံကြီးနဲ့ သီချင်းဆိုချင်ရင်၊ ဘော်လုံးကွင်း လယ်ပြင်ထဲသွားပြီးဖင်ကွဲအောင် ကုန်းအော်ချီ" ဟုပြောဆိုလိုက်သည်ကို ကြားရလေ၏။

ဝင်းမောင်မှာ ဒေါသထွက်သွားပြီး၊ နံရံကိုပြန်၍ထုလိုက်မည် ကြံမိလေ၏။ တစ်ဘက်သို့လှည့်သွား၍ ထိုအခန်းထဲမှလူကို အပြင်သို့ ဆွဲထုတ်၍ ထိုးပစ်ချင်မိလေ၏။ ထိုနောက်မှ စာကြည့်နေသူတစ်ယောက်ကို မိမိဘာမျှစိတ်ဆိုးရန်မရှိဟု နှလုံးပြုကာ ကျိတ်မနိုင်ခဲမရစိတ်နှင့် ညိမ်၍နေလိုက်ရလေတော့၏။

သို့နှင့်ပင် တစ်ဖြည်းဖြည်း ညနေဘက်သို့ရောက်၍လာကာ၊ ကျောင်းမှပြန်လာကြသော ကျောင်းသားတို့၏ဘိနပ်သံများကြားရလေတော့၏။

"ဒေါက်....ဒေါက်" ဟုတံခါးခေါက်လိုက်သောအသံတစ်ခုသည်၊ ဝင်းမောင်အားလဲလျောင်းနေရာမှ ထ၍ထိုင်စေလျက် တံခါးဆီသို့ရောက်


www.burmeseclassic.com

www.burmeseclassic.com


သွားစေလေ၏။

ဝင်းမောင်သည် လိုက်ကာကလေးကိုဖယ်၍မှန်တံခါးမှကြည့်လိုက်ရာ၊ ကျောင်းမှပြန်လာပြီး မိမိအခန်းသို့ တောက်ရောက်ဝင်လိုသော ထင်ကျော်ကိုတွေ့ရသဖြင့် ဘာမှမမေးဘဲ၊ တံခါးကိုဖွင့်ပေးလေ၏။

ထင်ကျော်သည် ရှေးဦးစွာဝင်းမောင်၏မျက်နှာကိုလှမ်း၍ အကဲခတ်လိုက်ပြီးနောက် "ခင်ဗျားကျောင်းမှာဘာဖြစ်ထာလဲ" ဟုမေးလေ၏။

ဝင်းမောင်သည် မိမိတို့၏အကြောင်းကို ထင်ကျော်ရိပ်မိသွားလေပြီလားဟု စိတ်ထဲ၌ထင့်ကနဲဖြစ်လျက် "ဘာမှမဖြစ်ပါကလား..... ခင်ဗျားဘာကြားခဲ့ရလို့လဲ" ဟု မေးလိုက်လေ၏။

"ခင်ဗျားအခန်းထဲမှာ ငိုင်တိုင်တိုင်ကြီးသတိမေ့နေတာကို ဟိုလူဒီလူမြင်ကြရလို့ တစ်ယောက်တစ်ခွန်းနဲ့ အတော့်ကိုသတင်းပြန့်နေပြီ"

ဝင်းမောင်မှာ မျက်နှာပျက်၍ သွားလေ၏။ မိမိ၏ဖြစ်ပျက်ပုံမှာ လူတစ်ကာသိကုန်ပြီဟူ၍လည်း တွေးပြီးရှက်လေ၏။ သို့ရာတွင် ဟုတ်မှန်သည်ဟု ဝန်မခံလိုသောကြောင့် "မဟုတ်ပါဘူးဗျာ.....လူမှားနေလို့နဲ့တူပါတယ်။ ကျွန်တော် အစောကြီးကထဲက ပြန်လာတာဘဲ" ဟုပြောလေ၏။

"ခင်ဗျား – ကလပ်စ်မရှိဘူးလား"

"ရှိတယ် – ဒီနေ့–ဘန့်–လုပ်တယ်လေ"

"ဘာပြုလို့လဲ.......ဘယ်မှလဲသွားတာမဟုတ်ဘဲနဲ့"

"ခေါင်းကိုက်သလိုလိုရှိတာနဲ့၊ မတက်တာဘဲ" ဟုပြောလိုက်သောကြောင့်၊ စကားမှာဆုံး၍သွားသည်အတွက်၊ ထင်ကျော်လည်း "အေးဗျာ ဟိုလူတွေက ခင်ဗျားကို အတိအလင်းစွပ်စွဲနေကြလို့၊ ဟုတ်များဟုတ်ရော့လား ဘာများဖြစ်လို့လဲလို့၊ စိတ်ထဲမှာပူနေတာဘဲ" ဟုပြောပြီးလျှင်၊ စာအုပ်များကို ပိုက်လျက်ပြန်၍ထွက်သွားမှ ဝင်းမောင်မှာ "ငါ့အကြောင်းတွေ တစ်ကျောင်းလုံးသိကုန်ကြပြီ။ ဖုံးလို့မှ ရပါတော့မလား" ဟုမှုပန်ကာ၊ ချွေးစီးများယိုစီးကျလာလေတော့ ၏။

## အခန်း ၇

ဝင်းမောင်၏ သတင်းသည်ကား၊ တောမီးကဲ့သို့ပင်လျှင်မြန်စွာပြန့်လွင့်၍ သွားလေရာ၊ အင်းလျားဆောင်သို့ပင်ရောက်ရှိသွားလေ၏။ သို့ရာတွင် ဝင်းမောင်ဖြစ်သည်ဟူ၍ အတိအလင်းသတင်းလွင့် ခြင်းမျိုးဖြင့်မဟုတ်ဘဲ။ "ဖရက်ရှာတစ်ယောက် – သူ့ရီးစားတစ်ယောက်နဲ့ ဘာဖြစ်သလဲတော့ မသိဘူး။ သတ္တဗေဒအခန်းထဲ ငိုင်တိုင်တိုင်ကြီးဖြစ်နေတာ၊ လူတွေဝိုင်းကြည့်ကြတယ်တဲ့" ဟူသော ဝိုးတိုး ဝါးတားသတင်းမျိုးအဖြစ်ဖြင့်ရောက်ရှိကာ၊ ဘယ်သူများပါလိမ့်ဟူသောမေးခွန်းမျိုးများကို သတင်းကြားရသူတိုင်းဆိုမိကြလေ၏။

သို့ရာတွင် သိန်းနွဲ့အဘို့မှာ၊ ထိုသတင်းကိုကြားရရုံနှင့်ပင် ဝင်းမောင်ဖြစ်သည်ကိုသေချာလျက်၊ ကြားလျှင် ကြားခြင်း ဂရုဏာသက်၍ သွားမိလေ၏။ ငါပြောလိုက်ထာနဲ့ သူအတော်ဘဲ စိတ်ဒုက္ခ ဖြစ်သွားလေပြီလား။ ဒီအခြေအနေမျိုးအထိဖြစ်တယ်ဆိုရင်၊ ငါ့ အတွက်နဲ့ဘဲအသက်တစ်ချောင်းဒီရင်ပြစ်လိုက်တော့မှာလားဟူ၍လည်းစိုးရိမ်မိလေ၏။ ထို့နောက်မှ မိန်းခလေးတွေ ဒီလိုသာ သနားနေရရင် ခက်ကုန်ကြတော့မှာပေါ့။ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ပြောတဲ့အတွက်ကလေးနဲ့ သူ့အသက်ကိုမှ သူ့မနှမြောရင်၊ ဘေးလူကနှ မြောနေစရာမရှိဘူး။ မေတ္တာဆိုတာ တိုက်တွန်းလို့ဖြစ်နိုင်တာမျိုးမှ မဟုတ်ဘဲ။ အလိုလိုပေါ်လာမှ ရနိုင်တာဘဲဟု နှလုံးပြုကာ စိတ်ကိုတင်းလိုက်ရှ လေတော့၏။

မိန်းမပျိုတစ်ဦးတစ်ယောက်အား မေတ္တာရှိနေခြင်းကိုတုံ့ပြန်ခြင်း မခံရသည်မှာ၊ အလွန်စင်စစ်အားဖြင့်ဆိုလျှင် ရက်စရာမဟုတ်ချေ။ မိမိက မေတ္တာရှိတိုင်း မိန်းမပျိုသည်မိမိအား ပြန်၍မေတ္တာရှိရမည်ဟု မျှော်လင့်ရန် မရှိ ပေ။ သို့ဖြစ်ခြင်းအားဖြင့် ဝင်းမောင်သည် မိမိအားသိန်းနွဲ့မေတ္တာတုန့် ပြန်ခြင်းမပြုနိုင်သည်ကို သိရခြင်းအားဖြင့် အလွန်အကြူးစိတ်ညစ်ဝမ်းနည်း ခြင်းဖြစ်နေစရာ မဟုတ်ပေ။ သို့ရာတွင် ဝင်းမောင်ကားသိန်းနွဲ့အပေါ်တွင် အစွဲကြီးစွဲ အချစ်ကြီးချစ်ကာ သိန်းနွဲ့အချစ်ကို မပိုင်ဆိုင်ရလျှင် ဤလောက ကြီးတွင်နေ၍ ပျော်စရာမရှိတော့ပြီဟု အောက်မေ့မိလေ၏။ သို့ရာတွင် "သူပိုးနေတဲ့ ကောင်မလေးက မကြိုက်ဘူးဆိုတာနဲ့ သတ်သေလိုက်တယ်" ဟူ၍ အပြောခံရမည်ကိုရက်၍တစ်ကြောင်း၊ သိန်းနွဲ့ကလည်း ကြိုတင်ပြော ထားသည့် စကားကြောင့်၎င်း၊ ဝင်းမောင်သည် သိန်းနွဲ့၏မေတ္တာကို မခံယူ ရသည့်အတွက် မိမိ၏ အသက်ကိုရန်ရှာ၍ လောကကြီးမှစွန့်ခွာ၍ မသွား လိုက်သော်လည်း ဤတက္ကသိုလ်ကျောင်းကြီး၌ကား နေလိုသော စိတ်ပညာ ဆက်လက် သင်ကြားလိုသောစိတ်များ ပပျောက်ကုန်ခမ်းခဲ့လေတော့၏။

ဝင်းမောင်မှာ သိန်းနွဲ့အားမျက်နှာမပြရဲအောင်ရှိလျက် သိန်းနွဲ့မြင် သည်ကိုပင် မခံလိုရကား၊ ကျောင်းမှထွက်ခွာသွားခဲ့လျှင် မိမိ၏မျက်နှာ ကြီးကို သိန်းနွဲ့မြင်နိုင်တော့မည်မဟုတ်သည့်အတွက်၊ ကျောင်းထွက်နိုင်ရန်





စိတ်ကူးလေ၏။ သို့သော် မိမိသည် တက္ကသိုလ်သို့ ပညာဆက်၍သင်မည် ကြံစည်က အထက်တန်းပညာကိုအထူးလိုလားသဖြင့် ကောလိပ်သို့ပို့ဘို့ ရန် မိဘများအားပူဆာ၍ရောက်ခဲ့ရခြင်းဖြစ်လေရာ။ တက္ကသိုလ်တွင် မပျော်ပိုက်၍ ကျောင်းထွက်ခဲ့သည်ဟူသော အကြောင်းပြချက်အားဖြင့် မိဘ များအား ကြေနပ်စေနိုင်လိမ့် မည်မဟုတ်သည်ကို စဉ်းစားမိသည့်အတွက်။ အခြားနည်းလမ်းများဖြင့် လွယ်ကူစွာကျောင်းထွက်နိုင်ရန်ကိုအကြံထုတ် လေ၏။

အကယ်၍မိမိသည် ကြီးလေးစွာ စိုးရိမ်ရလောက်အောင် မကျန်းမာခဲ့ သော် – ကျောင်းမှထွက်နိုင်မည်ဖြစ်လေ၏။ သို့ရာတွင် ဝင်းမောင်ကဲ့သို့ ကျန်းမာခြင်းနှင့် ပြည့်စုံသောသူမှာ ကျောင်းတွင်ရှားသလောက်ဖြစ်ရကား မမာဟုဆို၍လည်း မဖြစ်နိုင်ချေ။ ကျောင်း၌ အုပ်ချုပ်သောသူများကိုထိခိုက် စော်ကားရာရောက်စေမည့် အပြုအမူမျိုးဖြင့်လည်း မထွက်ဘဲရှိရာ။ ကျောင်း ထွက်မည်ဆိုသည့်အလုပ် စိတ်ထင်အားဖြင့် အလွန်လွယ်ကူပုံရသလောက် တစ်ကယ်လက်တွေ့ကြုံသောအခါတွင် များစွာခက်ခဲလှသည်ကို သိရှိရလေ ၏။

ဝင်းမောင်မျက်နှာကား– တစ်နေ့တစ်ခြား ပျော်ရွှင်ခြင်းကင်းမဲ့လျက်၊ အတန်းထဲတွင်လည်း စိုက်မိရာစိုက်၊ ငိုက်မိရာငိုက်နှင့် စာထဲတွင် စိတ်မပါ ရှိသလောက်၊ အလွတ်သွားလာနေထိုင်ရာ၌လည်း အာရုံရူးစိုက်မိရာစူးစိုက် နေလျက်၊ ငေါင်းစင်းစင်းရုပ်သဏ္ဍာန်ကို ဖန်တည်းလျက်ရှိနေလေတော့ ၏။ ထိုသို့ဝင်းမောင်ဘာကြောင့်ဖြစ်နေရသည်ကို ရင်းနှီးသောကျောင်းသား တို့မှာ အကြောင်းရင်းကိုသိရှိ ရသော်လည်း အခြားသောကျောင်းသားတို့ နှကား "ဟေ့ကောင်တွေ – လောဂျစ်နဲ့ ဖိလော်ဆော်ဖီတို့များ သင်မယ်မကြံ



www.burmeseclassic.com

www.burmeseclassic.com



ကြလေနဲ့နော်...... ဒီနှစ်လာတဲ့ ကျောင်းသားတစ်ယောက်တော့ဖြင့် တ[illegible]
နှစ်တောင်မကုန် သေးဘူး ရှုးကြောင်ကြောင်ဖြစ်နေပြီ" ဟု ပြောကြက[illegible]
လော်ဂျစ်နှင့် ဖီလော်ဆော်ဖီတို့မှာ ကြားထဲကအချောင်နာမည်ပျက်၍နေ[illegible]
လေတော့၏။

ဝင်းမောင်သည်မိမိ၏အဖြစ်အပျက်ကို ထင်ကျော်အားပြော၍မပြ[illegible]
ဖုံးဝှက်ထားသော်လည်း အခြားသူတို့ပင်လျှင် အကြောင်းရင်းကို ရိပ်မိ[illegible]
သေးရကား၊ ထင်ကျော်မှာသာ၍ ရိပ်မိသိရှိလေတော့၏။ ဘသန်းလည်[illegible]
ဝင်းမောင်ယခုကဲ့သို့ဖြစ်နေခြင်းမှာ မိမိ၏နှမအတွက်ဖြစ်ရသည်ကိုစဉ်း[illegible]
မိကာ ယခင်က သိန်းနွဲ့အားဝင်းမောင်နှင့်တွဲတွဲ တွဲတွဲဖြစ်နေသည်ကို တ[illegible]
မြစ်ခဲ့သော်လည်း ယခုမူ ဝင်းမောင်အပေါ် တွင် ဂရုဏာများစွာသက်လျ[illegible]
ရှိလေ၏။ သို့ရာတွင် အခြားသူ မဟုတ်ဘဲ မိမိ၏နှမနှင့်ဖြစ်၍နေလေ[illegible]
မည်သို့မျှဝင်မကူသာဘဲ မသိလိုက်မသိဖာသာနေလိုက်ရလေ၏။

ထိုနေ့ကား တနင်္ဂနွေနေ့ ဖြစ်လေရာ။ ကျောင်းသားများမြို့ထဲသို့ထွ[illegible]
၍ လည်ပတ်ပျော်ရွှင်ကြသောနေ့ဖြစ်ရလေကား၊ ကျောင်းသားတို့၏ ခေ[illegible]
စခန်းချရာဖြစ်သော ဈေးသစ်ကြီးမှာ ကျောင်းသား များရောက်လာလို[illegible]
ထွက်သွားလိုက် နောက်ထပ် အသစ်ရောက်လာကြလိုက်နှင့် မပြတ်မလ[illegible]
ဘဲ စည်ကားလျက်ရှိလေ၏။

ဝင်းမောင်သည် အတန်းကိုမှန်မှန်တက်သည်ဟူ၍ မရှိတော့ဘဲ နေ[illegible]
သ၍ မြို့ထဲသို့ထွက်ကာ၊ စိတ်ကို ပြေပြောက်ရန်ကြိုးစားလေ့ရှိရကား အ[illegible]
လပ်သော တနင်္ဂနွေနေ့တွင်၊ ဘာမျှလုပ်ရန်မရှိ၊ သွားရန်မရှိခဲ့လျှင် ထို[illegible]
သစ်ကြီးမှာပင် တစ်နေ့လုံး အချိန်ကုန်အောင် ယောင်လည်လည်နှင့်နေ[illegible]
ရှိရကား၊ ထိုနေ့တွင် ဘသန်းနှင့် ဈေးထဲတွင်တွေ့ကြလေ၏။





"ကိုယ့်လူ – ဘာလုပ်နေသလဲ" ဟုဝင်းမောင်အား ဘသန်းကမေးလေ
[illegible]၏။

"ဘာမှမလုပ်ဘူး၊ အလကားလျှောက်နေတာဘဲ"

"ဘယ်မှ သွားစရာမရှိဘူးလား"

"ကျောင်းကထွက်လာကထဲက၊ ရည်ရွယ်ချက်ဘာမှမရှိဘဲ၊ ကျောင်း
[illegible]ထဲမှာနေလို့မရတဲ့အတွက်၊ ခြေဦးတည့်ရာကိုလျှောက်လာတာဘဲ" ဟု
[illegible]င်းမောင်ကပြန်၍ပြောလေ၏။

"ဒါဖြင့် – ခင်ဗျားအားတာပေါ့"

"အားနေတယ်၊ ဘာလုပ်စရာရှိလို့လဲ"

ဘသန်းသည်၊ ရုတ်တရက်မပြောသေးဘဲ၊ ခေတ္တရပ်တွေစဉ်းစားနေ
[illegible]ပြီးမှ၊ "ကျွန်တော့ – စစ္စတားကို၊ ရုပ်ရှင်လိုက်ပြီးပြစမ်းပါဗျာ" ဟုဆိုလေ
[illegible]၏။

ဝင်းမောင်မှာ ဘသန်းကသူ၏နှမကို ရုပ်ရှင်လိုက်ပြရန်ပြောနေသည်
[illegible]ကို ကြားရသောအခါ၊ ငါကြားနေရတဲ့စကားတွေဟာ၊ ဟုတ်မှဟုတ်ရဲ့လား
[illegible] မယုံကြည်နိုင်အောင်ရှိမိလေ၏။ သို့ရာတွင် တစ်ကယ်ပင်ပြော၍ တစ်
[illegible]ကယ်ပင်ကြားနေရခြင်းဖြစ်သောကြောင့် "ခင်ဗျားလိုက်ပြီးမပြနိုင်လို့လား"
[illegible] မေးလိုက်လေ၏။

"ကျွန်တော်အရေးကြီးတဲ့ ကိစ္စတစ်ခုရှိနေတယ်ဗျာ။ တွေ့စရာ တစ်
[illegible]ယောက်ရှိနေတယ်"

ဝင်းမောင်သည်၊ ကြည်လင်ခြင်းမရှိသော ပြုံးသည့်မျက်နှာဖြင့် "တွေ့
[illegible]ရာရှိနေတယ်ဆိုရင်၊ ယောက်ျားတွဲကတော့ ဟုတ်မယ်မထင်ဘူး" ဆိုလိုက်
[illegible]လေ၏။



www.burmeseclassic.com

www.burmeseclassic.com

“ခင်ဗျားထင်တာနဲ့ တယ်တော့ဖြင့် မလွဲဘူး။ ကျွန်တော်လာရင်းကတော့ အနွံ့ကိုရုပ်ရှင်ပြရအောင်ဘဲ၊ ဒါပေမဲ့ – မြို့ထဲရောက်မှ အဲဒီကိစ္စကပေါ်လာတယ်၊ သူတို့ချဉ်းလဲ ရုပ်ရှင်ထဲထားခဲ့လို့လဲမဖြစ်ဘူး”

“ဘယ်သူတွေပါသေးလို့လဲ”

“သူတို့ဟောလ်က၊ သူ့ရဲ့ ကလပ်စ်မိတ်တစ်ယောက်ပါတယ်”

“နို့ – ခင်ဗျားက တစ်ခါထဲသွားမှာလား၊ ပြီးတော့ကောလိုက်လာအုံးမှာလား”

“ကျွန်တော် အချိန်ရရင် ရုံထဲဝင်လာမယ်လေ၊ အချိန်မရရင်လဲ အပြီးမှာလာပြီးစောင့်နေမယ်”

“သူတို့ကောဘယ်မှာလဲ”

“မုန့်စားနေကြတယ်၊ ကျွန်တော် အဘော်ရှာအုံးမယ်ဆိုပြီးထွက်လာခဲ့တာဘဲ။ သူတို့ကိုလဲ တစ်ခြားသိပ်ပြီးအရေးကြီးတဲ့ ကိစ္စတစ်ခုပေါ်လာတယ်လို့ပြောထားပြီးပြီ”

ဝင်းမောင်မှာ ဘသန်းသည် မိမိတို့အကြောင်းကို သိသင့်သလောက်သိမည်ဖြစ်လျက်နှင့် ယခုကဲ့သို့ ပြုလုပ်ခြင်းမှာ၊ ပို၍အရေးကြီးသည့် ကိစ္စသော်လည်းဖြစ်တန်ရာမည်။ သို့တည်းမဟုတ် မိမိကိုပင် လိုလားသည့်စိတ်များပေါ်လာသည့်အတွက် တမင်တွေ့ကြရအောင် ပြုလုပ်စီစဉ်ခြင်းလားဟု ဒွိဟမကင်းရှိလေ၏။ စင်စစ်သော်ကား ထိုအတွေးနှစ်ရပ်စလုံးပင် မှန်ကန်နေလျက် မိမိ၏ အလိုလည်းပြည့်အောင် ဝင်းမောင်၏အကြံလည်းအောင်မြင်စရာလမ်းစရအောင် ပြုလုပ်ခြင်းပင်ဖြစ်ပေ၏။

ဝင်းမောင်သည် သိန်းနွဲ့အား မျက်နှာကိုမျှ မပြရဲလောက်အောင် ရှိခဲ့သော်လည်း၊ ထိုသို့တွေ့ရမည်ဆိုသောအခါတွင်မူ၊ အခွင့်ကောင်း တစ်ချက်ကြုံပြန်ခြင်းပေလားဟု ဝမ်းမြောက်သွားကာ၊ သိန်းနွဲ့တို့အားရုပ်ရှင်လိုက်ပို့ရန်တာဝန်ကို အလွယ်တကူခံယူလိုက်လေ၏။

ဘသန်းသည် မိမိ၏ကိစ္စကိုအကူအညီရသည့်အတွက် ဝင်းမောင်အားများစွာကျေးဇူးတင်စွာဖြင့်၊ သိန်းနွဲ့တို့ လဘက်ရည်သောက်နေကြသောမုန့်ဆိုင်သို့ခေါ်ခဲ့လေ၏။ ဝင်းမောင်မှာ၊ မရဲတစ်ရဲနှင့်ပင် ဘသန်း၏နောက်သို့လိုက်လာခဲ့လေရာ၊ ဆိုင်တွင်းရှိ အခန်းကလေးထဲသို့ရောက်၍ သိန်းနွဲ့နှင့်မျက်နှာချင်းဆုံလိုက်မိသောအခါ၊ မိမိအားရှုရှုအောင့်အောင့်ကြီးလုပ်၍နေမည်လားဟုများစွာစိုးရိမ်မိ လေ၏။ သို့ရာတွင် သိန်းနွဲ့မှာ၊ မျက်နှာပျက်ခြင်း၊ ပြောင်းလဲခြင်းမရှိဘဲ၊ ကြည်ကြည်လင်လင်မျက်နှာရှိသည်ကိုတွေ့ရသည့်အတွက်၊ ဝင်းမောင်မှာ စိတ်ထဲတွင် အေးကနဲဖြစ်သွားလေ၏။

“သူ့မျက်နှာ ကလေးကို ကြည်ကြည်လင်လင် မြင်ရတာဟာ ငါ့အပေါ်မှာ စိတ်ဆိုးပြေသွားပြီလား” ဟု ဝင်းမောင်၏ စိတ်ထဲတွင် ဦးစွာတွေးမိပြီးမှ၊ “သူငါ့ကိုစိတ်ဆိုးတယ်လို့မှမဆိုဘဲ၊ ငါ့ကိုမေတ္တာ မရှိနိုင်ဘူးလို့သာပြောတာ။ သူ့ကိုသာ နောက်ထပ် အနှောက်အရှက်မပေးပါနဲ့၊ မောင်လို့နမလိုဘဲနေပါလို့ပြောထားတာဘဲ၊ ငါ့ကိုမျက်နှာထားကြီးနဲ့နေစရာမဟုတ်ပေဘူးပေါ့။ ငါကသာ သူ့ကိုချစ်ထား၊ သူပြန်မချစ်လို့ စိတ်ထဲမှာတစ်မျိုးထင်နေတာဘဲကိုး” ဟုစဉ်းစားမိလေ၏။

ထိုနောက်ဘသန်းက သိန်းနွဲ့နှင့်၎င်း၏အဖေါ်ကျောင်းသူကလေးတို့အား ရုပ်ရှင်ကိုမိမိအစား၊ ဝင်းမောင်လိုက်ပြလိမ့်မည်ဖြစ်ကြောင်း၊ ရုပ်ရှင်ပြနေချိန်တွင်ဖြစ်စေ၊ အပြီးတွင်ဖြစ်စေ၊ မိမိလာရောက်မည်အကြောင်းကိုပြောပြကာ ၄ ဦးသား မြင်းရထားတစ်စီးငှား၍ ရုပ်ရှင်ရုံသို့ လာခဲ့ကြပြီး







www.burmeseclassic.com

www.burmeseclassic.com



နောက်၊ ဘသန်းကလက်မှတ်များ ဝယ်ယူပေးခဲ့ပြီးလျှင် ၎င်း၏ကိစ္စအတွက် ထွက်၍သွားလေ၏။

ရုံထဲသို့ရောက်၍ ထိုင်မိကြသောအခါ၊ သိန်းနွဲ့သည် ဝင်းမောင် နှင့် ကပ်လျက်ထိုင်၍ သိန်းနွဲ့၏ လက်ျာဘက်မှ အဖေါ်ဖြစ်သူထိုင်လေ၏။ ထိုသို့ယှဉ်တွဲ၍ ထိုင်ရခြင်းသည်၊ ဝင်းမောင်အားစိတ်ထဲတွင် ပျော်ရွှင်သလိုလိုဖြစ်၍လာမိစေလေ၏။ ထိုနောက်မှ ယခုကဲ့သို့ ကြုံတွေ့ရပြန်ခြင်းသည် ထပ်မံ၍ မိမိ၏စိတ်မချမ်းမြေ့ခြင်းကို၊ တိုးတက်၍လာစေအောင်၊ ဖန်တည်းနေခြင်းပေလောဟုတွေးတော မျှော်ခေါ်၍ စိုးရိမ်မကင်းဖြစ်မိလေ၏။

ဝင်းမောင်မှာ စိတ်ထဲမှမလုံ့တစ်လုံ၊ တစ်အုံနွေးနွေးရှိနေသည့်အတွက်၊ သိန်းနွဲ့အားရဲရဲတင်းတင်း ပြောဆိုခြင်းမရှိသော်လည်း၊ သိန်းနွဲ့မှုကား လွန်ခဲ့သည့်အဖြစ်များမှာ၊ ယခုဘာမျှမဆိုင်သည့်အနေဖြင့်၎င်း၊ ယခင်ကတစ်စုံတစ်ရာဘာမျှ မဖြစ်ခဲ့ကြရသကဲ့သို့၎င်း၊ ဣန္ဒြေပျက်ခြင်းမရှိဘဲ၊ ရဲရဲတင်းတင်းနှင့်ပင် ပြောစရာရှိလျှင်ပြော၊ မေးစရာရှိလည်းမေးလေ၏။ ဝင်းမောင်မှာ သိန်းနွဲ့၏အပြုအမူသည် အကယ်ပင် သိန်းနွဲ့၏သဘောအတိုင်း ဖြစ်လေသလော၊ အဖေါ်ပါလာသဖြင့်၊ အမူအရာမပျက်အောင်ကြိုးစားကာ ဟန်လုပ်နေခြင်းပေလောဟု ဝေခွဲ၍မရဘဲရှိလေ၏။

ရုပ်ရှင်ကားပြသသည့်အချိန်သို့ရောက်သောအခါ ဝင်းမောင်သည် သိန်းနွဲ့၏အမူအရာကိုအကဲခတ်လိုက်သောအခါ၊ လင်းနေစဉ်ကကဲ့သို့မဟုတ်တော့ဘဲ၊ ညိုးညိုးငယ်ငယ်ရှိနေသည်ကို ရုပ်ရှင်ကားမှ ဟတ်သောအလင်းရောင်ဖြင့်တွေ့မြင်ရလေ၏။ တစ်ချက်တစ်ချက် ကုလားထိုင်ပေါ်တွင် လက်တင်ကြရင်း၊ လက်ချင်းထိမိသည့်အခါများ၌သိန်းနွဲ့သည်လက်ကိုတွန့်ဆုတ်ရှောင်တိမ်းသွားခြင်းမပြုဘဲ၊ ညိမ်သက်စွာအထိခံ၍နေလေရာ၊



ဝင်းမောင်မှာ – ရင်တွင်း နှလုံးတွင်း၌ သွေးတစ်ဒိတ်ဒိတ်တိုး၍နေသည်ကို ဂရုပြုမိလေ၏။ "သူ – ငါ့ အပေါ်စိတ်လယ်လာလေရော့သလား" ဟုမျှော်လင့်သောစိတ်သည်လည်းဖြစ်ပေါ်လာကာ ဝမ်းသာရတော့မလိုလိုရှိနေလေ၏။ သို့ရာတွင်ဝင်းမောင်မှာ၊ မိမိအားသိန်းနွဲ့လှည့်ကြည့်လိုက်သည်ကို တွေ့ရသောအခါတွင် ထိမိနေသောမိမိ၏လက်ကို လျှင်မြန်စွာပြန်၍ ရုတ်သိမ်းလိုက်ကာ၊ မျက်နှာကိုလွှဲ၍ထားလိုက်ရာ၊ သိန်းနွဲ့စိတ်ထဲမှာကြိတ်၍ပြုံးမိလေတော့၏။

ဘသန်းကားပေါ်၍မလာချေ။ သို့ဖြစ်ရကား ရုပ်ရှင်အပြီးတွင် လာ၍စောင့်နေလိမ့်မည်ဟုထင်မှတ်နေကြကာ၊ ပွဲပြီး၍ထွက်လာသောအခါ၊ ဘသန်းကိုကြည့်၍မမြင်ဘဲရှိလေ၏။

"ကိုကိုသန်းလာမယ်ဆိုပြီးမလာပါလား.....။ အဲဒီလိုလုပ်တတ်တာမျိုးတွေ သိပ်စိတ်ဆိုးစရာကောင်းတာဘဲ" ဟု သိန်းနွဲ့ကညီးညူသံခပ်ပါပါဖြင့် ပြောလေ၏။

"ခဏစောင့်ပါဦးလေ။ သူပြောထားတဲ့စကားတော့မေ့မယ်မဟုတ်ပါဘူး" ဟု ဝင်းမောင်ကပြန်၍ပြောလေ၏။ ဝင်းမောင်၏ မျက်နှာမှာ၊ ကြည်လင်ပျော်ရွှင်သည့်အရိပ်အရောင်များပေါ်နေလေ၏။

ထိုသို့စောင့်စားနေရာက၊ အတော်ပင် အချိန်ကြာသည့်တိုင်အောင်၊ ဘသန်းပေါ်၍မလာတော့ဘဲရှိလေရာ၊ "လာတော့မယ် မဟုတ်ပါဘူး၊ သူ့စောင့်နေရင်တော့၊ ကျောင်းတံခါးပိတ်တောင် ပြန်ပြီးရောက်မှာမဟုတ်ဘူး။ သိပ်ခက်တာဘဲ" ဟု သိန်းနွဲ့ ဆိုလိုက်သည့်အတွက် "သူလဲစိတ်ချလို့ဘာဝန်လွှဲပြီး သူကိစ္စရှိတာ ပြီးတဲ့အထိလုပ်နေရတယ်ထင်ပါရဲ့။ သူမလာပေမဲ့ ဒီကဘဲလိုက်ပို့ပါ့မယ်လေ" ဟုပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သိန်းနွဲ့တို့လည်း ဝင်းမောင်ပြောသည့်စကားကိုဘာမျှမငြင်းပယ်ဘဲ ရှိကြသည့်အတွက်၊ ဝင်းမောင်လည်းကျောင်းသို့ပြန်ရန်အတွက် ကားတစ်စီးငှားလိုက်ပြီးလျှင် သိန်းနွဲ့နှင့် ၎င်း၏အဖေါ်အား၊ ကားနောက်တန်းတွင် ထိုင်စေလျက်၊ မိမိမှုဒရိုင်ဘာနှင့်တွဲထိုင်ကာ၊ အင်းလျားဆောင်သို့ရောက်အောင်လိုက်၍ပို့လိုက်ရလေ၏။

ဝင်းမောင်ကားခါတိုင်းနှင့်မတူဘဲ။ ပျော်ပျော်ရွှင်ရွှင်နှင့်ပင်၊ ပုဂံဟောလ်သို့ပြန်၍ရောက်ရှိလာလေရာ၊ ခါတိုင်းဝင်းမောင်အား ငိုင်တိ ငိုင်တိုင်နှင့် မြင်မြင်နေကြရသူတို့မှာ ယခုကဲ့သို့တွေ့ရခြင်းအားဖြင့် အံ့အားသင့်မိကြလေ၏။

ဝင်းမောင်သည်လေကလေးတစ်ချွန်ချွန်ဖြင့် မိမိအခန်းသို့ပြန်၍ရောက်ရှိခဲ့ပြီးနောက်၊ အပေါ်အင်္ကျီကို ချွတ်၍ချိတ်ကာ၊ လိုလိုမယ်မယ် ပစ္စည်းများကို အိတ်ထဲမှထုတ်၍ စားပွဲပေါ်၌တင်လိုက်ရာတွင်၊ မိမိထည့်၍မထားသော စာရွက်ခေါက်သေးသေးကလေးတစ်ခုကို တွေ့ရသဖြင့်၊ "ဘာလဲ" ဟုဖွင့်ကြည့်လေ၏။

ထိုသို့ကြည့်လိုက်ရာတွင်၊ မဟာပထဝီမြေကြီးသည် – အိုးထိန်းစက်ကဲ့သို့ သိမ့်သိမ့်ခါအောင် လှုပ်ရှားလိုက်လေရော့သလားဟု ထင်မိပေ၏။ အကြောင်းသော်ကား။ ဝင်းမောင်တွေ့ရှိရသောစာမှာ အင်္ဂလိပ်စာဖြင့် (ရှင့်ကိုကျမ ချစ်ပါတယ် – နွဲ့) ဟု စာတိုတိကလေး သုံးလေးလုံးနှင့် ရေးထားသည်ကိုတွေ့ရသောကြောင့်ဖြစ်လေ၏

"ဖိုးကော်ကွ" ဟု ဝမ်းသာအားရ အော်လိုက်သော၊ ဝင်းမောင်၏အသံသည် အနီးအနား အခန်းများ၌ရှိသူတို့ကို လန့်ဖြန့်၍ပင် သွားစေတော့၏။ ထိုသို့ကြားရသည့်အတွက်ကား၊ ဝင်းမောင်သည် အကောင်းအတိုင်းအော်သည်ဟု မထင်မိကြချေ။ ကိုးပြီးအရူးဖေါက်ပြန်သွားလေပြီလားဟု ထင်မှတ်ကာ "ဖီးယိုဟော့နော်.....ဖီးယို" ဟု အရူးငြိမ်သွားအောင် တစ်ယောက်သောသူက နောက်၍အော်လိုက်လေ၏။

ဝင်းမောင်မှာ "ဘယ်အချိန်ကများ၊ ဒီစာကိုသူရေးပြီး၊ ငါ့အိတ်ထဲ–ထဲ့လိုက်ပါလိမ့်မလဲ" ဟုတွေး၍မရဘဲရှိလေ၏။ "တစ်ယောက်ယောက်များ၊ ငါ့ကိုနောက်လိုက်တာလား" ဟူ၍လည်း စိတ်၌ ထင့်ဟင့်တင့် ဖြစ်မိ၏။ သို့ရာတွင် မိမိ၏လက်ျာဘက်အိတ်ကပ်ထဲကတွေ့၍၊ သိန်းနွဲ့လည်း ရုပ်ရှင်ရုံထဲ၌ လက်ျာဘက်ကထိုင်လေရာ။ တစ်ဦးတစ်ယောက်နောက်ပြောင်ခြင်း ဖြစ်ခဲ့မူ၊ ဤမျှကား မတိုက်ဆိုင်နိုင်။ လက်ရေးမှာလည်း မိမိမြင်ဘူးသည့် သိန်းနွဲ့၏ လက်ရေး အတိုင်းဖြစ်ရကား၊ "သူထဲ့သွားတာပါဘဲ၊ သူ ငါ့ကိုချစ်ရက်သားနဲ့ မှုနေပြီး၊ ငါ့စိတ်ကိုစမ်းကြည့်တာနဲ့တူပါယ်။ အခုတော့သူလဲ ဟန်လုပ်မနေနိုင်တော့ဘူး" ဟု စိတ်ကိုတစ်ထစ်ချယုံကြည်မိလေ၏။

## အခန်း (၈)

ဝင်းမောင်ကား၊ ရွှင်ပြုံးအားရ၍ မဆုံးနိုင်ဘဲရှိရကား ဘသန်းကိုပင်သုံးဝမေ့လျက်ရှိကာ ည ၉ နာရီလောက်ကျမှသတိရပြီး၊ ဘသန်းဘာ့ခကြောင့်ရုပ်ရှင်အပြီးတွင် မလာရောက်သည်ကိုငင်း၊ ဘသန်း၏အတွင်းရေးကိစ္စမှာ၊ အောင်မြင်သည် မအောင်မြင်သည်ကိုငင်း၊ မိမိကိုပင့်ဘာမျှလာ၍မခေါ်ခြင်းမှာ၊ ဘာကြောင့်ဖြစ်သည်ကိုငင်း၊ စုံစမ်းသိရှိရန် ဘသန်း၏အခန်းသို့ရောက်သွားလေ၏။





www.burmeseclassic.com

www.burmeseclassic.com

ဘသန်း၏ အခန်းမှာ မီးငြိမ်းထားလျက်၊ အတွင်းမှပိတ်၍ထားသည်ကိုတွေ့ရသဖြင့်၊ ဝင်းမောင်သည် တံခါးခေါက်၍ ခေါ်လိုက်လေ၏။ သို့ရာတွင် ပြန်၍မထူး၊ လူသံလည်းမကြားရသဖြင့်၊ တံခါးမကြီးကို ပတ်တာဆွဲ၍ လှုပ်ပြန်ရာ၊ ထိုသို့လုပ်၍လည်း – ထူးလည်းမထူး။ ဖွင့်လည်းမပေးသည့်အတွက်၊ ကပ်နေသောအခန်းဝသို့ သွား၍ရပ်လိုက်လေ၏။

"ကိုဝင်းမောင် ဘာလဲ" ဟု အခန်းတွင်းရှိကျောင်းသားကမေးလိုက်သောကြောင့်၊ "ကိုဘသန်း – ဘယ်တုံးကအိပ်နေတာလဲ" ဟု မေးလေ၏။

"ဆရာလာရင် နေမကောင်းလို့ အိပ်နေတယ်ဆိုတာပြောဘို့မှာပြီး၊ အစောကြီးအိပ်နေတယ်"

"ဒီလူနေ့ခင်းတုံးကတော့ အကောင်းပါ" ဟု ဝင်းမောင်ကဆိုကာ၊ ခေတ္တမျှရပ်တွေနေပြီးမှ၊ ဆက်၍လျှောက်သွားရာတွင်၊ ဘသန်း၏အခန်းကိုကျော်လွန်သွားသောအခါ၊ ထိုမှတစ်ဘက်မှကပ်နေသော အခန်းထဲ၌ ကျောင်းသား ၃–၄ ယောက်တစ်စုံတစ်ခု ကြိတ်၍ကြံစည်နေကြသကဲ့သို့ တွေ့ရသောကြောင့်၊ သေချာစွာလှမ်း၍ ကြည့်လိုက်ရာတွင် ဘသန်း၏ အခန်းဘက်သို့ချောင်းကြည့်ရန် နံရံပေါက်ရှာသူကရှာလျက် နံရံတွင် နားကပ်၍ထောင်သူကထောင်နေသည်ကိုတွေ့ရလေ၏။

ထိုသို့တွေ့မြင်ရခြင်းဖြင့်၊ ဝင်းမောင်၏စိတ်တွင်၊ ထူးခြားအံ့ဩခြင်းဖြစ်မိကာ၊ ဘာလဲဟုသိရှိစုံစမ်းရန်၊ ထိုအခန်းထဲသို့ဝင်လိုက်ရာ၊ အတွင်းရှိကျောင်းသားများက မိမိတို့၏နှုတ်ခမ်းများကို လက်ညှိုးနှင့်ပိတ်ကာ စကားမပြောရန်အရိပ်ပြသောကြောင့် ဘာမျှလှမ်း၍မမေးသေးဘဲ အနားသို့ရောက်အောင်ကပ်သွားလေ၏။

"ဘာလဲဗျ – ဘာလဲ" ဟု ဝင်းမောင်သည် လေသံကြားရုံမျှလောက်





ဖြင့် တိုးတိုးကြိတ်၍ ကျောင်းသားတစ်ယောက်အားမေးလိုက်လေ၏။

"ကိုဘသန်းအခန်းထဲက ကိုဘသန်းအပြင် လူသံတစ်ခုကြားရလို့......" ဟု အမေးခံရသူက တိုးတိုးပြန်၍ဖြေလေ၏။

"သူ့ – သူငယ်ချင်းတစ်ယောက်ယောက်ခေါ်လာတာနဲ့တူပါတယ်"

"မဟုတ်ဘူးဗျ မိန်းမအသံလိုလိုဘဲ။ တိုးတိုးကလေးကြားရတာ"

ဝင်းမောင်မှာ မျက်လုံးပြူး၍သွားလေ၏။ နေ့လည်က ဘသန်း မိမိတို့အား၊ တစ်ယောက်ယောက်နှင့်တွေ့ရန် ကိစ္စရှိသည်ဟုပြောသွားသောစကားအရဆိုလျှင် ယခုကြားရခြင်းများနှင့် များစွာဆက်စပ်နေလျက်၊ အမှန်အတိုင်းဖြစ်ပုံရ၍နေသောကြောင့်၊ "ဒီလူဘယ့်နဲ့ကြောင့် သူ့ကိုကျောင်းကိုခေါ်လာတာလဲမသိပါဘူး၊ အလကားနေ ရင်းရှောက်ကျနေတော့မှာဘဲ" ဟု စိတ်ထဲ၌ပြောဆိုမိလျက်။ အခန်းတွင်း၌ရှိသူတို့အား "တိုးတိုးတိတ်တိတ်လုပ်ကြဗျာ၊ ဆရာသိသွားရင် ကိုဘသန်းရှောက်ကျနေ့လိမ့်မယ်။ ခင်ဗျားတို့ အလိုက်သိသိနဲ့၊ ဖာသိဖာသာနေလိုက်ကြရင်သာပြီးကောင်းမယ်" ဟု တောင်းပန်ပြောဆိုလျက်၊ မိမိအခန်းသို့ပြန်၍လာခဲ့လေ၏။

ဝင်းမောင်မှာ သိန်းနွဲ့၏ စာကလေးကို ရရှိသည့်အတွက်၊ ဝမ်းသာခြင်းဖြင့်ငင်း၊ စာလည်းမကြည့်နိုင်၊ အိပ်လည်းမအိပ်နိုင်ဘဲ၊ ထိုညသည်မိမိအဘို့ဝမ်းသာစရာလော၊ ဝမ်းနည်းစရာလောဟု တွေးတောစရာရှိနေရာက၊ ထင်ကျော်ကိုသတိရကာ၊ ထင်ကျော်၏အခန်းသို့ထွက်၍လာခဲ့ပြန်လေ၏။

"ဟေ့လူ.....ဘာလဲ.....ခင်ဗျား စာမကြည့်ဘူးလား" ဟု ထင်ကျော်ကတပြန်စီးမေးလိုက်လေ၏။

"စာကြည့်တာအသာထားစမ်းပါ။ ခင်ဗျား ကိုဘသန်းနဲ့တွေ့ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"လူချင်းမတွေ့ရသေးဘူး၊ သူ့အခန်းကိုသွားတော့၊ နေမကောင်းဘူးဆိုပြီး၊ တံခါးပိတ်ထားတာကိုဘဲတွေ့ရတယ်"

"ကျွန်တော်လဲ – အဲဒီလို တွေ့ရတာပေါ့။ ဒါပေမဲ့ နေမကောင်းလို့မဟုတ်ဘူးတဲ့ဗျ။ ကောင်မတစ်ကောင်အခန်းထဲကိုခေါ်ထားတယ်ဆိုဘဲ"

"ဟင်......" ဟုဆိုကာ၊ ထင်ကျော်မှာမျက်လုံးပြူးသွားပြီးနေက်၊ "အို – ဒီလူ အရမ်းတွေရှောက်ပြီးလုပ်နေပါကလား၊ ဒုက္ခရောက်ကုန်တော့မှာဘဲ၊ တစ်ယောက်သိရင် တစ်ကျောင်းလုံးပွပြီး၊ ဝါဒင့်နားထဲ ရောက်သွားရင်၊ ချက်ခြင်းအရေးယူလိမ့်မယ်၊ ကျောင်းမှာ အဲဒါအပြစ် အကြီးဆုံးဘဲဆိုတာ၊ သူသာပြီးနားလည်ဘို့ ကောင်းတာပေါ့" ဟုဆို လေ၏။

"ဒါပေမဲ့ – သူကလုပ်လာမှကိုးဗျ၊ မပေါ်အောင်၊ ကျွန်တော်တို့ပါဝိုင်းပြီး ဘယ်လိုလုပ်ကြရမလဲမသိဘူး"

"သူ့ကိုယ်သူ – မပူလို့ လုပ်လာတာ၊ အမှန်တော့ ကျွန်တော်တို့ကပူနေလို့ အလကားပေ့ါ။ ဒါပေမဲ့ – သတိပေးလိုက်ရင်တော့ ကောင်းမှာဘဲ၊ မနက်အစောကြီး ကျွန်တော့်ဆီ ခင်ဗျားထပြီးလာခဲ့ဗျာ"

"ကောင်းပြီ ကျွန်တော်လာပြီးနှိုးမယ်ဟုတ်လား" ဟုဆို၍ ဝင်းမောင်လည်း ထင်ကျော်ထံမှ ထွက်ခွာလာခဲ့လေ၏။

နောက်နေ့နံနက်တွင် – ၅ – နာရီ မထိုးမီလောက်၊ ဝင်းမောင်သည်အိပ်ရာမှထကာ၊ ထင်ကျော်၏တံခါးကိုသွား၍ခေါက်လေ၏။ ထင်ကျော်ကလည်းနိုး၍နေနှင့်သောကြောင့် အဆင်သင့်ပင် တံခါးကို ဖွင့်ပေးလိုက်ကာ "ဝင်အုံးဗျာ တိုင်ပင်ကြအုံးစို့" ဟုဆိုလေ၏။

ဝင်းမောင်သည် အခန်းထဲသို့ဝင်ပြီး "ဘယ်လိုစိတ်ကူးရသလဲ" ဟုမေးလိုက်လေ၏။





"ကျွန်တော်ကိုဘသန်းကို တစ်ဘက်လှည့်နှင့်ခေါ်ပြီး တစ်ခြားကိုထုတ်သွားမယ်။ သူမရှိတုံး – သူ့အခန်းထဲ ခင်ဗျားဝင်သွားပြီး၊ သူ့ ကောင်မလေးကို တွေ့တဲ့အခါ၊ ခင်ဗျားက – ဝါဒင်လိုလိုလုပ်ပြီး သူ့ကိုချိမ်းခြောက်ပြီးတော့ ထွက်သွားအောင်နှင်ထုတ်လိုက်"

"ကောင်းတယ် ကောင်းတယ်၊ ကဲ အခုသွားရအောင်"

"နေအုံး – ခင်ဗျားလိုက်မလာနဲ့အုံး၊ ခင်ဗျားပါလာရင် ကိုဘသန်းရိပ်မိသွားမယ်၊ ခင်ဗျားဒီကကြည့်နေ၊ ကျွန်တော်တို့ထွက်သွားတာမြင်တော့မှ – သူ့အခန်းကိုသွား"

ထိုသို့တိုင်ပင်ကြကာ၊ ထင်ကျော်သည် ရှေးဦးစွာထွက်၍သွားလေရာ ဝင်းမောင်လည်း ကိုဘသန်းအခန်းကိုမြင်ရသည့်နေရာမှ ရပ်၍ကြည့်နေလေ၏။ ထိုသို့ကြည့်နေရာတွင် ထင်ကျော်သည် ဘသန်းအခန်းရှေ့သို့ရောက်သွားပြီး ဘသန်းကိုတံခါးဖွင့်ပေးရန်ပြောရာ တော်တော်နှင့်ဖွင့်မပေးဘဲနေသည်ကိုတွေ့ရသည့်အတွက် မိမိတို့ ကြံစီထားချက်မှာနေရာကျမှကျပါ့မလားဟု စိတ်ထဲတွင် စိုးရိမ်မကင်းဖြစ်မိလေ၏။

သို့ရာတွင် ထင်ကျော်သည် စိတ်မရှော့ဘဲ တံခါးဖွင့်ရန်ကြိုးစားနေသည်ကိုတွေ့ရလေရာ၊ ထင်ကျော်မှာအလှည့်အပတ်ကောင်းသူတစ်ယောက်ဖြစ်၍ ဘယ်နည်းနှင့်မဆိုဖွင့်ပေးရမှာဘဲဟု ထင်မိသည့်အတိုင်း ခဏမျှကြာသောအခါ တံခါးဖွင့်၍သွားသည်ကို တွေ့ရလေသောကြောင့် ဝင်းမောင်မှာများစွာဝမ်းသာအားရဖြစ်သွားရလေ၏။

ထို့နောက် ထင်ကျော်သည် ဘသန်း၏အခန်းထဲသို့ ရောက်သွားပြီး ချက်ချင် ဖြတ်ကနဲ အခန်းတံခါးကိုပြန်၍ပိတ်လိုက်သည်ကိုတွေ့ရပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com


အတန်ကြာသည့်တိုင်အောင်အခန်းတွင်းၗရှိနေပြီးလျှင် ဘသန်းနှင့် ထင်ကျော်တို့ ခပ်သုတ်သုတ် အခန်းထဲမှ ထွက်လာကြသည်ကိုမြင်လေ၏။

ဝင်းမောင်သည် ထိုသို့မြင်လျှင်မြင်ခြင်း ဘသန်း၏ အခန်းဆီသို့ပြေးခဲ့လေ၏။ သို့ရာတွင် ဘသန်း၏အခန်းသို့ရောက်၍ တံခါးကို ဆွဲဖွင့်လိုက်သောအခါ၊ အတွင်းမှ ကန့်လန့်ထိုးထားသည်ကိုတွေ့ ရသောသောကြောင့် တံခါးကို ခပ်ပြင်းပြင်းခေါက်လိုက်ပြီးလျှင် ဆရာဟန်ဆောင်၍ အာလုပ်သံဖြင့် တံခါးဖွင့်ပေးရန် အင်္ဂလိပ်လိုပြောလိုက်လေ၏။

ဂျောက်ခနဲ တံခါးပွင့်၍သွားသောအခါ ယောကျ်ားလိုဝတ်ထားသော မိန်းမပျိုတစ်ယောက်ကိုတွေ့ရသည့်အတွက် အံ့အားသင့်၍နေပြီးနောက် – "ဒါ မောင်ဘသန်းအခန်းမဟုတ်ဘူးလား" ဟုမေးလေ၏။

မိန်းမပျိုသည် ကြောက်ရွံ့တုံရီစွာဖြင့် ခေါင်းငြိတ်ပြလေ၏။

"မောင်ဘသန်းဘယ်မှာလဲ"

"အခုဘဲ အပြင်ထွက်သွားတယ်"

"မင်းဘယ်သူလဲ"

မိန်းမပျိုမှာ ရုတ်တစ်ရက် အဖြေမပေးရဲသကဲ့သို့ ငေးကြောင် တုန်ရီ၍နေပြီးမှ "ကျမကိုဘသန်းခေါ်လို့လိုက်လာတာ" ဟုဆိုလေ၏။

"ဘာ – မောင်ဘသန်းခေါ်လာတယ်"

မိန်းမပျိုသည် ခေါင်းငြိတ်လေ၏။

"ကျောင်းမှာအကြီးဆုံးအပြစ်တစ်ခု မင်းတို့ကျူးလွန်နေကြတာကို နားလည်ကြရဲ့လား – မောင်ဘသန်းသာမဟုတ်ဘူး – မင်းကိုပါအရေးယူနိုင်တယ်"



မိန်းမပျိုသည် ထိုသို့ကြားရသည်တွင် များစွာထိတ်လန့်တုန်လှုပ်သွားလျက်၊ မျက်ရည်များလည်လာကာ၊ "ကျမ မသိလို့ပါ၊ သူခေါ်လို့လိုက်လာခဲ့ရတာ" ဟုတောင်းပန်သည့်လေသံဖြင့်ပြောလေ၏။

"မင်းတို့အပြစ်ဟာ အင်မတန်ကြီးတယ်။ အရေးယူမခံချင်ရင်ကျောင်းသားတွေမသိခင် မင်းထွက်သွားပါ၊ ပညာသင်နေတဲ့သူတွေကို မင်းတို့လိုမိန်းကလေးတွေလိုက်ပြီး ဖျက်ဆီးနေတာဟာ၊ သိပ်ပြီးစက်ဆုတ်စရာကောင်းတယ်"

"ကျမ သူ့ကိုဖျက်ဆီးတာ မဟုတ်ပါဘူး"

"ဒါကိုပြောမနေနဲ့လေ၊ မင်းအခုသွားမယ် မဟုတ်လား"

"ကျမ ကိုဘသန်းလာအောင်စောင့်ပါရစေအုံး"

"စောင့်ချင်ရင် ကျောင်းအပြင်မှာသွားပြီးစောင့်နေချေ၊ ကျောင်းထဲမှာအပြင်လူဝင်ခွင့်မရှိဘူး။ အခုပြောတုန်းသွားရင်သွားပါ။ ကြာနေရင်အရေးယူရလိမ့်မယ်"

"ကောင်းပါပြီ ကျမသွားပါ့မယ်"ဟု မိန်းမပျိုသည် ပမ်းနည်းသံပါစွာဖြင့်ပြော၍ ထွက်သွားမည်အပြုတွင် "ဒါဘာလုပ်ထာလဲ" ဟု တင်းမာခက်ထန်သော အသံတစ်ခုကို တံခါးဝမှကြားလိုက်လေရာ၊ မိန်းမပျိုကိုမဆိုထားဘိ၊ ဝင်းမောင်ပင်လျှင် တစ်ကိုယ်လုံးတုန်ရီ ကြောက်ရွံ့၍သွားကာနောက်သို့လှည့်ကြည့်လိုက်ရာ၊ အဆောင်မှူး ဖြစ်၍နေသည်ကိုတွေ့ရသောကြောင့် မျက်လုံးပြူး၍သွားလေ၏။

ဆရာသည် လမ်းရှောက်ရန်ထွက်လာရင်းမိသွားခြင်းပေလော။ ကျောင်းသားတစ်ယောက်ယောက်က သွား၍ရှို့သည့်အတွက်ရောက်၍ လာ



www.burmeseclassic.com

www.burmeseclassic.com



ဘမ်းခြင်းလောဟု ဝင်းမောင်၏စိတ်တွင်တွေးမိလေ၏။ ဘာဘဲဖြစ်ဖြစ် ဆရာသိသွားလေပြီဖြစ်ရကား၊ ဤအပြစ်ကြီးကိုတစ်ယောက်ယောက်ခံရ တော့မည်ဟု ဝင်းမောင်၏စိတ်တွင်ထင်မြင်လေ၏။

ထိုအပြစ်ဒဏ်သည်ကား။ ကျောင်းမှထုတ်ပစ်ခြင်းခံရသည်အထိ ဖြစ်နိုင်လေရာ။ ဝင်းမောင်သည် ဘသန်းအတွက်များစွာပင် ပူပင်သွားလေ၏။ အကြောင်းကား ဘသန်းမှာ နောက်ဆုံးနှစ်စာမေးပွဲဖြေဆိုရမည့်သူ တစ်ယောက်ဖြစ်လေရာ၊ ကျောင်းမှထုတ်ပယ်ခြင်းခံလိုက်ရလျှင် သုံးလေးနှစ် သင်ခဲ့ရသမျှတို့မှာ အလဟဿအချီးနှီးဖြစ်ကုန်တော့မည်ဟုတွေးမိလေ၏။

"သူ့ကိုဘယ်သူခေါ်တာလဲ"

ဝင်းမောင်သည် ဘသန်း၏ဘေးဒုက္ခသည် မိမိဖြေရမည့်စကားပေါ်တွင်တည်၍ နေသည်ကိုတွေ့ရလေ၏။ ထိုအခိုက်တွင် သိန်းနွဲ့၏ မျက်နှာကလေးကို ပြေး၍မြင်ယောင်ကာ၊ မိမိ၏အစ်ကိုအတွက် တောင်းပန်နေသည်ဟုထင်မြင်မိလေ၏။ ဘသန်းမှာ ကျောင်းသားကြီးဖြစ်ရကား အပြစ်ဒဏ်ပို၍ကြီးလေးမည်ကိုမြင်ယောင်လေ၏။ ဤသို့နောက်ဆုံးနှစ်ရောက်မှ တစ်ခုခုဖြစ်ခဲ့လျှင် ကြီးစွာသောဆုံးရှုံးခြင်းမျိုးဖြင့် ဆုံးရှုံးရမည်ကို ဝင်းမောင်သည် စာနာစဉ်းစားကြည့်မိလေ၏။

"ကျွန်တော်ခေါ်လာတာပါ" ဟူသောအဖြေသည် ဝင်းမောင်ပါးစပ်ထဲမှလွှတ်ကနဲထွက်လာလေ၏။

မိန်းမပျိုကား၊ ထိုသို့ကြားလိုက်ရခြင်းအားဖြင့်၊ အံ့အားအသင့်ကြီးသင့်သွားလေ၏။ ဤသူသည် စောစောကပင်လျှင် မိမိအားလာရောက်





ကြိမ်းမောင်းနေသေးသည်။ ယခုမူ သူ၏အပြစ်ဖြစ်အောင်၊ ဝင်ခံနေပြန်သည့်အတွက် ဘယ်လိုသဘောပါလိမ့်ဟု စဉ်းစားမရဘဲရှိလေ၏။

"ဒါ - ဘယ်သူ့အခန်းလဲ"

"ကိုဘသန်းအခန်းပါ"

"သူဘယ်မှာလဲ"

"အပြင်ထွက်သွားတယ်"

"ဘာပြုလို့ ဒီအခန်းကို မင်းတို့ရောက်နေရတာလဲ၊ သူကောပါသလား"

"မပါပါဘူး၊ ကျွန်တော့်အခန်းသော့ရှာမရလို့ ဒီမှာ ခဏခေါ်ထားဘာပါ။ မကောင်းတဲ့မိန်းကလေးတစ်ယောက်မဟုတ်ပါဘူး။ ကျွန်တော်တို့ အချင်းချင်းမေတ္တာရှိနေကြလို့ပါ"

မိန်းမပျိုသည် မျက်လုံးပို၍ ပြူးသွားပြန်လေ၏။ ထိုသူသည်အဘယ်ကိုရည်ရွယ်၍ ထိုစကားမျိုးကိုပြောနေတာဖြစ်လေရော့သနည်း။ ဘသန်းအားကာကွယ်လို၍ မိမိကိုယ်ကိုအနစ်နာခံခြင်းမှာ ဘသန်းကျေးဇူးမည်မျှရှိလေသနည်းဟု တွေးမိလေ၏။

"သူဘယ်သူလဲ" ဟုဝါဒင်ကမေးလေ၏။

ဝင်းမောင်မှာ ထိုအမေးကို မဖြေတတ်ဘဲရှိကာ အူကြောင်ကြောင်ဖြစ်နေ၍ မိန်းမပျိုဘက်လှည့်၍ "ပြောလိုက်လေ" ဟုဆိုလေ၏။

"မမြင့်လို့ခေါ်ပါတယ်။ ဈေးသစ်ကြီးမှာ ယွန်းထည်ရောင်းပါတယ်" ဟုဖြေလိုက်မှ ဝင်းမောင်မှာ မိမိတို့၏စကားအချိတ်အဆက် ညီညာသွားသည့်အတွက်ကြေနပ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com





"မင်း – အခုလိုလုပ်ထား၊ အပြစ်အကြီးဆုံးတစ်ခုကို ကျူးလွန်မိတယ် ဆိုတာနားလည်ရဲ့လား" ဟုဝါဒင်ကဝင်းမောင်ကို မေးလေ၏။

"ကျွန်တော်လူသစ်တစ်ယောက်ဖြစ်ပါတယ်ဆရာ"

"အပြစ်ဟာ အပြစ်ဘဲ၊ လူသစ်လူဟောင်းမရွေးဘူး၊ အပြင်လူလက် မခံရဘူးဆိုတာ၊ မင်းတို့နားလည်ပြီးသားဖြစ်ရမယ်။ မင်းသူ့ကို ပြန်ပို့ လိုက်ပြီး၊ ထမင်းစားချိန်ပြီးတဲ့အခါ ငါ့ရုံးခန်းကိုလာခဲ့ပါ"

"ကောင်းပါဘီ" ဟုဝင်းမောင်သည် ဝါဒင်၏စကားကို နာယူကာ ဝါဒင်၏ရှေ့မှာပင် ဧမြင့်အားခေါ်၍သွားမှ၊ ဝါဒင်လည်း ၎င်းတို့ကိုကြည့် လျက် ခေါင်းကိုရမ်းခါနေပြီးနောက်၊ ဝင်းမောင်နှင့် ဧမြင့်တို့ ပျောက်ကွယ် ၍သွားမှ ပြန်၍သွားလေ၏။

ထင်ကျော်နှင့်ဘသန်းတို့သည် အခန်းသို့ပြန်ရောက်ရှိလာကြသော အခါတွင် ကောင်မတစ်ယောက်နှင့်ဝင်းမောင်ကို ဆရာမိသွားတယ်ဟူသော စကားကို ပွစိပွစိနှင့်ပြောနေကြသည်ကို ကြားရခါ တုန်လှုပ်ချောက်ခြား၍ သွားကြလေ၏။

"ဟိုက် – ဘယ့်နှယ့်ဖြစ်တာတုံး၊ ဘယ်လိုတုံး" ဟု ထင်ကျော် မှာ အရေးတစ်ကြီးပြာလောင်ခတ်ပြီးနေကြလေ၏။

"ကိုဘသန်းအခန်းထဲမှာတွေ့သွားတာဘဲ၊ ကောင်မက ယောကျ်ားလို ဝတ်လို့တဲ့" ဟူသောအဖြေကိုကျောင်းသားတစ်ယောက်ထံမှကြားရပြီး၊ "ဒါ ပေမဲ့ ဒီကောင်မဟာ ကိုဘသန်းခေါ်လာတဲ့ ကောင်မလို့ တစ်ချို့ငနဲ့တွေက ပြောနေကြတာဘဲ၊ ကိုဝင်းမောင်က ကြားထဲကနေပြီး သက်သက်ဝင်ခံလိုက် တာလိုလိုပြောနေကြတယ်၊ နှစ်ယောက်စလုံးတစ်ကြိတ်ထဲ တစ်ဉာဏ်ထဲ ခေါ်လာကြပြီး ကိုဝင်းမောင်ကိုမိနေလို့ နှစ်ယောက်မခံရအောင် တစ် ယောက်ထဲခံလိုက်တာလားမှ မသိဘဲ" ဟု တစ်ချို့ကထင်မြင်ချက်ပေးကြ လေ၏။

ထင်ကျော်လည်း ဝင်းမောင်အခန်းသို့ ပြေးသွားလေရာ၊ တံခါးပိတ် ထားလျက်၊ ဝင်းမောင်မရှိသည်ကိုတွေ့လေ၏။ ဘသန်းလည်း ထင်ကျော် ၏နောက်သို့လိုက်လာကာ၊ ဝင်းမောင်ပြန်၍ရောက်လာလျှင်တွေ့ရန် ဝရန္တာ တွင်စောင့်၍နေကြလေ၏။ အခြားကျောင်းသားများလည်း ဝင်းမောင်အား မေးရန်လာကြလေရာ၊ ဝင်းမောင်ကို မတွေ့သဖြင့် ဘသန်းတို့အား "ခင်ဗျား တို့လူဘာဖြစ်တာလဲ" ဟုမေးကြလေ၏။

"ကိုယ်တို့ ဘာမှမသိဘူး။ မနက်အစောကြီးထပြီး၊ လမ်းရှောက်က အပြန်အခုလိုကြားရတာဘဲ။ ကိုယ်တို့လဲ သိချင်လို့ သူ့ကိုစောင့်နေတာဘဲ" ဟု၍ပြန်ပြီးဖြေကာ နောက်ထပ်မမေးအောင်လုပ်ကြရလေ၏။

တစ်နာရီခန့်ကြာသောအခါ၊ ဝင်းမောင်ပြန်၍ရောက်လာလေ၏။ ထို သို့ပြန်လာသည်ကိုတွေ့ရသဖြင့် ဝင်းမောင်အားဟိုကမေး ဒီကမေးနှင့် ကျောင်းသားများဝိုင်း၍လိုက်ကြလေရာ၊ ဝင်းမောင်သည်မိမိအခန်းသို့ ရောက်သောအခါ "ခင်ဗျားတို့ တစ်ဆိတ်သည်းခံကြပါဗျာ" ဟုတောင်းပန် ၍ အခန်းထဲသို့ ဝင်ခွင့်မပေးဘဲ ထင်ကျော် နှင့် ဘသန်းတို့ကိုသာဝင်ခိုင်း ပြီး တံခါးပိတ်ထားလိုက်လေ၏။

"အိုင်ဆေး – ဘယ်လိုဖြစ်ကုန်ကြတာလဲ" ဟု ထင်ကျော်ကမေးလေ ၏။

"ကျွန်တော် ကိုဘသန်းအခန်းထဲဝင်ပြီး မဧမြင့်ကို ပြန်ခိုင်းနေတုံး ဆရာရောက်လာဒါနဲ့ မိသွားတာဘဲ"





www.burmeseclassic.com

www.burmeseclassic.com



"နို့ ခင်ဗျားဆရာ့ကို ဘယ်လိုပြောလိုက်သလဲ" ဟု ဘသန်းကမေးလေ၏။

"ကျွန်တော်ခေါ်လာတာလို့ပြောလိုက်တယ်"

"ဒီလိုမပြောရင် ခင်ဗျားဂျောက်ကျသွားမှာပေါ့"

"နို့ အခုတော့ ခင်ဗျားအပေါ်မှာ အပြစ်ကျမနေဘူးလား၊ ကျွန်တော့အတွက်ဘာပြုလို့ ခင်ဗျားကဝင်ပြီးခံလိုက်ရသလဲ"

"ကျွန်တော်က အရေးမကြီးဘူး ကျွန်တော်ကလူသစ်၊ အရေးယူခံရလို့ ကျွန်တော့်မှာ သိပ်ပြီးမနစ်နာဘူး၊ ခင်ဗျားဆိုရင်သွားရော၊ လေးနှစ်စလုံး သင်လာခဲ့ရတဲ့ စာတွေ၊ ကုန်ခဲ့တဲ့ ငွေတွေ၊ အချိန်တွေ အလကားဖြစ်ပြီး၊ ခင်ဗျားမိဘတွေ ရင်ကွဲကုန်ကြမှာ။

ဘသန်းမှာ၊ ဝင်းမောင်မိမိအတွက် အနစ်နာခံပြီး သဘောထားကြီးမြတ်လှသည်ကို စိတ်ထဲမှ ချီးကျူးအံ့ဩမိလေ၏။

"ဒါပေမဲ့၊ ခင်ဗျားအနာခံတာကို ကျွန်တော်ကကြည့်နေလို့၊ ကျွန်တော် 'ဆဲ့လ်ဖ်ရှိ' ဖြစ်ရာရောက်မနေဘူးလား။ ကိစ္စမရှိဘူး ကျွန်တော်ဘာဘဲဖြစ်ဖြစ် ကျွန်တော်သွားပြီးပြောလိုက်မယ်"

"ခင်ဗျားလွတ်ကင်းနေပြီဟာဘဲ၊ ဘာဖြစ်လို့ပြန်ပြီး အပြစ်ခံချင်ရတာလဲ၊ ဒီကြောင်းတွေ ခင်ဗျားအိမ်ကသိရင် မသိန်းနွဲ့ကိုလဲ ကျောင်းမထားတော့ဘဲ ပြန်ပြီးနှုတ်လိုက်လိမ့်မယ်။ ဒီလိုဆိုရင် နှစ်ယောက်စလုံးသင်ခဲ့ရတဲ့ ပညာတွေဟာ တစ်ပိုင်းတစ်စနဲ့ အလကားဖြစ်ကုန်မှာပေါ့။ နေပါစေ။ ကျွန်တော့်အတွက်မပူပါနဲ့"

"ခင်ဗျားက ကျွန်တော့အခန်း ဘာပြုလို့ ရောက်လာရတာလဲ"

"ခင်ဗျားလုပ်တာတွေကို ဆရာတွေသွားရင်ခက်ကုန်မှာသိလို့ ခင်ဗျားကို တမင်လိမ်ခေါ်သွားပြီး သူ့ကိုလဲ ချောက်ထုတ်ရအောင် ကျွန်တော်သွားတာ" ဟု ဝင်းမောင်ကပြောလျက် ထင်ကျော်က "ခင်ဗျားကကောဘယ်နှယ့်ကြောင့် ဒီလိုခေါ်လာရတာလဲဗျာ" ဟုဆိုလေ၏ ။

"ကျွန်တော်လဲ မနေ့က အရက်သောက်မိပြီး မူးမူးရူးရူးနဲ့ လုပ်မိလုပ်ရာ လုပ်မိတာဘဲဗျာ။ အခုလိုဖြစ်ကြရတာ ကျွန်တော့အပြစ်ဘဲ" ဟု ဘသန်းကလွန်စွာ စိတ်မကောင်းသည့်မျက်နှာနှင့်ပြောကာ၊ "ကိုဝင်းမောင် ခင်ဗျားရဲ့ စိတ်သဘောကို ကျွန်တော်အများကြီးဘဲ ချီးကျူးပါတယ်ဗျာ။ ကျေးဇူးလဲသိပ်တင်ပါတယ်။ ကျွန်တော့အပေါ်မှာ ဘယ်လိုမှမအောက်မေ့ပါစ" ဟုဆိုလေ၏။

"ဘယ်လိုမှ မအောက်မေ့လို့၊ တမင်ဝင်ပြီးခံလိုက်တာပေါ့"

"နို့ – ခင်ဗျား အခုလိုအပြစ်ခံရတော့မှာကို၊ သက်သာအောင်လုပ်ဘို့ – ဘယ်လိုကြံကြမလဲ"

"ကျွန်တော်အပြစ် – ကြီးကြီး – ပေါ့ပေါ့ –မထူးပါဘူး။ ဖြစ်ချင်တာဖြစ်ပါစေဗျာ။ ကျွန်တော့အတွက်မပူပါနဲ့။ ကျွန်တော်တော့။ ဒီလို စိတ်နှလုံးကောင်းထားပြီး။ လူတစ်ယောက်ကျရောက်မဲ့ဒုက္ခကို ကယ်လိုက်ရတဲ့ဟာကိုဘဲ သိပ်ဝမ်းသာနေပါတယ်" ဟုပြောလိုက်သောကြောင့် ဘသန်းမှာသက်ပြင်းကြီးချလိုက်မိလေ၏။

ဝင်းမောင်သည် – အဆောင်မှူးနှင့်တွေ့ပြီးနောက် ရုံးခန်းထဲမှထွက်လာသောအခါ စောင့်၍နေကြသော ဘသန်းနှင့်ထင်ကျော်တို့သည် အရေးဘစ်ကြီးပြေးလာကြပြီးလျှင် "ဘယ်နှယ့်လဲ ဘယ့်နှယ့်လဲ ဘာပြောလဲ" ဟု ဆီး၍မေးကြလေ၏။

"ဒီနေ့ကျောင်းအုပ်ကြီးနဲ့ ကျွန်တော်သွားပြီးတွေ့ရအုံးမယ် –ဘယ်လို





www.burmeseclassic.com

www.burmeseclassic.com

ဆုံးဖြတ်မယ်ဆိုတာတော့ – ဒီနောက်မှဘဲသိမှာဘဲ – ချက်ခြင်းမဆုံးဖြတ်ဘဲ – အုပ်ချုပ်ရေးအဖွဲ့နဲ့ စဉ်းစားချင်စဉ်းစားမလားလဲမသိဘူး"

ထင်ကျော်မှာမိတ်ဆွေတစ်ယောက်အတွက် စိတ်မကောင်းခြင်းမျိုးဖြင့်သာ စိတ်မကောင်းဖြစ်ရလျက်၊ ဘသန်းမှုကား မိမိကြောင့်ဖြစ်ရသောကိစ္စဖြစ်သည့်အတွက် အမျိုးမျိုးစိတ်မကောင်းဖြစ်မိလေ၏။ "ငါ့အတွက်လူတစ်ယောက်ဒုက္ခခံရတာကို ငါဒီအတိုင်းကြည့်နေလို့ဖြစ်ပါ့မလား၊ ငါလုပ်တဲ့အမှုကို ငါမခံရဲ၊ သူ့ရဲဘောနည်းတဲ့ လူတစ်ယောက်ရယ်လို့ လူတစ်ကာပြောနေကြတော့မယ်၊ ငါကိုယ်တိုင်ဘဲ ဖြောင့်ချက်ပေးပြီး အပြစ်ခံလိုက်ရရင်ကောင်းမလား" ဟုတွေးလေ၏။ သို့ရာတွင် ဝင်းမောင်က ဝန်ခံပြီးသားဖြစ်၍နေလေရာ...... မိမိကဖြောင့်ဆိုခြင်းအားဖြင့်......ဝင်းမောင်ကို သက်သာရာမရစေဘဲ၊ မိမိတစ်ယောက်ပါတိုး၍ အပြစ်ခံရမည်ဆိုလျှင်လည်း ကျေးဇူးမရှိ။ ဝင်းမောင်ကပြန်၍ဘူးကွယ်ပြီး၊ မိမိကဖြောင့်ဆိုမှသာ ဝင်းမောင် သက်သာရာရမည်ကိုတွေးမိလေ၏။

"ကိုဝင်းမောင် ခင်ဗျားကျွန်တော့အတွက်မခံပါနဲ့ဗျာ၊ ပရင်စီပဲလ် ရှေ့ကျရင် ကျွန်တော့်အပေါ်ကိုသာ အပြစ်ပုံပြီးချလိုက်ပါတော့....ခင်ဗျားကျွန်တော့အတွက် ခံတာကို ကျွန်တော်တို့ကသာ ခင်ဗျားရဲ့စိတ်သဘောကို ချီးမွမ်းလိမ့်မယ်။ ဒီပြင်လူတွေကတော့ ချီးမွမ်းကြမှာ မဟုတ်ဘူး။ ခင်ဗျားလောက်မိုက်တဲ့လူ လောကမှာမရှိဘူးလို့သာပြောကြမှာဘဲ"

ထိုစကားသည် ဝင်းမောင်အား စဉ်းစားစရာဖြစ်စေလေတော့၏။ သို့ဖြစ်၍ ဝင်းမောင်သည် ဘသန်းအား ဘာမျှပြန်၍မပြောဘဲတွေဝေ၍မိမိအခန်းသို့ပြန်လာခဲ့လေ၏။





တက္ကသိုလ်ကျောင်းတော်ကြီးတွင် ကျောင်းသားပေါင်း တစ်ထောင်ကျော်ရှိ၍ ပါးစပ်ပေါင်းလည်းထို့အတူတစ်ထောင်ကျော်ရှိလေရကား၊ သတင်းတစ်ခုဖြစ်ခဲ့လျှင် တစ်ယောက်ပါးစပ်မှ တစ်ယောက်ကူးကာ တောမီးပမာလျှင်မြန်စွာပျံ့နှံ့၍သွားလေရာ၊ ထိုသတင်းမှာ ၁၁နာရီမထိုးမီပင်၊ မိန်းခလေးများစုဝေးရာ "အဲလ်–စီ–အာ" အခန်းသို့ ရောက်၍သွားလေတော့၏။

သတင်းတစ်ခုကို ကျောင်းသူကလေးများ တရှရှဖြင့်ပြောနေကြသည်ကို သိန်းနွဲ့တွေ့ရသော်လည်း သိန်းနွဲ့မှာသူတစ်ပါး၏အတင်းအဖျင်းကိုနားထောင်တတ်သော ဝါသနာမရှိသည့်အတွက် အမှတ်တမဲ့နေလိုက်ရာက "ကိုဝင်းမောင်တဲ့" ဟုစကားထဲတွင်ထည့်၍ပြောလိုက်သံကိုကြားရသည့်အတွက် စိတ်ထဲတွင် ထိတ်ခနဲဖြစ်သွားကာ "ဘာပြောနေကြတာလဲ" ဟုစု၍ပြောနေကြသူတို့အနီးသို့ကပ်၍မေးလိုက်လေ၏။

"ပုဂံဟောလ်က ဖရက်ရှာ တစ်ယောက်မှာအခန်းထဲက မိန်းကလေးဘစ်ယောက်နဲ့ မိလို့တဲ့။ ကိုဝင်းမောင်ဆိုတဲ့လူလို့ပြောကြတာဘဲ"

သိန်းနွဲ့မှာ မျက်နှာပျက်၍ မသွားအောင် မနည်းကြံ့ဖွံ့ဆယ်ထားလိုက်ရပြီးမှ "ဒီသတင်းဟာ တစ်ကယ်ဘဲတဲ့လား" ဟုမေးလိုက်လေ၏။

"တစ်ကယ်လားတော့မသိဘူး – တစ်ကျောင်းလုံးဘဲ ဒီအကြောင်းကိုပြောနေကြတာဘဲ"

သိန်းနွဲ့မှာ မိမိထိုင်နေရာတွင် ကြာကြာနေလျှင် အမူအရာပျက်သွားသည်ကို တွေ့မြင်ရိပ်မိကုန်ကြမည်စိုးရိမ်သောကြောင့် လျှင်မြန်စွာခွာ၍လာခဲ့ပြီးလျှင် ခပ်ရှင်းရှင်းတစ်နေရာတွင်ထိုင်ပြီး ထိုအကြောင်းများကို ပြန်၍



www.burmeseclassic.com

www.burmeseclassic.com

တွေးကာ စိတ်ထဲတွင် ဝမ်းလည်းနဲ ဒေါသလည်းဖြစ်လျက် သစ္စာမရှိသူ တစ်ယောက်အား မိမိမေတ္တာရှိမိလေပြီ၊ မိမိသည် ယခင်ကပြောထားသည့် စကားအတိုင်း သူ၏အချစ်ကို လက်မခံဘဲ ဆက်လက်နေလိုက်ချေကတော် လေဦးမည်။ ယခုကား ဤအကြောင်းကို မကြားရမီကလေးတွင် သူ၏ အချစ်ကိုလက်ခံလိုက်ပြီဖြစ်လေရာ၊ စားရမှာသဲနှင့် ရှပ်ရှပ်ဆိုသကဲ့သို့ဖြစ် နေချေပြီ ဟုတွေးမိလျက် ငါဘာပြုလို့ မနေ့က စာကလေးရေးပြီးပေးလိုက် ချင်တဲ့စိတ်ပေါ်ပြီးလာရတာလဲ မသိဘူး။ ငါ့ဒုက္ခ ငါရှာတာဘဲဟု နောင်တ ရမိလေ၏။

"အို....ဘာဘဲဖြစ်ဖြစ် ဒီအကြောင်းကို ငါသိရပြီ။ ဒီလိုလူတစ် ယောက်ကို ငါမချစ်တော့ဘူး။ ဒီစာကို ငါပေးတာမဟုတ်ဘူးလို့ ငါငြင်း လိုက်မယ်၊ သူလဲဒီစာကိုတွေ့မှတွေ့သေးရဲ့လားမသိဘူး။ ငါတို့ ကိုရုပ်ရှင် အပြန်လိုက်ပို့ပြီး။ ဘယ်အချိန်ဒီဟာတွေနဲ့ ရောက်ပြီး ပွဲနေပါလိမ့်မလဲ၊ ဒီလောက်ပွေရှုပ်တဲ့လူကို ငါမေတ္တာဘာလို့ရှိစရာလဲ။ အခုစောစောက သိ လိုက်ရလို့ ငါ့စိတ်ဖြတ်ရတာ လွယ်သေးတယ်" ဟုနှလုံးပိုက်လိုက်ကာ။ အတန်းတက်ရန် အချိန်တစ်ချိန်နီးလာပြီကိုတွေ့၍ အခန်းထဲမှထွက်ခဲ့လေ ၏။

ထိုသို့ထွက်လာခဲ့ရာတွင် မိမိကိုမြင်၍ပြုံးကာ မျက်နှာခပ်ပြောင်ပြောင် နှင့် ရောက်၍လာသော ဝင်းမောင်ကိုတွေ့ရသည့်အတွက် ဒေါသထွက်စွာ ဖြင့် နှုတ်မဆက်ဘဲသွားမည်ပြုလိုက်ပြီးမှ "ကိုဝင်းမောင်....စကားတစ်ခွန်း ပြောချင်လို့လိုက်ခဲ့ပါ" ဟုဆို၍ အနီးရှိလစ်နေသော အခန်းတစ်ခုထဲသို့ဝင် သွားသဖြင့် ဝင်းမောင်လည်း မနေ့က သိန်းနွဲ့ထံမှ စာကိုရရှိထားသော



ကြောင့် ဝမ်းသာစွာဖြင့်လိုက်၍သွားလေ၏

အခန်းတွင်းသို့ရောက်ကြသည့်အခါ ဝင်းမောင်သည် သိန်းနွဲ့၏ စကားကိုပင်စောင့်မနေဘဲ "နွဲ့......ဘာပြောမယ်ဆိုတာသိပြီးပါပြီ။ ကိုဝင်းမောင်တစ်သက်မှာ အခုလောက်ပျော်တာမရှိဘူး" ဟုဆိုပြီး အိတ်ထဲ မှ သိန်းနွဲ့၏စာကလေးကို ထုတ်ပြီးလျှင် "ကျောင်းပြန်ရောက်လို့ဒီစာ ကလေးကိုတွေ့လိုက်ရတော့ သိပ်ဝမ်းသာသွားတာဘဲ" ဟု ပြောလေ၏။

သိန်းနွဲ့သည် မျက်နှာထားကြီးဖြင့် "ဘာစာလဲ၊ ဘယ်သူပေးတဲ့စာလဲ" ဟုမေးလိုက်ရာ ဝင်းမောင်မှာ အံ့အားသင့်သွားလျက် "ဒါလေ – နွဲ့ပေးတဲ့စာ လေ" ဟု ဆို၍ မိမိစာကလေးကိုပြလေ၏။

သိန်းနွဲ့သည် စာကိုလှမ်းယူ၍ကြည့်ပြီး၊ ရှုတ်ချသောမျက်နှာဖြင့် "ကိုဝင်းမောင်... ရှင့်အကြောင်းကျွမ မသိဘူးအောက်မေ့လို့လား။ ရှင့်လိုလူ တစ်ယောက်ကို မေတ္တာရှိမယ်လို့ထင်တာများ အံ့ဘဲ အံ့စရာ ကောင်းသေး တော့တယ်ရှင်......၊ ဟား.....ဟား...ဒီစာကိုကျွမပေးတယ်ဆိုတာဘဲ ရှိဘဲရှိ ချင်သေးတော့တယ်၊ ကိုယ့်ကို သူငယ်ချင်းတွေက အရှုးလုပ်လို့လုပ်မှန်းမသိ ဘူး။ ဒါမှမဟုတ် ချစ်တဲ့ကြိုက်တဲ့စကား ကျွမကို ဘယ်တော့မှမပြောပါနဲ့ လို့ ဆိုတာကို တမင်ရမယ်ရှာပြီး ဉာဏ်ဆင်တာလား" ဟုပြောပြောဆိုဆို စာရွက်ကလေးကိုဗြဲဗြဲ နှင့် အစိတ်စိတ်အမွှာအမွှာဖြစ်အောင် ဖြဲဆုတ်လိုက် လေ၏။

ဝင်းမောင်မှာ ထူပူ၍သွားကာ။ "နွဲ့ – တစ်ကယ်ပြောနေတာလား" ဟု ခမေးလေ၏။

"တစ်ကယ်ပြောနေတာ....တစ်ကယ်ပြောနေတာပေါ့။ ရှင့်အကြောင်း

www.burmeseclassic.com

တွေကြားရပါပြီ။ ဒီနေ့ကစပြီး ကျမကို အသိရယ်လို့ မအောက်မေ့ပါနဲ့တော့"

"မဟုတ်ဘူးနွဲ့ရဲ့ ကိုဝင်းမောင် ဒီအကြောင်းကို ......"

"အို.....ဘာမှရှင်းမနေနဲ့ နားမထောင်ချင်ဘူး။ ဒါနောက်ဆုံးစကားဘဲ" ဟု ဆို၍ သိန်းနွဲ့ထွက်သွားသောကြောင့် ဝင်းမောင်မှာ ဝမ်းနည်းပက်လက်ကြီးဖြစ်ကာ ကျန်ရစ်ခဲ့ရှာလေ၏။

ဝင်းမောင်မှာ မိမိထင်ခဲ့မိသည်တို့မှာကား၊ မှားခဲ့လေပြီ။ သိန်းနွဲ့သည် မိမိအား မေတ္တာရှိပြီဖြစ်၍ ဤကျောင်းကြီးတွင်နေရသည်မှာ ပျော်စရာကောင်းလေပြီဟု ထင်ခဲ့ရာက သိန်းနွဲ့သည် မိမိအားမေတ္တာမရှိသည့်ပြင်၊ သီးသီးနင့်နင့်ပင်ဆိုလိုက်ချေပြီ။ မိမိသည် ဤကျောင်း တွင်နေရ၍လည်း မထူးတော့ပြီ၊ စောစောကမူ သိန်းနွဲ့၏အချစ်ကြောင့် ဤကျောင်းတွင်မြဲ၍ နေနိုင်ရန် ကိုဘသန်းကိုဖွင့်ဖေါ်လိုက်မည်ကြံမိသော်လည်း ယခုကားမိမိကျောင်းထွက်နိုင်ရန်နည်းလမ်းဖြစ်လာခြင်းပင်ဖြစ်တော့သည်ဟု နှလုံးပြု၍ မိမိသာလျှင် အပြစ်ခံရန် ဆုံးဖြတ်လိုက်လေတော့သတည်း။

သိန်းနွဲ့သည် အခန်းထဲမှထွက်၍လာရာတွင် ဘသန်းနှင့်တွေ့ လေရာ "ကိုကိုတို့ ကျောင်းကသိပ်ပြီးနာမည်ကောင်းရနေပါလား" ဟုဆိုလိုက်ရာ၊ ဘသန်းမှာ မျက်နှာပျက်၍သွားလေတော့၏။

"ကိုကိုသန်းက ဘာပြုလို့မျက်နှာပျက်ရတာလဲ၊ ကိုယ့်လူထဲက ဖြစ်နေလို့လား.....ဒီလိုလူမျိုးနဲ့ သူငယ်ချင်းဖြစ်ရတယ်ဆိုတာ သိပ်ပြီးရက်စရာတောင် ကောင်းပါသေးတယ်......"

ဘသန်းမှာ သိန်းနွဲ့က ဝင်းမောင်အပေါ်တွင် ဤကဲ့သို့နှိမ့်ချ ပြောဆိုနေသည်ကို ကြားရသော်လည်း ဝင်းမောင်အားကာကွယ်၍ ပြောမနေနိုင်တော့ပေ။ ဝင်းမောင်အားကာကွယ်လိုက်လျှင် မိမိ၏ အကြောင်းကို မိမိနှမအားဖွင့်ဟ၍ပြောနေရတော့မည်ဖြစ်သည့်အတွက် များစွာစိတ်မကောင်းလျက်နှင့်ပင် မျက်နှာကိုမနဲကြိုးစားပြုံး၍ကာ "လူတစ်ဘက်သားကို ဒါလောက်လဲ နှိပ်နှိပ်စက်စက် မပြောနဲ့လေ။ လောကသဘာဝဆိုတာ ဒါမျိုးတွေ ကင်းနိုင်တာ မဟုတ်ဘူး....ယောကျ်ားကောင်း မောင်းမတစ်ထောင်ဆိုတဲ့စကားအရှိသားဘဲ" ဟုဖာထေးလိုက်ရလေ၏။

"သူတို့ယောကျ်ားချင်းကျတော့ တယ်ပြီးကိုယ်ချင်းစာကြတယ်.... ဒါမျိုးတွေများတော့ သူ့မောင် ကိုယ့်မောင် နဲနဲမှမကြိုက်ပါ ဘူး" ဟုဆို၍ သိန်းနွဲ့လည်းအတန်းတက်ရန်ရှိသည့်အတွက်မြန်မြန် ထွက်၍သွားသောကြောင့် ဘသန်းမှာ စိတ်အနည်းငယ်သက်သာရာရလေ၏။

ထိုနောက်ဘသန်းသည် ဝင်းမောင်အားလိုက်၍ရှာလေရာ၊ ဘယ်အခန်းမှာမှမတွေ့ရဘဲ၊ နောက်ဆုံးတွင် ကျောင်းအုပ်ကြီးအခန်းနားသို့ရောက်ခါမှ ဝင်းမောင်လည်းအခန်းထဲမှပြန်၍ထွက်အလာနှင့် တွေ့ဆုံမိလေ၏။

"ဘယ့်နှယ့်လဲ.....ဘယ့်နှယ့်လဲ......ဘာတွေပြောသလဲ"

"ကျွန်တော်လုပ်မိပါတယ်လို့ ဝန်ခံလိုက်တာဘဲ......ကျွန်တော့်ကိုလဲ ကောင်းကောင်းဆုမ္မလိုက်တယ်"

ဘသန်းမှာ မျက်နှာကြည်လင်သွားကာ "အဲဒါပြီးရောလား" ဟုမေးလိုက်မှ၊ ဝင်းမောင်က "ဒီကိစ္စကိုစဉ်းစားအုံးမယ်လို့ပြောလိုက်တယ်၊ဆုံးဖြတ်ချက်ချပြီးရင်အမိန့်ထုတ်လိုက်မှာဘဲ" ဟု ပြောပြသောကြောင့် ကြည်







www.burmeseclassic.com

www.burmeseclassic.com

လင်လာသောမျက်နှာမှာပြန်၍မဲသွားလေ၏။

"ခင်ဗျား.....ကျွန်တော့ကိုဘဲ လွှဲချလိုက်ပါလို့ဆိုနေမှဘဲဗျာ"

"အို.....ကျွန်တော်လဲ ကျောင်းမနေချင်တော့ပါဘူး.....ဒါ ကြောင့်လဲ အပြစ်ရှိသမျှ ကျွန်တော်ခံဘို့ဆုံးဖြတ်လိုက်တာပါဘဲ"

ဘသန်းသည် ထပ်မံ၍စကားမပြောနိုင်တော့ဘဲရှိကာ လွန်စွာစိတ်မကောင်းဖြစ်သောမျက်နှာဖြင့် အတူညီမ်သက်စွာရောက်လာခဲ့ကြရင်း ရှည်လျားစွာသက်ပြင်းချမိလေတော့၏။

"ကျွန်တော်တော့ သိပ်စိုးရိမ်တာဘဲဗျာ – ခင်ဗျားကျောင်းထွက်ရတယ်ဆိုတာကို ကျွန်တော်မကြားချင်ဘူး၊ ထွက်လဲမထွက်စေချင်ဘူး" ဟု ဘသန်းကဆိုပြီးလျှင် "ခင်ဗျားဘာပြုလို့ ကျောင်းထွက်ချင်ရသလဲဗျာ၊ ကျွန်တော်တို့နဲ့ မပျော်ဘူးလား" ဟုမေးလေ၏။

"အကြောင်းတစ်ခုရှိလို့ဘဲ ဆိုတာသာပြောပါရစေတော့"

ဘသန်းမှာ ထိုအကြောင်းကိုသိလေ၏။ သို့ဖြစ်ရကား မသိဟန်ဆောင်၍နေရန်မတော်။ အကြောင်းရင်းကို မဘော်သော်လည်း ရိပ်မိသည့်အနေဖြင့် အားပေးရန်ရှိသည်ကိုနှလုံးပြုကာ "ခင်ဗျားဖြစ်တာကို ကျွန်တော်စဉ်းစားမိသလောက် စဉ်းစားမိပါတယ်ဗျာ – ဒါပေမဲ့ လူတိုင်းလိုလိုဒါမျိုးဟာ ကြုံရစမြဲပါဘဲ။ ဒီလိုကြုံရတိုင်း စိတ်ဉာဏ်စရမယ်ဆိုရင် ဒီလောကကြီးမှာ ယောကျာ်းတွေနေဘို့ဘဲ မရှိတော့ဘူး" ဟု ပြောလေ၏။

"ခင်ဗျားပြောတာမှန်ချင်လဲမှန်မယ် မှားချင်လဲမှားမယ်။ ဒါပေမဲ့ ကျွန်တော် ထွက်ဘို့ဆုံးဖြတ်လိုက်ပြီးပြီ၊ ထွက်ရဘို့ဟာ သေချာသလောက်ရှိနေပြီ။ ဒီတော့ ဒီစကားကို ပြောနေလို့လဲမထူးပါဘူး"





ဘသန်းလည်းငြိမ်သက်သွားပြန်လေ၏။ ငါသည်လိုကြည့်နေလို့တော့ မတော်ဘူး။ အဖွဲ့ကတစ်ခုခု မဆုံးဖြတ်မီငဲ့ညာစဉ်းစားနိုင်စရာရအောင် ငါလုပ်အုံးမှဘဲ ဟုရည်ရွယ်ချက်ပြုလိုက်လေ၏

သိန်းနွဲ့ကားဝင်းမောင်အပေါ်တွင် မချစ်တော့ပါဘူးဟု စိတ်ပိုင်းဖြတ်ထားစေကာမူ ချစ်မိသည့် အချစ်သည်အသဲတွင်အမြစ်တွယ်ကာမှ၊ အချစ်ပင်ကို ဆွဲနှုတ်လိုက်ရသည့်အတွက်၊ အသဲဆိုင်များကွဲအက်ကျန်ရစ်ကာ အချစ်၏ဝေဒနာကို ခံစားရလျက်ရှိရာလေ၏။

သို့ရာတွင် ထိုညနေ၌ "ဝင်းမောင်ကို အန်ဒါးဆပ်စပင်းရှင်းလုပ်ထားလိုက်ပြီ" ဟုကြားရသောအခါ၌ သနားသောစိတ်ညွှတ်တိမ်းသောစိတ်သည် ပေါ်၍လာသေးတော့၏။ ထိုသို့ကြားရသည်မှာ အဟုတ်လားဟု သေချာစေရန် အမိန့်စာများကို နို့တစ်သင်ပုန်းတွင်ကြည့်ရာ အမှန်ပင်ဖြစ်နေသည်ကိုတွေ့ရလေ၏။ သို့ရာတွင် ထိုအမိန့်မှာ အပြီးအပိုင်အမိန့်ချခြင်းမဟုတ်ဘဲ၊ ဝင်းမောင်၏ ကိစ္စကို စဉ်းစားနေဆဲ၊ တာသင်ခြင်းရပ်စဲထားခြင်းပင်ဖြစ်ပေ၏။

ထိုနောက်ထိုညနေ မကုန်မီပင် ကြော်ငြာသစ်တစ်ခုထွက်လာပြန်သည်တွေ့ရလေရာ၊ သိန်းနွဲ့မှာ အံ့အားသင့်၍သွားလေ၏။ ထိုကြော်ငြာမှာ ကျောင်းအုပ်ကြီးက ဘသန်းအား တွေ့လို၍ ခေါ်ထားခြင်းပင်ဖြစ်ရကား။ ဘာကြောင့်ဖြစ်ပါလိမ့်မည်နည်း၊ ဝင်းမောင်ကိစ္စနှင့်များပတ်သက်၍နေလေရော့သလားဟု ပူပန်လိုက်မိလေ၏။

သို့ဖြစ်၍ ဘသန်းကိုမေးမြန်းရန် ဟိုရှာဒီရှာနှင့်ရှာရာ ဘသန်းကိုကားရှာ၍မတွေ့ရဘဲ။ ထင်ကျော်နှင့်တွေ့၍နေရသဖြင့် "ကိုကိုသန်းကိုပရင်စီပဲလ်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ထားတာဘာပြုလို့လဲ” ဟုမေးလေ၏။

ထင်ကျော်မှာ အဖြေရခက်၍နေကာ “ဒီအကြောင်းကိုမဖြေဘဲနေလို့ မရဘူးလား” ဟုဆိုလေ၏။

“အို – သိချင်လို့မေးနေတာဘဲ – ပြောပါရှင် – ဘာဖြစ်ဖြစ်အားနာ မနေစမ်းပါနဲ့၊ ပြောစမ်းပါ”

ထင်ကျော်သည် မပြောဘဲပြီးမည်မဟုတ်တော့သည့်အတွက် “ကိုဝင်းမောင်အကြောင်းကိုတော့ကြားပြီးရောပေါ့” ဟု ဆိုလေ၏။

“ဟုတ်ကဲ့ – ကြားပြီ”

“အဲဒီကိစ္စအမှန်ကတော့ ကိုဘသန်းအခန်းထဲမှာ မနမြင့်ဆိုတဲ့ မိန်းကလေးတစ်ယောက်ရောက်နေတာကို ကိုဝင်းမောင်အခန်းထဲကိုဝင်အသွားမှာ ဆရာလာပြီးတွေ့နေရတဲ့အတွက် ကိုဝင်းမောင်က ကိုဘသန်းကိုထိခိုက်မှာစိုးလို့ သူခေါ်လာတာပါလို့ပြောလိုက်တာဖြစ်နေတယ်”

“ဒါဖြင့် ဒီကောင်မဟာ ကိုကိုသန်းခေါ်လာတာပေါ့”

ထင်ကျော်သည် စကားလွန်မပြောလိုသည့်အတွက် “ဒါတော့ မပြောတတ်ဘူး” ဟုဖြေလေ၏။

“နို့ ကိုဝင်းမောင်က ဘာပြုလို့ ကိုကိုသန်းကိုငဲ့ညှာပြီးသူအနာခံရတာလဲ”

“သူကတော့ အရေးယူခံရရင် ဖရက်ရှာမို့ မနစ်နာဘူး၊ ကိုဘသန်းမှာ ဒီနှစ်ဖိုင်နယ်ဖြေရမှာမို့ နစ်နာနေမှာကိုထောက်ပြီး လည်စင်းခံလိုက်တာ”

“အို……” ဟုသိန်းနွဲ့ပါးစပ်မှ အသံထွက်၍သွားကာ၊ မိမိဆိုလိုက် ပြောလိုက်မိသည်တို့မှာ လွန်ကုန်ပြီဟု များစွာယူကြုံးမရဖြစ်မိလေတော့၏။

“နို့ – ကိုဘသန်းကဘာပြုလို့ ကြည့်နေတာလဲ”

“ကိုဘသန်းက ကိုဝင်းမောင်ကို သူနဲ့မဆိုင်တဲ့ အကြောင်းကိုပြောလိုက်ဘို့ပြောပါတယ်။ သူလဲပြောမလိုလိုလုပ်ပြီးမှ နောက်တော့ဘယ်လိုစိတ်ပြောင်းသွားတယ်မသိဘူး။ ကျောင်းမနေချင်တဲ့စိတ်ပေါ်လာပြီးကျောင်းကထွက်ရအောင်လုပ်လိုက်တာဘဲ”

သိန်းနွဲ့မှာများစွာယူကြုံးမရဖြစ်လျက်။ မိမိနှင့်တွေ့ပြီးမှ ဝင်းမောင်ဤသို့စိတ်ပြန်၍ပြောင်းသွားခြင်းကို စဉ်းစားမိကာ ငါဟာ သူများလဲ ဂြိုဟ်မွှေ – ငါ့ကိုယ်ငါလဲ ဂြိုဟ်မွှေနေတာပါကလား ဟု ဝမ်းနည်းလှိုက်ဆို့လာလေတော့၏။

သို့ဖြစ်၍ ထင်ကျော်၏ရှေ့တွင် မိမိ၏ပျက်ပြားစပြုလာသော မျက်နှာကို ကြာမြင့်စွာ ပြမနေရဲတော့ဘဲ “ကိုကိုသန်းတွေ့ရင်၊ ကျမနဲ့ အမြန်ဆုံးတွေ့ချင်တယ်လို့ ပြောစမ်းပါ” ဟု မှာ၍ထွက်သွားလေ၏။

ထိုအချိန်တွင် ဘသန်းက ၊ ကျောင်းအုပ်ကြီး၏ရှေ့၌ရပ်လျက်ရှိကာ မေးခွန်းများကို တစ်ခုပြီးတစ်ခုဖြေနေလေ၏။

“ဒီမိန်းခလေးဟာ ဘယ်သူခေါ်လာတာလဲ”

“ကျွန်တော်မသိပါဘူး” ဟုငြင်းကွယ်လိုက်လေ၏။

“မောင်ဝင်းမောင်က သူခေါ်လာပါတယ်ဆိုတာ၊ ဘာပြောစရာရှိသလဲ”

“သူခေါ်လာတယ်ဆိုတာ ကျွန်တော့်ကို ထိခိုက်မှာစိုးလို့ပြောတာပါ။ ကျွန်တော်သိရသလောက် သူခေါ်တာ မဟုတ်ဘူး”

“ဒီလိုဘယ်နှယ့်ကြောင့်ပြောနိုင်သလဲ”

“မနေ့က ကျွန်တော့နှစ်မများနဲ့အတူတူ ရပ်ရှင်သွားကြတာ၊ ကျွန်

www.burmeseclassic.com

တော်အသိပါဘဲ၊ နောက်ပြီးစာကြည့်ချိန်မှာ သူ့အခန်းထဲ သူရှိတာကို ဝါဒင် သက်သေပေးနိုင်ပါလိမ့်မယ်"

"ကောင်းပြီ.....ဒီလိုဆိုရင် ဘယ်လိုလုပ်ပြီး မင်းအခန်းထဲသူ ရောက်လာတယ်လို့ဆိုမလဲ"

"ကျွန်တော် ဒီအရင်ခပ်စောစော အချိန်ကလေးမှာဘဲ ကိုထင်ကျော်နဲ့ အတူတူ လမ်းထရောက်ကြပါတယ်။ ကျွန်တော်လဲမေ့ပြီး တံခါးကိုဖွင့်ပစ်ခဲ့မိတယ်။ ကျွန်တော့်စိတ်အထင်မှာ ကျောင်းသားတစ်ယောက်ယောက်မနာလိုလို့ ကျွန်တော့်အခန်းထဲကိုပို့ထားတာဖြစ်ပါလိမ့်မယ်။ ဒီအချိန်မှာ ကိုဝင်းမောင်ကျွန်တော့အခန်းထဲကို ရောက်လာပြီး သူနဲ့တွေ့တုံးဆရာလာပြီးဘမ်းတာနဲ့ သူ့အပြစ်ခံလိုက်ထာပါ"

"မင်းမနေ့က အပြင်ထွက်သလား"

"ထွက်ပါတယ်"

"ဘယ်အချိန်ပြန်ပြီးရောက်သလဲ"

"ကျောင်းတံခါး မပိတ်ခင်ပြန်ပြီးရောက်လာပါတယ်၊ ရောက်လာပြီး နေမကောင်းတာနဲ့ စောစောအိပ်ရာဝင်ပြီးအိပ်နေတာပါဘဲ"

"ညက ဝါဒင်နဲ့မင်းနဲ့တွေ့သေးသလား"

"ညက အင်စပက်ရှင်းလာတော့၊ ကျွန်တော်အိပ်ပျော်နေလို့ မတွေ့ရတော့ပါဘူး။ မနက်စောစော ကျွန်တော်နေမကောင်းတာမေးရအောင်လာတာနဲ့တူတယ်။ ဒီအချိန်မှာ တွေ့သွားတာပါဘဲ"

"မောင်ဝင်းမောင်နဲ့သွားတာဘယ်သူတွေလဲ"

ဘသန်းသည် နာမည်များကိုပြော၍ပြလေ၏။

ထိုနောက် ကျောင်းအုပ်ကြီးသည် ဤကိစ္စကို စစ်ဆေးဦးမည် ဟုဆို၍



ဘသန်းအားပြန်လွှတ်လိုက်လေ၏။

ဘသန်းသည် ဟောလ်သို့ လျင်မြန်စွာ ပြန်လာခဲ့ပြီးဝင်းမောင်ထံသို့ တန်း၍သွားကာ "ကျွန်တော့ကို ကျောင်းအုပ်ကြီးခေါ်လို့တွေ့ပြီးပြီ။ ခင်ဗျားအပြစ်မဟုတ်ဘူးလို့ ကျွန်တော်ပြောလိုက်ပြီ" ဟု ဝမ်းသာအားရပြောပြလေ၏။

"ဒါပေမဲ့ ကျွန်တော်ဖြောင့်ပြီးခံထားမှဘဲ။ ဘာထူးတော့သလဲ"

"ထူးတယ် ထူးတယ် သိပ်ထူးတယ်၊ ကျွန်တော်ရုတ်တစ်ရက် အကြံရပြီး ကျွန်တော်မနက်လမ်းရောက်ထွက်တုန်းတစ်ယောက်ယောက်က လာပြီးသွင်းသွားတာနဲ့ တူတယ်လို့ပြောလိုက်တယ်။ ကျောင်းအုပ်ကြီးတော့ဒီစကားကို အတော်ကြီးစဉ်းစားသွားတာဘဲ"

သို့ရာတွင် ဝင်းမောင်မှာများစွာ ဝမ်းမသာလှချေ။ သိန်းနွဲ့၏ ချစ်ခြင်းဘင်းမဲ့လျက် ဤအပြစ်မှလွတ်၍လည်းမထူးပြီဟု နှလုံးပိုက်ထားပြီးဖြစ်လေ၏။

သိန်းနွဲ့မှာလည်းကျောင်းအုပ်ကြီး၏အခေါ်ခံရ၍ မိမိသိသမျှတို့ကို အစစ်ခံခဲ့ရကာ။ ဝင်းမောင်အား သကြီးသာရာရပါစေတော့ဟု ဆုတောင်းမိလေ၏။ ဝင်းမောင်အပေါ်တွင် မိမိပြုမိသည်တို့ကိုလည်း ဝမ်းနည်းယူကြုံးမရဖြစ်ကာ ဝင်းမောင်သာ တစ်ခုခုဖြစ်ခဲ့ရလျှင် မိမိကြောင့်ဖြစ်သည်ဟုဤကျောင်းတွင်နေသေးသမျှ မိမိအသက်ရှင်နေသမျှ သတိတရရနှင့် 'စိတ်မချမ်းသာဘဲ နေရချေတော့မည်ဟုအောက်မေ့မိလေ၏။

သို့နှင့် ဆုံးဖြတ်ချက်ချမည့်နေ့သို့ရောက်လာသောအခါ သိန်းနွဲ့မှာအသဲတစ်ထိတ်ထိတ်နှင့် ရှိနေရလျက် ထင်ကျော်နှင့် ဘသန်းတို့မှာ စိတ်အေးဘဲရှိနေကြသလောက် ဝင်းမောင်မှာမူ မိမိအဘို့မထူးခြားဘဲရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝင်းမောင်နှင့်ဘသန်းတို့သည်ကား ကျောင်းအုပ်ကြီး၏ရှေ့သို့ရောက်ရှိနေလျက် ကျောင်းအုပ်ကြီး၏လေးနက်စွာသတိပေးနေသော စကားများကို ခေါင်းငုံ့၍နာခံလျက်ရှိကြလေ၏။ ကျောင်းအုပ်ကြီး သည် "မင်းတို့ဟာ ငယ်ရွယ်သူများ မဟုတ်ကြဖူး။ စာသင်သားများလဲဖြစ်ကြတယ်။ စာသင်ချိန်မှာ အပျော်အပါးလိုက်စားနေကြရင် မင်းတို့အဖို့လဲ ကြီးပွားရာလမ်းစပျောက်သွားပြီး မင်းတို့အပေါ်မှာ အများကြီးအားထားကြတဲ့ မိအိုဘအိုကြီးများလဲ ဒါတွေသိကြရင် ရင်ကွဲကြဘို့ဘဲရှိတယ်" ဟုမိမိ၏သတိပေးစကားကို နိဂုံးချုပ်လိုက်ပြီးလျှင် "မောင်ဘသန်း မင်းကိုလေးနက်စွာသတိပေးလိုက်တယ်......မောင်ဝင်းမောင် မင်းကိုနှစ်တစ်ဝက်အထိ စာသင်ခြင်းကိုရပ်စဲထားလိုက်တယ်" ဟု အမိန့်ချလိုက်လေ၏။

ကျောင်းအုပ်ကြီးအခန်းထဲမှထွက်၍လာကြသောအခါ ဘသန်းမှာ ဝင်းမောင်အတွက် သက်သာစွာအပြစ်ပေးခံရခြင်းကို ဝမ်းမြောက်ရွှင်လန်း၍လာသော်လည်း ဝင်းမောင်ကားမထူးခြားသကဲ့သို့ ထွက်၍လာခဲ့ကြရာ အပြင်တွင် စောင့်နေကြသောသူများအနက် သိန်းနွဲ့၏ မျက်နှာကလေးကို ဦးစွာတွေ့မြင်ရလေ၏။ ထိုမျက်နှာကလေးသည်မိမိအားစူးစိုက်လျက်ရှိကာ စိုးရိမ်ပူပန်နေခြင်းကို ပြနေလေ၏။

"ကိုကိုသန်း ဘယ်လိုအော်ဒါချလိုက်သလဲ"

"ကိုကိုသန်းကို ဝါနင်ပေးပြီး၊ ကိုဝင်းမောင်ကိုတော့၊ ဟာဖ်-တမ်း-ဆပ်စပင်းရှင်းလုပ်လိုက်တယ်"

"တော်ပါသေးရဲ့" ဟုဆိုကာ သိန်းနွဲ့၏မျက်နှာကလေးမှာ ရွှင်ပျ၍လာလေ၏။ ထင်ကျော်မှာကား ထိုသို့ကြားရသဖြင့် များစွာစိတ်သက်သာ ဝမ်းမြောက်၍သွားလေတော့၏။



ဝင်းမောင်ကား ဘာမျှမပြောဘဲဆက်၍ရောက်လာခဲ့ရာ၊ သိန်းနွဲ့သည် ဝင်းမောင်အား စကားပြောမည်ပြုလုပ်နေဆဲ၊ ထွက်သွားသည့်အတွက် စိတ်မကောင်းဖြစ်သွားကာ ရှေ့မှရောက်၍သွားကြသော ဝင်းမောင် ဘသန်းနှင့် ထင်ကျော်တို့အားငေးကြည့်ကျန်ရစ်လေ၏။

သို့ရာတွင် ခပ်လှမ်းလှမ်းသို့ရောက်ရာတွင်ဝင်းမောင်၏မဖြတ်နိုင်သောစိတ်ကလေးသည် သိန်းနွဲ့အား လှည့်၍မကြည့်ဘဲမနေစေနိုင်အောင် တိုက်တွန်းနေသည့်အတွက်ပြန်၍လှည့်ကြည့်လိုက်ရာ၊ သိန်းနွဲ့က ခေါင်းညိတ်ခေါ်လိုက်လေ၏။

ဝင်းမောင်မှာအံ့အားသင့်လျက်ရှိပြီးမှ တစ်ဖြည်းဖြည်းပြုံးလာကာ "ဒီကိုခေါ်တာလား" ဟုမိမိကိုယ်ကို လက်ညှိုးထိုးလျက် ဟန်အမူအရာဖြင့်မေးလိုက်ရာ။ သိန်းနွဲ့က ဖျတ်၍ခေါင်းညိတ်ပြလိုက်သည်ကို မြင်ရသည့်အတွက် ထင်ကျော်နှင့်ဘသန်းတို့ရှိနေသည်ကိုမှ ဂရုမစိုက်အားဘဲ။ လှည့်၍ပြေးလာလေတော့၏။

ထင်ကျော်လည်း ဝင်းမောင်ပါလာသည်ကို မတွေ့ရသဖြင့် ပြန်၍လှည့်ကြည့်ရာ၊ သိန်းနွဲ့ထံသို့ရောက်သွားပြီး အတူတူရောက်သွားကြသည်ကို တွေ့ရသောကြောင့်လိုက်၍ချောင်းကြည့်ရန်ပြန်၍ အလှည့်တွင် ဘသန်းကအလိုက်သိစွာဖြင့် "သွားရှုပ်မနေပါနဲ့ဗျာ.... လိုက်ခဲ့ပါ" ဟုဆွဲခေါ်သွားသည့်အတွက် ကန့်လန့်ကန့်လန့်နှင့်ပါသွားလေသတည်း။